www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်သိဟအောင်

## အမှန်းတရား၏ညီနောင်ဘွား

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၃ ခုနှစ်၊
ပထမအကြိမ် အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com



## သိုင်းလောကသတင်း

သိုင်းလောက၌ ဂိုဏ်းတစ်ဂိုဏ်း ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုဂိုဏ်းမှာ ကေရာစ်တောင်ကြား ဖြစ်လေသည်။

သူတို့သည် အလွန်ပင် အင်အားတောင့်တင်းလှပေသည်။

ဂိုဏ်းသားများသည် သိုင်းလောကမှာ ခြေချပြီး စတင်လှုပ်ရှားလာကြသည်။

သူတို့သည် အဖြူရောင်သိုင်းသမားများကဲ့သို့ မကောင်းသူငယ် ကောင်းသူကယ် ဝါဒကို ကျင့်သုံးနေခြင်း ဖြစ်သည်။

ထို့ကြောင့် ခြောက်လခန့် ကြာသောအခါ ကေရာစ်တောင်ကြား၏အမည်သည် သိုင်းလောကတစ်ခုလုံး၌ လျှမ်းလျှမ်းတောက် ကျော်ကြားလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမဆို ကေရာစ်တောင်ကြားသို့ သွားရောက်၍ လေ့လာပါက သူတို့သည် ရင်းနှီးဖော်ရွေစွာ ဆက်ဆံကြလေသည်။

သိုင်းလောကသားများသည် ကေရာစ်တောင်ကြားပိုင်ရှင်အား အလွန်ဝင် လေးစားကြည်ညိုကြသည်။

ကေရာစ်တောင်ကြားပိုင်ရှင် နန်းကုန်းစု၏အမည်မှာ ပို၍ကျော်ကြားလာသည်။

နန်းကုန်းစုအား တွေ့ဆုံသော လူများသည် နန်းကုန်းစုအပေါ် ပို၍ လေးစားယုံကြည်ခြင်း ဖြစ်သည်။

တစ်ခုတော့ ရှိသည်။

နန်းကုန်းစု မည်သူ ဖြစ်သနည်း။

မည်သည့် ဇာတိက ဖြစ်သနည်း။

သူသည် အဘယ်ကြောင့် ယခုကဲ့သို့ ဂိုဏ်းကို တည်ထောင်လာသည်ကို မည်သူကမျှ မသိကြပါ။

နန်းကုန်းစုအား တွေ့ဆုံခဲ့သော လူများသည် နန်းကုန်းစုမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသော လူတစ်ယောက် ဖြစ်ပြီး ရုပ်ရည်ခန့်ညားရ၍ အလွန်သိက္ခာရှိပြီး အားလုံးနှင့် ရင်းရင်းနှီးနှီး ဆက်ဆံတတ်သော ပုဂ္ဂိုလ်တစ်ယောက်ဟုသာ သိထားကြသည်။

ကေရာစ်တောင်ကြားသည် သိုင်းလောကပေါ်၌ ခိုင်မာစွာ တည်ရှိလာ၏။

ကေရာစ်တောင်ကြား၏အမည်သည် နေဝန်းပမာ သိုင်းလောကတစ်ခုလုံး တောက်ပ၍ နေသည်။



ထို့ကြောင့်...

ကေရာစ်တောင်ကြားမှ လူများကို သိုင်းလောကသားများသည် ကေရာစ်တောင်ကြားနှင့် ပေါင်းသင်းဆက်ဆံနိုင်ခြင်းမှာ ဂုဏ်ရှိသည်ဟု ယူဆကြကုန်တော့သည်။

* * *

ထို့အတူ...

မိုးနဂါးဟူသော သတင်းသည် သိုင်းလောကတစ်ခုလုံးသို့ ရုတ်ချည်းပင် ကျော်ကြားလာလေသည်။

မိုးနဂါးသည် မည်သည်မည်ဝါ ဖြစ်သည်ကို မည်သူကမျှ မသိကြပါ။

ဤအတိုင်းဆိုလျှင်...

မိုးနဂါး အကြောင်းကို အဘယ်ကြောင့် သိုင်းလောကသားအိုင်း သိရှိထားပါသနည်း။

သိုင်းလောကသားတစ်ချို့သည် မိုးနဂါးကို မြင်တွေ့ဖူးခဲ့သည်။

သို့သော်...

မိုးနဂါး၏ရုပ်သွင်ကို မည်သူကမျှ မမြင်ဖူးခဲ့ပါချေ။

သူတို့ မြင်တွေ့ခဲ့ရသည့် မိုးနဂါးမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသလို မျက်နှာနှင့် ခေါင်းကိုပါ အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဖြင့် စည်းထားသည်ဟု တွေ့မြင်သူများက ဆိုကြသည်။

သူစီးသော မြင်းသည်လည်း အနက်ရောင် ဖြစ်သည်။

မိုးနဂါးသည် အဘယ်ကြောင့် ဤမျှလောက် ကျော်ကြား ထင်ပေါ်သနည်း။

သူသည် လူဆိုး သူခိုး လူယုတ် တိုက်ခိုက်သော မသမာ သူများကို ပြတ်ပြတ်သားသား နှိမ်နင်းခဲ့ခြင်း၊ မတရားသဖြင့် အတိုး ပေးစားသည့် သူဌေးများထံမှ ငွေများယူပြီး ဆင်းရဲနွမ်းပါးသူများကို ရှာကြံပေးကမ်းခြင်း စသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့ သောကြောင့်ပင် ဖြစ်သည်။

သူ၏လုပ်ဆောင်မှုကြောင့် သိုင်းလောကမှ အနက်ရောင် သိုင်းသမားတို့သည် သူတို့ လုပ်ငန်းများ အနှောင့်အယှက် ဖြစ်ပြီး လုပ်ငန်းများ ရပ်တန့်သွားသည်အထိ ခံခဲ့ရသည်။

ထို့ကြောင့်...

အနက်ရောင်သိုင်းသမားတို့သည် မိုးနဂါးဆိုသူအား အသေ ရရ အရှင်ရရ သဲသဲမဲမဲ လိုက်လံစုံစမ်းလျက် ရှိနေတော့သည်။

* * *



ထိုအချိန်နှင့် မရှေးမနှောင်း အချိန်အတွင်းမှာပင် သိုင်း လောကတွင် အံ့ဩဖွယ်ရာ သတင်းတစ်ခု ထပ်မံထွက်ပေါ်လာလေ သည်။

ယင်းသတင်းမှာ...

အရှေ့ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ် ဖြစ်သော ရှာဖုံးမှာ လပြည့်နေ့ညမှာ အပြင်သို့ ထွက်သွားပြီးနောက် လုံးဝပြန်ရောက် လာခြင်း မရှိဘဲ ရုတ်တရက် ပျောက်ဆုံးသွားသော သတင်း ဖြစ်လေ သည်။

ရှာဖုံးသည် သိုင်းပညာ အလွန်အဆင့်မြင့်သူတစ်ယောက် ဖြစ်သည်။

သိုင်းလောကသားများ ကြည်ညိုလေးစားသော ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည်။

သူ့ကို တစ်စုံတစ်ယောက်မျှ အကြပ်ကိုင်၍ အဓမ္မနည်းဖြင့် ခေါ်ဆောင်နိုင်ကြမည် မဟုတ်ပါ။

ဤသို့ဆိုလျှင်...

သူက အရှေ့ဂိုဏ်းမှ ထွက်ခွာသွားခြင်းလော။

သူ မည်သည့် နေရာသို့ ရောက်သွားပါသနည်း။

သိုင်းလောကသားများသည် ထိုသတင်းနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုနေချိန်မှာပင်...

နောက်သုံးရက် အကြာ၌ အနောက် လက်ထောက်ဂိုဏ်း ချုပ် တုကုကျိုလည်း ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းကို ကြားလိုက်ရသောအခါ သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်လာတော့သည်။

အရှေ့ဂိုဏ်းချုပ်သည် သူအားထားရသည့် တပည့်များကို လှူဒါန်း၍ မှာထားကို လိုက်လံရှာဖွေကြလေသည်။

ထို့နည်းတူ အနောက်ဂိုဏ်းချုပ်ကလည်း တုကုကိုကို တွေ့နိုင်ရန် လက်ရွေးစင် သိုင်းသမားတို့ကို စေလွှတ်လိုက်၏။

ထိုထိပ်သီး ဂိုဏ်းနှစ်ဂိုဏ်းတို့မှာ ရုတ်ရုတ်သဲသဲ အလုပ်ရှုပ်နေစဉ်...

တောင်ပိုင်းဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ်ဖြစ်သူ ချင်းပြန့်လည်း ပျောက်ဆုံးသွားပြန်၏။

ဆက်လက်ပြီး မြောက်ပိုင်းဂိုဏ်းမှ ထိန်ဝုက်၊ အလယ်ပိုင်းဂိုဏ်းမှ ရှောင်ရှမ်းတို့ပါ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ပျောက်ဆုံးသွားပြန်၏။

ထိုအခါ...

သိုင်းလောက တစ်ခုလုံးသည် ကြီးမားသော အန္တရာယ်ကျရောက်လာတော့မည်ဟု အလိုလို ပူပန်သောက ဖြစ်လာကြကုန်သည်။

ဂိုဏ်းအသီးသီးမှ လက်ထောက်ဂိုဏ်းချုပ်များ ရှေ့ဆင့်နောက်ဆင့် ပျောက်ဆုံးသွားပြီး တစ်ပတ်အကြာတွင် ကြေငြာချက်တစ်ခုက သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်ခြောက်ခြားသွားစေပြီး ဂယက်ရိုက်လာ၏။



ယင်းကြေငြာချက်မှာ ထိပ်သီးဂိုဏ်းများ ဖြစ်ကြသော အရှေ့ဂိုဏ်း၊ အနောက်ဂိုဏ်း၊ တောင်ဂိုဏ်း၊ မြောက်ဂိုဏ်း၊ အလယ်ပိုင်းဂိုဏ်း စသည့် ဂိုဏ်းငါးဂိုဏ်းမှ ဂိုဏ်းချုပ်များ လျို့ဝှက်အမိန့်၏ သစ္စာတော်ကို ခံရမည် ဖြစ်လေသည်။

သစ္စာမခံလျှင် တိုက်ခိုက်ဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်သားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အစည်းအဝေး

ထိပ်တန်းဂိုဏ်းရှစ်ဂိုဏ်းမှ ဂိုဏ်းချုပ်တို့သည် အရှေ့ဂိုဏ်း၌ အရေးကြီးသည့် အစည်းအဝေးတစ်ခုတွင် ဆွေးနွေးနေကြ၏။

အရှေ့ဂိုဏ်းချုပ်သည် ထိုကြေငြာချက်ကို ဖတ်ပြပြီးနောက် အားလုံး လှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးကြလေသည်။

အရှေ့ဂိုဏ်းချုပ်၏ မျက်နှာတစ်ခုလုံးမှာ ညှိုးနွမ်း၍ နေလေ၏။

"သိုင်းလောကမှာ အေးချမ်းသာယာနေတာ ကြာပြီ၊ အခု အန္တရာယ်နဲ့ ရင်ဆိုင်လာရပြီ၊ ဒါကြောင့် တို့ဂိုဏ်းရှစ်ဂိုဏ်း သွေးစည်းပြီး ကျရောက်မယ့် အန္တရာယ်ကို ရင်ဆိုင်ရမယ်ဆိုတာ ပြောချင်လို့ အခုလို အရေးကြီးတဲ့ အစည်းအဝေး ခေါ်ရခြင်း ဖြစ်ပါတယ်"

ရှုကျားဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်၊ ဒါဟာ အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ရန်သူဟာ ဘယ်သူဘယ်ဝါဆိုတာ သိထားတဲ့အတွက် ရင်ဆိုင်ဖို့ ခက်ပါဘူး၊ အခုတော့ ရန်သူ ဘယ်သူဘယ်ဝါဆိုတာ မသိရတဲ့ အတွက် အတော်လေး ခက်ပါတယ်၊ သတိလဲ ထားရလိမ့်မယ်"



အရှေ့ဂိုဏ်းချုပ်က...

"ရန်သူဟာ ဘယ်လောက်ပဲ လျှို့ဝှက်ပါစေ မကြာခင် ရုပ်လုံးပေါ်လာလိမ့်မယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ကျုပ်တို့ဘက်က ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်ပါတယ်"

မြောက်ပိုင်းဂိုဏ်းချုပ်က ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီလူယုတ်မာ ကြာကြာလျှို့ဝှက် မနေနိုင်ပါဘူး"

အလယ်ပိုင်းဂိုဏ်းချုပ်က...

"တစ်ခုခက်တာက ကျုပ်တို့လူတွေ သူ့လက်ထဲမှာ ရောက်နေတာ ဖြစ်ရမယ်၊ သူတို့က ဒါနဲ့ အကြပ်ကိုင်နေတာ ဖြစ်ရမယ်၊ ဒါကြောင့် ကျုပ်တို့လူတွေအတွက်လဲ စဉ်းစားရဦးမယ်"

ဟု ပြောသည်။

ပင်လယ်ဂိုဏ်းချုပ်က သက်ပြင်းချလိုက်လေသည်။

ပြီးမှ...

"အခု ဂိုဏ်းအသီးသီးရဲ့ လက်ထောက်ဂိုဏ်းချုပ်တွေ ပျောက်ဆုံးနေတဲ့ကိစ္စက သူတို့ ဖမ်းသွားတာ ဖြစ်နိုင်ပါတယ်၊ အဲဒါကြောင့်မို့လဲ ကျုပ်တို့တွေကို အမိန့်ထပ်ပေးတာပဲပေါ့"

ကျွန်းတစ်ရာဂိုဏ်းချုပ်က သူ၏ထင်မြင်ယူဆချက်ကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်သူ့ဆရာကို ပြောရမယ်ဆိုရင် သူပေးတဲ့ အချိန်ထိ စောင့်ဘဲ ရန်သူကို ကြိုးစားပြီး ဖော်ထုတ်နိုင်ဖို့ လုပ်ရလိမ့်မယ်လို့ ကျွန်ုပ်ထင်ပါတယ်"

အရှေ့ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါဟာ အဓိကအချက်ပဲ"

အနောက်ဂိုဏ်းချုပ်က...

"ဟုတ်ပါတယ်၊ ကျွန်ုပ်ကလဲ ဒီကိစ္စ ကြိုးစားပြီး စုံစမ်းနေပါတယ်၊ မကြာခင် ရှာဖွေတွေ့မှာပါလေ"

တောင်ပိုင်းဂိုဏ်းချုပ်က ချူကျားဂိုဏ်းချုပ်ကို ကြည့်လိုက်ပြီး...

"သတင်းအနှံ့ခံတဲ့ နေရာမှာ ချူကျားဂိုဏ်းကို ဘယ်သူမှ မမီပါဘူး၊ ဒါကြောင့် ဒီကိစ္စမှာ ချူကျားဂိုဏ်းချုပ်က တာဝန်ယူပြီး ကြိုးစားပေးပါလို့ ကျွန်ုပ်က မေတ္တာရပ်ခံပါတယ်"

ချူကျားဂိုဏ်းချုပ် ပြုံးလိုက်သည်။

"ခင်ဗျားတို့ ပြောနေတာ နောက်ကျနေပါပြီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်ုပ်ရဲ့အဖွဲ့သားတွေကို ဖြန့်ထားလိုက်ပါပြီ"

ထိုစကား ကြားလိုက်ရသောအခါ ဂိုဏ်းချုပ်အားလုံးတို့သည် ဝမ်းသာသွားကြပြီး ချူကျားဂိုဏ်းချုပ်အား လေးစားစွာ ကြည့်လိုက်ကြ၏။

အရှေ့ဂိုဏ်းချုပ်က...

"ချူကျားဂိုဏ်းကသာ ကြိုးစားမယ်ဆိုရင် ဆယ်ရက်အ



တွင်းမှာ သတင်းကြားနိုင်မယ် ထင်ပါတယ်ဗျာ"

ဟု ပြောလိုက်သည်။ ချူကျားဂိုဏ်းချုပ်က...

"စိတ်ချပါ၊ ကျွန်ုပ်အထင်နဲ့ ပြောရမယ်ဆိုရင် ခုနစ်ရက်ထက် နောက်မကျစေရပါဘူး၊ အားလုံး စိတ်အေးအေးသာနေကြပါ"

အနောက်ဂိုဏ်းချုပ်က ဝမ်းသာအားရဖြင့်...

"ဒီလိုဆိုရင် ကျွန်ုပ်တို့က သတင်းကောင်း စောင့်မျှော်နေပါ့မယ်၊ ချူကျားဂိုဏ်းချုပ်ကိုလဲ ယုံကြည်ပါတယ်"

သူသည် ပြောရင်း တစ်စုံတစ်ခု သတိရလာ၍ မျက်မှောင်ကြုတ်သွား၏။

"ခုလို ဂိုဏ်းချုပ်တွေ စုံစုံညီညီ ရှိတဲ့ အချိန်မှာ လျှို့ဝှက်ချက်တစ်ခု အားလုံးသိအောင် ပြောပြပါ့မယ်၊ ဒါဟာ သဲလွန်စ ဖြစ်မယ်လို့ ထင်တယ်"

ချူကျားဂိုဏ်းချုပ် စိတ်ဝင်စားသွားသည်။

"ပြောပါဗျာ"

အနောက်ဂိုဏ်းချုပ်က...

"ကျွန်ုပ်ရဲ့ လက်ထောက်ဂိုဏ်းချုပ် တုကုကျို ပျောက်ဆုံးသွားတဲ့အခါမှာ ဂိုဏ်းရဲ့ သိုင်းကျမ်းအချို့လဲ ပျောက်ဆုံးသွားတာကို တွေ့ရပါတယ်၊ ဒါကို ဝေခွဲမရ ဖြစ်နေတယ်"

သူက အရှေ့ဂိုဏ်းချုပ်အား ကြည့်ကာ မေးလိုက်သည်။

"ခင်ဗျားတို့ဆီမှာကော သိုင်းကျမ်းပျောက်ဆုံးသွားတာ ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဂိုဏ်းချုပ် မှုက်နှာညှက်သွားသည်။

အသက်ကြာမှ သက်ပြင်းချကာ...

"မှတ်ပါတယ်၊ ကျုပ်တို့အရှေ့ဂိုဏ်းရဲ့ အမိကကျတဲ့ သိုင်းကျမ်းချုပ်စာစောင်လည်း ရှာမတွေ့တော့ပါဘူး"

သူသည် စကားရပ်၍ ဂိုဏ်းချုပ်များအား ကြည့်လိုက်သည်။ ပြီးမှ...

"ဒါပေမယ့် ဒီသိုင်းကျမ်းကို ရာဖုံး ယူသွားပါတယ်လို့ ကျုပ် စွပ်စွဲလိုပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ရာဖုံးဟာ အတော့်ကို စိတ်ချယုံကြည်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်၊ နောက်ပြီး ကျုပ်ရဲ့နေရာကို ခံစားဖို့ သူ့ကို လျာထားပြီးသားမို့လို့ပါ"

ချုံကျားဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါဟာလဲ တော်တော်တွေးရခက်တဲ့ ကိစ္စတစ်ခုပါ"

တောင်ပိုင်းဂိုဏ်းချုပ်က...

"ရှင်းရှင်းပြောရမယ်ဆို ချင်းပြန့် ပျောက်ဆုံးသွားတဲ့နောက် ကျုပ်တို့တောင်ပိုင်းဂိုဏ်းရဲ့ သိုင်းကျမ်းအချို့ ပျောက်ဆုံးသွားတာလဲ တွေ့ရပါတယ်၊ အရှေ့ဂိုဏ်းချုပ် ပြောသလိုပဲ ချင်းပြန့်ဟာ တောင်ပိုင်းဂိုဏ်းချုပ် ဖြစ်လာမယ့်သူမို့ သူ့ကိုလဲ သိုင်းကျမ်းကိစ္စနဲ့ ပတ်သက်ပြီး အထင်မလွဲစေချင်ပါဘူး"

အလယ်ပိုင်းဂိုဏ်းချုပ်ကလည်း စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။



"ဒီအတိုင်းဆိုရင် ပျောက်ဆုံးသွားတဲ့ သူတွေ အားလုံးလိုလိုဟာ ဂိုဏ်းရဲ့ သိုင်းကျမ်းတွေကို ယူသွားတယ်လို့ ဆိုရမလို ဖြစ်နေပြီ"

အနောက်ဂိုဏ်းချုပ်က လှည့်ကြည့်လိုက်သည်။

"ခင်ဗျားတို့လဲ သိုင်းကျမ်းတွေ ပျောက်ဆုံးသွားလို့လားဗျ"

အလယ်ပိုင်းဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ချုံကျားဂိုဏ်းချုပ်က ကပျာကယာ လက်ကာပြလိုက်လေသည်။

"ကျုပ်တို့ဂိုဏ်းမှာတော့ ဘာမှအပျောက်အရှ မရှိပါဘူးဗျာ"

အရှေ့ဂိုဏ်းချုပ်က အတန်ကြာ စဉ်းစားလိုက်ပြီး ပြောသည်။

"သည်ကိစ္စမှာ အကြောင်းနှစ်ခု ရှိမယ်လို့ ကျုပ်ယူဆမိတယ်"

သူသည် အားလုံးကို ဝေ့ကြည့်ပြီးမှ ဆက်ပြောလိုက်သည်။

"တစ်ခုက ငါတို့ လက်ထောက်ဂိုဏ်းချုပ်တွေဟာ ကိုယ့်ဂိုဏ်းရဲ့ သိုင်းကျမ်းကို ယူဆောင်ပြီး တစ်နေရာမှာ သွားပြီး စုစည်းနေမယ်၊ သိုင်းပညာချင်း လှီး့ဝှက်စွာ ဖလှယ်မယ်လို့ ယူဆလို့ရပါတယ်"

အားလုံး စိတ်ဝင်စားစွာဖြင့် အရှေ့ဂိုဏ်းချုပ် ပြောမည့် စကားကို နားထောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဂိုဏ်းချုပ်က အားလုံး စိတ်ဝင်စားသည်ကို တွေ့မှ ဆက်ပြောလိုက်သည်။

"နောက်တစ်ခုက ရန်သူဟာ သူတို့ကို ခြိမ်းခြောက်ပြီး အတင်းအဓမ္မ ခေါ်ဆောင်သွားတာ ဖြစ်ရမယ်"

အရှေ့ဂိုဏ်းချုပ်၏စကားအဆုံးတွင် အနောက်ဂိုဏ်းချုပ် မျက်မှောင်ကြုတ်သွားလေသည်။

"ကျုပ်တော့ ခေါင်းတော်တော် ရှုပ်သွားပြီ၊ ဘာကို စဉ်းစားရမှန်းတောင် မသိတော့ပါဘူးဗျာ၊ ဒါပေမယ့် မကြာခင်မှာ ရှင်းသွားမှာပါ"

ချိုကျားဂိုဏ်းချုပ် လက်ကာပြလိုက်သည်။

"ကဲ…ကျုပ်တို့ တိုင်ပင်ဆွေးနွေးတာ တော်လောက်ပါပြီ၊ ကျုပ်တို့တွေ စုစည်းပြီး လှုပ်ရှားလိုက်ရင် အကြောင်းသိလာမှာပေါ့ဗျာ"

အရှေ့ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အားလုံးက ကြိုးစားကြပါ၊ သတင်းရလဲ ပို့ပေးကြပါ၊ အရေးအကြောင်းရှိလဲ အားလုံးပြန်စုကြတာပေါ့"

ထို့နောက် အစည်းအဝေးအား ရုပ်သိမ်းလိုက်လေတော့သည်။

* * *



တရားခံ

ဤနေရာသည် လိုဏ်ဂူတစ်ခု ဖြစ်၏။

ယင်းလိုဏ်ဂူသည် နိုင်ဖုံးမြို့နှင့် မိုင်နှစ်ဆယ်ခန့်သာ ကွာဝေးသည်။

သို့သော်…

နိုင်ဖုံးမြို့တွင် နေထိုင်သည့် လူများသည် ထိုနေရာတွင် လိုဏ်ဂူတစ်ခု ရှိသည်ကို မည်သူကမျှ မသိပါ။

သတိလည်း မပြုမိကြပါ။

အကြောင်းမှာ…

လိုဏ်ဂူ ရှိသော နေရာသည် လမ်းပန်းဆက်သွယ်မှု လုံးဝမရှိချေ။

တောတောင်ကို ကျော်ဖြတ်၍ သွားရမည့် နေရာသာ ဖြစ်သေးသည်။

တစ်နည်းဆိုရလျှင်…

ထိုနေရာသို့ သွားရောက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိ

www.burmeseclassic.com

www.burmeseclassic.com



သောနေရာ ဖြစ်လေသည်။

ယခု...

လိုဏ်ဂူအတွင်းထဲ၌ လူများ ရောက်ရှိနေပြီ ဖြစ်၏။

ထိုလူများသည် အဘယ်ကြောင့် မြို့ကြီးပြကြီးမှာ မနေဘဲ ယင်းကဲ့သို့ ခေါင်လွင်သော နေရာသို့ လာရောက်စုဝေးနေကြပါသနည်း။

* * *

လိုဏ်ဂူထဲ၌ ကျောက်စားပွဲတစ်လုံး ရှိ၏။

ကျောက်ခုံတန်း၊ ကျောက်ကွပ်ပျစ်များ ရှိသည်။

လိုဏ်ဂူအပြင်ဘက်၌ ချုံနွယ်ပိတ်ဆို့ထားသောကြောင့် လိုဏ်ဂူဝမှာလည်း လူနှစ်ယောက်စာဝင်ရန်သာ ရှိသောကြောင့် တော်ရုံ တွေ့မြင်နိုင်မည် မဟုတ်ပါ။

သို့သော်...

လိုဏ်ဂူထဲ၌မူ အလွန်ကျယ်ဝန်းလှပေသည်။

ကျောက်စားပွဲ တစ်ဖက်တစ်ချက်တွင် ထိုင်နေကြသူများမှာ သိုင်းလောကမှ ပျောက်ဆုံးသွားကြသော ဂိုဏ်းရှစ်ဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ်များ ဖြစ်ကြသည်။

စားပွဲပေါ်၌ သိုင်းကျမ်းမှတ်စုများ အစီအရီ ချထားလေသည်။



စားပွဲတစ်ဖက်စွန်း၌ လူတစ်ယောက် ထိုင်နေ၏။

သူ့နောက်တွင် လူနှစ်ယောက် ရပ်၍နေသည်။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က ကြေးရောင်မျက်နှာဖုံးတစ်ခုဆင်ထားပြီး ကျန်တစ်ယောက်မှာ ငွေရောင်မျက်နှာဖုံးတစ်ခုဆင်ထားကြသည်။

ထိုင်နေသော လူမှာ ကေရာစ်တောင်ကြားပိုင်ရှင် နန်းကုန်းစုဝင် ဖြစ်သည်။

အခန်းထဲ၌ လူအများ ရှိနေသည်ဆိုသော်လည်း အလွန်တိတ်ဆိတ်ပြီး အပ်ကျသံပင် ကြားရလောက်သည်။

နန်းကုန်းစုသည် လက်ထောက်ဂိုဏ်းချုပ်များကို တစ်ချက်စေ့ကြည့်ပြီးနောက် ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

"အခုလို ကျုပ်ဆီ ရောက်လာကြတဲ့အတွက် ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်"

သူက ပြုံး၍ စကားဆက်လိုက်သည်။

"အခုလို သိုင်းကျမ်းပါ တစ်ခါတည်း ယူဆောင်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ထပ်ပြောပါရစေ"

တောင်ပိုင်းဂိုဏ်းမှ ချင်းပြန့်ဂါ နန်းကုန်းစုကို စိုက်ကြည့်လိုက်သည်။

"ကျုပ်တို့ လာချင်လို့ လာတာ မဟုတ်ဘူး၊ ခင်ဗျားက ယုတ်မာတဲ့နည်းနဲ့ ခေါ်လာတယ်ဆိုတာ သဘောပေါက်ထားစေချင်ပါ"

"ဟား...ဟား...ဟား"

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းစုက သဘောကျစွာ ရယ်မောလိုက်ပြီးမှ...

"ဘာပဲဖြစ်ဖြစ် မင်းတို့အားလုံး ကျုပ်ရဲ့မှောက်ကို ရောက်နေကြပြီ မဟုတ်လား"

ဟု ပြောလိုက်သည်။

ချင်းပြန့် ဒေါပွသွားသည်။

"ဒါကတော့ မင်းတို့က ကျုပ်တို့ဂိုဏ်းရဲ့ လျှို့ဝှက်စာဆိုပြီး လိမ်လိုက်တာကိုး"

နန်းကုန်းစုက ပြုံးလိုက်သည်။

"ဘယ်နေရာမဆို ပရိယာယ်ကို အသုံးပြုရပါတယ်၊ ကျုပ်တို့ရဲ့ လုပ်ငန်း အောင်မြင်ရေးအတွက် ဒီလိုပဲ သုံးရမှာပဲ"

သူက အားလုံးကို ဝေ့ကြည့်ကာ ဆက်ပြော၏။

"ခင်ဗျားတို့က ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ၊ ကိုယ့်ကိုကိုယ် အသုံးမကျလို့ အခုလို အလိမ်ခံရတာ မဟုတ်လား"

အလယ်ပိုင်းဂိုဏ်းမှ ရှောင်ရှမ်းက...

"ကျုပ်တို့ကို တော်ရုံတန်ရုံ လိမ်လို့ မရဘူး။ အနောက်ပိုင်း လက်ထောက်ဂိုဏ်းချုပ် တုကုကျိုက ကိုယ်တိုင်လာပြီး စာပေးတာ မဟုတ်ရင် ကျုပ်တို့က ဘယ်လိုက်ပါ့မလဲ"

ချင်းပြန့်က တုကုကျိုဘက်သို့ လှည့်လိုက်၏။

"ခင်ဗျား ဘာဖြစ်လို့ အခုလို ကျုပ်တို့ကို လိမ်ရတာလဲဗျ"

ပင်လယ်ဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ်ကလည်း တုကုကျိုအား ပြစ်တင်ပြောဆိုလိုက်၏။



"ဟုတ်တယ်၊ ခင်ဗျားက သစ္စာဖောက်တာ"

ကျွန်းတစ်ရာဂိုဏ်းမှ လက်ထောက်ကလည်း တုကုကျိုအား မကျေမနပ်ဖြင့် ပြောဆိုလိုက်သည်။

"ခင်ဗျားကိုယ်ခင်ဗျား သစ္စာဖောက်ရုံတင်မကဘူး၊ ကျုပ်တို့ကိုပါ ဒုက္ခရောက်အောင် လုပ်တာတော့ မကောင်းပါဘူးဗျာ"

တုကုကျိုက လက်ကာပြလိုက်သည်။

"ကျုပ်လဲ မတတ်နိုင်လို့ပါဗျာ၊ အားလုံးကို တောင်းပန်ပါတယ်"

သူ၏အသံမှာ သြသြကြီး ဖြစ်နေ၏။

ရှာဖုံးသည် တုကုကျိုအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး မသင်္ကာသလို မေးလိုက်၏။

"ခင်ဗျားအသံ ဘာဖြစ်သွားတာလဲ၊ အရင်က ဒီလို မဟုတ်ပါဘူး"

တုကုကျိုမှာ မဖြေလင့်ဘဲ အမေးခံလိုက်ရသဖြင့် ကြောင်သွားသည်။

"ကျုပ်အသံက ဘာဖြစ်လို့လဲဗျ၊ အရင်အတိုင်းပါပဲ"

ရှာဖုံးက တုကုကျိုအား သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

"မင်း...မင်း တုကုကျို မဟုတ်ဘူး။ မင်း ဘယ်သူလဲ ပြောစမ်း"

တုကုကျို မျက်နှာပျက်သွားသည်။

"ရှာဖုံး၊ ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှာဖုံး ခေါင်းခါယမ်းလိုက်သည်။

တုကုကျိုအား စေ့စေ့ကြည့်ကာ...

"တခြားလူကို သွားလိမ်လို့ရမယ်၊ ငါ့ကို လိမ်လို့မရဘူး၊ မင်းက တုကုကျို မဟုတ်ဘူး၊ တုကုကျို ဘယ်မှာလဲ ပြောစမ်း"

သူ၏စကားကြောင့် ကျန်လူအားလုံးသည် တုကုကျိုအား အကဲခတ်ကြည့်လိုက်ကြလေသည်။

တုကုကျိုမှာ ထိတ်လန့်သွားပြီး ရှာဖုံးအား စူးရဲစွာ ကြည့်လိုက်၏။

"မင်း ရူးနေတာလား"

ရှာဖုံး ခေါင်းခါယမ်းလိုက်သည်။

"မင်းဟာ တုကုကျို မဟုတ်ဘူးဆိုတာ ငါသေသေချာချာ ပြောနိုင်တယ်"

သူက ပြောရင်း တုကုကျိုကို အကဲခတ်လိုက်၏။

"မင်းအသံက တုကုကျို အသံ မဟုတ်ဘူး"

နန်းကုန်းစုက သဘောကျစွာ ရယ်မောလိုက်၏။

"နေပါဦး၊ တုကုကျိုအတုဆိုရင် သူက ခင်ဗျားတို့ကို လာခေါ်တုန်းက ဘာကြောင့် အတုမှန်း မသိကြတာလဲ"

ရှာဖုံးက နန်းကုန်းစုအား ကြည့်လိုက်သည်။

ပြီးနောက် အံတင်းတင်းကြိတ်ကာ...

"ကျုပ်ဆီကို တိတ်တဆိတ်လာပြီး ဆွေးနွေးတုန်းက တုကုကျိုအစစ်ဆိုတာ ကျုပ်က ယုံတယ်၊ ဒါကြောင့်လဲ အခုလို မင်းတို့



ယုတ်မာတဲ့ ထောင်ချောက်ထဲ ရောက်နေတာပေါ့"

သူသည် နန်းကုန်းစုအား စူးစူးရဲရဲ ကြည့်လိုက်ပြီး ပြောလိုက်သည်။

"အခု တုကုကျို ဘယ်မှာလဲ၊ မင်းတို့ သူ့ကို ဘာလုပ်ထားသလဲ၊ မင်းတို့က သူ့ကို သတ်လိုက်ရင် ငါက သူ့အတွက် လက်စားချေမယ်ဆိုတာ မှတ်ထားပါ"

ရှာဖုံး၏အသံမှာ စိတ်လှုပ်ရှားနေသဖြင့် အနည်းငယ် တုန်ခါနေသည်။

နန်းကုန်းစုက ပြုံးကာ တုကုကျိုအား ညွှန်ပြလိုက်၏။

"ခင်ဗျားကလဲ ဒေါသကြီးလိုက်တာ၊ အခု တုကုကျိုက ခင်ဗျား အနားမှာ ရှိနေတယ် မဟုတ်လားဗျ"

သူက ရှာဖုံးအား ခနဲ့သလို ပြောလိုက်၏။

ရှာဖုံးသည် သူ့ဘေးတွင် ရှိနေသော တုကုကျို၏မျက်နှာကို လျှပ်တပြက် ခွာချလိုက်သည်။

ရှာဖုံး၏လှုပ်ရှားမှုက လျင်မြန်လှပေသည်။

သူ၏လက်သည် ကြောင်အမ်းအမ်း ဖြစ်နေသော တုကုကျို၏မျက်နှာကို ခွာချမိသွားသည်။

ထိုအခါ ရှာဖုံး၏လက်ထဲ၌ မျက်နှာတုတစ်ခု ပါလာပြီး သူတို့အားလုံး မမြင်ဖူးသော လူတစ်ယောက် ဖြစ်နေလေသည်။

လက်ထောက်ဗိုလ်ချုပ်များသည် တုကုကျိုမှာ အတု ဖြစ်နေသည်ကို တွေ့ရသောအခါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှာဖုံးက ထွက်ပြေးရန် ဟန်ပြင်နေသည့် ထိုလူစိမ်းကို ဖမ်းဆွဲထားလိုက်လေသည်။

"ဟေ့ကောင် ပြောစမ်း၊ တုကူကျို ဘယ်မှာလဲ"

"ဟား..ဟား..ဟား"

နန်းကုန်းစု၏ရယ်မောသံက အခန်းထဲ၌ ပဲ့တင်ထပ်သွားလေသည်။

"အားလုံး ငြိမ်ငြိမ်နေပါ၊ ခင်ဗျားတို့အားလုံး ကျုပ်ရဲ့လက်ထဲ ရောက်နေပြီဆိုတာ နားလည်ထားကြစမ်းပါ"

သူက စကားရပ်လိုက်ပြီး ရှာဖုံးကို မျက်တောင်မခတ်ကြည့်လိုက်၏။

"အင်း..တခြားလူတွေကိုသာ လိမ်လို့ရမယ်၊ ခင်ဗျားကိုတော့ လိမ်လို့ မရဘူးဆိုတာ ကျုပ်ယုံပါပြီ၊ ရှာဖုံး၊ ခင်ဗျားကိုတော့ ကျုပ်ချီးကျူးပါတယ်၊ ကဲ..အားလုံး ငြိမ်ငြိမ်လေးနေကြပါ"

ရှာဖုံးတို့လူစုသည် နန်းကုန်းစု၏စကားကြောင့် စိတ်ဓာတ်ကျသွားကြ၏။

မှန်ပေသည်။

သူတို့အားလုံး နန်းကုန်းစု၏ထောင်ချောက်ထဲ ရောက်နေပြီ မဟုတ်ပါလား။

နန်းကုန်းစုက အောင်နိုင်သူပမာ ရင်ကော့ထားလိုက်ပြီး တုကူကျိုအတုအား လက်ဝှေ့ယမ်းပြလိုက်၏။

တုကူကျိုအတုက ထိုင်ရာမှ ထလာပြီး နောက်သို့ ဆုတ်



သွားလေသည်။

ရှာဖုံးက ခံပြင်းစွာဖြင့် နန်းကုန်းစုကို ကြည့်လိုက်သည်။

"တုကူကျို ဘယ်မှာလဲ"

နန်းကုန်းစုက ရယ်မောကာ...

"သူ့အတွက် စိတ်မပူပါနဲ့၊ ကျုပ် သူ့ကို အသေမသတ်ပါဘူး"

ထိန်ဝှက်က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ...

"ကျုပ်တို့ကို မှန်မှန်ပြောပါ၊ အခုလို ကျုပ်တို့ကို လိမ်ခေါ်လာတာ တုကူကျိုက သစ္စာဖောက်လို့လား"

ဟု မေးလိုက်သည်။

နန်းကုန်းစု ခေါင်းခါလိုက်သည်။

"သူက ခင်ဗျားတို့ကို သစ္စာမဖောက်ပါဘူး၊ သူ့ကို ခင်ဗျားတို့ အထင်မလွဲပါနဲ့"

သူက အားလုံးကို ဝေ့ကြည့်လိုက်၏။

အားလုံးက သူ၏စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ စကားဆက်လိုက်၏။

"ကျုပ်ရဲ့အဆိပ်က လူတစ်ယောက်ကို ကိုယ်ပိုင်သဘောနဲ့ ကိုယ် စဉ်းစားဉာဏ် မရှိဘဲ ကျုပ်ခိုင်းတဲ့အတိုင်း လုပ်ပေးရတယ်ဗျ"

ရှာဖုံးက နန်းကုန်းစု၏စကားကို ကြားလိုက်ရသောအခါ တုကူကျိုအတွက် စိုးရိမ်ပူပန်သွား၏။

"ခင်..ခင်ဗျား တုကူကျိုကို ဘာတွေ လုပ်ထားသလဲ ပြော

www.burmeseclassic.com

www.burmeseclassic.com



စမ်း"

နန်းကုန်းစု လက်ကာပြလိုက်၏။

"သူ့အတွက် စိတ်ချပါ။ သူ့ကို ကျုပ် မသတ်သေးပါဘူး"

ရှာဖုံး ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားစကားကို မယုံဘူး၊ ကျုပ် သူ့ကို တွေ့ချင်တယ်"

နန်းကုန်းစု ခေါင်းညိတ်လိုက်၏။

"ခင်ဗျားတို့ တွေ့ချင်ရင် ကျုပ်စီစဉ်ပေးပါ့မယ်၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ခိုင်းတာကိုတော့ အားလုံးက လုပ်ပေးရလိမ့်မယ်ဗျ"

ရှာဖုံး တစ်ချက် တွေဝေသွားသည်။

ထို့နောက်...

သူက နန်းကုန်းစုကို မေးလိုက်၏။

"ကျုပ်တို့ ဘာလုပ်ပေးရမှာလဲ"

နန်းကုန်းစု မျက်နှာတည်သွားပြီး...

"လွယ်လွယ်လေးပါ။ ခင်ဗျားတို့ အခု ပါလာတဲ့ သိုင်းကျမ်း အတိုင်း ကျုပ်ရှေ့မှာ တစ်ခေါက်လောက် လေ့ကျင့်ပြီး ပြရမယ်၊ ပြီးတာနဲ့ ခင်ဗျားတို့ကို ပြန်ပို့ပေးပါ့မယ်လို့ ကတိပေးတယ်"

ဟု ပြောလိုက်သည်။

ရှာဖုံး မျက်မှောင်ကြုတ်သွားပြီး သိုင်းကျမ်းစာအုပ်ကို လက်ညှိုးထိုးပြလိုက်၏။

"သိုင်းကျမ်းစာအုပ်တွေရော"

နန်းကုန်းစု ခေါင်းညိတ်လိုက်သည်။



"စိတ်ချ၊ ကျုပ်တို့ ကူးထားပြီးရင် သိုင်းကျမ်းစာအုပ်ကို ပြန်ယူသွားနိုင်ပါတယ်"

ရှာဖုံးက နန်းကုန်းစုကို စိုက်ကြည့်လိုက်ပြီး ပြောလိုက်လေသည်။

"ကျုပ်တို့က ပြောမပြဘူးဆိုရင်ရော"

နန်းကုန်းစုက ရယ်လိုက်၏။

"ခင်ဗျားတို့ သေဆုံးသွားနိုင်တယ်ဆိုတာ သတိထားပါဦး"

သူက စကားဆက်လိုက်သည်။

"အဲဒီတော့ ခင်ဗျားတို့ သေဆုံးတဲ့ အကြောင်းကို ခင်ဗျားတို့ ဂိုဏ်းချုပ်ကတောင် သိမှာ မဟုတ်ဘူး၊ သိုင်းကျမ်းစာအုပ်လဲ သူတို့ လက်ထဲ ပြန်ရောက်သွားနိုင်မှာ မဟုတ်ဘူး"

ရှာဖုံးတို့လူစုမှာ နန်းကုန်းစု၏စကားကြောင့် ခေါင်းငိုက်စိုက် ကြသွားလေ၏။

သူတို့အားလုံး၏စိတ်ထဲတွင် တုန်လှုပ်ခြောက်ခြားသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းစုသည် အားလုံးကို တစ်ချက်ငေးကြည့်လိုက်လေသည်။

"အစုလောက်ဆိုရင် အားလုံး သဘောပေါက်လောက်ပါပြီ၊ ဒါကြောင့် စောစောက ကျုပ်ပြောတဲ့အတိုင်း လက်ခံဖို့ပဲ ရှိတော့တယ်"

ရှာဖုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး နန်းကုန်းစုအား ပြောလိုက်၏။

"ကျုပ်က တုကုကျိုကို အရင် တွေ့ချင်တယ်၊ ကျုပ်ကို တွေ့ခွင့်ပေးပါ"

နန်းကုန်းစုက ရယ်မောလိုက်သည်။

"စိတ်ချပါ၊ ကျုပ်ခိုင်းတာကို လုပ်ပါ၊ တုကုကျိုကို တွေ့ဖို့ ကျုပ်ရဲ့ လက်ယာရံနဲ့ လက်ဝဲရံတို့က လိုက်ပို့ပေးပါလိမ့်မယ်"

သူသည် သူ့အနားတွင် ရှိသော လက်ဝဲရံနှင့် လက်ယာရံအား အမိန့်ပေးလိုက်၏။

"မင်းတို့နှစ်ယောက် သူ့ကို တုကုကျိုဆီ ပို့ပေးလိုက်ပါ"

သူသည် ယင်းသို့ မှာကြားပြီးနောက် အခန်းထဲမှ ထွက်ခွာသွားလေသည်။

* * *



နန်းကုန်းစု ထွက်ခွာသွားပြီ ဖြစ်သည်။

လက်ဝဲရံနှင့် လက်ယာရံတို့က ရှာဖုံးအား ကြည့်ကာ မေးလိုက်၏။

"ခင်ဗျားတစ်ယောက်ထဲ သွားမှာလား။ ကျန်တဲ့လူလဲ လိုက်မှာလား"

ရှာဖုံးက ကျန်ရှိသော လူများကို ကြည့်လိုက်၏။

ထိန်ဝှက် ခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲလိုက်မယ်"

ကျန်ရှိသော လူအားလုံးကလည်း လိုက်ကြည့်ရန် ဆန္ဒ ရှိကြသည်။

လက်ယာရံက ခေါင်းညိတ်ပြလိုက်သည်။

"ကဲ..လိုက်ချင်တဲ့လူအားလုံး ကျုပ်နောက်လိုက်ခဲ့ပေတော့"

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် လိုဏ်ဂူအတွင်းဘက် ဖြစ်၏။

ထိုနေရာတွင် အခန်းငယ်တစ်ခု ရှိသည်။

ယင်းအခန်းသည် သံတိုင်များဖြင့် ကာရံထားသည်။

ရှာဖုံးသည် ခပ်လှမ်းလှမ်းကပင် အခန်းထဲ၌ ထိုင်နေသော တုကုကျိအား တွေ့လိုက်ရသည်။

သူသည် တုကုကျိကို ယုံကြည်သောကြောင့် ယခုကဲ့သို့ ဖြစ်ရသည် မဟုတ်လော။

ရှာဖုံးသည် တုကုကျိ အချုပ်ခန်းထဲ ရောက်နေသည်ကို မြင်ရတော့ သနားလာ၏။

ရှာဖုံးသည် သံတိုင် အနီးသို့ ချဉ်းကပ်သွားလေသည်။

သို့သော်...

တုကုကျိက မမြင်သည့်အလား နှုတ်ဆက်ခြင်းပင် မပြုပါချေ။

"တုကုကျိ"

ရှာဖုံးက လှမ်းခေါ်လိုက်၏။

တုကုကျိက တုံ့ပြန်ခြင်း မရှိပါချေ။

ရှာဖုံး မျက်မှောင်ကြုတ်သွားသည်။

"တုကုကျိ၊ ခင်ဗျား ဘာဖြစ်နေတာလဲ၊ လာပါဦး ဒီကို"

တုကုကျိသည် ထိုင်ရာမှ ထလာပြီး လေးလံစွာဖြင့် ရှာဖုံး အနီးသို့ လျှောက်လာ၏။

ရှာဖုံးက...



"တုကုကျိ ငါ့ကို မမှတ်မိဘူးလား"

တုကုကျိသည် စကားတစ်လုံးမျှ မပြောဘဲ ရှာဖုံးအား စိုက်ကြည့်လိုက်၏။

ရှာဖုံးက...

"ငါက ရှာဖုံးလေကွာ၊ မမှတ်မိတော့ဘူးလား"

တုကုကျိက...

"ရှာဖုံး..ရှာဖုံးဆိုတာ ဘယ်သူလဲ"

သူသည် တစ်ယောက်တည်း အသံတိုးတိုးဖြင့် ရေရွတ်နေသည်။

ရှာဖုံးက သက်ပြင်းချလိုက်သည်။

"ငါက အရှေ့ဂိုဏ်းက ရှာဖုံးလေ၊ သေသေချာချာ စဉ်းစားကြည့်ပါဦး"

တုကုကျိက တွေဝေသွားပြီး...

"ရှာဖုံး၊ အရှေ့ဂိုဏ်းက"

"ဟုတ်တယ်၊ မင်းမှတ်မိပြီ မဟုတ်လား"

တုကုကျိ ခေါင်းခါယမ်းလိုက်သည်။

"အရှေ့ဂိုဏ်းဆိုတာ ဘာလဲ၊ ရှာဖုံးဆိုတာ ဘယ်သူလဲ"

ရှာဖုံးမှာ အကြီးအကျယ် စိတ်ပျက်သွားတော့၏။

သူသည် အတိတ်မေ့နေသော တုကုကျိအား ဆက်လက်မကြည့်တော့ဘဲ နေရာမှ ထွက်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှာဖုံးတို့လူစုသည် သူတို့ အခန်း ရှိရာသို့ ပြန်လျှောက်လာကြသည်။

သူတို့အားလုံး စိတ်မကောင်းစွာဖြင့် ကိုယ့်နေရာကိုယ်ပင် ပြန်ထိုင်ချလိုက်၏။

သူတို့သည် ဘာစကားမျှ မပြောတော့ဘဲ ငြိမ်နေရာမှ မည်ကဲ့သို့ လွတ်မြောက်အောင် ကြံစည်ရမည့် အကြောင်းကို တွေးနေကြလေသည်။

အချိန် မည်မျှ ကြာသွားမှန်းမသိ။

နန်းကုန်းစုက အခန်းထဲသို့ ပြန်လည်ရောက်လာတော့မှ အတွေးများ ပျက်သွားကြသည်။

နန်းကုန်းစုက ရှာဖုံးကို ပြုံးပြလိုက်၏။

"တုကုကျိုကို တွေ့ခဲ့ရပြီ မဟုတ်လား"

ရှာဖုံး အလွန်ခံပြင်းလာသည်။

"မင်းက သူ့ကို ဘာလုပ်ထားတာလဲ"

နန်းကုန်းစုက...

"ဘာမှ မလုပ်ပါဘူး။ ဆေးကလေး နည်းနည်းတိုက်ထားတာလောက်ပါပဲ"

ရှာဖုံး ဒေါပွသွားသည်။

"မင်းက လူမဆန်ဘူး"

နန်းကုန်းစုက...

"အခု ခင်ဗျားတို့က ကျုပ်စကားကို နားထောင်တာက လွဲ



လို့ တခြားနည်းလမ်း မရှိတော့ဘူး"

အားလုံး ပါးစပ်ပိတ်ထားကြ၏။

နန်းကုန်းစုက ဆက်ပြောလိုက်သည်။

"ကျုပ်ပြောတဲ့အတိုင်း လုပ်ပေးမယ်ဆိုရင် ခင်ဗျားတို့ကို ချမ်းသာပေးမယ်၊ တုကုကျိုကိုလဲ လူကောင်းပကတိ ဖြစ်အောင် ကျုပ်တာဝန်ယူပါတယ်"

ရှာဖုံး အတန်ကြာ စဉ်းစားပြီးမှ မေးလိုက်သည်။

"မင်းပြောတဲ့ စကားတည်ပါ့မလား"

နန်းကုန်းစု ရယ်မောလိုက်သည်။

"ကျုပ်လိုချင်တာ ရပြီးမှတော့ လောကပေါ်မှာ ငါကြောက်ရမယ့်လူ မရှိတော့တဲ့အတွက် ခင်ဗျားတို့ကိုလဲ ခေါ်ထားစရာ မလိုတော့ဘူး မဟုတ်လား"

ရှာဖုံးက ကျန်ရှိသော လူများကို လှည့်ကြည့်လိုက်လေတော့သည်။

"ခင်ဗျားတို့ကော ဘယ်လိုသဘောရလဲ"

ကျန်ရှိသော လူများသည် မည်သို့မျှ မစဉ်းစားတတ်အောင် ဖြစ်နေကြ၏။

အားလုံးက ဘာမှပြန်မပြောဘဲ ပါးစပ်ပိတ်ထားကြလေသည်။

အတန်ကြာမှ ထိန်ဝှက်က သက်ပြင်းချ၍ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ သဘောပါပဲလေ"

ရှာဖိုးက နန်းကုန်းစုဘက် လှည့်ကြည့်လိုက်၏။

သူက နန်းကုန်းစုကို စူးရဲစွာ ကြည့်ပြီး အေးစက်သော လေသံဖြင့် ပြောလာလေသည်။

"ကောင်းပြီ၊ မင်းကတိတည်ပါ"

နန်းကုန်းစု သဘောကျစွာ ရယ်မောလိုက်သည်။

"စိတ်ချပါ၊ ကျုပ်ကတိတည်ပါတယ်"

* * *



## ရိပ်မိတဲ့လူ

ည...။

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများသည် တိတ်ဆိတ်သော ဝန်းကျင်ကို ဖြိုခွဲလိုက်သည်။

ထိုမြင်းခွာသံသည် ကေရာဇ်တောင်ကြားထဲသို့ မောင်းနှင်ဝင်ရောက်သွား၏။

"ရန်သူ"

အစောင့်များက အော်ဟစ်ရင်း မြင်းပေါ်မှလူကို ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

သို့သော်...

မြင်းပေါ်မှ လူက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

အစောင့်များ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

အစောင့်များမှာ လူအင်အားများသော်လည်း မြင်းပေါ်မှ လူ၏သိုင်းပညာမှာ အလွန်ပင် အဆင့်မြင့်နေသဖြင့် ဟန့်တားနိုင်စွမ်း မရှိပါချေ။

မြင်းပေါ်မှ လူသည် တောင်ကြားလမ်းထဲသို့ အရှိန်ပြင်းစွာ မောင်းနှင်သွားပြီး ခြေကြိုဆောင်ရှေ့သို့ အရောက်တွင် မြင်းကို ရုတ်တန့်လိုက်သည်။

ထိုစဉ်...

သူ့ရှေ့သို့ လူနှစ်ယောက် ရောက်ရှိလာ၏။

လက်ဝဲရံနှင့် လက်ယာရံတို့ပင် ဖြစ်သည်။

သူတို့သည် မြင်းပေါ်မှ လူအား အကဲခတ်လိုက်ကြသည်။

မြင်းပေါ်မှ လူက တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာကိုလည်း အဝတ်ဖြင့် စည်းနှောင်ထားသည်။

လက်ဝဲရံက...

"မင်းက ဘယ်သူလဲ"

ဟု ခက်ထန်စွာ မေးလိုက်သည်။



မြင်းပေါ်မှ လူက အောက်သို့ ခုန်ဆင်းလိုက်၏။

ထို့နောက် အေးစက်စွာဖြင့် ပြောလိုက်၏။

"ကျုပ်က မိုးနဂါး"

"ဟင်"

"ဟာ"

လက်ဝဲရံနှင့် လက်ယာရံတို့ အံ့ဩသွားသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

အတန်ကြာမှ လက်ဝဲရံက...

"လက်စသပ်တော့ မင်းက မိုးနဂါးကိုး"

ဝတ်စုံနက်(ဝါ)မိုးနဂါးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လက်ယာရံက ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား။ မင်း ဒီကို ဝင်ခဲ့တာ မင်းအဖို့ ကံဆိုးတာပဲ"

မိုးနဂါးက...

"ကျုပ်က ကြောက်တတ်ရင် ဒီကို မလာဘူးဗျ။ ခင်ဗျားတို့ ရဲ့ လျှို့ဝှက်ချက်ကို ကျုပ်သိထားပြီးပြီလေ"

"ဘာ"

သူတို့နှစ်ယောက် ခံပြင်းသွား၏။

လက်ယာရံက ဒေါသတကြီးဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"တောက် မင်းသေချင်ပြီ ထင်တယ်"

မိုးနဂါးက ဓားဆွဲထုတ်လိုက်သည်။

လက်ယာရံတို့ကလည်း တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

မိုးနဂါးကမူ စူးရဲစွာ စိုက်ကြည့်ရင်း...

"ပြောစမ်း၊ မင်းတို့ရဲ့ တောင်ကြားပိုင်ရှင် ဘယ်သွားနေလဲ"

လက်ဝဲရံက...

"တို့ တောင်ကြားပိုင်ရှင်ကို တွေ့ချင်ရင် ငါတို့နှစ်ယောက်ကို နိုင်အောင် ကြိုးစားရမယ်"

"ဟုတ်တယ်"

မိုးနဂါးက ရယ်မောလိုက်၏။

"ကောင်းပြီ"

စကားဆုံးလျှင် သူက ဓားကို ဝှေ့ယမ်းလိုက်သည်။

"ယား"

လက်ဝဲရံနှင့် လက်ယာရံတို့က ညာသံပေး၍ တိုက်လိုက်ကြသည်။

သူတို့ တစ်ဦးစီ၏ သိုင်းပညာမှာ ကြောက်စရာကောင်းလှသည်။

နှစ်ဦးပေါင်း သိုင်းပညာမှာ ပို၍ ကြောက်စရာကောင်းနေသည်။

သို့သော်...



သူက မမှုဘဲ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်ပြီး ထူးခြားလှသည်။

အစပိုင်း၌ လက်ယာရံတို့ အသာစီး ရရှိလာသော်လည်း သူ၏တိုက်ခိုက်မှုအောက်၌ အလူးအလဲ ခံလာရလေတော့သည်။

* * *

"ဗိုး..ဗိုး"

လေတိုးသံများ အဆက်မပြတ် ထွက်ပေါ်လာ၏။

မိုးနဂါး၏တိုက်ကွက်များမှာ အလွန်ရှုပ်ထွေးသဖြင့် ခုခံရန် မလွယ်ကူပါချေ။

"ယား"

လက်ယာရံက ဩသံပေးရင်း ဓားရှည်ဖြင့် မိုးနဂါး၏ ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းလိုက်သည်။

တစ်ဆက်တည်းပင် ကျန်ရှိသော လက်ဝါးဖြင့် မိုးနဂါး၏ ယေထိပ်သို့ ရိုက်ချလိုက်၏။

သူ၏တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်လှသည်။

သူ၏တိုက်ခိုက်မှုကြောင့် မိုးနဂါး အထိနာသွားတော့မည်ဟု ထင်မှတ်ရလေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါး၏လှုပ်ရှားမှုက မယုံကြည်နိုင်လောက်အောင် ထောင်သလှ၏။

သူက တိုးဝင်လာသော လက်ယာရဲ၏ဓားကို သူ၏ဓားဖြင့် ရိုက်ချလိုက်သည်။

"ချွမ်း"

အသံတစ်ချက် ထွက်ပေါ်လာပြီး လက်ယာရဲ၏ဓားမှာ ဦးတည်ရာပြောင်းသွား၏။

တစ်ဆက်တည်းမှာပင်...

မိုးနဂါးက လက်ယာရဲ၏လက်ဝါးသည် ငယ်ထိပ်သို့ မကျရောက်နိုင်မီမှာပင် သူ၏ဓားကိုင်လက်အား ဆတ်ခနဲ လှုပ်ရှားလိုက်၏။

မိုးနဂါး၏ဓားမှာ လက်ယာရဲ၏ရင်ဝသို့ ထိုးသွင်းမိသွားလေသည်။

"ဟင်"

လက်ယာရဲ မျက်လုံးပြူးသွားသည်။

သူ၏လက်ဝါးရိုက်ချက် ပြန်လည်ရုပ်သိမ်းပြီး ကပျာကယာ နောက်ဆုတ်လိုက်၏။

သို့သော်...

မိုးနဂါး၏ဓားက သူ၏ရင်ဝသို့ တစ်လက်မခန့် စူးဝင်လေသည်။

"အား"



လက်ယာရဲ အထိတ်တလန့် အော်ပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။

လက်ဝဲရဲ မျက်နှာပျက်သွားသည်။

လက်ယာရဲမှာ ဒဏ်ရာရရှိသွားပြီ ဖြစ်လေသည်။

"ယား"

လက်ဝဲရဲက ညာသံပေးကာ မိုးနဂါးအား ဓားဖြင့် လျှပ်တစ်ပြက် ရိုက်ချလိုက်၏။

"ဗွစ်"

လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်။

"ဟိတ်"

မိုးနဂါးက လေထဲတွင် ကျွမ်းပစ်လိုက်၏။

ထို့နောက် အရှိန်လွန်သွားသော လက်ဝဲရဲ၏နောက်ကျောသို့ ခြေစုံပစ် ကန်ကျောက်လိုက်သည်။

"ဝုန်း"

"အား"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး လက်ဝဲရဲမှာ အဝေးသို့ လွင့်စဉ်သွားသည်။

လက်ယာရဲ အလန့်တကြား ဖြစ်သွားပြီး လက်ဝဲရဲအား ပြေး၍ ပွေ့ထူလိုက်သည်။

လက်ဝဲရဲ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။

"ဝေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူက ခွေးပွက်ကို အန်ထုတ်လိုက်ပြီး သတိမေ့သွားလေသည်။

"ဟား..ဟား..ဟား"

မိုးနဂါးက သဘောကျစွာ ရယ်မောလိုက်သည်။

ထိုအချိန်တွင်...

"ဒေါင်..ဒေါင်..ဒေါင်"

ခေါင်းလောင်းသံများသည် အဆက်မပြတ် ထွက်ပေါ်လာသည်။

"မလွှတ်စေနဲ့"

"ဝိုင်းထား"

အစောင့်များသည် အော်ဟစ်ကြွေးကြော်ရင်း လက်နက်ကိုယ်စီဖြင့် ပြေးလွှားရောက်လာကြလေ၏။

သူတို့သည် မိုးနဂါးအား ဝိုင်းရံထားလိုက်ကြ၏။

မိုးနဂါးက လုံးဝမမှုပါချေ။

"ယား"

သူက အသံပေးကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအသံများ တခဲနက်ထွက်ပေါ်လာပြီး တစ်



ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

အစောင့်များ ဝိုင်းရံတိုက်ခိုက်နေကြသော်လည်း မိုးနဂါးအား မယှဉ်နိုင်ပါ။

မကြာမီ အစောင့်များသည် တားမနိုင် ဆီးမနိုင် ဖြစ်သဖြင့် နောက်ဆုတ်သွားရသည်။

မိုးနဂါးသည် အိတ်ထဲမှ ယမ်းပျော့တစ်ခုကို ထုတ်ယူလိုက်ပြီး ဓားငယ်တစ်လက်ဖြင့် ရစ်ပတ်လိုက်၏။

ထို့နောက် မီးရှို့လိုက်လေသည်။

လက်ဝဲရံနှင့် လက်ယာရံတို့သည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် မိုးနဂါးသည် ၎င်းဓားဖြင့် နန်းကုန်းစု၏သီးသန့်အခန်းသို့ ပစ်လွှင့်လိုက်လေသည်။

သူ၏လှုပ်ရှားပုံမှာ လျှပ်တစ်ပြက်ဆိုသလို မြန်ဆန်လွန်းလှသည်။ အစောင့်များလည်း ကြက်သေသေကာ ကြည့်နေကြလေတော့သည်။

"ဝုန်း"

သီးသန့်ခန်းအဆောင်သည် မီးဟုန်းဟုန်း တောက်လောင်လာတော့သည်။

"မီးဟေ့"

"မြန်မြန်ငြိမ်းကြ"

ယခုမှ အစောင့်များသည် မီးငြိမ်းသတ်ရန် ပြေးလွှားသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခန်းမှာ မီးရှိန် ပိုပြင်းလာသည်။

အစောင့်များမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေကြလေသည်။

လက်ဝဲရံနှင့် လက်ယာရံတို့လည်း ဒဏ်ရာကိုယ်စီ ရနေကြသည်။

"ဟား..ဟား..ဟား"

မိုးနဂါးက ရယ်မောလိုက်သည်။

ထို့နောက်...

အစောင့်များ ခေါင်းပေါ်မှ ခုန်ပျံကျော်လွှားသွားကာ သူ့မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ပြီးလျှင် လျင်မြန်စွာ မောင်းနှင်ထွက်ခွာသွားလေ၏။

သူ့နောက်တွင် အစောင့်များ၏အသံသည် ဆူညံစွာ ထွက်ပေါ်နေသည်။

သူသည် တောင်ကြားသို့ အရောက်တွင် နောက်သို့ လှည့်ကြည့်လိုက်ရာ မီးတောက်မီးလျှံများ ထောင်တက်လာသည်ကို တွေ့လိုက်ရသည်။

မိုးနဂါးသည် ကျေနပ်စွာ ပြုံးလိုက်ပြီး မြင်းကို မောင်းနှင်ထွက်ခွာသွားလေသည်။

သူ့နောက်တွင် ဆူညံသော အသံများမှာ တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့သည်။

* * *



## အကြံသမား

မမျှော်လင့်ဘဲ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာသည်။

ရှာဖုံးနှင့် လက်ထောက်ဂိုဏ်းချုပ် ခုနစ်ယောက်က လက်ခံဘဲ ငြင်းဆန်ကြ၍ ဖြစ်သည်။

ထို့ကြောင့်...

နန်းကုန်းစု အလွန်ဒေါသထွက်နေသည်။

ထိုအချိန်တွင် လက်ဝဲရံနှင့် လက်ယာရံတို့လူစု ရောက်လာသည်။

"ဟင်"

နန်းကုန်းစု အံ့သြသွားလေသည်။

သူက ဒေါသတကြီးဖြင့် ကြည့်ပြီး...

"မင်းတို့ ဘာဖြစ်လို့ လိုက်လာကြတာလဲ"

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ယာရံ ပင့်သက်ရှိုက်လိုက်ပြီး...

"အရေးကြီးတဲ့အကြောင်း ရှိလို့ပါ"

နန်းကုန်းစု မျက်မှောင်ကုတ်လိုက်သည်။

"ပြောစမ်း"

လက်ယာရံက...

"သခင်ကြီး မရှိတဲ့အချိန်မှာ ကေရာဇ်တောင်ကြားကို မိုးနဂါးဆိုတဲ့လူတစ်ယောက် ရောက်လာတယ်"

နန်းကုန်းစု မျက်လုံးပြူးသွားသည်။

လက်ယာရံက ဆက်ပြောသည်။

"သူက ကျွန်တော်တို့ကို တိုက်ခိုက်ပြီး သီးသန့်အဆောင်ကို မီးရှို့ပစ်ခဲ့ပါတယ်"

နန်းကုန်းစု ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"မင်းတို့ သည့်လောက် လူများပြီး မိုးနဂါးဆိုတဲ့ကောင်ကို နိုင်အောင် မတိုက်နိုင်ဘူးလားကွ"

လက်ဝဲရံက...

"မိုးနဂါး ရောက်လာတဲ့အတွက် ကေရာဇ်တောင်ကြားရဲ့ လျှို့ဝှက်ချက်ကို မကြာမီ သိုင်းလောကသားအားလုံး သိသွားမှာ ဖြစ်ပါတယ်၊ ဒါကြောင့်.."

နန်းကုန်းစုက လက်ယာရံအား ကြည့်လိုက်၏။

"မင်းက အပြင်မှာနေပြီး အခြေအနေကို စောင့်ကြည့်နေပါ"



လက်ယာရံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ သခင်ကြီး"

ပြောပြီး လိုဏ်ဂူအပြင်ဘက်သို့ ထွက်သွား၏။

နန်းကုန်းစုသည် လက်နှစ်ဖက် နောက်ပစ်ကာ ရှာဖုံးအား စိုက်ကြည့်လိုက်၏။

"ကျုပ်ကိုငြင်းရင် ဘယ်လို အကျိုးသက်ရောက်မယ်ဆိုတာ ပြရမှာပေါ့လေ"

သူက အပေါ်အင်္ကျီရှည်ကို ချွတ်လိုက်၏။

"ကဲ..ကျုပ်ကို နိုင်တဲ့လူ ကျမ်းစာအုပ်ကို ယူပြီး ထွက်သွားနိုင်တယ်"

ရှာဖုံးက ထိုင်ရာမှထလိုက်၏။

"ကျုပ်စကားဆုံးအောင် နားထောင်၊ ကျုပ်နဲ့ ယှဉ်ပြိုင်လို့ ရှုံးသွားတယ်ဆိုရင် ကျုပ်ခိုင်းတာ လုပ်ပေးပါ့မယ်လို့ ကတိပေးရမယ်"

နန်းကုန်းစုက ပြောလေသည်။

ရှာဖုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ် လက်ခံတယ်"

နန်းကုန်းစုက ကျန်ရှိသော လူများကို တစ်ချက်ဝေ့ကြည့်လိုက်၏။

"ခင်ဗျားတို့ရော"

ကျန်ရှိသော လူများကလည်း သဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းစုက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့တွေဟာ ကျော်ကြားတဲ့ လူတွေ ဖြစ်ပါတယ်၊ ကိုယ့်ကတိ ကိုယ်တည်စေချင်တယ်"

ရှာဖုံး ပြုံးလိုက်သည်။

"စိတ်ချ၊ ကျုပ်တို့ ကတိတည်တယ်"

နန်းကုန်းစုက လိုဏ်ဂူဝဘက်သို့ လက်ဆန့်ပြလိုက်၏။

"ဒီအထဲမှာ ကျဉ်းပါတယ်၊ အပြင်ဘက်ကို ကြွကြပါ"

ရှာဖုံးသည် စကားတစ်ခွန်းမျှ မပြောဘဲ ရှေ့မှ ဦးဆုံးထွက်ခွာသွားလေသည်။

ကျန်ရှိသော လူများသည် ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်။

သူတို့အားလုံး မြေကွက်လပ်သို့ ရောက်ရှိလာတော့၏။

* * *



## ပညာစုံစုံလင်လင်

သူတို့အားလုံး လိုဏ်ဂူဝအတွင်းမှ ထွက်ခွာလာခဲ့၏။

လက်ယာရံက ကျောက်ဆောင်ပေါ်၌ ရပ်နေသည်။

နန်းကုန်းစုက လှမ်းပြောလိုက်သည်။

"ပတ်ဝန်းကျင်ကို သတိထားကြည့်ပါ၊ အကြောင်းထူးရင် အမြန်ဆုံး အကြောင်းကြား"

လက်ယာရံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ သခင်ကြီး"

နန်းကုန်းစုသည် ရှာဖုံးအား မြေပြန့်နေရာတစ်ခုသို့ ခေါ်ဆောင်သွားသည်။

သူသည် မြေကွက်လပ် အလယ်တွင် ရပ်တန့်လိုက်လေသည်။

"ဘယ်သူက အရင်လာမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိန်ဝှက်က ရှေ့သို့ လျှောက်လာပြီး နန်းကုန်းစုနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်သည်။

နန်းကုန်းစု ပြုံးလိုက်သည်။

"ခင်ဗျား ဘာလက်နက်ကို သုံးမလဲ"

ထိန်ဝှက်က...

"လက်ဝါးနှစ်ဖက်နဲ့ပဲ ကျုပ်ပြိုင်မယ်"

နန်းကုန်းစုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ကျုပ်လဲ လက်ဝါးနှစ်ဖက်နဲ့ပဲ ယှဉ်ပြိုင်ကြမယ်"

သူတို့နှစ်ယောက်သည် အသင့်အနေအထား ရပ်တန့်ပြီးနောက် ထိန်ဝှက်က စတင်တိုက်ခိုက်လိုက်သည်။

ထိန်ဝှက် သိုင်းပညာမှာ ကျောက်ကွဲလက်ဝါး ဖြစ်၏။

ကျောက်ဆောင်တစ်ခုကိုတောင် ခုတ်နိုင်သည်ဟု အဆို ရှိသည်။

ထို့ကြောင့် သူသည် လက်ဝါးနှစ်ဖက် ဝှေ့ယမ်းလိုက်သောအခါ လေတိုးသံများ တဟူးဟူး မြည်လာသည်။

နန်းကုန်းစုသည် ပေါ့ပေါ့ထန်ထန် သဘောမထားဝံ့တော့ပါချေ။

"ယား"

သူသည် ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုက ပြင်းထန်ထူးခြားလှလေသည်။



နန်းကုန်းစု ပြန်လည်တိုက်ခိုက်လိုက်သောအခါ ရှာဖုံးနှင့် ကျန်ရှိသော ပုဂ္ဂိုလ်များကပင် မျက်မှောင်ကြုတ်လိုက်လေသည်။

"ယား"

ပို၍ အံ့ဩနေသူမှာ ထိန်ဝှက်ပင် ဖြစ်လေသည်။

အကြောင်းမှာ...

နန်းကုန်းစု အသုံးပြုလိုက်သော သိုင်းကွက်မှာလည်း ကျောက်ကွဲလက်ဝါးနှင့် ခပ်ဆင်ဆင် ဖြစ်နေ၏။

သူတို့နှစ်ယောက်သည် အပြန်အလှန် ပြင်းထန်စွာ တိုက်ခိုက်လိုက်သောကြောင့် ဝန်းကျင်တစ်ခုလုံး လေတိုးသံ တဟူးဟူး ထွက်ပေါ်လာ၏။

မကြာမီ...

"ဝုန်း"

"အား"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

နန်းကုန်းစု လက်ဝါးစောင်းသည် ထိန်ဝှက်၏ညာလက်မောင်းကို ထိမှန်သွားသည်။

ထိန်ဝှက်၏ညာဘက်လက်တစ်ဖက်သည် ထိုးကျိုးသွားလေသည်။

"ဟား..ဟား..ဟား"

နန်းကုန်းစုက အားရပါးရ ရယ်မောလိုက်သည်။

"ဘယ်သူလာဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှာဖုံးက သူများထက် ဦးအောင် ရှေ့သို့လှမ်းတက်လာသည်။

နန်းကုန်းစုက မဲပြုံးပြုံးလိုက်သည်။

"ခင်ဗျားကိုယ်တိုင် ယှဉ်ပြိုင်ချင်ပြီကိုး"

ရှာဖုံးက ဒေါသကြီးစွာဖြင့်...

"စကားမရှည်နဲ့"

သူသည် လက်သီးနှစ်ဖက် ဆုပ်လိုက်ပြီး နန်းကုန်းစုအား တိုက်ခိုက်လေသည်။

"ဟား..ဟား..ဟား"

နန်းကုန်းစုက ရယ်မောလိုက်ပြီး...

"ခင်ဗျားက အရှေ့ဂိုဏ်းရဲ့ နာမည်ကျော်ကြားတဲ့ လက်သီးနဲ့ ယှဉ်ပြိုင်တာကိုး"

သူသည် ရှောင်တိမ်းလိုက်ပြီး လက်သီးနှစ်ဖက်ဆုပ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

"ဟင်"

ရှာဖုံး အံ့အားသင့်သွားသည်။

"မင်း..မင်းက ကျုပ်တို့ မိုးကြိုးလက်သီးကို ဘယ်က တတ်တာလဲ"

နန်းကုန်းစုက မဲပြုံးပြုံးလိုက်လေသည်။

"ဒီပညာဟာ ခင်ဗျားတို့ အရှေ့ဂိုဏ်းကပဲ တတ်သလား တစ်ခြားလူတွေ မတတ်ရတော့ဘူးလား"



သူသည် စကားပြောနေသော်လည်း တိုက်ခိုက်မှုမှာ အနည်းငယ်မျှ မလျော့ပါ။

ရှာဖုံးသည် ဒေါသ ဖြစ်နေသောကြောင့် တိုက်ခိုက်ရာတွင် အနည်းငယ် စောသွားသည်။

နန်းကုန်းစု၏လက်သီးတစ်လုံးသည် သူ့ပခုံးပေါ်သို့ ထိမှန်သွားသည်။

"ဝုန်း"

"အား"

ရှာဖုံး၏ခန္ဓာကိုယ်သည် တစ်ချက်ယိမ်းယိုင်သွားပြီး နောက်သို့ ဆုတ်သွားသည်။

ထိုစဉ်...

"ယား"

တောင်ပိုင်းလက်ထောက်ဂိုဏ်းချုပ်က ဝင်ရောက်တိုက်ခိုက်လိုက်၏။

အသုံးပြုလိုက်သော သိုင်းကွက်မှာ သန့်တန့်သိုင်းကွက် ဖြစ်သည်။

သို့သော်...

မမျှော်လင့်ဘဲ နန်းကုန်းစုကလည်း သက်တန့်သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်လာသည်ကို တွေ့ရလေသည်။

"ဟင်"

ချင်းပြန့် အံ့သြခြင်းမက အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုက်ခိုက်ရာမှ ကမန်းကတန်း နောက်ဆုတ်သွားသည်။

သူသည် စူးရှသော မျက်လုံးအစုံဖြင့် နန်းကုန်းစုအား စိုက်ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ"

နန်းကုန်းစုက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က နန်းကုန်းစုလေ"

ချင်းပြန့်က ခေါင်းခါယမ်းလိုက်သည်။

"မင်းက နန်းကုန်းစု မဟုတ်ဘူး"

"ဟား..ဟား..ဟား"

နန်းကုန်းစုက ရယ်မောလိုက်သည်။

"ဒါဖြင့် ကျုပ်က ဘယ်သူလဲ"

ချင်းပြန့်သည် သူ့အား စူးရှစွာ ကြည့်လိုက်သည်။

"မင်းက အနောက်ဂိုဏ်းရဲ့လက်ထောက် တုကုကျိ ဖြစ်ရမယ်"

နန်းကုန်းစုက ရယ်မောလိုက်သည်။

"မင်းက ဘယ်လိုလုပ် ပြောနိုင်တာလဲ"

ချင်းပြန့် မဲ့ပြုံးပြုံးလိုက်လေသည်။

"သက်တန့်သိုင်းကွက်ဟာ အနောက်ဂိုဏ်းရဲ့ အထွတ်အထိပ် သိုင်းပညာတစ်မျိုး ဖြစ်တယ်၊ ဒါကြောင့် ဒီပညာရပ်ကို ဂိုဏ်းချုပ်နဲ့ လက်ထောက်ဂိုဏ်းချုပ်ကလွဲပြီး ဘယ်သူ့ကိုမှ သင်မပေးဘူး ဂိုဏ်းချုပ်ကတော့ အနောက်ဂိုဏ်းမှာ ကျန်ရစ်ခဲ့တယ်၊ ဒါကြောင့် မင်းဟာ တုကုကျိ ဖြစ်ရမယ်"



နန်းကုန်းစု ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားနေပြီဗျ၊ တုကုကျိကို ကျုပ်က လိုဏ်ဂူထဲမှာ ချုပ်ထားတာ ခင်ဗျားတွေ့တယ် မဟုတ်လား"

ချင်းပြန့် ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ်...

"သူ့ရဲ့စကားကို မယုံကြည်ကြပါနဲ့"

စကားသံနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် ရုတ်တရက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

အားလုံးသော လူများသည် အနက်ရောင်ဝတ်ဆင်ထားသူအား အံ့သြစွာ ကြည့်နေ၏။

ထိုလူသည် နန်းကုန်းစု ရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်လေသည်။

နန်းကုန်းစု မျက်မှောင်ကြုတ်လိုက်သည်။

"မင်းက ဘယ်သူလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက ပြုံးလိုက်သည်။

"မိုးနဂါး"

"ဟင်"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

နန်းကုန်းစုက ပို၍ အံ့အားသင့်သွားလေ၏။

အကြောင်းမှာ လက်ယာရံ စောင့်ကြပ်သည့်ကြားမှ မိုးနဂါး ရောက်ရှိလာ၍ ဖြစ်လေသည်။

မိုးနဂါးက ပြုံးလိုက်သည်။

"ခင်ဗျားရဲ့ လက်ယာရံကို စောင့်မနေပါနဲ့ သူ့ကို ချုံကျား ဂိုဏ်းသားတွေက ဖမ်းထားပြီးပါပြီ"

"ချွမ်း"

နန်းကုန်းစုက ဓားဆွဲထုတ်လိုက်၏။

"မိုးနဂါး၊ မင်းက ငါ့ကို အတော်ဒုက္ခပေးတာပဲ သေဖို့သာ ပြင်ထား"

စကားဆုံးလျှင် သူက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

မိုးနဂါးက လက်ကာပြလိုက်သည်။

"ခင်ဗျား နောက်ကျသွားပါပြီ၊ ပတ်ဝန်းကျင်ကို ကြည့်စမ်းပါ၊ ဘယ်သူတွေ ရောက်နေသလဲဆိုတာ"

"ဟင်"

နန်းကုန်းစုသည် ပတ်ဝန်းကျင်ကို သတိပြုကြည့်မိလိုက်သောအခါ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားတော့၏။

လူတစ်စုသည် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့ရ



သည်။ ထိုလူများထဲမှ ချိုင်းလော်ကမှ ထိပ်သီးပုဂ္ဂိုလ်များ ဖြစ်ကြသော အရှေ့ဂိုဏ်း၊ အနောက်ဂိုဏ်း စသည့် ဂိုဏ်းချုပ်များ ပါဝင်နေသည်။

နန်းကုန်းစုသည် အခြေအနေ မဟန်မှန်း သဘောပေါက်လိုက်၏။

မိုးနဂါးက နန်းကုန်းစုအား ညွှန်ပြပြီး ပြောလိုက်လေသည်။

"သူက ဘယ်သူဆိုတာ သိချင်ရင် မျက်နှာကို ခွာချလိုက်ကြပါ"

အရှေ့ဂိုဏ်းချုပ်က နန်းကုန်းစု၏မျက်နှာကို စူးစိုက်ကြည့်လိုက်၏။

"ခင်ဗျား မျက်နှာက မျက်နှာဖုံးတစ်ခု တပ်ထားတယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ အဲဒီတော့ ယောကျ်ားပီပီ မျက်နှာဖုံးကြီးကို ခွာချလိုက်စမ်းပါ"

"ဟား...ဟား...ဟား"

နန်းကုန်းစုသည် ကောင်းကင်ပေါ်သို့ မော့၍ အားရပါးရ ရယ်မောလိုက်၏။

သူသည် အတန်ကြာ ရယ်မောပြီးမှ ရပ်တန့်လိုက်၏။

"ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်က ယောကျ်ား လုပ်ရဲရင် ခံရဲတယ်"

သူသည် ပြောပြီးသည်နှင့် မျက်နှာပေါ်မှ ပါးလွှာသော မျက်နှာဖုံးတစ်ခုကို လက်နှစ်ဖက်ဖြင့် ခွာချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်"

သူတို့လူစုသည် ထိုမျက်နှာကို မြင်တွေ့လိုက်ရသောအခါ အံ့အားသင့်သွားကြလေတော့သည်။

အကြောင်းမှာ...

နန်းကုန်းစုဆိုသူမှာ အနောက်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ် တုကုကျိုပင် ဖြစ်နေသည်။

အနောက်ဂိုဏ်းချုပ်က...

"တုကုကျို၊ မင်း ဘာဖြစ်လို့ ဒီလောက်တောင် မိုက်ရတာလဲ"

တုကုကျို မဲ့လိုက်၏။

"အမှန်တော့ ဂိုဏ်းချုပ်နေရာ ကျုပ်,ရမှာ၊ ခင်ဗျားက ဆရာ့နားကပ်ပြီး အချွဲကောင်းလို့ ခင်ဗျားရတာ ကျုပ်ကျေနပ်မယ် များ ထင်နေသလား"

သူသည် ပြောရင်း ဒေါသတကြီး ဖြစ်လာသည်။

"ဒါကြောင့် ကျုပ်က ခင်ဗျားထက် သာတယ်ဆိုတာ သိရအောင် သိုင်းလောကကို ဖျက်ဆီးဖို့ ကြံစည်နေတာဗျ"

အနောက်ဂိုဏ်းချုပ်က...

"မင်းက ဂိုဏ်းချုပ်နေရာ ယူချင်ရင် ဂိုဏ်းရဲ့စည်းကမ်း အတွင်းမှာယူရင် ရပါတယ်၊ အခုတော့ မင်းအကြံဟာ ယုတ်မာရက်စက်တဲ့အတွက်.."



တုကုကျိုက ကြားဖြတ်ပြောလိုက်၏။

"ကျုပ် ဘယ်လို အပြစ်ဒဏ်ခံရမယ်ဆိုတာ နားလည်ပြီးသားပါ"

"မင်းနားလည်ရင် အေးအေးဆေးဆေးဆေး ငါတို့နောက် လိုက်ခဲ့၊ ကျုပ်အတတ်နိုင်ဆုံး အပြစ်ဒဏ်ကို လျှော့ဖို့ကြိုးစားပါ့မယ်"

တုကုကျို မချိပြုံးပြုံးလိုက်၏။

"မလိုပါဘူး"

သူက မိုးနဂါးအား စိုက်ကြည့်လိုက်၏။

"ကျုပ်သိချင်တာ တစ်ခုပဲရှိတယ်"

ဟု ပြောလိုက်သည်။

မိုးနဂါ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား ဘာသိချင်တာလဲ ပြောပါ"

တုကုကျို မဲ့လိုက်သည်။

မိုးနဂါးကို စေ့စေ့ကြည့်လိုက်ပြီး...

"မင်း ဘယ်သူလဲ ပြောပါ"

မိုးနဂါး ရယ်မောလိုက်သည်။

"ကျုပ်က အညတရတစ်ယောက်ပါဗျာ"

"မင်း.."

"ခင်ဗျားလိုပဲ သိုင်းလောကတစ်ခုလုံးကလဲ ကျုပ် ဘယ်သူဆိုတာ သိချင်နေကြတာပါပဲ၊ ဒါပေမယ့် ခက်နေတာက.."

မိုးနဂါးက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောလိုက်သည်။

"ကျူပ်ကလဲ ကျူပ်ကိုယ်ကျူပ် ဘယ်သူဘယ်ဝါဆိုတာ သိချင်နေတာပါပဲဗျာ"

တုကုကျို ဒေါသချောင်းချောင်း ထွက်သွားလေသည်။

မိုးနဂါးအား တိုက်ခိုက်ရန် ဟန်ပြင်မိလေသည်။

သို့သော်...

မိုးနဂါးသည် တုကုကျိုကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း လုံးဝအမှုမထားဘဲ ထွက်သွားလေသည်။

သူ၏ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် အဝေးသို့ရောက်ရှိသွားခြင်း ဖြစ်လေသည်။

သိုင်းဂိုဏ်းချုပ်ကြီးများပင် ဟန့်တားဖို့ အချိန် မရလိုက်တော့ချေ။

မိုးနဂါးမှာ တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *



## နောက်ကွယ်မှာ

ဘုံကျောင်းပျက်လေးတစ်ခု...။

အနီးပတ်ဝန်းကျင်၌ သစ်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ [illegible]မွမ်းကာ လူသူအရောက်အပေါက် မရှိသော ဘုံကျောင်းပျက်[illegible]း ဖြစ်သည်။

ပြုပြင်ထိန်းသိမ်းမည့်သူ မရှိသည်မှာ နှစ်ပေါင်းများစွာ[illegible]ပြီ ဖြစ်ရကား ဘုံကျောင်းလေးမှာ ပျက်စီးချင်တိုင်း ပျက်စီးနေပြီ[illegible]လေသည်။

လေဝှေယမ်း တိုက်ခတ်လာသည်။

ချုံနွယ်ပိတ်ပေါင်းများ ယိမ်းနွဲ့သွားပြီး မြက်ပင်ရှည်ကြီး[illegible]ကြားမှ လူတစ်ယောက် ထွက်ပေါ်လာလေသည်။

မိုးနဂါး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါးသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက် ဘုံကျောင်းပျက်ထဲ ဝင်သွားလေသည်။

ခဏကြာပါချေ။

ဘုံကျောင်းပျက်ထဲမှ လူငယ်တစ်ဦး ပြန်ထွက်လာလေသည်။

ဘုံကျောင်းထဲ ဝင်သွားသည့် မိုးနဂါးက အနက်ရောင်ဝတ်ထားသော်လည်း ပြန်ထွက်လာသော လူငယ်ကား အဖြူရောင်ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထားပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူငယ်တစ်ဦး ဖြစ်ပါသည်။

လူငယ်က ပတ်ဝန်းကျင်ကို အကဲခတ်ပြီး မြက်ပင်ရှည်များကြားမှ ဖြတ်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ဟင်း"

လေးတွဲ့သော သက်ပြင်းချသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူငယ်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသကဲ့သို့ ခြေလှမ်းလည်း တုန့်ခနဲ ရပ်တန့်သွားလေသည်။

သက်ပြင်းချသံ ထွက်ပေါ်လာရာဘက်သို့ ကြည့်လိုက်ရာ မြက်ပင်များကြားမှ လူတစ်ယောက် တိုးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား သိုင်းလောက၌ လူအင်အား အများဆုံး ဂိုဏ်းကြီး ဖြစ်သည့် ချိုကျားဂိုဏ်း၏ဂိုဏ်းချုပ် ဖြစ်လေသည်။



ချိုကျားဂိုဏ်းချုပ်က အဖြူရောင်ဝတ်လူငယ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး...

"နေဝန်းခြံဝင်းက သခင်လေးထင်းလုံဟာ သိုင်းလောကမှာ အင်ရှားနေတဲ့ မိုးနဂါး ဖြစ်နေတာကိုး"

ဟု မှတ်ချက်ချလိုက်လေသည်။

နေဝန်းခြံဝင်းမှာ သိုင်းလောကမှ နာမည်ကျော် ခြံဝင်းတစ်ခု ဖြစ်သည်။

ခြံဝင်းပိုင်ရှင် သခင်ကြီးထင်းကြူးသည် ထိပ်သီးသိုင်းသမားကြီးတစ်ဦး ဖြစ်သည်။

အဖြူရောင်ဝတ်ထားသော လူငယ်မှာ နေဝန်းခြံဝင်းပိုင်ရှင် သခင်ကြီးထင်းကြူး၏သား ထင်းလုံ ဖြစ်လေသည်။

လူငယ်(ဝါ)သခင်လေးထင်းလုံက ဦးညွှတ်လိုက်သည်။

"ဦးက ချိုကျားဂိုဏ်းချုပ် မဟုတ်လား။ ကျွန်တော်ထင်းလုံ ဂါရဝပြုပါတယ် ခင်ဗျာ"

ချိုကျားဂိုဏ်းချုပ်က...

"ကျုပ်ကို ဂါရဝပြုစရာ မလိုပါဘူးလေ၊ ကျုပ်ကတောင် သခင်လေးကို ဂါရဝပြုရဦးမှာပါ"

"ဗျာ"

သခင်လေးထင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချိုကျားဂိုဏ်းချုပ် ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်စကားကြောင့် သခင်လေး အံ့ဩသွားတယ် ထင်ပါရဲ့၊ သိုင်းလောကကို ဒုက္ခပေးဖို့ အနောက်လက်ထောက်ဂိုဏ်းချုပ် တုကုကျိက ကေရာစ်တောင်ကြားကို လျှို့ဝှက်ထူထောင်ခဲ့တယ်၊ သူက တောင်ကြားပိုင်ရှင် ဘ၀နဲ့တစ်မျိုး၊ အနောက်လက်ထောက်ဂိုဏ်းချုပ် တုကုကျိ ဘ၀နဲ့တစ်မျိုး၊ ဘ၀နှစ်မျိုး ဖန်တီးပြီး မွှေနှောက်ခဲ့တာကို သခင်လေး ရိပ်မိပြီး သူ့ရဲ့ အကြံကို ဖော်ထုတ်ချေမှုန်းနိုင်ခဲ့တယ်၊ ကျုပ်တို့ ဂိုဏ်းကြီးရှစ်ဂိုဏ်းက မဆောင်ရွက်နိုင်ခဲ့တဲ့ ကိစ္စကို ဆောင်ရွက်နိုင်ခဲ့တယ်၊ အမှန်အတိုင်း ဝန်ခံရရင် ကျုပ်တို့ ဂိုဏ်းကြီးရှစ်ဂိုဏ်းနဲ့ သိုင်းလောကပျက်စီးမယ့် အရေးကို သခင်လေး အကာအကွယ်ပေးနိုင်ခဲ့တာကြောင့် ကျုပ်တို့က သခင်လေးကို ဦးညွှတ်ရမှာပါ"

ဤတွင် သခင်လေးထင်းလုံ မျက်နှာမထားတတ်အောင် ဖြစ်သွားလေတော့သည်။

"ဟာ..ကျွန်တော်က သည်လောက် မဟုတ်ပါဘူး၊ ကံကောင်းထောက်မပြီး ခုလို ဆောင်ရွက်နိုင်ခဲ့တာပါ ခင်ဗျာ"

ထိုစကားက သခင်လေးထင်းလုံသည် သူက သိုင်းလောကမှ 'လျှို့ဝှက်သူရဲကောင်းမိုးနဂါး' ဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံလိုက်သကဲ့သို့ ရှိနေပါတော့သည်။

သခင်လေးထင်းလုံကလည်း ထိုဖြစ်ရပ်ကို ချက်ခြင်းသတိပြုမိလိုက်ပြီး ချူကျားဂိုဏ်းချုပ်အား ဦးညွှတ်ကာ မေတ္တာရပ်ခံလိုက်လေသည်။

"ကျွန်တော်ဟာ မိုးနဂါး ဖြစ်တယ်ဆိုတာ ဘယ်သူ့ကိုမှ



ထုတ်ဖော်မပြောဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ချူကျားဂိုဏ်းချုပ် ရယ်မောလိုက်မြန်လေသည်။

"သခင်လေးဟာ သူရဲကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာကို ဘာကြောင့် လူသိ မခံချင်ရတာလဲ၊ လူငယ်လူရွယ်တိုင်းဟာ သိုင်းလောကမှာ နာမည်ကြီးဖို့၊ ထင်ရှားကျော်ကြားဖို့ ကြိုးစားနေကြတာပဲ မဟုတ်လား"

သခင်လေးထင်းလုံက...

"ကျွန်တော်က အေးအေးချမ်းချမ်း နေချင်လို့ပါ"

သူ၏စကားမှာ ရိုးရိုးရှင်းရှင်းလေး ဖြစ်သော်လည်း အဓိပ္ပါယ်များစွာ ပါဝင်နေပေသည်။

ထင်ရှားကျော်ကြားမှုသည် ပူလောင်ခြင်း တစ်မျိုးပင် ဖြစ်သည် မဟုတ်ပါလား။

ချူကျားဂိုဏ်းချုပ်မှာ သခင်လေးထင်းလုံအား ပိုပြီး လေးစားသွားလေတော့သည်။

ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"သခင်လေးက မသိစေချင်ဘူးဆိုရင်လဲ ကျုပ်က ဘယ်သူ့ကိုမှ ပြောမပြဘူးလို့ ကတိပေးပါတယ်"

သူက ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားဆက်လိုက်သည်။

"အဟမ်း၊ ကျုပ်က သခင်လေးကို မီအောင် လိုက်လာခဲ့တာ အတော်မောသွားတယ်၊ ခုနေများ အရက်တစ်ခွက်လောက် သောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရရင် သိပ်ကောင်းမှာပဲ"

သခင်လေးထင်းလုံ ပြုံးလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော် အရက်တိုက်ပါရစေ"

ဟု ပြောရာ ချိုကျားဂိုဏ်းချုပ် ချက်ချင်းလက်ခံလိုက်လေသည်။

"ဟား..ဒါဆို သိပ်ကောင်းတာပေါ့"

"ဒါဖြင့် ကျွန်တော်တို့ သွားကြပါစို့"

"ကောင်းပြီ..ကောင်းပြီ"

ထို့နောက် နှစ်ယောက်သား ဘုံကျောင်းပျက်လေးကို ကျောခိုင်းကာ ထွက်သွားကြလေတော့သည်။

* * *

စားသောက်ဆိုင်လေး...။

မြို့ကလေးတစ်မြို့မှ မထင်မရှား စားသောက်ဆိုင်လေးတစ်ဆိုင်သို့ သခင်လေးထင်းလုံနှင့် ချိုကျားဂိုဏ်းချုပ်တို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

ဆိုင်ထဲ လူရှင်းနေသော်လည်း နှစ်ယောက်သား ချောင်ကျကျ စားပွဲတစ်လုံး၌ နေရာယူကာ အရက်နှင့် စားစရာများ မှာကြားစားသောက်လိုက်ကြလေသည်။

ချိုကျားဂိုဏ်းချုပ်က အရက်သောက်လိုသည်ဟု ပြောခဲ့၏။



သခင်လေးထင်းလုံကလည်း အရက်တိုက်ပါမည်ဟု ပြောခဲ့သည်။

ထိုကိစ္စသည်လည်း အဓိပ္ပါယ်ရှိသော ကိစ္စတစ်ခု ဖြစ်နေပါသည်။

ချိုကျားဂိုဏ်းချုပ်က သခင်လေးထင်းလုံမှာ မိုးနဂါး ဖြစ်ကြောင်း မည်သူ့ကိုမျှ ထုတ်ဖော်ပြောပြခြင်း မပြုပါဟု ကတိပေးခဲ့သည်။

သို့သော်...

သခင်လေးထင်းလုံက အဘယ်ကြောင့် မိုးနဂါး အမည်ခံ ဘ လှုပ်ရှားခဲ့ရသည်ကိုလည်းကောင်း၊ အနောက်လက်ထောက် ဏ်းချုပ် တုကုကျိက ကေရာဇ်တောင်ကြားပိုင်ရှင် နန်းကုန်းစုဟု ဘနှစ်မျိုးခံယူကာ သိုင်းလောကအား ဒုက္ခပေးဖို့ ကြံစည်သည့် ကိစ္စ ကို သိရှိဖော်ထုတ်နိုင်ခဲ့ရသည်မှာ အဘယ်ကြောင့်ဆိုသည်ကို ချို ကျားဂိုဏ်းချုပ်က သိရှိလိုသည့်သဘော ရှိကြောင်း သခင်လေးထင်း လုံ သိရှိထားလေသည်။

ထို့ကြောင့် အရက်တိုက်ပါရစေဟု ပြောကာ ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။

ချိုကျားဂိုဏ်းချုပ်သည် သိုင်းလောက၌ အရက်အသောက် င်းဆုံး လူတစ်ယောက် ဖြစ်သည်။

သို့သော်...

ယခုတစ်ကြိမ်၌ ချိုကျားဂိုဏ်းချုပ်က အရက်သုံးခွက်ထက်

www.burmeseclassic.com

www.burmeseclassic.com



ပို့မသောက်ပါချေ။

အရက်သုံးခွက် သောက်ပြီး ဆက်မသောက်တော့ဘဲ သခင်လေးထင်းလှိုက်ကို ကြည့်လိုက်လေသည်။

သခင်လေးထင်းလှိုက...

"ကျွန်တော် မိုးနဂါး ဘယ်လို ဖြစ်လာတယ်ဆိုတာ အရင်ပြောပြရင် ဂိုဏ်းချုပ်ကြီး ကျေနပ်မယ်ထင်ပါတယ်"

ချုကျားဂိုဏ်းချုပ်က...

"ဒါအကောင်းဆုံးပါပဲ၊ မိုးနဂါး ဖြစ်လာမှ ကေရာစ်တောင်ကြားကို ဖြိုခွင်းတဲ့ အနေအထားကို ရောက်လာမယ် မဟုတ်လား"

သခင်လေးထင်းလှိုက...

"ဟုတ်ကဲ့၊ ကျွန်တော် မိုးနဂါး ဖြစ်လာရတာဟာ အင်မတန်ကံကောင်းတဲ့ တိုက်ဆိုင်မှုတစ်ရပ်လို့ပဲ ပြောပါရစေ၊ ဒါထက် တစ်ချိန်က သိုင်းလောကမှာ 'သွေးနဂါး'ဆိုတဲ့ လူဆိုးကြီးတစ်ယောက် ပေါ်ပေါက်ခဲ့ဖူးတာ ဦးသိမယ် ထင်ပါတယ်"

ချုကျားဂိုဏ်းချုပ်က...

"ဟာ သိတာပေါ့၊ သိုင်းလောကရဲ့ ကြောက်စရာအကောင်းဆုံး လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့တာ လူတိုင်းသိတာပေါ့၊ ကျုပ်တောင် သခင်လေးက မိုးနဂါးဆိုတော့ လူဆိုးကြီးသွေးနဂါးနဲ့ နာမည်ဆင်နေတယ်ဆိုပြီး တွေးမိသေးတယ်"

သခင်လေးထင်းလှိုက...

"ကျွန်တော်တို့ဟာ နာမည်ဆင်ရုံတင်မကဘူး ထဲထဲဝင်ဝင်



ပတ်သက်ခဲ့ကြပါသေးတယ် ခင်ဗျာ"

"ဟေ"

မမျှော်လင့်သော စကားကြောင့် ချုကျားဂိုဏ်းချုပ် တအံ့တဩ ဖြစ်သွားလေသည်။

"သခင်လေးဟာ သွေးနဂါးနဲ့ ပတ်သက်ခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

သွေးနဂါးသည် သိုင်းလောကအား တုန်လှုပ်ချောက်ခြားစေခဲ့သော သိုင်းသမားဆိုးကြီးတစ်ဦး ဖြစ်လေသည်။

သိုင်းလောကသားများသာမက ရှောင်လင်၊ ဝူတန် အစရှိသည့် ထိပ်သီးသိုင်းဂိုဏ်းကြီးများကပင် စိုးရွံ့ခဲ့ရသည်။

သွေးနဂါးသည် သိုင်းလောက၌ နှစ်ပေါင်းများစွာ ထင်သလို မွှေနှောက်ပြီးနောက် ရုတ်တရက် ပျောက်ကွယ်သွားခဲ့လေသည်။

ထို့နောက် ယနေ့ထက်တိုင် ထွက်ပေါ်လာခြင်း မရှိတော့ဘဲ ပျောက်ချင်းမလှ ပျောက်ကွယ်သွား၏။

နောက်ဆုံးတွင် သိုင်းလောကသားများက သွေးနဂါး သေဆုံးသွားပြီဟု လက်ခံလိုက်ကြလေတော့သည်။

သခင်လေးထင်းလှိုသည် သွေးနဂါးဆိုသည့် သိုင်းသမားဆိုးကြီးနှင့် မည်သို့ ပတ်သက်ခဲ့ပါသနည်း။

သခင်လေးထင်းလှိုက ရှင်းပြလိုက်သည်။

"ကျွန်တော်ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖေဖေတို့ ခွင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီး သိုင်းလောကထဲကို အလည်အပတ် ခရီးထွက်လာခဲ့ပါတယ်၊ ချင်းထိုင်နယ်ဘက်ကို ရောက်သွားတော့ တောလမ်းတနေရာမှာ လဲကျညည်းညူနေတဲ့ အဘိုးအိုတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ခဲ့ပြီး ကူညီခဲ့ရပါတယ်"

ချုံကျားကိုဏ်းချုပ်က...

"အဲဒါ သွေးနဂါးလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"သွေးနဂါးက မသေသေးပဲကိုး"

"ကျွန်တော်နဲ့တွေ့တော့ သူ့ရဲ့ နောက်ဆုံးအချိန် ရောက်နေပါပြီ၊ ကျွန်တော်ကြိုးစားခဲ့ပေမယ့် မရဘဲ နောက်ဆုံး ကျွန်တော့်လက်ပေါ်မှာပဲ သေဆုံးသွားခဲ့တာပါ"

"ဩော်"

သခင်လေးထင်းလုံသည် သွေးနဂါးအကြောင်း ပြောရင်း စိတ်မကောင်း ဖြစ်လာပုံ ရှိလာလေသည်။

"သူဟာ တစ်ချိန်က သူကျူးလွန်ခဲ့တဲ့ အပြစ်တွေကို နောင်တရပြီး စာတ်မြုပ်နေခဲ့တာ၊ လူသူ မရှိတဲ့ တောတောင်တွေထဲ လှည့်လည်သွားလာနေထိုင်ခဲ့တာ၊ သည်လိုနဲ့ တောထဲက အဖျားရောဂါတစ်မျိုး စွဲကပ်ပြီး ဝေဒနာခံစားခဲ့ရတာပါ"

ချုံကျားကိုဏ်းချုပ်က...

"နယ်ခြားဒေသဘက်က တောတောင်တွေထဲမှာ အင်မတန် ပြင်းထန်တဲ့ အဖျားရောဂါ ဖြစ်စေတဲ့ ရောဂါပိုးမွှားတွေ ရှိတယ်



လို့ ကျုပ်ကြားဖူးတယ်"

သခင်လေးထင်းလုံက စကားဆက်လိုက်သည်။

"သွေးနဂါးဟာ မကွယ်လွန်မီမှာ သူ့ရဲ့ သိုင်းကျမ်းမှတ်စုကျွန်တော့်ကို ပေးသွားပါတယ်၊ သူ့ရဲ့ပညာကို လေ့ကျင့်ပြီး မိုးနဂါးဆိုတဲ့ဘွဲ့ကို ခံယူပါ၊ အများကောင်းကျိုး၊ သိုင်းလောကကောင်းကျိုးဆောင်ရွက်ပါလို့ မှာကြားသွားပါတယ်"

ချုံကျားကိုဏ်းချုပ်က...

"မိုးနဂါးဆိုတဲ့ဘွဲ့ထူးဟာ သွေးနဂါးက ပေးသွားခဲ့တာကိုး"

သခင်လေးထင်းလုံက...

"သူက သည်ဘွဲ့ထူးနဲ့ ပတ်သက်ပြီး ရှင်းပြသွားပါသေးတယ် ခင်ဗျာ"

"ပြောပါဦး"

"သွေးနဂါးဆိုတဲ့သူကြောင့် သိုင်းလောကတစ်ခုလုံး သွေးစွန်းခဲ့ရတယ်၊ အမှိုက်သရိုက် အညစ်အကြေးတွေကို မိုးရေနဲ့ ဆေးကြောပစ်တဲ့ သဘောမျိုး သက်ရောက်အောင် မိုးနဂါးဆိုတဲ့ဘွဲ့ထူး ခံယူရမယ်လို့ ရှင်းပြသွားတာပါ"

ချုံကျားကိုဏ်းချုပ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"အတော်ကောင်းတဲ့ ရည်ရွယ်ချက်ပဲ၊ ဒါကြောင့် သိုင်းလောကမှာ ထွက်ပေါ်လာတဲ့ မိုးနဂါးဟာ အများကောင်းကျိုး၊ သိုင်းလောကကောင်းကျိုး သည်ပိုးဆောင်ရွက်ခဲ့တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးထင်းလုံက…

"သူ့ရဲ့သိုင်းပညာဟာ ကြောက်စရာကောင်းအောင် ထက်မြက်နေတာ အမှန်ပါပဲ၊ ဒါပေမယ့် သိုင်းလောကသားတွေက သူ့ကို လက်မခံတာကြောင့် သူ့အကြောင်း မဖော်ထုတ်ရဲသလို ကျွန်တော်ကိုယ်တိုင်လဲ လျှို့ဝှက်ဖုံးကွယ်နေခဲ့တာပါ။ အမှန်ကို ဝန်ခံရမယ်ဆိုယင် မိုးနဂါးဟာ ကျွန်တော် ဖြစ်နေတယ်ဆိုတာ ဖေဖေတောင် မသိခဲ့ပါဘူး ခင်ဗျာ"

"ဩော်"

ရှုကျားဂိုဏ်းချုပ် သက်ပြင်းချလိုက်လေသည်။

သခင်လေးထင်းလုံ မည်မျှလျှို့ဝှက် နေထိုင်ခဲ့ရမည်ကိုလည်း တွေးမိလိုက်သည်။

လူငယ်လူရွယ်တစ်ယောက်အတွက် လျှို့ဝှက်သိပ်သည်းစွာ နေထိုင်ရသည့် ဘဝမှာ အလွန်စိတ်ပျက် ညည်းငွေ့စရာ ကောင်းနေသည် မဟုတ်ပါလား။

ရှုကျားဂိုဏ်းချုပ်က…

"နန်းကုန်းစုဆိုတဲ့ တုကုကျိုနဲ့ကော ဘယ်လိုများ ပတ်သက်ခဲ့ရတယ်ဆိုတာ ပြောပါဦး"

ဟု မေးလိုက်သည်။ သခင်လေးထင်းလုံက…

"ဒါကိုလဲ သွေးနဂါးကပဲ ပြောပြသွားခဲ့တာပါ"

"ဟင်…သွေးနဂါးက သည်အကြောင်းကို သိနေတယ် ဟုတ်လား"



ရှုကျားဂိုဏ်းချုပ် အံ့ဩသွား၏။

သခင်လေးထင်းလုံက…

"တုကုကျိုက ကေရာစ်တောင်ကြားကို ဖန်တီးတဲ့အခါ အမှောင်လောကသားတွေကို စုစည်းခဲ့ပါတယ်၊ သည်လိုနဲ့ အမှောင်လောကသားတွေကတဆင့် သွေးနဂါးအကြောင်း သိသွားပါတယ်၊ လူယုံတော်တစ်ယောက်ကို လွှတ်ပြီး ဆက်သွယ်ခဲ့ပါတယ်၊ သွေးနဂါးကို ကေရာစ်တောင်ကြား ဖိတ်ခေါ်ခဲ့တာပါ"

ရှုကျား သဘောပေါက်သွားလေသည်။

"သခင်လေး ကံကောင်းပြီး တုကုကျို ကံဆိုးသွားခဲ့တာပေါ့လေ"

"သွေးနဂါးကပဲ တုကုကျိုဟာ အင်မတန် ကြောက်စရာကောင်းပြီး သိုင်းလောကကို ဖျက်ဆီးမယ့်လူ ဖြစ်လို့ ဆုံးမရမယ်လို့ မှာသွားတာပါ"

ယခု အခြေအနေ အရပ်ရပ်ကို ရှုကျားဂိုဏ်းချုပ် နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

တုကုကျိုက ကေရာစ်တောင်ကြားပိုင်ရှင်၏ အကြွပ်ကိုင်ခံရသည်ဟု အကြောင်းပြဖန်တီးကာ အခြားဂိုဏ်းကြီးများမှ လက်ထောက်ဂိုဏ်းချုပ်များအား လှည့်စားပြီး ဂိုဏ်းကြီးရှစ်ဂိုဏ်းမှ သိုင်းကျမ်းများကို ရယူဖို့ ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။

သခင်လေးထင်းလုံသာ သွေးနဂါးနှင့် ပတ်သက်ခဲ့ခြင်း မရှိခဲ့လျှင် သိုင်းလောက၏ကံကြမ္မာမှာ မတွေးဝံ့စရာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုကျားကိုဏ်းချုပ်က…

"သခင်လေးနဲ့ သွေးနဂါးတို့ တွေ့ဆုံမှုဟာ သခင်လေး အတွက်သာမက သိုင်းလောကအတွက်ပါ ကံကောင်းသွားစေခဲ့တာပဲ၊ ကဲ..ခုတော့ အားလုံး ပြီးဆုံးသွားပါပြီ၊ သခင်လေး ရှေ့ဆက် ဘာလုပ်သွားမလဲ ပြောပါဦး"

သခင်လေးထင်းလုံက…

"ကျွန်တော် နေဝန်းခြံဝင်းကို ပြန်ပြီး အေးအေးဆေးဆေး နေတော့မယ်လို့ စိတ်ကူးထားပါတယ်"

"အင်း..ဒါလဲ ကောင်းတာပဲ"

ချိုကျားကိုဏ်းချုပ် ထိုင်ရာမှ ထလိုက်သည်။

"ကျုပ်လဲ သွားလိုက်ဦးမယ်"

ဟု နှုတ်ဆက်လိုက်လေသည်။

သခင်လေးထင်းလုံ ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့"

ချိုကျားကိုဏ်းချုပ် ပြုံးလိုက်သည်။

"ကျုပ်က သခင်လေးနဲ့ ဘယ်တုန်းကမှ မတွေ့ဆုံခဲ့ပါဖူးလေ၊ ကဲ..ကျုပ်သွားပြီ"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ဆိုင်ထဲမှ ထွက်သွားတော့သည်။

သခင်လေးထင်းလုံ သက်ပြင်းချလိုက်လေတော့သည်။

* * *



## နေဝန်းခြံဝင်း

သခင်လေးထင်းလုံသည် နေဝန်းခြံဝင်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

နံနက်စောစောအချိန်…

ခြံဝင်းပိုင်ရှင် သခင်ကြီးထင်းကြူးက ခြံဝင်းအတွင်းရှိ ပန်းဥယျာဉ်သို့ ဆင်းကာ လေညှင်းခံနေ၏။

ပန်းဥယျာဉ်အတွင်း၌ ရောင်စုံပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည်။

ပျားပိတုန်းလိပ်ပြာလေးများက ပန်းဝတ်ရည်စုပ်ယူရန် ပျံဝဲနေ၏။

ကျေးငှက်သာရကာလေးများကလည်း သာယာသော နံနက်ခင်းတေးကို သီကျူးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အေးမြသော လေပြည်လေညှင်း ငွေယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များက ဝန်းကျင်တစ်ခုလုံး လွှင့်ပျံ့သွားလေသည်။

သခင်ကြီးထင်းကြူးက အေးမြကာ သာယာလှပနေသော နံနက်ခင်းကြောင့် စိတ်ထဲကြည်လင်ရွှင်လန်းနေ၏။

ညက သိုင်းလောကသို့ အလည်အပတ် ခရီးထွက်သွားသော သားဖြစ်သူ ထင်းလုံသည်လည်း အိမ်သို့ ပြန်လည်ရောက်ရှိလာပြီ မဟုတ်ပါလား။

သိုင်းလောကမှာ အလွန်ရှုပ်ထွေးမွေလီကာ ပြဿနာ များပြားလှသော လောက ဖြစ်ရကား၊ သားဖြစ်သူအတွက် စိုးရိမ်ပူပန်ခဲ့ရလေသည်။

ထင်းလုံက သိုင်းလောကသားတစ်ယောက်အဖြစ် ခံယူလိုနေရကား၊ တားဆီးဖို့ မတတ်သာခဲ့ပါချေ။

သို့သော် ပညာစုံမှသာ သိုင်းလောက၌ ကျင်လည်ကျက်စားခွင့် ပြုမည်ဟု စည်းကမ်းသတ်မှတ်ကာ ဟန့်တားထားခဲ့သည်။

ထင်းလုံကို သူ၏ပညာကုန် သင်မပေးဘဲ တဖြည်းဖြည်းခြင်းသာ သင်ပေးကာ အချိန်ဆွဲထားခဲ့သည်။

ထိုသို့ အချိန်ဆွဲခဲ့ခြင်းကြောင့် ကိုယ့်ကိုကိုယ် မလုံနိုင်အောင်ဖြစ်ကာ သိုင်းလောကသို့ ခေတ္တခဏ အလည်အပတ် ခရီးသွားလိုသည်ဟု ခွင့်တောင်းလာသောအခါ မတတ်သာဘဲ ခွင့်ပြုခဲ့ရခြင်း ဖြစ်သည်။



ထင်းလုံ သိုင်းလောကထဲ ထွက်သွားချိန်မှစ၍ ပူပင်သောကရောက်နေခဲ့ရသည်။

ထင်းလုံ ဘေးမသီ ရန်မခ အိမ်ပြန်ရောက်လာတော့မှသာ သက်ပြင်းချနိုင်ခဲ့တော့သည်။

စိတ်ထဲ ပေါ့ပါးကာ ကြည်လင်လန်းဆန်းလာခဲ့ရလေတော့သည်။

သခင်ကြီးထင်းကြူး လေညှင်းခံနေစဉ် ပန်းဥယျာဉ်ထဲသို့ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

နေဝန်းခြံဝင်း၏ အိမ်ထိန်းကြီးရွှေလောက်နှင့် ထင်းကြူး၏ ဇနီးသည် သခင်မကြီးယဉ်မေတို့ ဖြစ်လေသည်။

အိမ်ထိန်းရွှေလောက်က ရေနွေးကြမ်းနှင့် စပျစ်သီးခြောက်များပါရှိသည့် လင်ဗန်းကို ကိုင်ဆောင်လာသည်။

ပန်းဥယျာဉ်အတွင်းရှိ ကျောက်စားပွဲ၌ လင်ဗန်းကို တင်ပြီး ထင်းကြူးကို ဂါရဝပြုလိုက်လေသည်။

"ရေနွေးကြမ်းသုံးဆောင်လို့ ရပါပြီ သခင်ကြီး"

"ကောင်းတယ်..ကောင်းတယ်"

သခင်ကြီးထင်းကြူးက ကျောက်တိုင်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်သည်။

သခင်မကြီးယဉ်မေက အနီးသို့ ချဉ်းကပ်သွားပြီး ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်လေသည်။

ထင်းကြူးက ရေနွေးကြမ်း တစ်ငုံသောက်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သားကော မနိုးသေးဘူးလား"

ဟု မေးလေသည်။

ယဉ်မေက...

"သားက ခရီးပမ်းလာလို့ ထင်ပါတယ်၊ ခုချိန်ထိ အိပ်မှော်နေတုန်းပါပဲ"

ထင်ကြူးက အိမ်ထိန်းရှုလောက်ဘက်သို့ လှည့်လိုက်သည်။

ရှုလောက်က...

"သခင်လေးနဲ့ ပတ်သက်ပြီး ထွေထွေထူးထူး ပြောစရာ မရှိပါဘူး သခင်ကြီး"

ဟု အလိုက်တသိ ပြောလေသည်။

ထင်ကြူးသည် ထင်းလုံ အိမ်က ထွက်သွားသည်နှင့် အခြေအနေ စောင့်ကြည့်ရန် အိမ်ထိန်းရှုလောက်ကို တာဝန်ပေးခဲ့သည်။

သိုင်းလောက၌ ရှုလောက်၏အဆက်အသွယ်များစွာ ရှိနေသည် မဟုတ်ပါလား။

ရှုလောက်သည်လည်း တစ်ချိန်က သိုင်းလောက၌ ထင်ရှားခဲ့သူတစ်ဦးဖြစ်ပြီး ထင်ကြူးနှင့် ရင်ဆိုင်ရှုံးနိမ့်ပြီးနောက် ထင်းကြူးကို ရိုသေလေးစားကာ နေဝန်းခြံဝင်း၌ အိမ်ထိန်းလာရောက်လုပ်ကိုင်နေသူ ဖြစ်လေသည်။

ရှုလောက်က သိုင်းလောကမှ သူ၏မိတ်ဆွေများအား ထင်းလုံကို မျက်ခြည်မပြတ် စောင့်ကြည့်စေခဲ့သည်။



ထင်းလုံက မိုးနဂါးအဖြစ် အလွန်လျှို့ဝှက်သိပ်သည်းစွာ လှုပ်ရှားနိုင်ခဲ့ခြင်းကြောင့်သာ မည်သူကမျှ မရိပ်မိဘဲ ထင်းလုံသည် သိုင်းလောကအတွင်း လှည့်လည်သွားလာလည်ပတ်ကာ မည်သို့သော ပြဿနာမျှဖြစ်ပေါ်ခဲ့ခြင်း မရှိဟု အားလုံးယူဆခဲ့ကြခြင်း ဖြစ်လေသည်။

အိမ်ထိန်းရှုလောက်၏စကားကြောင့် ထင်ကြူး ကျေနပ်သွားလေသည်။

"သားက သိုင်းလောကထဲ သွားပြီးပြီဆိုတော့ အနည်းဆုံး နောက်ထပ် ငါးနှစ်လောက် အပြင်ထွက်နိုင်တော့မှာ မဟုတ်ဘူး"

သားဖြစ်သူအား မျက်စိအောက်မှာပင် ထားနိုင်တော့မည်ဟု ရေရွတ်လိုက်၏။

ထင်းကြူးက ပြုံးရွှင်သော မျက်နှာထားဖြင့် ဇနီးဖြစ်သူကို ကြည့်ကာ...

"ညီမကော သားကို ကြည့်တာ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်လေသည်။

မေးပြီးမှ ဇနီးသည်ယဉ်မေ၏မျက်နှာ အမူအရာကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ညီမ ဘာဖြစ်လို့လဲ၊ မျက်နှာလဲ မကောင်းပါလား၊ နေမကောင်းဘူးလား"

ယဉ်မေက...

"အစ်ကို ခွင့်ပြုပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ခွင့်တောင်းပြီး ထင်းကြူးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။ ထင်းကြူးက ဇနီးသည်ကို အကဲခတ်ရင်း...

"ညီမ တစ်ခုခုများ ဖြစ်နေလို့လားဟင်"

ဟု ထပ်မေးလိုက်သည်။

ယဉ်မေ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘာမှ မဖြစ်ပါဘူးရှင်"

"ဒါဖြင့်..."

"သားက ထူးခြားနေတယ် ထင်လို့ပါ"

"ဟင်..."

ထင်းကြူး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သား ဟုတ်လား၊ ဘာတွေများ ထူးခြားနေလို့လဲဆိုတာ ပြောပါဦး"

"ကျွန်မ မသိဘူး၊ ကျွန်မစိတ်ထဲက အလိုလို သိနေတာက သူဟာ အရင်ကနဲ့ မတူဘဲ ထူးခြားနေတယ်ဆိုတာပဲ"

"ဒါ..."

ထင်းကြူးလည်း မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ယဉ်မေသည်လည်း သိုင်းပညာရှင် အမျိုးသမီးတစ်ဦး ဖြစ်သည်။

သူမသည် လူကဲခတ် အလွန်တော်သူလည်း ဖြစ်သည်။

ယဉ်မေ၏စကားက ထင်းကြူး ရုတ်တက်မအေးနိုင်အောင်



ဖြစ်သွားစေတော့သည်။

ထင်းကြူးက စိတ်ငြိမ်သွားအောင် ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်လိုက်သည်။

အလောတကြီး မမေးတော့ဘဲ ယဉ်မေ ပြောလာမည့်စကားကို စောင့်ဆိုင်းနေလိုက်သည်။

ယဉ်မေလည်း စိတ်တည်ငြိမ်အောင် ထားပြီးမှ...

"အစ်ကို၊ သားဟာ အပြင်ထွက်သွားပြီး ထိပ်သီးသိုင်းဆရာတစ်ယောက်နဲ့ တွေ့ဆုံရင်းနှီးခဲ့တာပဲ ဖြစ်မယ် ထင်တယ်"

ထင်းကြူးက...

"ဘာဖြစ်လို့လဲ ပြောပါဦး"

ယဉ်မေက...

"ကျွန်မနားလည်သလောက် ပြောရရင် သားရဲ့သိုင်း ပညာနဲ့ အတွင်းအားဟာ အံ့မခန်း တိုးတက်နေပြီဆိုတာပါပဲ"

"ဟေ"

ထင်းကြူး မျက်လုံးပြူးသွားလေသည်။

"ညီမ၊ မင်း..မင်း ဘယ်လို ပြောလိုက်တာလဲ"

ယဉ်မေက...

"ကျွန်မ တကယ်ပြောတာ၊ သူဟာ ကျွန်မတို့သားပါပဲ၊ ဒါပေမယ့် အရင်က ထင်းလုံ မဟုတ်တော့ဘူး ပြောင်းလဲသွားပြီ"

"ညီမ ရှင်းရှင်းပြောစမ်းပါ၊ သူက ဘယ်လို ပြောင်းလဲသွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက.."

"ပြောသာပြောပါ၊ ကိစ္စမရှိဘူး။ ကျုပ် အမှန်အတိုင်း သိချင်တယ်"

ထင်းကြူး အားပေးစကား ပြောလိုက်တော့မှ ယဉ်မေ အားတက်သွားကာ သူမ၏ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

"သူဟာ သိုင်းပညာတစ်ခုက လွဲရင် တခြား ဘာတစ်ခုမှ ပြောင်းလဲသွားတာ မဟုတ်ပါဘူး"

"ပြောင်းလဲသွားတာ သိုင်းပညာတစ်ခုပဲ ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ သားဟာ ကျွန်မတို့ရဲ့ သိုင်းပညာမက တခြားထိပ်သီးသိုင်းပညာတစ်ရပ်ကို တတ်မြောက်ထားခဲ့တာ သေချာတယ်"

ထင်းကြူး နားမလည်နိုင် ဖြစ်သွား၏။

"ဘာကြောင့် သည်လို ဖြစ်ရတာလဲ"

ဇနီးမောင်နှံနှစ်ယောက် အချင်းချင်း ကြည့်လိုက်မိကြသည်။

ထင်းလုံ ပြောင်းလဲသွားသည့် အကြောင်းရင်းကို ရှည်ရှည်ဝေးဝေး တွေးတောနေစရာ မလိုဘဲ ဇနီးမောင်နှံနှစ်ယောက်စလုံး နားလည်လိုက်ကြလေသည်။

သူတို့ နားမလည်နိုင်ကြသည်မှာ ထင်းလုံသည် မည်သူနှင့် တွေ့ဆုံပြီး ပညာရရှိခဲ့သည်ဆိုခြင်း ဖြစ်လေသည်။



ယဉ်မေက...

"ဘယ်သူက သိုင်းပညာ သင်ပေးလိုက်သလဲဆိုတာကို ကျွန်မသိချင်သလို အစ်ကိုလဲ သိချင်မယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ အလောတကြီးလုပ်လို့ မရပါဘူး။ အချိန်ယူပြီး အခြေအနေ စောင့်ကြည့်ရပါလိမ့်မယ်"

ထင်းကြူး သဘောတူလိုက်သည်။

"ကျုပ်သဘောတူပါတယ် ညီမရယ်"

ထင်းလုံသည် အပြောင်းလဲကြီး ပြောင်းလဲနေပြီ ဖြစ်လေသည်။

ထင်းကြူးတို့ဇနီးမောင်နှံမှာ ထင်းလုံနှင့် ပတ်သက်ပြီး ရင်မောနေရလေတော့သည်။

* * *

ထင်းကြူးနှင့် ယဉ်မေတို့သည် နောက်တစ်နေ့မှ စ၍ ထင်းလုံအား လုံးဝမျက်ခြည်ပြတ်မခံဘဲ သတိထားပြီး စောင့်ကြည့်ခဲ့ကြလေသည်။

သို့သော်...

ထင်းလုံ၏အပြုအမူ အနေအထိုင် အပြောအဆို အားလုံးသည်သို့မျှပြောင်းလဲမှုမရှိ။

ယခင်အတိုင်းပင် ရှိနေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးအား ရှိသေလေးစားပြီး ချစ်ခင်ကြင်နာစွာ ဆက်ဆံသည်။ ပြုစုသည်။

စာပေပညာနှင့် သိုင်းပညာကို ယခင်အတိုင်း ပုံမှန်လေ့ကျင့်သည်။

သူလုပ်ကိုင် ဆောင်ရွက်ရမည့် အလုပ်တာဝန်ဝတ္တရားများကို မပျက်ကွက်စေရပါ။

ခြံဝင်းအပြင်ဘက်ထွက်ကာ လည်ပတ်ခြင်းမျိုး၊ တစိမ်းတစ်ရံစာ တစ်ယောက်နှင့် ဆက်သွယ်ဆက်ဆံခြင်းမျိုး လုံးဝမရှိပါ။

မသက်ဘစရာကောင်းသည့်ကိစ္စ ဘာမှမတွေ့ရလေလေ ထင်းကြူးနှင့် ယဉ်မေတို့ ပိုပြီး စိတ်ရှုပ်ထွေးရလေလေပင်။

မည်သို့ဆိုစေ။

အချိန်ယူပြီး စုံစမ်းဖော်ထုတ်ရန် ဆုံးဖြတ်ထားကြသကဲ့သို့ အိမ်ထိန်းရှုလောက်၏ အဆက်အသွယ်များတဆင့် သတင်းစုံစမ်းရန် စီစဉ်ခဲ့ကြလေသည်။

* * *



## ခုတ်ရာတခြား

အိမ်ထိန်းရှုလောက်က ထင်းကြူးနှင့် ယဉ်မေတို့ရှေ့၌ အရိုအသေပေးကာ ရပ်နေသည်။

သူက ရိက္ခာဝယ်ထွက်သည်ဟု အကြောင်းပြကာ နေဝန်းခြံဝင်းမှ ထွက်သွားပြီး သိုင်းလောကတခွင် လှည့်လည်ကာ ထင်းလုံ့အကြောင်း စုံစမ်းခဲ့ခြင်း ဖြစ်သည်။

သို့သော်...

အလွန်လျှို့ဝှက်သော ထင်းလုံ၏လှုပ်ရှားမှုကြောင့် ရှုလောက် ဘာတစ်ခုမျှ စုံစမ်း၍ မရခဲ့ချေ။

ထင်းလုံနှင့် မသက်ဆိုင်သော သိုင်းလောက သတင်းများသာ သိခဲ့ရသည်။

ထင်းကြူး အားမလိုအားမရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထိန်းရှလောက်ကို စိုက်ကြည့်လိုက်ပြီး...

"ဘာမှ စုံစမ်းလို့ မရခဲ့ဘူး ဟုတ်လား"

ဟု မေးလိုက်သည်။ ရှလောက်က...

"သခင်လေးနဲ့ ပတ်သက်ပြီး ဘာမှထူးခြားမှု မရှိပါဘူး သခင်ကြီး"

"ဘယ်လို ဖြစ်တာလဲ"

ရှလောက် ဦးညွှတ်လိုက်သည်။

"ကျုပ်က သခင်လေးအကြောင်း စုံစမ်းရင်း သိုင်းလောက အတွက် စိုးရိမ်စရာကောင်းတဲ့ တခြားသတင်းတစ်ခုကို ကြားခဲ့ရပါတယ်"

ထင်းကြူး စိတ်မပါဘဲ...

"ဘာသတင်းများ ဖြစ်နေလို့လဲ"

ရှလောက်က...

"သမားညီနောင်နဲ့ ပတ်သက်နေတဲ့ သတင်းပါ"

"သမားညီနောင်"

"ဟုတ်ပါတယ်"

သိုင်းလောက၌ ဆေးဆရာများ၊ သမားတော်များ ရှိကြသည့်အနက် ယန်ယိကျင်းနှင့် ဝူးကြည်တို့ညီအစ်ကိုနှစ်ယောက်မှာ နာမည်အကြီးဆုံး ဖြစ်လေသည်။

သူတို့သည် ညီအစ်ကိုများ ဖြစ်ကြသော်လည်း တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားခြင်း မတူ ကွဲပြားကာ ဆန့်ကျင်ဘက် ဖြစ်ခဲ့ကြသည်။ တစ်ယောက်က ဖြူလျှင် တစ်ယောက်က မည်းသည်။



တစ်ယောက်က ကောင်းလျှင် တစ်ယောက်က ဆိုးသည်။

ညီအစ်ကိုနှစ်ယောက်၏ ပြိုင်ဆိုင်မှုက အလွန်ပြင်းထန်ရကား သိုင်းလောကတစ်ခုလုံး ဩချရသည်အထိပင်။

သူတို့နှစ်ယောက်နှင့် ပတ်သက်ပြီး သိုင်းလောကသားများ အံ့ဩထိတ်လန့်ခဲ့ရသည်မှာ ဆေးပညာ ယှဉ်ပြိုင်မှု ဖြစ်လေသည်။

သမားတော်ယန်ယိကျင်းသည် နယ်ခြားဒေသမှာ အလွန်အဆိပ်ပြင်းသည့် အမြီးခြောက်မြွေ ကိုက်ခံရသူတစ်ဦးကို ဆေးကုသပေးပြီး အသက်ကယ်နိုင်ခဲ့သည်။

ထိုလူမှာ အမြီးခြောက်မြွေ အကိုက်ခံရသူများတွင် ပထမဦးဆုံး အသက်ရှင်ခဲ့သူ ဖြစ်သည်။

အမြီးခြောက်မြွေ၏ ပြင်းထန်လှသော မြွေဆိပ်ကို ဖြေဖျောက်ပေးနိုင်ခဲ့ရကား ယန်ယိကျင်းကို အားလုံး ချီးကျူးခဲ့ကြလေသည်။

ဤတွင် ညီဖြစ်သူ ဝူးကြည်က အမြီးခြောက်မြွေဆိပ်ထက် ပြင်းထန်သောအဆိပ်ကို ဖော်စပ်တီထွင်ခဲ့လေသည်။

ဝူးကြည်သည်လည်း ဆေးပညာတွင် ပါရမီရှင်တစ်ဦး ဖြစ်ရကား များမကြာမီ အမြီးခြောက်မြွေဆိပ်ထက် အဆပေါင်းများစွာ ပို၍ ပြင်းထန်သော 'ငရဲအဆိပ်'ကို ဖော်စပ်နိုင်ခဲ့လေသည်။

ဝူးကြည်၏ငရဲအဆိပ်သည် သိုင်းလောက၌ ကြောက်စရာ ကောင်းဆုံး အဆိပ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရသေသည်။

ယန်ယိကျင်းနှင့် ဝူးကြည်တို့၏ ပညာပြိုင်ခြင်းသည် တစ်နေ့

www.burmeseclassic.com



နေ့ တစ်ချိန်ချိန်၌ သိုင်းလောကအတွက် ထိခိုက်လာလိမ့်မည်ဟု ဝါရင့်သိုင်းသမားကြီးများက တွက်ဆခဲ့ကြသည်။

သို့သော်...

နောက်ပိုင်း၌ ငွေကြည်ကော ယန်ယိကျောင်းပါ သိုင်းလောက၌ လှုပ်လှုပ်ရှားရှား သိပ်မရှိကြတော့သဖြင့် စိုးရိမ်ပူပန်မိသူများ တဖြည်းဖြည်း သွေးအေးသွားခဲ့ကြလေသည်။

ထင်းကြူးက...

"သမားညီနောင်က ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

ဟု မေးလိုက်သည်။

ရှလောက်က...

"သမားညီနောင်ထဲက ယန်ယိကျောင်းကို သိုင်းလောကထဲမှာ မကြာခဏ တွေ့နေရပေမယ့် ငွေကြည်ကတော့ ပျောက်ဆုံးနေတယ်၊ တစ်မျိုးက ငွေကြည် သေဆုံးသွားပြီလို့ ယူဆကြတယ်၊ တစ်မျိုးကတော့ ငွေကြည်ဟာ တစ်နေရာရာမှာ ဇာတ်မြှုပ်ပြီး အဆိပ်တစ်မျိုးမျိုး ဖော်စပ်နေတယ်လို့ ယူဆကြပါတယ်"

ထင်းကြူးက...

"ယန်ယိကျောင်းနဲ့ ငွေကြည်တို့ နှစ်ယောက်စလုံးရဲ့ စိတ်နေသဘောထားဟာ သာမန်လူတွေနဲ့ မတူဘဲ ကွဲပြားခြားနားတယ်၊ သူတို့ရဲ့ လုပ်ရပ်တွေကို ကြည့်ပြီး ရူးသွပ်နေသူတွေလို့တောင် ပြောတဲ့လူတွေရှိတယ်၊ သူတို့ညီအစ်ကိုနှစ်ယောက်ထဲမှာ ငွေကြည်က ပိုဆိုးတယ်၊ 'အရူးငွေကြည်'၊ 'ငရဲအဆိပ်ငွေကြည်' အမျိုးမျိုး ခေါ်ဝေါ်ခံ



ခဲ့ရတာ၊ အင်း... ငွေကြည် ပျောက်ဆုံးနေတာ နည်းနည်းတော့ စိုးရိမ်ဖို့ ကောင်းတယ်"

သူလည်း အရူးငွေကြည်(ဝါ)ငရဲအဆိပ်ငွေကြည်အား စိုးရိမ်ပူပန်မိလေသည်။

ရှလောက်က...

"ယန်ယိကျောင်းနဲ့ ငွေကြည်တို့ ကောင်းများခဲ့ကြပြီးတဲ့နောက် ငွေကြည် ပျောက်သွားတာ၊ ငွေကြည်က လောကပေါ်မှာ ဖြေဆေးမရှိတဲ့ ကြောက်စရာအကောင်းဆုံး အဆိပ်ကို သူဖော်စပ်ပြမယ်၊ အဆိပ်ဖြေဆေး ဖော်စပ်နိုင်အောင် ကြိုးစားပေတော့လို့ ယန်ယိကျောင်းကို စိန်ခေါ်သွားတယ်လို့ သိရပါတယ်"

ထင်းကြူး သက်ပြင်းချလိုက်လေသည်။

"အင်း...သိုင်းလောကအတွက် ရင်လေးစရာပါလား"

ရှလောက်က...

"ငွေကြည် မကြာခင် သိုင်းလောကမှာ ထွက်ပေါ်လာလိမ့်မယ်လို့လဲ သတင်းတွေ ဖြစ်ပေါ်နေပါတယ်"

ထင်းကြူးက...

"ထားပါတော့လေ၊ အိမ်ထိန်းကြီးလဲ ခရီးပမ်းလာတယ်၊ အနားယူလိုက်ပါဦး"

"ကောင်းပါပြီ သခင်ကြီး"

ရှလောက်က ဦးညွှတ်ပြီး ထွက်သွားလေသည်။

ရှလောက် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ထင်းကြူး

www.burmeseclassic.com

www.burmeseclassic.com



က ဇနီးသည်ယဉ်မေဘက်သို့ လှည့်လိုက်လေသည်။

"ညီမသားက သိုင်းလောကထဲ ရောက်ခဲ့တဲ့ အချိန်မှာ သမားညီနောင်နှစ်ယောက်နဲ့ မပတ်သက်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

ယဉ်မေက...

"ဟုတ်ပါတယ် အစ်ကိုရယ်"

ဟု ညည်းတွားလိုက်လေတော့သည်။

* * *

လူစည်ကားနေသော လမ်းဆုံလမ်းခွ တစ်နေရာနှင့် မလှမ်းမကမ်း လမ်းဘေးတစ်နေရာမှ သစ်ပင်ကြီးတစ်ပင်အောက်၌ အဘိုးအို တစ်ယောက်က သစ်ပင်ကို မှီကာ ငိုက်မြည်းနေလေသည်။

လေလွင့်သူတောင်းစားကြီးတစ်ယောက် ဖြစ်သည်။

ထိုသူတောင်းစားကြီးကား သာမန်သူတောင်းစားတစ်ဦး မဟုတ်ပါ။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ချုံကျားဂိုဏ်းချုပ် ဖြစ်လေသည်။

ချုံကျားဂိုဏ်းချုပ် နှစ်ခြိုက်စွာ အိပ်ပျော်နေသော်လည်း ရုတ်တရက် နှာခေါင်းတရှုံ့ရှုံ့ဖြင့် မျက်လုံးပွင့်လာလေသည်။

တဆက်တည်း ခေါင်းထောင်ကာ ပတ်ဝန်းကျင်ကို အကဲ



ခတ်လိုက်လေသည်။

ဤအခွင့် မလှမ်းမကမ်း၌ လူငယ်တစ်ယောက်က အရက်အိုး တစ်အိုးဆွဲကာ သွားနေသည်ကို တွေ့ရ၏။

ထိုလူသည် မြို့ပြင်သို့ ထွက်သည့် လမ်းအတိုင်း သွားနေရာမှ ချုံကျားဂိုဏ်းချုပ်ဘက်သို့ လှည့်ကာ ပြုံးပြလိုက်သည်။

သူ၏ခြေလှမ်းများကား ရပ်တန့်သွားခြင်း မရှိဘဲ ရှေ့ဆက်လှမ်းသွားကာ မြို့ပြင်သို့ ထွက်သွားလေသည်။

ချုံကျားဂိုဏ်းချုပ် မျက်လုံးပြူးသွားသည်။

"ဟင်...စာပေသမား"

စာပေသမားသည် ထင်ရှားသော သိုင်းထိပ်သီးတစ်ဦး ဖြစ်လေသည်။

အနောက်လက်ထောက်ဂိုဏ်းချုပ်က မကောင်းမှုကြား ပိုင်ရှင်အဖြစ် ဖန်တီးကာ သိုင်းလောကကို ဒုက္ခပေးရန် ကြံစည်ခဲ့စဉ်က သိုင်းလောကသားများက ချေမှုန်းဖို့ ကြိုးစားခဲ့စဉ်က စာပေသမားမှာ တောင်တန်းဒေသသို့ ရောက်ရှိနေပြီး ပါဝင်နိုင်ခဲ့ခြင်း မရှိချေ။

စာပေသမားသည် ချုံကျားဂိုဏ်းချုပ်နှင့် ရင်းနှီးသူလည်း ဖြစ်လေသည်။

မျောက်ဆိုးနေသော စာပေသမားကို ရုတ်တရက် တွေ့လိုက်ရသည့်အပြင် စာပေသမား၏လက်ထဲ၌ ထိပ်တန်းဝါးရုံစိမ်း အရက်တစ်အိုး ဆွဲသွားသည်ကို တွေ့လိုက်ရကား ချုံကျားဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တော့ဘဲ ဝေါက်ခနဲ ထရပ်လိုက်လေသည်။

စာပေသမား နောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် တစ်စုံတစ်ခု တွေးမိပြီး...

"သူက ငါ သည်မှာ အိပ်နေတာကို သိနေတယ်၊ လက်ထဲ အရက်အိုး ဆွဲသွားတာ ငါ့ကို တမင် မျှားခေါ်သွားတာပဲ၊ ဟွန်း...ငါ လိုက်မသွားဘူး"

ဟု ရေရွတ်လိုက်သည်။

သစ်ပင်အောက်၌ ပြန်ထိုင်ချလိုက်သည်။

စာပေသမား ထွက်သွားရာဘက်သို့ ကျောခိုင်းထားလိုက်သော်လည်း သူ၏ရင်ထဲ ကတုန်ကယင် ဖြစ်နေသည်။

အရက်သောက်လိုစိတ်က ပို၍ ပြင်းပျလာလေသည်။

နောက်ဆုံး...

"သူက ငါ့ကို မျှားခေါ်တာ အကြောင်း ရှိလိမ့်မယ်၊ ဘယ်လို အကြောင်းမျိုးလဲဆိုတာ သိရအောင် လိုက်သွားဦးမှပဲ"

ဟု ညည်းတွားပြီး ထိုင်ရာမှထကာ စာပေသမား ထွက်သွားရာဘက်သို့ ပြေးလွှားသွားလေတော့သည်။

* * *



မြို့ပြင်၌ ခရီးသွားများ အနားယူ တည်းခိုနိုင်ရန် ဆောက်လုပ်ထားသော ဇရပ်တစ်ခု ရှိလေသည်။

ထိုဇရပ်ပေါ်၌ ခရီးသည်အချို့ အနားယူနေကြလေသည်။

ချူကျားဂိုဏ်းချုပ်သည် ပြေးလွှားလာရင်း ဇရပ်အနီးသို့ ရောက်လာလျှင်...

"ခင်ဗျား ဘာလိုက်ရှာနေတာလဲဗျ"

စကားသံ ထွက်ပေါ်လာသဖြင့် ချူကျားဂိုဏ်းချုပ် ကြည့်လိုက်ရာ ဇရပ်ပေါ်မှ လူတစ်ယောက်က လက်ရပ်ခေါ်နေသည်ကို တွေ့လိုက်ရလေသည်။

စာပေသမား ဖြစ်လေသည်။

ချူကျားဂိုဏ်းချုပ် နှာခေါင်းရှုံ့လိုက်သည်။

"အရက်လိုက်ရှာနေတာ"

တမင် အရွဲ့တိုက်ကာ ပြောလိုက်သည်။

စာပေသမားက အရက်အိုးကို မြှောက်ပြလိုက်သည်။

"သည်မှာ အရက်ရှိတယ်လေဗျာ"

"ကောင်းပြီ"

ချူကျားဂိုဏ်းချုပ် တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ဇရပ်ပေါ်သို့ ဇွေ့ခနဲ ရောက်သွားလေသည်။

ချူကျားဂိုဏ်းချုပ်က စာပေသမားနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။

"မင်းက ဘယ်ပျောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သော်လည်း သူ၏မျက်လုံးများက အရက်အိုးဆီသို့ ရောက်နေ၏။

စာပေသမားက...

"ကျုပ်က တောင်ပေါ်ဒေသကို ရောက်နေတာ"

ထိုစဉ် ချုံကျားဂိုဏ်းချုပ်က တံတွေးမျိုချလိုက်သည်။

စာပေသမား ပြုံးလိုက်သည်။

"ကျုပ်က ကေရာဇ်တောင်ကြားပိုင်ရှင်ကို ဆုံးမတဲ့ပွဲမှာ ကိုယ်တိုင် ဝင်မပါလိုက်ရတာ အတော်ဆိုးတာပဲ"

ချုံကျားဂိုဏ်းချုပ်က...

"ဝါးရွက်စိမ်းအရက်က မဆိုးပါဘူး"

"အင်း..မိုးနဂါးက ဝါးပင်တွေကြားထဲက ထွက်လာသလို"

"ဝါးရွက်စိမ်းပါ"

"ရပါတယ်၊ ဝါးရွက်စိမ်းကို သောက်လိုက်ရင် မိုးပေါ်ရောက်သွားပြီး နဂါးနဲ့ တွေ့မှာပေါ့"

"ဟုတ်တယ်..ဟုတ်တယ်"

"ရော့ဗျာ"

စာပေသမားက အရက်အိုးကို ထိုးပေးလိုက်၏။

ချုံကျားဂိုဏ်းချုပ် ဘာမှမပြောဘဲ အရက်အိုးကို ယူကာ တရှိန်ထိုး မော့ချလိုက်ရာ တခဏအတွင်းမှာပင် အရက်တစ်အိုးလုံး ကုန်သွားလေတော့သည်။

ဝါးရွက်စိမ်းအရက်ကား အလွန်ပြင်းသော အရက်အမျိုး



အစား ဖြစ်လေသည်။

အရက်ကို အမြဲတမ်း သောက်သုံးနေသူတစ်ယောက်ပင် သုံးခွက်လောက် သောက်မိလျှင် ခေါင်းချာစိုင်းအောင် မူးယစ်သွားလေသည်။

အရက်ချိုးဖြစ်သော ချုံကျားဂိုဏ်းချုပ်သည်ပင် အရက်တစ်အိုးလုံးကုန်အောင် တရှိန်ထိုးသောက်လိုက်ပြီးသောအခါ ရီဝေဝေ ဖြစ်လာလေတော့သည်။

စာပေသမားက...

"ခင်ဗျား မိုးပေါ်ရောက်ပြီး နဂါးကို တွေ့ပြီလားဗျ"

ဟု မေးလိုက်လေသည်။

ချုံကျားဂိုဏ်းချုပ်က...

"မင်းက မိုးနဂါးကို တွေ့ချင်နေတာလား"

စာပေသမားက...

"တွေ့ရရင် သိပ်ကောင်းတာပေါ့ဗျာ"

ချုံကျားဂိုဏ်းချုပ်က...

"သူ့ကို တွေ့ရဖို့ စိတ်မကူးနဲ့"

စာပေသမား သက်ပြင်းချလိုက်သည်။

"ကေရာဇ်တောင်ကြားပိုင်ရှင်ကို ဆုံးမပြီးတဲ့နောက် မိုးနဂါး ထွက်သွားသလို ခင်ဗျားလဲ ပျောက်ဆုံးသွားခဲ့တယ်၊ ခင်ဗျားက မိုးနဂါးနောက်ကို လိုက်သွားတာလို့ ကျုပ်တွေးမိလိုက်တာပေါ့ဗျာ"

ချုံကျားဂိုဏ်းချုပ်က...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတော့ တွေ့ဖို့ မလွယ်ဘူး"

စာပေသမားက...

"ဘာဖြစ်လို့လဲဗျ"

ချုံကျားဂိုဏ်းချုပ်က...

"သူက မိုးပေါ်မှာသာမကဘူး၊ ဟိုးဝေးကြီးက နေဝန်းကြီး ထဲမှာနေတာ"

"ဩော်"

"သူ့ကို ဘယ်သူမှ တွေ့နိုင်မှာ မဟုတ်ဘူး"

ချုံကျားဂိုဏ်းချုပ်၏ မျက်လုံးများ ရီဝေလာသည်။

ဦးခေါင်းထဲ ချာချာလည်အောင် မူးနောက်ရီဝေလာသည်။

"သူက နေဝန်းထဲမှာ"

ဟု ထပ်တဲလဲ ရေရွတ်ရင်း ကြမ်းပြင်ပေါ် ခွေခွေကလေး လဲလျောင်းကာ အိပ်ပျော်သွားလေတော့သည်။

စာပေသမားလည်း ချုံကျားဂိုဏ်းချုပ်ကို ကြည့်ပြီး စိတ် ပျက်သွားလေသည်။

"ငါ အရက်တစ်အိုးကုန်အောင် တိုက်လိုက်မိတာ မှားပြီ ထင်ပါရဲ့"

ဟု ညည်းတွားနေ၏။

ဇရပ်ပေါ်၌ အနားယူနေသော ခရီးသွားအချို့ ရှိနေပြီး အနားယူပြီး တစ်ယောက်ပြီးတစ်ယောက် ဇရပ်ပေါ်မှ ဆင်းသွားကြ လေသည်။



ထိုခရီးသည်များထဲမှ အနီရောင်ဝတ်ထားသော အဘိုးအို တစ်ယောက်ကလည်း ဦးခေါင်းတဆက်ဆက်ညိတ်ကာ ဇရပ်ပေါ်မှ ဆင်းသွားလေသည်။

အကယ်၍ ထိုအဘိုးအိုက...

"မိုးနဂါးက နေဝန်းထဲမှာ နေတာ"

ဟု ချုံကျားဂိုဏ်းချုပ်၏ စကားကို သံယောင်လိုက်ကာ တီး တိုးရေရွတ်သွားသည်ကိုသာ စာပေသမား ကြားနိုင်ခဲ့မည်ဆိုပါလျှင်...

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဂုဏ်ပြုခြင်း

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

နံနက်မိုးစင်စင်လင်းလာသည်နှင့် လမ်းများပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်သွားလေသည်။

မထင်မရှား တည်းခိုခန်းလေး တစ်ခုမှ လူတစ်ယောက် ထွက်လာပြီး လမ်းမပေါ် ရောက်လာလေသည်။

စာပေသမား၊ ချုကျားဂိုဏ်းချုပ်တို့ တွေ့ဆုံခဲ့သော ရေပ်ပေါ်မှ ဆင်းသွားသည့် အနီရောင်ဝတ်အဘိုးအို ဖြစ်သည်။

အဘိုးအိုသည် အမျှင်းတစ်ချက် ဆန့်လိုက်ပြီး လမ်းမကြီးအတိုင်း စည်ကားနေသော မြို့လယ်ပိုင်းသို့ လှမ်းသွားလိုက်သည်။

ထိုစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"



မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများနှင့်အတူ မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကို တွေ့ရလေသည်။

အလွန်လှပတင့်တယ်ပြီး ကျက်သရေရှိအောင် ပြုလုပ်ထားသည့် အဖိုးထိုက်အကောင်းစား မြင်းလှည်းတစီး ဖြစ်သည်။

မြင်းလှည်းပိုင်ရှင်မှာ မြို့စား၊ နယ်စား သို့မဟုတ် သူဌေးသူကြွယ်တစ်ယောက်ယောက်၏ မြင်းလှည်း ဖြစ်ရမည်ဟု အဘိုးအို တွေးမိလေသည်။

မြင်းလှည်းသည် အဘိုးအိုနှင့် မလှမ်းမကမ်းမှ ဖြတ်သန်းကာ မြို့အနောက်ဘက်သို့ မောင်းနှင်သွားလေသည်။

အဘိုးအိုက ရှေ့ဆက်လျှောက်သွားပြီး စည်ကားနေသော မြို့လယ်သို့ ရောက်လျှင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်စားသောက်လိုက်လေသည်။

မိုးလင်းလာသည်နှင့်အမျှ လက်ဖက်ရည်ဆိုင်လေးမှာလည်း လူစည်ကားလာပြီး စကားသံ၊ စားသောက်သံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာလေသည်။

အဘိုးအိုက လက်ဖက်ရည်သောက်ရင်း ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်နေ၏။

ထိုစဉ် လူနှစ်ယောက်က စကားတပြောပြောဖြင့် ဆိုင်ထဲဝင်လာပြီး အဘိုးအို အနီးရှိ စားပွဲတစ်လုံး၌ နေရာယူလိုက်ကြ၏။

သူတို့သည် အဘိုးအို တွေ့ခဲ့သည့် မြင်းလှည်းနှင့် ပတ်သက်ပြီး ပြောဆိုနေကြသည် ဖြစ်ရာ အဘိုးအို စိတ်ဝင်စားသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသူဌေးကြီးရဲ့ စိတ်ဓာတ်က တကယ့်ကို ချီးကျူးစရာပါပဲကွာ"

"ဟုတ်တယ်၊ လမ်းဘေးမှာ သေသွားတဲ့ သူတောင်းစားတစ်ယောက်ကိုတောင် သူ့ရဲ့မြင်းလှည်းနဲ့ အကောင်းစား အခေါင်းကို အသုံးချပြီး သုသာန်ကို ပို့ပေးခဲ့တာ"

အဘိုးအို ပို့ပြီး စိတ်ဝင်စားသွားသည်။

ထိုစဉ်…

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများနှင့်အတူ ကျက်သရေ ရှိလှသော မြင်းလှည်းကြီးက လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သန်းမောင်းနှင်သွားသည်ကို တွေ့လိုက်ရလေသည်။

စကားပြောနေသူ နှစ်ယောက်အနက် တစ်ယောက်က…

"ဟော ကျက်သရေမြင်းလှည်း ပြန်လာပြီ"

"ဟုတ်တယ်၊ ဟိုသူတောင်းစားရဲ့ အလောင်းကို သုသာန်ပို့ပြီးပြီ ထင်တယ်"

ကျန်တစ်ယောက်က ပြော၏။

လင်ဖက်ရည်ဆိုင်ထဲမှ အခြားလူများကလည်း ထိုအဖိုးထိုက်မြင်းလှည်းကြီးနှင့် ပတ်သက်ပြီး အမျိုးမျိုး ဝေဖန်ပြောဆိုနေကြလေသည်။

"ကျက်သရေမြင်းလှည်းက နေ့ညမရွေးဘူး၊ အကူအညီ



တောင်းလိုက်တာနဲ့ ချက်ချင်းသွားပြီး ကူညီတော့တာပဲ"

"ချမ်းသူဌေးရဲ့ လုပ်ရပ်က အတော့်ကို ချီးကျူးစရာ ကောင်းတယ်"

"သူ့မှာ ခံစားချက်ရှိတာကိုး၊ သူငယ်စဉ်က အင်မတန် ဆင်းရဲခဲ့တာ၊ ကပ်ရောဂါဆိုးတစ်ခု ကျရောက်တော့ လူတွေ သောက်သောက်လဲ သေဆုံးခဲ့ရာမှာ သူ့ရဲ့မိဘနှစ်ပါးလဲ ပါသွားတယ်လေ"

"ဟုတ်တယ်ဗျို့၊ ချမ်းသူဌေးရဲ့မိဘနှစ်ပါးနဲ့ တခြားလူတွေကို ဖြစ်သလို မြေမြှုပ်သင်္ဂြိုလ်ခဲ့ရတာ၊ ချမ်းသူဌေးဟာ သည်ဖြစ်ရပ်ကိုကြည့်ပြီး လူတစ်ယောက် သေဆုံးသွားချိန်မှာ တိရိစ္ဆာန်တစ်ကောင်လို မဟုတ်ဘဲ ဂုဏ်ကျက်သရေရှိရှိ သင်္ဂြိုလ်ခံရသင့်တယ်လို့ ခံယူခဲ့တာ"

"အဲဒီပေါ့ဗျာ၊ သူချမ်းသာလာတဲ့အခါ အဖိုးထိုက်လှတဲ့ ကျက်သရေမြင်းလှည်းကို ဖန်တီးပြီး ဘယ်လိုလူစားမျိုးပဲ သေဆုံးသွားပါစေ ကျက်သရေမြင်းလှည်းနဲ့ ဂုဏ်ရှိရှိ သုသာန်ကို ပို့ဆောင်သင်္ဂြိုလ်နိုင်ဖို့ ကူညီဆောင်ရွက်နေတာပေါ့"

အဘိုးအိုသည် ပြောဆိုနေကြသော စကားသံများကို နားထောင်ရင်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ချမ်းသူဌေးနှင့် ကျက်သရေမြင်းလှည်း အကြောင်းကို နားလည်သွားလေသည်။

"အမှန်တယ်၊ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် သေဆုံးသွားချိန်မှာ ဂုဏ်ကျက်သရေ ရှိသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စားသောက်ခ ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * *

အဘိုးအိုသည် လက်ဖက်ရည်ဆိုင်လေးမှ ထွက်လာပြီး မရှေးမနှောင်းမှာပင် လူစည်ကားနေသော အဆောက်အဦးတစ်ခု ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုအဆောက်အဦး၌ ဆေးဆရာတစ်ဦးက လူနာများကို ဆေးကုသပေးလျက် ရှိသည်။

အဘိုးအို စိတ်ဝင်စားသွားလေသည်။

"လူနာတွေ သည်လောက်များနေတာ၊ သည်ဆေးဆရာ အတော် ဆေးစွမ်းထက်လို့ပဲ ဖြစ်မယ်"

ထိုစဉ် လူမမာတစ်ဦးအား အဖော်များက ဖေးမခေါ် ဆောင်လာပြီး အဘိုးအိုအနီးမှ ဖြတ်သွားကြသည်။

သူတို့ ပြောဆိုနေကြသော စကားများကို အဘိုးအို ကြား လိုက်ရလေသည်။

"ဖေဖေ့ ဝေဒနာက အစားမှားပြီး အဆိပ် ဖြစ်သွားတာ၊ ဒါပေမယ့် စိတ်ပူစရာ မလိုဘူး၊ ဆေးသုံးခွက်လောက် သောက်လိုက် ရင် ပျောက်သွားမယ်လို့ ပြောတယ်"

"ဆေးဆရာကြီးက သိပ်တော်တာ၊ သူဟာ ထိပ်သီးသမား



တော်ကြီး ယန်ယီကျင်းရဲ့ ဆေးနည်းတွေကို ပညာယူပြီး ဝေဒနာရှင် တွေကို ကုသပေးနေတာ"

လူမမာနှင့် အဖော်များသည် စကားတပြောပြောဖြင့် အဘိုးအိုအနီးမှ ဖြတ်ကျော်သွားကြလေသည်။

ထိပ်သီးသမားတော်ကြီး ယန်ယီကျင်းဟူသော အမည်ကို ကြားလျှင် အဘိုးအို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မျက်နှာလည်း ချက်ချင်း ခက်ထန်တင်းမာသွား၏။

"ယန်ယီကျင်းရဲ့ တပည့်ပေါ့ ဟွန့်"

ခြေတစ်ချက်ဆောင့်ကာ ကြုံးဝါးပြီး ဆေးဆရာ ရှိနေသည့် အဆောက်အဦးဆီသို့ လှမ်းသွားလိုက်လေတော့သည်။

* * *

ဆေးဆရာသည် လူနာများအား တစ်ယောက်ပြီးတစ် ယောက် ဆေးကုပေးနေ၏။

ထိုအချိန်တွင်...

"ဝုန်း...ဝုန်း"

အပြင်ဘက်မှ ကျယ်လောင်သော အသံများနှင့်အတူ ကယ် ပါယူပါ အသံတစာစာ ထွက်ပေါ်လာသည်။

ဆေးဆရာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘာတွေ ဖြစ်နေပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



သူတွေးတောနေစဉ်မှာပင် အသံဗလံများ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နောက်ထပ် ဘာသံမှ မကြားရတော့ပါချေ။

ဆေးဆရာ ထိုင်ရာမှ ထလိုက်သည်။

အခန်းအပြင်ဘက် ထွက်ကြည့်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင် လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

အနီရောင်ဝတ်ထားသော အဘိုးအို ဖြစ်လေသည်။

အဘိုးအိုက...

"မင်းက ဆေးဆရာ ဟုတ်လား"

ဆေးဆရာက...

"ဟုတ်ပါတယ်ဗျာ၊ အဘက ဆေးကုဖို့.."

သူ၏စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်အော်ငေါက်လိုက်လေသည်။

"ငါ ဘာကြောင့် ဆေးကုခံရမှာလဲ ပြောစမ်း။ မင်းရဲ့ဆရာက ယန်ယီကျင်း ဟုတ်လား"

"ဗျာ"

"အကြောင်ကြောင် လုပ်မနေနဲ့၊ ငါ မေးတာ ဖြေစမ်း"

"နေပါဦး အဘက"

"ဟိတ် ငါ မေးတာဖြေ"

အဘိုးအို၏အသွင်ကြောင့် ဆေးဆရာ ထိတ်လန့်သွား၏။



"ဟုတ်ပါတယ်၊ ကျုပ်က ဆရာကြီးယန်ယီကျင်းရဲ့ ပညာကို လေ့လာနာယူပြီး ဆေးကုပေးနေတာမို့ သူ့ရဲ့တပည့်လို့ ပြောလို့ ရပါတယ်"

အဘိုးအို နှာခေါင်းရှုံ့လိုက်သည်။

"ယန်ယီကျင်းရဲ့တပည့်ဆိုပြီး မင်းကိုယ်မင်း ဘဝင်မြင့်နေတာလား။ ငါ ဘယ်သူလဲဆိုတာကော မင်းသိသလား"

ဆေးဆရာ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိပါဘူးဗျာ"

အဘိုးအိုက...

"မသိရင် မှတ်ထား၊ ငါက ဂူးကြည်၊ ငရဲအဆိပ်ဂူးကြည်ဆိုတာ ငါပဲကွ"

"ဗျာ"

ဆေးဆရာသည် အဘိုးအိုကို မသိသော်လည်း ငရဲအဆိပ်ဂူးကြည်ဆိုသော အမည်ကို ကောင်းစွာ ကြားဖူးထားလေသည်။

သိုင်းလောက၌ 'သမားညီနောင်' အကြောင်းကို မသိသူ မရှိသလောက် ဖြစ်လေသည်။

ဆေးဆရာသည် အဘိုးအိုမှာ ငရဲအဆိပ်ဂူးကြည် ဖြစ်ကြောင်း သိလိုက်ရလျှင် ဆေးဆရာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

အဘိုးအို(ဝါ)ဂူးကြည်က...

"မင်းရဲ့ဆေးပညာ ဘယ်လောက်စွမ်းသလဲ သိရအောင် ငါ

www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်မယ်၊ ငါ့ရဲ့အဆိပ်ကို ဖြေနိုင်ရင် ဖြေပေတော့"

ပြောရင်း လက်ကို မသိမသာ ဝှေ့ယမ်းလိုက်လေသည်။

"မလုပ်ပါနဲ့"

ဆေးဆရာ တောင်းပန်နေသော်လည်း ဖရဲအဆိပ်ဝူးကြည်အား ဟန့်တားခြင်း မပြုနိုင်တော့ပါချေ။

"ဟား..ဟား..ဟား"

ဝူးကြည်က ဟားတိုက်ရယ်မောလိုက်လေသည်။

ရုတ်တရက်...

ဆေးဆရာ၏တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးသွား၊ ကာ ပါးစပ်ထဲမှ အမြှုပ်များ ထွက်ကျလာသည်။

"ဝုန်း"

ကြမ်းပြင်ပေါ် လဲကျကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

ထိုအချိန်မှာပင်...

"သောင်းကျန်းနေတာ ဘယ်သူလဲဟေ့"

အပြင်ဘက်မှ ကျယ်လောင်သော အော်ဝေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *



ကျယ်လောင်သော အော်ဝေါက်သံ ထွက်ပေါ်လာလေသည်။

အသက်လေးဆယ်ခန့် ရှိသူတစ်ယောက်က အခန်းထဲ ဝင်လာလေသည်။

ထိုလူမှာ ဤမြို့မှ သိုင်းသမားဝင်းယို့ယန် ဖြစ်သည်။

ဝင်းယို့ယန်သည် မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားတစ်ဦး ဖြစ်သည်။

ဤမြို့ကလေး၌ ပြဿနာ တစ်စုံတစ်ခု ဖြစ်ပေါ်လာလျှင် ဝင်းယို့ယန်သည် တရားသည့်ဘက်မှ ဝင်ရောက်ကူညီတတ်သူ ဖြစ်သည်။

ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားများ ရောက်ရှိလာလျှင်လည်း ရှုပ်ရှုပ်ချွချွ တိုက်ခိုက်မောင်းထုတ်တတ်သူ ဖြစ်လေသည်။

ယခု...

ဆေးဆရာထံသို့ လူဆိုးတစ်ယောက် ရောက်ရှိလာပြီး သောင်းကျန်းနေသည်ဟူသော သတင်းကြောင့် ဝင်းယို့ယန် ရောက်ရှိလာခြင်း ဖြစ်လေသည်။

ဝင်းယို့ယန်သည် အခန်းတွင်းသို့ ရောက်ရှိလာပြီး ရုပ်ပျက်ဆင်းပျက် လဲကျသေဆုံးနေသော ဆေးဆရာကို တွေ့လျှင် ဒေါသူထွက်သွားလေသည်။

"ခင်ဗျားလက်ချက် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝူးကြည် ပြုံးလိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျား ဘာကြောင့် သည်လိုလုပ်ရတာလဲ"

"သူဟာ ယန်ယီကျင်းနဲ့ ပတ်သက်နေလို့လေ"

"ဘာဗျ"

"ယန်ယီကျင်းကို ကျုပ်က သိပ်မုန်းတာ"

ဝင်းယို့ယန် မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ဝူးကြည်"

"ဘာဗျ"

ဝင်းယို့ယန် ရင်ထိတ်ကာ ချက်ချင်း နောက်ဆုတ်လိုက်လေသည်။

ဝူးကြည်က...

"မင်းက ဓါးကို သုံးမယ်ဆိုပြီး လာခဲ့တာ မဟုတ်လား။ မင်း ဘာလုပ်နေတာလဲ"

ဝင်းယို့ယန် အံကြိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ကြောက်နေမယ် ထင်သလား"

ခါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

သို့သော်...

လက်က ဓားရိုးကို ဆုပ်ကိုင်မိလိုက်သော်လည်း ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်၍မရဘဲ ဖြစ်နေ၏။



ဓားက အလွန်လေးလံနေသည်ဟု ခံစားနေရ၏။

မည်သို့ဆိုစေ...

ခွန်အားများ ကုန်ခမ်းပျောက်ကွယ်ကာ တစ်ကိုယ်လုံး လေးလံထုံထိုင်းနေကြောင်း ချက်ချင်းသတိထားမိလိုက်လေသည်။

ဝူးကြည်...။

ဝူးကြည်သည် 'ငရဲအဆိပ်'ဟူသော ဘွဲ့ထူးရသူ ဖြစ်သည်။

အဆိပ်ပညာနှင့် ပတ်သက်လျှင် သိုင်းလောက၌ ပြိုင်ဘက်ကင်းသူ ဖြစ်သည်။

ထို့ကြောင့် ဝူးကြည်၏အဆိပ်မိသွားပြီ ဖြစ်ကြောင်း ဝင်းယို့ယန် သိရှိသွားလေသည်။

ဝူးကြည်က...

"မင်းကို ဆယ်ရက် အသက်ရှင်ခွင့်ပေးလိုက်မယ်၊ ဆယ်ရက်အတွင်း ယန်ယီကျင်းဆီကို ရောက်အောင် သွားပြီး အဆိပ်ဖြေနိုင်းပေါ့"

ဟု ပြောလိုက်၏။

ဝင်းယို့ယန်လည်း နောက်ဆုတ်ပြီး အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## သွေးသောက်

လျှံဂေဟာ...။

လျှံဂေဟာသည် သိုင်းလောက၌ နာမည်ရှိသော ဂေဟာတစ်ခု ဖြစ်သည်။

ဂေဟာပိုင်ရှင် လျှံယုစိမ်းသည် သိုင်းလောက၌ အဖြူရောင်သိုင်းသမားအဖြစ် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားပြီးနောက် ဇနီးဖြစ်သူ ကွယ်လွန်သွားလျှင် သိုင်းလောကသို့ မထွက်တော့ဘဲ သမီးလေး'လျှံချင်း'နှင့်အတူ 'လျှံ'ဂေဟာ၌ နေထိုင်ခဲ့လေသည်။

တစ်ဦးတည်းသော သမီးလေး'လျှံချင်း'အား စောင့်ရှောက်ကာ အေးချမ်းစွာ နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

လျှံယုစိမ်းနှင့် လျှံချင်းတို့ သားအဖနှစ်ယောက်၏ ဘဝလေးမှာ အေးချမ်းပြီး သာယာပျော်ရွှင်ဖွယ် ကောင်းခဲ့ပေသည်။



သို့သော်...

လျှံယုစိမ်းတို့၏ ဘဝလေးထံသို့ ကြမ္မာဆိုးမုန်တိုင်း ဝင်ရောက်လာလေသောအခါ သာယာသော ဘဝလေးမှာ ပြိုကွဲပျက်စီးခဲ့ရလေတော့သည်။

* * *

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်ကာ လျှံဂေဟာရှေ့သို့ မြင်းစီးသမားတစ်ဦး ရောက်ရှိလာလေသည်။

ဒုန်းစိုင်းစီးနင်းလာသော မြင်းစီးသမားသည် မြင်းပေါ်၌ ယိုင်ထိုးကာ လိုက်ပါလာခြင်း ဖြစ်လေသည်။

လျှံဂေဟာ ရှေ့သို့ ရောက်လျှင် ကိုယ့်ကိုကိုယ် မထိန်းနိုင်တော့ဘဲ...

"ဝုန်း"

မြင်းပေါ်မှ ထိုးကျသွားတော့သည်။

ထိုအချိန်မှာပင် ဂေဟာထဲမှ လျှံယုစိမ်း ထွက်လာသည်။

မြင်းခွာသံကြောင့် ထွက်လာခြင်း ဖြစ်သည်။

ဂေဟာအပြင်ဘက် လှမ်းထွက်ရင်း မြင်းပေါ်မှ ပြုတ်ကျသွားသူကို မြင်လျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်.. ဆရာဝင်းယို့ယန်ပါလား"

ဟု ရေရွတ်ကာ ကပျာကယာ ပြေး၍ ဖေးမလိုက်လေသည်။

လျှိုယုစိမ်းနှင့် ဝင်းယို့ယန်တို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်လေသည်။

လျှိုယုစိမ်းက ဝင်းယို့ယန်၏သွေးကြောအချို့ကို လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

"အင့်"

ဝင်းယို့ယန် ညည်းတွားရင်း သတိရလာလေသည်။

လျှိုယုစိမ်းက...

"မိတ်ဆွေ ဘယ်လို ဖြစ်ရတာလဲဗျာ"

ဝင်းယို့ယန်က...

"ကျုပ်..ကျုပ်က သမားတော်ကြီးယန်ယီကျင်းဆီကို သွားတာ၊ သူက ခရီးထွက်သွားလို့"

လျှိုယုစိမ်းက...

"မိတ်ဆွေက သမားတော်ယန်ယီကျင်းဆီကို သွားတယ်ဆိုတာ"

"ကျုပ် အဆိပ်မိထားတယ်"

"ဟင်"

"ငရဲအဆိပ်ဝူးကြည်ရဲ့ လက်ချက်ပဲ"

"ဗျာ"



လျှိုယုစိမ်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဝင်းယို့ယန်က...

"ဝူးကြည်က သိုင်းလောကထဲမှာ ပြန်ပေါ်လာပြီ၊ သူက ယန်ယီကျင်းနဲ့ ပညာပြိုင်ဖို့ အဆိပ်နဲ့ သိုင်းလောကကို ဒုက္ခပေးလိမ့်မယ်"

"တောက်"

လျှိုယုစိမ်း မကျေမနပ် တက်ခေါက်လိုက်သည်။

ဝူးကြည်က ယန်ယီကျင်းနှင့် ပညာပြိုင်ဖို့ အသုံးချသည့် အနေဖြင့် သိုင်းလောကသားများ ဒုက္ခပေးဖို့ ကြိုးစားသည်ကို လျှိုယုစိမ်း လက်မခံနိုင်ပါချေ။

ဝင်းယို့ယန်က ဝူးကြည်နှင့် ဆုံတွေ့ခဲ့ရပုံများကို ပြောပြလိုက်လေသည်။

"သူ့ရဲ့အဆိပ်မိထားတဲ့အတွက် ဆယ်ရက်ပဲ အသက်ရှင်မယ်လို့ ပြောခဲ့တာ၊ အခု.."

"ဆယ်ရက်ပြည့်ပြီလား"

"ဟုတ်တယ်"

"ဖြစ်ရလေဗျာ"

လျှိုယုစိမ်း စိတ်မကောင်းစွာ ညည်းတွားလိုက်လေသည်။

ဝင်းယို့ယန်က...

"မိတ်ဆွေ၊ ဝူးကြည်ကို ဟန့်တားပေးပါဗျာ၊ ကျုပ်က.."

သူ စကားဆုံးအောင် မပြောနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်၊ နှာခေါင်းနှင့် နားနှစ်ဘက်မှ သွေးများ ယိုစီးကျလာပြီး လျှံယုစိမ်း၏ရင်ခွင်ထဲမှာပင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

* * *

ဝင်းယို့ယန် သေဆုံးသွားပြီ ဖြစ်လေသည်။

လျှံယုစိမ်းကပင် တာဝန်ယူပြီး သင်္ဂြိုလ်ပေးလိုက်၏။

ထို့နောက် အမျိုးမျိုး တွေးတောစဉ်းစားပြီး သမီးဖြစ်သူ လျှံချင်းနှင့် တိုင်ပင်လိုက်လေသည်။

"သမီး မကြာခင် သိုင်းလောကမှာ ပြဿနာကြီးတစ်ခု ဖြစ်ပေါ်လာတော့မယ်၊ ဒါကြောင့် ဖေဖေ သိုင်းလောကထဲကို ပြန်သွားမှ ဖြစ်မယ်"

လျှံချင်းသည် သမီးလိမ္မာလေးတစ်ဦး ဖြစ်လေသည်။

ဝင်းယို့ယန် ရောက်လာပြီးနောက် သမားညီနောင်မှ အစပြုကာ သိုင်းလောက ပြဿနာများကို သိခဲ့ရလေသည်။

ဖခင်ကြီး၏ အကျင့်စာရိတ္တနှင့် စိတ်နေသဘောထားကိုလည်း ကောင်းစွာ နားလည်သိရှိထားလေသည်။

ထို့ကြောင့်...

"ဖေဖေ သိုင်းလောကထဲကို ပြန်သွားမယ်ဆိုရင်လဲ သမီး ကန့်ကွက်စရာအကြောင်း မရှိပါဘူး ဖေဖေ၊ သမီးတစ်ယောက်ထဲ



အိမ်မှာ နေရစ်ခဲ့လို့ ဖြစ်ပါတယ်"

ဟု ပြောလိုက်သည်။

သူမသည်လည်း ဖခင်ထံမှ ပညာအမွေရထားရကား သိုင်းပညာ မခေသဲ ကိုယ့်ကိုကိုယ် ကောင်းစွာ ကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိလေသည်။

လျှံယုစိမ်းကလည်း သမီးဖြစ်သူကို ယုံကြည်စိတ်ချထားလေသည်။

လျှံချင်း၏စကားကြားရလျှင် လျှံယုစိမ်း ဝမ်းသာသွားလေသည်။

"သမီး ဖေဖေ အမြန်ဆုံး ပြန်လာခဲ့မယ်"

ဟု ပြောလိုက်လေသည်။

လျှံချင်းကလည်း ဖခင်ကြီး၏စကားကို ယုံကြည်ထားလေသည်။

သို့သော်...

ကံကြမ္မာက လျှံယုစိမ်း၏စကားအတိုင်း ဖြစ်မြောက်လာစေခဲ့ခြင်း မရှိပါ။

လျှံယုစိမ်း အိမ်မှထွက်သွားပြီးနောက် အိမ်သို့လုံးဝပြန်ရောက်မလာနိုင်တော့ချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ယုစိမ်းက သိုင်းလောကထဲ ပြန်ရောက်လာပြီ ဖြစ်သည်။

လှိုင်ယုစိမ်းက ခင်မင်ရင်းနှီးသော မိတ်ဆွေများထံသို့ သွားရောက်ကာ ဝင်းယှိုယန်၏ အဖြစ်အပျက်ကို ပြောပြပြီး ဝူးကြည်၏ အန္တရာယ်ကို ပြောပြလိုက်လေသည်။

ထိုအခါ သူ၏မိတ်ဆွေများက ရေအဆိပ်ဝူးကြည်ကို ဆုံးမရာ၌ ပါဝင်လက်တွဲ ကူညီမည် ဖြစ်ကြောင်း ကတိပေးကြလေသည်။

သို့ဖြင့်...

တောင်ပိုင်းမှ သိုင်းအကျော်အမော်များ ဖြစ်သော အိုရန်ညီနောင်က လှိုင်ယုစိမ်းနှင့်အတူ ချက်ချင်းလိုက်လာခဲ့ကြလေသည်။

သုံးယောက်သား ရေအဆိပ်ဝူးကြည်၏သတင်းကို လိုက်လံစုံစမ်းရာမှ ထိုက်ယန်မြို့ အနီးတဝိုက်၌ ဝူးကြည်ဟု ယူဆရသော အနီရောင်ဝတ်အဘိုးအိုတစ်ယောက်အား တွေ့ခဲ့ရသည်ဟု သတင်းများ ကြားရလေသည်။

လှိုင်ယုစိမ်းတို့ လိုက်သွားကြရာ ထိုက်ယန်မြို့ တောင်ဘက်ရှိ တောအုပ်တစ်ခုတွင် ဝူးကြည်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့လိုက်ရလေတော့သည်။

* * *



ထိုက်ယန်မြို့ တောင်ဘက်ရှိ တောအုပ်တစ်ခု၌ သိုင်းဆရာမုတ်ဆိတ်နှင့် တပည့်တပန်းများ နေထိုင်လျက် ရှိလေသည်။

သိုင်းဆရာမုတ်ဆိတ်သည် မူဆိုးဘဝမှ သိုင်းလောကထဲ ရောက်လာသူ ဖြစ်ရကား တောထဲတောင်ထဲ နေထိုင်ရသည်ကို သဘောကျသူ ဖြစ်သည်။

သိုင်းဆရာမုတ်ဆိတ်သည် အများအကျိုးဆောင်ရွက်နေသည့် အဖြူရောင်သိုင်းသမား တစ်ဦးလည်း ဖြစ်သည်။

ယနေ့...

သိုင်းဆရာမုတ်ဆိတ်တို့ နေထိုင်သည့် တောအုပ်ထဲမှ စခန်းဆီသို့ အနီရောင်ဝတ်အဘိုးအိုတစ်ဦး ရောက်ရှိလာလေသည်။

ထိုအဘိုးအိုမှာ ရေအဆိပ်ဝူးကြည် ဖြစ်သည်။

ဝူးကြည် ရောက်ရှိလာပြီး မကြာမီ သိုင်းဆရာမုတ်ဆိတ်၏ စခန်း၌ အသံဗလံ ဟူသမျှ ကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

* * *

သိုင်းဆရာမုတ်ဆိတ်၏စခန်း...။

စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုစခန်း၌ သိုင်းဆရာမုတ်ဆိတ်နှင့်အတူ တပည့်နှစ်ဆယ်ခန့် နေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု စခန်းထဲ၌ လူသူတစ်ယောက်မျှ မရှိ၍ မဟုတ်ပါ။

မှတ်ဆိတ်တို့ ဆရာတပည့်အားလုံး ရှိနေကြပါသည်။

သို့သော်...

သူတို့အားလုံး သေဆုံးသွားကြသဖြင့် အသံဗလံ မကြားရခြင်း ဖြစ်လေသည်။

မှတ်ဆိတ်တို့ ဆရာတပည့်အားလုံး မြေပေါ်လဲကျကာ မလှုပ်မယှက် ရှိနေကြသည်။

ထူးခြားသည်ကား လူတစ်ယောက်ကတော့ လဲကျခြင်း မရှိဘဲ မလှုပ်မယှက် ရပ်နေ၏။

ထိုလူက ကျောက်တိုင်ကြီးတစ်ခုအလား တုတ်တုတ်မျှမလှုပ်ခြင်းကြောင့် သူလည်း သေဆုံးသွားပြီဟု ထင်ရခြင်း ဖြစ်လေသည်။

ထိုလူမှာ အနီရောင်ဝတ်ထားသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

လျှံယုစိမ်းတို့ လိုက်ရှာနေသည့် ငရဲအဆိပ်ဝူးကြည် ဖြစ်သည်။

အတော်ကလေးကြာမှ ဝူးကြည်ထံမှ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

"အဆိပ်က အတော်ပြင်းတယ်၊ ဒါပေမယ့် ငါလိုချင်တဲ့ အဆင့်အတန်းအထိ မရောက်သေးဘူး၊ မဖြစ်သေးပါဘူးလေ၊ ငါ့ရဲ့ အဆိပ်ကို ခုထက် ပိုပြီးအစွမ်းထက်အောင် ပြုပြင်ဦးမှပါပဲ"



ဝူးကြည်သည် သူ၏အဆိပ်ကို အားမရသေးဘဲ ယခုထက် ပိုပြီး ပြင်းထန်သောအဆိပ် ဖြစ်လာအောင် ထပ်မံစီမံဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်ကြောင့် သိုင်းလောကကို ခေတ္တကျောခိုင်းထားရဦးမည် ဖြစ်လေသည်။

ဝူးကြည်သည် သိုင်းဆရာမှတ်ဆိတ်တို့လူစု၏ အလောင်းများကို ကျောခိုင်းကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် လူသုံးယောက် ရုတ်တရက် ရောက်ရှိလာပြီး လမ်းပိတ်ဟန့်တားထားလိုက်ကြလေသည်။

လျှံယုစိမ်းနှင့် အိုရန်ညီနောင်တို့ ဖြစ်သည်။

လျှံယုစိမ်းတို့သည် ဝူးကြည်အား ရှာဖွေတွေ့ရှိသွားကြပြီ ဖြစ်လေသည်။

ဝူးကြည်က...

"ကျုပ်ကို ဟန့်တားမလို့လား"

လျှံယုစိမ်းက...

"ခင်ဗျားဟာ ငရဲအဆိပ်ဝူးကြည် မဟုတ်လား၊ ခင်ဗျားကို တားဆီးရမှာပဲ"

ဝူးကြည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့ ဟန့်တားနိုင်ရင် ဟန့်တားလို့ရပါတယ်"

"ခင်ဗျား အဖမ်းခံလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အိုရန်ညီနောင်က ရှေ့သို့ ခုန်ထွက်ကာ ဓားကိုယ်စီဖြင့် ဝူးကြည်အား ချိန်ရွယ်ထားလိုက်လေသည်။

ဝူးကြည်သည် အိုရန်ညီနောင်ကို ကြည့်ပြီး ပမာမခန့် ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား။ မင်းတို့က ငါ့ကို သတ်ဖို့ မပြောနဲ့ မင်းတို့ လက်ထဲက ဓားကိုတောင် မြဲအောင် ကိုင်ထားနိုင်ကြလို့လား"

သူ၏စကားအဆုံး၌...

"ခြွမ်း..ခြွမ်း"

အိုရန်ညီနောင်သည် ဓားကို မြဲမြဲစွာ ကိုင်မထားနိုင်တော့အလား၊ သူတို့၏လက်ထဲမှ ဓားများ လွတ်ကျသွား၏။

တဆက်တည်းပင်...

"ဝုန်း..ဝုန်း"

နှစ်ယောက်သား မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားကြလေသည်။

ဝူးကြည်၏ မမြင်ရသော အဆိပ်ကြောင့် အိုရန်ညီနောင် သေဆုံးသွားရပြီ ဖြစ်ကြောင်း နားလည်ကာ လျှံယုစိမ်း ဒေါသထွက်သွားလေသည်။

"ယား"

ညာသံပေးပြီး ခုန်ဝင်သွားလေသည်။

သို့သော်...

လျှံယုစိမ်းမှာ ဝူးကြည်ထံသို့ မရောက်မီ လေထဲ တုန့်ခနဲ



ဖြစ်သွားပြီး...

"ဝုန်း"

မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။

"ဟား..ဟား..ဟား"

ဝူးကြည်က လျှံယုစိမ်းတို့သုံးယောက်အား ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

* * *

ဝူးကြည်သည် သိုင်းလောကမှ ပျောက်ကွယ်သွား၏။

သို့သော်...

တစ်နေ့နေ့ တစ်ချိန်ချိန်၌ ပြန်လည်ထွက်ပေါ်လာပြီး သိုင်းလောကအား ဒုက္ခပေးလိမ့်ဦးမည်ဟု အားလုံးက ယုံကြည်ထားကြသည်။

လျှံယုစိမ်း သေဆုံးသွားပြီးနောက် 'လျှံချင်း'က ဝူးကြည်နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

သူမသည် ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို ရောင်းချကာ ရသည့် ငွေအားလုံးကို မိဘမဲ့ဂေဟာသို့ ပေးလှူပြီး သိုင်းလောကသို့ ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ငရဲအဆိပ်

တောင်ညိုတောင်...။

ဤတောင်သည် အလွန်မြင့်မား၏။

ယင်းတောင်သည် ထိုက်ဈန်းတောင်နှင့် ဆက်နွယ်လျက်ရှိသည်။

သို့သော်...

လူသူ အရောက်အပေါက် အလွန်နည်းသဖြင့် ယင်းတောင်ကို သိရှိသူ နည်းပါး၏။

ထိုအချိန်တွင် သိုင်းသမားတစ်ဦးသည် မျက်စိလည် လမ်းမှားပြီး ထိုတောင်ထိပ်သို့ ရောက်ရှိပြီးနောက်...

ယင်းတောင်၏ တစ်နေရာတွင် လိုဏ်ဂူတစ်ခု ရှိနေသည်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရလေသည်။



ယင်းလိုဏ်ဂူသည် မြက်ပင်နွယ်ပင်တို့က ဖုံးကွယ်ထား၍ တွေ့မြင်ရန် အလွန်ခက်ခဲလှ၏။

ထိုသိုင်းသမားသည် အမှတ်မထင် အလင်းရောင်တစ်စုံကို တွေ့လိုက်မိသည်မှအစ...

စူးစမ်းလိုသောစိတ်နှင့် လမ်းပျောက်နေကြောင်း အကူအညီ တောင်းလိုသောစိတ်ဖြင့် လိုဏ်ဂူထဲ၌ မီးရောင် ရှိနေသဖြင့်လည်း လူရှိရမည်ဟု ယုံကြည်သဖြင့် ယင်းလိုဏ်ဂူထဲသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

သူသည် ယင်းလိုဏ်ဂူထဲသို့ အမှတ်မထင် ဝင်ရောက်ခဲ့သောကြောင့် သိုင်းလောကသားများအတွက် အလွန်တုန်လှုပ်ချောက်ချားဖွယ်ရာ သတင်းဆိုးတစ်ခု သယ်ဆောင်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုသိုင်းသမား၏အမည်မှာ စုဟာန် ဖြစ်သည်။

သူသည် အနောက်ဂိုဏ်းမှ သိုင်းသမားတစ်ဦး ဖြစ်ပေသည်။

ထိုက်စန်းတောင်သို့ ကိစ္စတစ်ခုဖြင့် သွားရာမှ မျက်စိလည်လမ်းမှားပြီး အမည်မသိသော တောင်တစ်လုံးသို့ ရောက်ရှိသွားသည်။

ထို့နောက်...

အမှတ်မထင် အမည်မသိသော လိုဏ်ဂူတစ်ခုထဲသို့ ဝင်ရောက်မိသည်။

သူသည် လိုဏ်ဂူထဲမှ မီးရောင် ဖြာထွက်နေသည်ကို တွေ့မြင်ရသောအခါ အလွန်ဝမ်းသာသွားလေ၏။

သို့သော်...

သူသည် ကြာရှည်စွာ ဝမ်းသာနိုင်ခြင်း မရှိပါ။

အကြောင်းမှာ သူသည် လိုဏ်ဂူထဲသို့ လှမ်းဝင်မိသည်နှင့် အသည်းယားဖွယ်ရာကောင်းသော ပိုးကောင်များကို တွေ့မြင်လိုက်ရလေသည်။

လိုဏ်ဂူထဲတွင် အလွန်အဆိပ်ပြင်းသော မြွေများ၊ ကင်းခြေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူ စသည်တို့ကို သူ့နေရာနှင့်သူ လှောင်ထားသည်ကို တွေ့မြင်ရ၏။

ဂူအလယ်တွင် ကျောက်စားပွဲတစ်လုံး ရှိသည်။

ထိုစားပွဲပေါ်၌ ကြွေဘူးများ အစီအရီ ရှိနေသည်ကို တွေ့ရ



သည်။ ယင်းကြွေဘူးထဲ၌ ရှိနေသော အရည်များမှာ အချို့က မည်းနေပြီး အချို့က စိမ်းဖန့်ဖန့်အရောင် သန်းနေတော့သည်။

အထူးသဖြင့်...

လိုဏ်ဂူတစ်ခုလုံးမှာ အလွန်ဆိုးရွားပြီး အသက်ရှူရခက်သော စိမ်းရွှေရွှေ အနံ့အသက်က လွှမ်းမိုးထား၏။

စုဟာန် အံ့ဩသွား၏။

ဤကဲ့သို့ လူသူ အရောက်အပေါက်နည်းသော နေရာမျိုးမှာ မည်သူက လာရောက်၍ ဤအဆိပ်ပြင်းလှသည့် ပိုးမွှားများ မွေးမြူထားပါသနည်း။

ထိုကြွေဘူးတို့မှာလည်း အဆိပ်ရည်ထည့်ထားသော ကြွေဘူးတို့ ဖြစ်ရမည်ဟု သူယုံကြည်မိ၏။

ထိပ်တန်းသိုင်းသမားတစ်ဦးသည် အဆိပ်ကို မဖော်စပ်နိုင်စေကာမူ အဆိပ်အကြောင်းအား အနည်းနှင့် အများ နားလည်ကြသည် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အကြပ်ကိုင်ခြင်း

စုဟာန်သည် ထိုအန္တရာယ်များလှသော အဆိပ်တို့ကို တွေ့လိုက်ရသည်နှင့် ထိတ်လန့်တုန်လှုပ်သွား၏။

သူ၏ဦးနှောက်ထဲသို့လည်း အတွေးအမျိုးမျိုး ဝင်ရောက်လာသည်။

ယင်းအဆိပ်များကို မည်သူက ဖော်စပ်ထားပါသနည်း။

ယင်းအဆိပ်များကို ဖော်စပ်ထားခြင်းမှာ မည်သို့ ရည်ရွယ်ချက်ကြောင့်နည်း။

မည်သို့ဆိုစေ။

ယင်းအဆိပ်များ ရှိနေခြင်းသည် လူသားတစ်ရပ်လုံး အတွက် ကြီးမားသော အန္တရာယ်ပင် ဖြစ်စေလာမည်မှာ မလွဲချေ။

ဤသို့ဖြင့် သူသည် သိုင်းသမားတစ်ဦးပီပီ ထိုအဆိပ်တို့ကို ဖော်စပ်သော လူမှာ မည်သူမည်ဝါ ဖြစ်သည်ကို စုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။



ထိုအဆိပ်များကို ဖျက်ဆီးပစ်ရန်လည်း စိတ်ကူးရလာလေသည်။

သူ၏လက်တစ်ဖက် ကြွေဘူးထဲသို့ ရောက်လုလုအချိန်တွင် "ဟေ့..ဒါ ဘာလုပ်တာလဲ"

ရုတ်တရက်...

လူတစ်ဦး၏အသံ ထွက်ပေါ်လာသည်။

စုဟာန် လက်ကို ရုပ်လိုက်၏။

သူသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ ဖြူဖွေးသော မျက်ခုံးမွေးနှင့် ဖြူဖွေးပြီး ရှည်လျားသည့် မုတ်ဆိတ်ရှိသော အဘိုးအိုတစ်ဦးအား တွေ့လိုက်ရ၏။

ထိုအဘိုးအိုသည် နှစ်ရှည်လများ မဖြီးလိမ်းဘဲ ထားရှိသော ဆံကေသာမှာ ရှုပ်ပွနေ၏။

သူ၏အကျီမှာလည်း ဟောင်းနွမ်းပြီး အလွန်ညစ်ပတ်သည်။

အထူးသဖြင့် သူ၏ရှည်လျားသော လက်သည်းများမှာ မည်းနက်နေသည်။

သိမ်ငှက်ကဲ့သို့ စူးရှသောမျက်လုံး၊ ချွန်၍ အနည်းငယ် ကောက်သောနှာခေါင်း၊ ရက်စက်ကြမ်းကြုတ်သော ပါးလွှာသည့် နှုတ်ခမ်းတို့ကို မြင်လိုက်ရသည်နှင့် ထိုအဘိုးအိုသည် အလွန်ရက်စက်ကြမ်းကြုတ်မည်ဟု ခန့်မှန်း၍ ရနိုင်ပေသည်။

"ခင်ဗျား ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုဟာန်က မေးလိုက်၏။

အဘိုးအိုက စူးရှစွာ ကြည့်လိုက်၏။

"မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်နေရာကို ဝင်လာရတာ လဲ"

ထိုစကား ကြားလိုက်ရတော့မှ ထိုအဘိုးအိုမှာ ဤလိုဏ်ဂူ ပိုင်ရှင်ဖြစ်မှန်း စုဟာန် နားလည်လိုက်သည်။

"ကျုပ်က စုဟာန်ပါ၊ မျက်စိလည် လမ်းမှားပြီး သည်ကို ရောက်လာတာပါ ခင်ဗျာ"

အဘိုးအိုက ရယ်မောလိုက်သည်။

"ဟာ..အတော်ပဲ၊ ကျုပ် သည်မှာ နေထိုင်ခဲ့တာ ငါးနှစ် တောင် ရှိသွားပြီ၊ ခုသည်ဆိုလို့ မင်းတစ်ယောက်ထဲပဲ တွေ့ရသေး တယ်"

သူသည် စုဟာန်ထံသို့ ချဉ်းကပ်လိုက်၏။

"ကဲ.. ထိုင်စမ်းပါ၊ မင်းကို တွေ့ရတာ ငါအလွန်ဝမ်းသာတာ ပဲဟေ့"

စုဟာန်သည် ထိုထူးဆန်းသော အဘိုးအိုအကြောင်းနှင့် အဆိပ်များအကြောင်း သိလိုသောဆန္ဒ ဖြစ်ပေါ်လာလေသည်။

"ဟုတ်ကဲ့၊ ကျုပ်လဲ ဝမ်းသာပါတယ်"

သူက အဘိုးအိုနှင့် ရင်းရင်းနှီးနှီး ပြောလိုက်လေသည်။

"ကဲ..မင်း သည်မှာ အေးအေးဆေးဆေးနေနိုင်တယ်၊ စား စရာကတော့ ခရယ်၊ ယုန်သား အများဆုံး စားရမှာ၊ သည်နေရာမှာ



တော့ ငါးမရှိဘူးကွ"

"ရပါတယ် ဦး၊ အခုလို နေထိုင်ခွင့်ရတာပဲ ကျေးဇူးတင်လှပါ တယ်"

အဘိုးအိုသည် ခရယ်ကင်သားကိုယူ၍ စုဟာန်အား ပေး လိုက်သည်။

ထို့နောက်...

ရေဘူးတစ်လုံး ပေးလိုက်ပြန်လေသည်။

"ကဲ..ဝအောင်စား အားမနာနဲ့"

"ဟုတ်ကဲ့"

စုဟာန်က ပြောပြီး အားရပါးရ စားသောက်လိုက်လေတော့ သည်။

* * *

စုဟာန် စားသောက်ပြီး ရေအဝ သောက်လိုက်ပြီးနောက် ပါးစပ်ကို အင်္ကျီဖြင့် သုတ်လိုက်သည်။

ထို့နောက်...

သူက စူးစမ်းလိုက်၏။

"ဒါနဲ့ ဦးရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

"ဝူးကြည်ပါ၊ ဒါပေမယ့် မကြာမီ အချိန်မှာ သိုင်းလောကက တစ်ခုလုံးက ကျုပ်ကို ငရဲအဆိပ်လို့ ခေါ်လာပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ"

ဝူးကြည်က စားပွဲပေါ်မှ ကြွေဘူးများကို ပြလိုက်လေတော့သည်။

"တွေ့လား၊ ဘူးကလေးတွေ"

စုဟာန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ တွေ့ပါတယ်၊ သည်ဘူးထဲမှာ ဘာတွေ ရှိလို့လဲ"

"အဆိပ်ပေါ့"

သူသည် လှောင်ထားသော မြွေများ၊ ကင်းခြေများ၊ ကင်းမြီးကောက်များအား ညွှန်ပြလိုက်၏။

"အဲသည် အကောင်တွေဆီက ထုတ်ယူထားတဲ့ အဆိပ်တွေကို ထည့်ထားတာ"

"ဦး ဘာဖြစ်လို့ အဆိပ်တွေကို ထည့်ယူထားရတာလဲ"

"သူတို့ အဆိပ်တွေ လိုချင်လို့ပေါ့"

"သူတို့ အဆိပ်တွေကိုယူပြီး ဘာလုပ်မလို့လဲ"

ဝူးကြည်က...

"အို..သိုင်းလောကမှာ ပထမ လုပ်ချင်လို့ပေါ့"

"ဗျာ"

စုဟာန် အံ့သြသွားသည်။

ကျောလည်း ချမ်းလာ၏။

"အဆိပ်နဲ့ သိုင်းလောကကို ပထမ လုပ်ချင်လို့ ဟုတ်လား"

စုဟာန် ခေါင်းခါယမ်းလိုက်၏။



"သိုင်းလောကမှာ ပထမ လုပ်ချင်ရင် သိုင်းပညာ ယှဉ်ပြိုင်အနိုင်ယူရတယ် မဟုတ်လား"

ဝူးကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ငါက သည်လို မဟုတ်ဘူး၊ အဆိပ်နဲ့ အစွမ်းပြပြီး သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့ ခြေဖဝါးအောက်မှာ ပြားပြားဝပ် ခံစားရအောင် လုပ်မယ်"

"ဗျာ"

စုဟာန် အံ့သြထိတ်လန့်သွား၏။

"ဦးရယ်၊ မကြံကောင်း မစည်ရာတွေ မလုပ်ပါနဲ့၊ သိုင်းလောကမှာ ပထမ လုပ်ချင်ရင် သိုင်းပညာနဲ့ အနိုင်ယူမှပေါ့"

ဝူးကြည် ခေါင်းခါယမ်းလိုက်၏။

"သိုင်းပညာချင်း ယှဉ်ပြိုင်ပါလို့ ဘယ်သူက စည်းကမ်းသတ်မှတ်ထားလဲ"

စုဟာန် ပါးစပ်ပိတ်ထားလိုက်၏။

ဝူးကြည်က သူ့အား စိုက်ကြည့်လိုက်၏။

"ဒါကြောင့် မင်း အခုလို ရောက်လာတာ ငါက ဝမ်းသာတယ်လို့ ပြောတာ"

စုဟာန် မျက်မှောင်ကြုတ်သွား၏။

"ကျုပ်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ဝူးကြည်က ပြုံးလိုက်၏။

"သိုင်းလောကတစ်ခုလုံးကို ကျုပ်က အဆိပ်နဲ့ အုပ်စိုးမယ့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မင်းကတဆင့် ပြောနိုင်တယ် မဟုတ်လား"

စုဟာန် ရင်ထိတ်သွား၏။

"ခင်ဗျားက တကယ်ပဲ သိုင်းလောကကို ဒုက္ခပေးမလို့လား"

ဝူးကြည် ပခုံးတစ်ချက် တွန့်လိုက်၏။

"ဒါကို ကျုပ်မသိဘူး။ ကျုပ်သိတာက ကျုပ်ရဲ့အမိန့်ကို သိုင်းလောကတစ်ခုလုံး နာခံရမယ်၊ မနာခံတဲ့လူ အဆိပ်သင့်ပြီး သေစေရမယ်"

စုဟာန်က ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

စုဟာန်သည် လိုဏ်ဂူထဲ၌ သုံးရက်ခန့် နေထိုင်ခဲ့လေသည်။

ထိုသုံးရက်အတွင်း သူသည် သဲထိတ်ရင်ဖိုဖြင့် နေထိုင်ခဲ့ရသည်။

သူသည် ဝူးကြည်နှင့် အနီးကပ် ပေါင်းကြည့်မှ စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်နေမလားဟု သံသယ ဖြစ်မိ၏။

မိမိ၏အစားအစာထဲသို့ အဆိပ်ခတ်ခံလိုက်ရမည်ကိုလည်း ကြောက်လန့်တုန်လှုပ်နေမိလေသည်။

သူသည် ဝူးကြည်ကို ခရီးထွက်ရန် နှုတ်ဆက်လိုက်၏။

"အခုလို နေထိုင်ခွင့်ပေးပြီး ကျွေးမွေးတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို ပြန်ခွင့်ပြုပါဦး ခင်ဗျာ"



ဝူးကြည်က ဟန့်တားခြင်း မရှိပါ။

"အေး...မင်းပြန်ချင်ရင် ပြန်နိုင်တယ်"

စုဟာန်သည် ဝူးကြည်က အလွယ်တကူ ပြန်ခွင့်ပြုလိုက်သည်ကို ဝမ်းသာမိ၏။

"ဟုတ်ကဲ့၊ ကျုပ် နှုတ်ဆက်ခဲ့ပါတယ်"

သူက အရိုအသေပြုပြီး လိုဏ်ဂူထဲမှ ထွက်လာ၏။

ဝူးကြည်က သူ့အား တောင်ဆင်းလမ်းအထိ လိုက်ပို့လေသည်။

"သည်လမ်းအတိုင်း ဆင်းသွားရင် လမ်းမှားစရာ မရှိတော့ပါဘူး"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

စုဟာန်က တကယ်ပင် ကျေးဇူးတင်လျက် တောင်အောက်သို့ ဆင်းရန် ခြေလှမ်းပြင်လိုက်လေ၏။

"မင်းကို ငါတစ်ခု မှာလိုက်ပါရစေ"

ဝူးကြည်၏စကားကြောင့် စုဟာန် ခြေလှမ်းရပ်တန့်သွားလေသည်။

"ဟုတ်ကဲ့ ပြောပါ"

ဝူးကြည် ပြုံးလိုက်၏။

သူ၏အပြုံးသည် အေးစက်ရက်စက်သော အပြုံး ဖြစ်သည်ကို စုဟာန် ခံစားမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ရဲ့အဆိပ်သင့်နေပြီ၊ ရက်ပေါင်း သုံးဆယ်မှာ သေဆုံးသွားလိမ့်မယ်"

"ဗျာ"

စုဟန် ထိတ်လန့်တုန်လှုပ်သွား၏။

"ခင်ဗျား ဘာဖြစ်လို့ သည်လို လုပ်ရတာလဲ"

ဝူးကြည်က ပခုံးတွန့်လိုက်၏။

"သိုင်းလောကတစ်ခုလုံး ငါ့အကြောင်း သိသွားအောင်လို့ပါ၊ ဟဲ..ဟဲ..ဟဲ"

ဟု ပြောလိုက်၏။

စုဟန် ခံပြင်းလာ၏။

"ကျုပ်နဲ့ ခင်ဗျားက ဘာရန်ငြိုးမှ မရှိတာဘဲ၊ ခင်ဗျား တော်တော့်ကို ရက်စက်ပါလား"

ဝူးကြည် ရယ်လိုက်၏။

"ဒါတွေ ငါနားမလည်ဘူး၊ ငါလိုချင်တာက သိုင်းလောကတစ်ခုလုံးက ငါ့ရဲ့အမိန့်ကို နာခံဖို့ပဲ"

သူသည် ပြောပြီး နောက်လှည့်၍ ထွက်သွားလေတော့သည်။

* * *



စုဟန်သည် တွေဝေစွာ ရပ်နေ၏။

သူသည် အတွင်းအားကို အသုံးပြု၍ ခန္ဓာကိုယ်တစ်ခုလုံးအား လှည့်ပတ်စစ်ဆေးကြည့်မိ၏။

သို့သော် မည်သည့် ထူးခြားမှုမျှ မတွေ့ရပါ။

"အင်း..သည်အဘိုးကြီးက ရှုးတူးတူးနဲ့ ငါ့ကို ခြောက်လှန့်လိုက်တာ ဖြစ်ရမယ်"

သူသည် ယင်းသို့ တွေးပြီး စိတ်သက်သာရာ ရသွားလေသည်။

ထို့ကြောင့်...

တောင်အောက်သို့ ဆက်လက်ဆင်းသွားတော့သည်။

* * *

စုဟန်သည် အနောက်ဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာလေသည်။

သူသည် လက်ထောက်ဂိုဏ်းချုပ်ဖြစ်သူတုချိန်အား ဝူးကြည်နှင့် တွေ့ဆုံခဲ့သည့်အကြောင်း ပြောပြလိုက်၏။

မိမိမှာလည်း ရက်ပေါင်းသုံးဆယ်အတွင်း အဆိပ်သင့်လိမ့်မည်ဟု ပြောခဲ့သည့် အကြောင်းများ ပြောပြ၏။

ထိုအခါ...

လက်ထောက်ဂိုဏ်းချုပ်ကြီးတုချိန်က ရယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလိုဆိုရင် ဝူးကြည်ဆိုတဲ့လူဟာ ရူးနေတာပဲ ဖြစ်ရမယ်၊ အဆိပ်ဆိုတာ မိသွားတာနဲ့ တစ်ပြိုင်နက် ချက်ချင်း အစွမ်းပြတာ၊ ဘယ့်နှယ် ရက်ပေါင်းသုံးဆယ်မှာ အဆိပ်သင့်နိုင်ပါ့မလဲ"

ဟု ပြောလိုက်သည်။

စုဟာန်က ရယ်လိုက်၏။

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လဲ လုံးဝမယုံပါဘူး"

ဟု ပြောသည်။

တုရှိန်က ခေါင်းညိတ်လိုက်သည်။

"မင်း အခု ပြန်ရောက်တာ ရက်ဘယ်လောက်ကြာပြီလဲ"

ဟု မေးလိုက်၏။

စုဟာန်က...

"ဆယ့်ငါးရက်လောက် ရှိပါပြီ ခင်ဗျာ"

တုရှိန်က ရယ်လိုက်၏။

"စိတ်ချပါ၊ ဒါကို စိတ်ထဲမှာ ထည့်မထားနဲ့တော့"

စုဟာန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် မေ့တောင်မေ့နေပါပြီဗျာ"

သို့သော်...

* * *



ရက်ပေါင်း သုံးဆယ်ပြည့်သော ရက်တွင် စုဟာန်သည် ရုတ်တရက် သေဆုံးသွားသည်။

စုဟာန်ကို တုရှိန်က စစ်ဆေးကြည့်ရှုသောအခါ နား၊ နှာခေါင်း၊ မျက်လုံးထဲမှ သွေးများ စီးကျလာသည်ကို တွေ့မြင်ရ၏။

အဆိပ်သင့်၍ သေဆုံးသွားသည်မှာ သံသယ ဖြစ်ဖွယ် မရှိပါ။

သူသည် စုဟာန် ပြောပြခဲ့သော ငရဲအဆိပ်ဝူးကြည်ကို သတိရလာ၏။

ထို့ကြောင့် သူယုံရခက် မယုံရခက် ဖြစ်လာ၏။

စုဟာန်၏အလောင်းကို ဂိုဏ်းသားနှစ်ဦးအား မီးသင်္ဂြိုလ်ပေးရန် မှာကြားလိုက်၏။

သို့သော်...

ထိုဂိုဏ်းသားနှစ်ဦးကြောင့် စုဟာန်၏အလောင်းကို သွားမထိသည်မှာ ကံကောင်းသည်ဟု တွေးမိပြီး ချွေးများပင် ပြန်လာသည်။

ထို့ကြောင့် သူသည် ထိုဂိုဏ်းသားနှစ်ဦး၏အလောင်းကို လက်ဖြင့် မထိစေတဲ့ မီးသင်္ဂြိုလ်လိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် ထိုဂိုဏ်းသားနှစ်ဦးသည် စုဟာန်၏ အလောင်းကို သယ်ယူ၍အပြီး နောက်တစ်ရက်မှာ သေဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမား စုဟန်နှင့် ဂိုဏ်းသားနှစ်ယောက် သေဆုံးသွားသော သတင်းမှာ သိုင်းလောကတစ်ခုလုံးကို တစ်မုဟုတ်ချင်း ပျံ့လွင့်သွားသည်။

ဂိုဏ်းအဖွဲ့အသီးသီးမှ ထိပ်တန်းပုဂ္ဂိုလ်များ လာရောက်မေးမြန်းကြသည်။

စုံစမ်းကြသည်။

အနောက်လက်ထောက်ဂိုဏ်းချုပ်က စုဟန်မှတစ်ဆင့် သိုင်းလောကတစ်ခုလုံး အုပ်စိုးရန် ကြံစည်နေသော ငရဲအဆိပ်ဝူးကြည်၏အမည်ကို ကြားသိလိုက်ရ၏။

ဝူးကြည်၏အဆိပ်ခတ်ပညာမှာ အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်မက်ဖွယ်ရာကောင်းသည်ကိုလည်း သိရှိကြလေသည်။

ထို့ကြောင့်…

ငရဲအဆိပ်ဝူးကြည်၏အမည်သည် သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့သွားလေတော့သည်။

* * *



မကြာသော ကာလအတွင်း၌ ငရဲအဆိပ်ဝူးကြည်သည် သိုင်းလောကတစ်ခုလုံးကို သူ၏အဆိပ်ပညာဖြင့် အုပ်စိုးမည့် သတင်းသည် နေရာအနှံ့ ပျံ့လွင့်သွားသည်။

သိုင်းလောက ထိပ်သီးဂိုဏ်း ဖြစ်သော အရှေ့ဂိုဏ်းချုပ်က ဂိုဏ်းအသီးသီးအား ဖိတ်ကြားရသည်အထိ ကြီးကျယ်လာ၏။

လာမည့်ဘေး ကြိုတင်ကာကွယ်သည့် အနေဖြင့် သူတို့သည် ဝူးကြည်ထံသို့ သွားရောက်ပြီး ဖျောင်းဖျရန် တိုင်ပင်နေစဉ် သိုင်းလောကသားများမှာ တစ်ယောက်ပြီးတစ်ယောက် အဆိပ်သင့်သေဆုံးသော သတင်းတို့သည် ဆက်ကာဆက်ကာ ထွက်ပေါ်လာသည်။

သိုင်းလောက၏ ထိပ်သီးဂိုဏ်းရှစ်ဂိုဏ်းက အရေးပေါ်အစည်းအဝေး ခေါ်ယူလိုက်ရ၏။

သူတို့သည် ထိုက်စန်းတောင်ပေါ်သို့ တက်ရောက်ပြီး ဝူးကြည်၏လိုဏ်ဂူကို သွားရောက်ရှာဖွေရန် သဘောတူလိုက်ကြသည်။

ဂိုဏ်းရှစ်ဂိုဏ်းမှ လက်ရွေးစင် ထိပ်တန်းသိုင်းသမား သုံးဆယ်ကို ရွေးချယ်ပြီး အရှေ့ဂိုဏ်းမှ ဒုဂိုဏ်းချုပ် ဖြစ်သော ရှာဖုံးနှင့် အနောက်ဂိုဏ်း လက်ထောက်ဂိုဏ်းချုပ်တာချိန်တို့ ဦးဆောင်၍ ထိုက်စန်းတောင်ပေါ်သို့ ချီတက်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဂိုဏ်း ဦးဆောင်လာသော လူစုသည် ထိုက်စန်းဆောင်သို့ ရောက်ရှိပြီး လူစုဖြန့်၍ ရှာဖွေရာ သုံးရက်အကြာ ဝူးကြည်၏လိုထ်ဝူအား တွေ့ရှိလိုက်ကြ၏။

သို့သော်...

ဇရဲအဆိပ်ဝူးကြည်တစ်ယောက်ကို မတွေ့ရချေ။

ထို့အပြင်...

အဆိပ်များ ထည့်ထားသည့် ကြွေဘူးများ၊ မွေးမြူထားသည့် မြွေနှင့် ကင်းမြီးကောက်၊ ကင်းခြေများတို့ကိုပါ မတွေ့ရတော့ချေ။

သူတို့သည် စိတ်ပျက်စွာဖြင့် တပ်ခေါက်၍ ပြန်လာရလေတော့သည်။

* * *

ဇရဲအဆိပ်ဝူးကြည် ပျောက်ကွယ်သွားသော်လည်း အရှေ့ဂိုဏ်းနှင့် အနောက်ဂိုဏ်းမှ ထိပ်တန်းပုဂ္ဂိုလ်များက ဝမ်းသာခြင်း မရှိနိုင်ပါ။

ဇရဲအဆိပ်ဝူးကြည်သည် အဘယ်ကြောင့် ပျောက်ကွယ်၍ သွားရပါသနည်း။

သူသည် မည်သည့်အချိန်၌ ပြန်လည်၍ ထွက်ပေါ်လာဦးမည်နည်း။



ယခု...

ဇရဲအဆိပ်ဝူးကြည်သည် သိုင်းလောကထဲသို့ တိတ်တဆိတ်ရောက်ရှိနေပြီလော။

သူသည် မည်သည့်အချိန် မည်သည့်နေရာမှ ထွက်ပေါ်လာမည်နည်း။

အရှေ့ဂိုဏ်းချုပ်နှင့်တကွ သိုင်းလောကသားတို့ ရင်တမမဖြင့် သတိထားနေရသည်။

သို့သော် တစ်နှစ်ကျော်သွားခဲ့လေသည်။

ဇရဲအဆိပ်၏အကြောင်းကို လုံးဝမကြားရပါ။

နှစ်နှစ် ကုန်လွန်ခဲ့ပြန်၏။

ဇရဲအဆိပ်ဝူးကြည်၏ လှုပ်ရှားမှုကို လုံးဝမတွေ့ရပါချေ။

ဤသို့ဖြင့် နှစ်အတန်ငယ် ကြာလာသည့်တိုင် ဇရဲအဆိပ်၏ သတင်းသည် လုံးဝပေါ်မလာတော့ချေ။

ထို့ကြောင့် ဇရဲအဆိပ်ဝူးကြည်ကို မည်သူကမျှ သတိမရတော့သလို မေ့ပျောက်သွားကြလေ၏။

ဇရဲအဆိပ်ဝူးကြည်တစ်ယောက် လူ့လောကမှ အပြီးအပိုင် ထွက်သွားပြီလော။

သိုင်းလောကတစ်ခုလုံး အဆိပ်သင့် အန္တရာယ်ဆိုးမှ လွတ်မြောက်သွားပြီလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝူးကြည်...။

ဝူးကြည် သေဆုံးသွားခြင်း မရှိသေးပါ။

သိုင်းလောကအား ဒုက္ခပေးဖို့ အကြံအစည်ကိုလည်း သူက စွန့်လွှတ်လိုက်ခြင်း မရှိသေးပါ။

ညီနောင်ဖြစ်သော ယန်ယီကျင်းနှင့် ပညာပြိုင်ဖို့ကိုလည်း လက်လျှော့မည် မဟုတ်ပါ။

ဝူးကြည်က ထူးဆန်းလှသော အဆိပ်တစ်မျိုးကို ဖော်စပ်နိုင်ခဲ့ပြီဖြစ်၍ အဆိပ်၏အာနိသင်ကို လက်တွေ့စမ်းသပ်ကြည့်ရန် နယ်ခြားဒေသသို့ ထွက်သွားခြင်းကြောင့် ဖြစ်သည်။

ဝူးကြည် ရောက်ရှိသွားသော နေရာတိုင်း၌ ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်များ ပေါ်ပေါက်လာတတ်စမြဲ ဖြစ်လေသည်။

ဝူးကြည်က နယ်ခြားဒေသသို့ ရောက်ရှိသွားသောအခါ...

* * *



လီကြိုး...။

လီကြိုးသည် နယ်ခြားဒေသရှိ ကောက်ကျင်းနယ်မှ သိုင်းသမားတစ်ဦး ဖြစ်သည်။

မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားတစ်ဦးလည်း ဖြစ်လေသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်က ပခုံးပေါ် ဝဲကျအောင် ရှည်လျားသော ဆံပင်များကြောင့် ဆံရှည်သိုင်းသမားဟု ဘွဲ့ထူးရခဲ့သည်။

နောက်ပိုင်းတွင် လီကြိုးက ရှည်လျားသော ဆံပင်များကို ကျစ်ဆံမြီးရှည်ကျစ်ကာ လည်ပင်း၌ ရစ်ပတ်ထားခဲ့သည်။

ရှောင်လင်ကျောင်းသို့ ရောက်ရှိပြီးနောက် ရှောင်လင်ကျောင်းတော်သားများ လေ့ကျင့်ရသည့် သိုင်းပညာရပ်များကို ကြည့်ပြီး အတုခိုးကာ လေ့ကျင့်ခဲ့ရာမှ သူ၏ကျစ်ဆံမြီးရှည်သည် အရေးပါသော လက်နက်တစ်ခုပမာ ဖြစ်လာခဲ့လေသည်။

လီကြိုးက သိုင်းလောက၌ နှစ်အတန်ကြာအောင် ကျင်လည်ကျက်စားပြီးနောက် ဇာတိရပ်ရွာသို့ တစ်ခေါက်ပြန်ခဲ့သည်။

ဇာတိရပ်ရွာ ဖြစ်သော နယ်ခြားဒေသသို့ ရောက်ရှိလာလေသောအခါ...

* * *

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေရွာကလေး...။

တောင်ခြေရွာကလေးမှာ လီကြိုး၏ဇာတိရွာကလေး ဖြစ်သည်။

လီကြိုးက တောင်ပူစာလေးတစ်ခုပေါ်၌ ရပ်ကာ အဝေးရှိ မှိုင်းညို့ညို့တောင်ကြီး၏ ခြေရင်း၌ ပျပ်ပျပ်ဝပ်ဝပ် ရှိနေသော ရွာကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

လီကြိုး၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

နှစ်အတန်ကြာ ကွဲကွာနေခဲ့သော ဇာတိရွာကလေးသို့ မကြာမီ ပြန်လည်ရောက်ရှိနိုင်တော့မည် မဟုတ်ပါလား။

လီကြိုးက လက်နှစ်ဘက် ဆန့်တန်းကာ ရင်ကော့ပြီး ကျယ်လောင်စွာ ဟစ်ကြွေးလိုက်လေသည်။

"ငါ ပြန်လာပြီဟေ့"

ထို့နောက် တောင်ပူစာလေးပေါ်မှဆင်းကာ ကိုယ်ဖော့ပညာအသုံးပြုပြီး တဟုန်ထိုး ပြေးသွားလိုက်လေတော့သည်။

* * *



လီကြိုးသည် တောင်ခြေရွာကလေးသို့ ရောက်ရှိသွားသောအခါ အလွန်ဝမ်းနည်းကြေကွဲစရာကောင်းသော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

တောင်ခြေရွာကလေး၌ မှီတင်းနေထိုင်သူ တစ်ရာကျော်ရှိလေသည်။

လီကြိုး၏မိဘ၊ ညီအစ်ကိုမောင်နှမများလည်း ပါဝင်သည်။

လီကြိုး ရောက်ရှိသွားချိန်၌ တောင်ခြေရွာကလေး၌ မှီတင်းနေထိုင်သူအားလုံး တစ်ယောက်မကျန် သေဆုံးနေသည်ကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

လီကြိုး ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရတော့သည်။

သိုင်းလောက၌ ကျင်လည်ခဲ့သူပီပီ ယခုကဲ့သို့ တစ်ရွာလုံး တစ်ယောက်မကျန် သေဆုံးသွားကြသည်မှာ ပြင်းထန်သော အဆိပ်တစ်မျိုးကြောင့် ဖြစ်ကြောင်း နားလည်မိသည်။

ထို့ကြောင့် အလောင်းများကို ထိတွေ့ကိုင်တွယ်ခြင်း မပြုဘဲ တစ်ရွာလုံးကို မီးရှို့ကာ အလောင်းများကို သင်္ဂြိုဟ်လိုက်လေသည်။

ထို့နောက် ဇာတိရွာကလေးကို ကျောခိုင်းထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လီကြိုးက စိန်ထင်းမြို့သို့ ရောက်ရှိလာပြီး စားသောက်ဆိုင်တစ်ဆိုင်၌ ခေတ္တအနားယူ စားသောက်လိုက်လေသည်။

သူက သိုင်းလောကသို့ ပြန်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

လီကြိုး စားသောက်ရင်း အခြားသော စားသောက်သူများ ပြောဆိုနေကြသည့် စကားသံများ ကြားလိုက်ရသောအခါ ထိတ်လန့်အံ့ဩသွားလေသည်။

"ကောက်ကျင်းနယ်ထဲကို နတ်ဆိုးတစ်ပါး ရောက်လာတယ်ကွ"

"အေး..သူရောက်လေရာ အရပ်တိုင်းမှာ လူတွေ အများကြီး သေဆုံးသွားကြတာ"

"ခုဆိုရင် ကျေးရွာသုံးရွာ ပျက်စီးသွားပြီ၊ ရွာသူရွာသားတွေ တစ်ယောက်မှ မကျန်ဘူး"

လီကြိုး ရင်ထိတ်သွား၏။

"နတ်ဆိုးဆိုပါလား"

သူ၏ဓာတိ ကျေးရွာကလေး ပျက်စီးနေပုံကို ပြန်လည်မြင်ယောင်လာလေသည်။

စကားသံများက ဆက်လက်ထွက်ပေါ်နေ၏။

"နတ်ဆိုးက ရွာတွေထဲ ဝင်ပြီး သူ့ကို ကိုးကွယ်ရမယ်၊ သူခိုင်းတာ လုပ်ရမယ်၊ ဒါမှမဟုတ်ရင် တစ်ရွာလုံး သေကြေပျက်စီးရမယ်လို့ ခြိမ်းခြောက်တာ"

"ဟုတ်တယ်၊ နတ်ဆိုးကို လက်မခံတဲ့ ကျေးရွာသုံးရွာ သေ



ကြေပျက်စီးခဲ့ရတာ လက်တွေ့ပဲ"

လီကြိုး မနေနိုင်တော့ပါ။

ပြောဆိုနေသူများ အနီးသို့ ချဉ်းကပ်ပြီး မေးမြန်းလိုက်လေသည်။

"နတ်ဆိုးကို တွေ့ဖူးသလားဗျာ"

လူတစ်ယောက်က...

"ကျုပ်တို့ မတွေ့ဖူးပါဘူး၊ ဒါပေမယ့် တွေ့ဖူးတဲ့ လူတစ်ယောက်ကတော့ နတ်ဆိုးဟာ အနီရောင်ဝတ်ထားတဲ့ အဘိုးအိုတစ်ယောက်လို့ ပြောတယ်ဗျ"

လီကြိုးက...

"အခု သူ ဘယ်ရောက်သွားပြီလဲဗျ"

"မသိဘူး"

"ဟုတ်တယ်၊ ကျေးရွာသုံးရွာ ပျက်စီးသွားပြီး နောက်ပိုင်း သူ့ရဲ့သတင်း မကြားရတော့ဘူး"

"တစ်ချို့ကတော့ ကောက်ကျင်းနယ်ထဲက ထွက်သွားပြီလို့ ပြောတယ်"

"အင်း..ထွက်သွားပြီဆိုတာ ဖြစ်နိုင်တယ်၊ သူရှိနေသေးရင် မကောင်းသတင်းတွေ ကြားနေရဦးမှာ"

"သူ့ရဲ့သတင်း ပျောက်ကွယ်သွားတာ ဘယ်လောက်ကြာသွားပြီလဲဗျာ"

ထိုလူက...

www.burmeseclassic.com

www.burmeseclassic.com



"တစ်လလောက် ရှိပြီ၊ ဒါကြောင့် သူထွက်သွားပြီလို့ ပြောနိုင်တယ်"

အခြားတစ်ယောက်က...

"လူယောင်ဖန်ဆင်းလာတဲ့ နတ်ဆိုးဟာ မိစ္ဆာတိုင်းပြည်ကိုပဲ ပြန်သွားမှာပေါ့"

ဟု ဝင်ပြောလေသည်။

လီကြီးသည် မိစ္ဆာနတ်ဆိုးဆိုသည်ကို လက်မခံပါချေ။

အနီရောင်ဝတ်အဘိုးအိုမှာ အဆိပ်သိုင်းသမားတစ်ဦး ဖြစ်ရမည်ဟု တွေးမိထားပြီဖြစ်သည်။

အဆိပ်အသုံးပြုခြင်းဖြင့် တိုက်ခိုက်စရာမလိုဘဲ တစ်ချိန်တည်း၊ တစ်နေရာတည်း၌ လူပေါင်းများစွာကို သေဆုံးသွားစေနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း သိုင်းလောကသို့ ပြန်ကာ သတင်းစုံစမ်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

ယခု ကြားသိရသော သတင်းများကြောင့် သိုင်းလောကမှ အဆိပ်သိုင်းသမားတစ်ယောက်က ကောက်ကျင်းနယ်ခြားသို့ လာကာ အဆိပ်ပညာကို လက်တွေ့စမ်းသပ်ပြီးနောက် သိုင်းလောကသို့ ပြန်သွားခြင်း ဖြစ်ကြောင်း သဘောပေါက်သွားပြီ ဖြစ်လေသည်။

လီကြီးက သိုင်းလောကသို့ အမြန်ဆုံးပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



လီကြီး တွေးမိသည့်အတိုင်း ငရဲအဆိပ်ဝူးကြည်သည် သူ၏အဆိပ်အာနိသင်ကို စမ်းသပ်ကြည့်ပြီးနောက် သိုင်းလောကသို့ ပြန်သွားခဲ့လေသည်။

ဝူးကြည်သည် သူပညာကုန် အသုံးပြုကာ ဖော်စပ်ခဲ့သော အဆိပ်ကို ကျေနပ်အားရလှသည်တော့ မဟုတ်ပါချေ။

သူ၏အဆိပ်က ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည်။

သူက အဆိပ်အသုံးပြုလိုက်သည်ကို မည်သူမျှ မရိပ်မိနိုင်အောင် ပိပိရိရိ အသုံးပြုနိုင်သည်။

အဆိပ်မိသွားပါက ဖြေဆေး မရှိဘဲ မလွဲမသွေ သေဆုံးသွားရမည် ဖြစ်သည်။

သို့သော်...

ထိုအဆိပ်၏အားနည်းချက်ကား အဆိပ်မိသွားသူအား ချက်ခြင်းလဲကျ သေဆုံးသွားရန် မစွမ်းဆောင်နိုင်ခြင်း ဖြစ်သည်။

အဆိပ်မိသွားသူသည် အဆိပ်မိထားမှန်း မသိဘဲ တစ်လအတွင်း အလိုလို သေဆုံးသွားမည် ဖြစ်သည်။

အဆိပ်မိခဲ့သည့် အဆိပ်ပမာဏအပေါ် မူတည်ကာ တစ်ပတ်၊ ဆယ်ရက်၊ တစ်လ အတွင်း သေဆုံးသွားမည် ဖြစ်သည်။

ရက်တိုတိုနှင့် အမြန်ဆုံး သေဆုံးသွားစေလိုလျှင် အဆိပ်ပမာဏကို ပိုပြီး အသုံးပြုရမည် ဖြစ်သည်။

အဆိပ်များများ အသုံးပြုရပြီဆိုလျှင် တိုက်ခိုက်ခံရသူ ရိပ်

www.burmeseclassic.com

www.burmeseclassic.com



မိသွားနိုင်သည့် အားနည်းချက် ဖြစ်သည်။

သိုင်းသမားတစ်ယောက်သည် အဆိပ်ဖြင့် တိုက်ခိုက်ခံရကြောင်း သိလျှင်သိချင်း ခုခံကာကွယ်ဖို့ အစွမ်းကုန် ကြိုးစားမည်သာ ဖြစ်လေသည်။

ဤတွင်...

မသိအောင် တိတ်တဆိတ် လျှို့ဝှက်တိုက်ခိုက်ခြင်းလောက် ထိရောက်မှုရှိဖို့ မသေချာတော့ပါ။

ဂူးကြည်က အဆိပ်ကို သိုင်းပညာ မရှိသော နယ်ခြားဒေသရှိ ရွာသူရွာသားများအား စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်...

သာမန်လူများကဲ့သို့ မဟုတ်ဘဲ သိုင်းပညာနှင့် အတွင်းအားရှိသော သိုင်းလောကသားများကို တိုက်ခိုက်ပြီး အဆိပ်အစွမ်းကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။

ဂူးကြည်က သိုင်းလောကထဲ ရောက်လာသည်နှင့် မထင်မရှား သိုင်းသမားအချို့ကို တိုက်ခိုက်ရင်း လက်တွေ့စမ်းသပ်လိုက်လေသည်။

* * *



## ခြေရာကောက်

လီကြုံးလည်း သိုင်းလောကထဲ ရောက်လာပြီ ဖြစ်သည်။

လီကြုံးမှာ မိတ်ဆွေသင်္ဂဟ ပေါများသူဖြစ်သည်။

သိုင်းလောကထဲ ရောက်သည်နှင့် အလွန်ရင်းနှီးသော လူပုဆိုသူနှင့် သွားရောက်တွေ့ဆုံခဲ့လေသည်။

လူပုသည် လီကြုံးက ဖြုန်းစားကြီး ရောက်လာသဖြင့် အံ့သြနေ၏။

"ဟော့..ဆံရှည်၊ မင်းက ဓာတိရပ်ရွာကို ပြန်သွားတယ်နဲ့ မဟုတ်လား၊ ဘယ်လိုလုပ်ပြီး ပြန်ရောက်လာတာလဲကွ"

ဆံရှည်သိုင်းသမားလီကြုံးက...

"ငါက အမြန်ဆုံး ပြန်လာခဲ့တာ လူတစ်ယောက်ကြောင့်ကွ"

"မင်း ဘာဖြစ်လာတာလဲ၊ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အနီရောင်ဝတ်ထားတဲ့ အဘိုးအိုတစ်ယောက်ကွ"

လီကြိုးက အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

လူပု ရင်ထိတ်သွားလေသည်။

"မင်းပြောတဲ့အတိုင်းဆိုရင် ငရဲအဆိပ်ဝူးကြည် ဖြစ်မယ် ထင်တယ်"

"ဟေ"

"အဆိပ်ပညာနဲ့ ပတ်သက်လာရင် ဝူးကြည်ထက် ကြောက်စရာကောင်းတဲ့လူ သိုင်းလောကမှာ မရှိတော့ဘူးကွ"

လီကြိုးလည်း ဝူးကြည်ကို မတွေ့ဘူးသော်လည်း ဝူးကြည်၏သတင်းများကို နားမဆန့်အောင် ကြားဖူးထားပြီး ဖြစ်လေသည်။

နယ်ခြား၌ သောင်းကျန်းသွားသူမှာ ဝူးကြည် ဖြစ်နေသည်ဆိုပါက ရင်ဆိုင်ဖို့ အလွန်ခက်ခဲမည် မဟုတ်ပါလား။

လူပုက...

"ဝူးကြည်ဆိုရင် မင်း နောက်ဆုတ်လိုက်တာ အကောင်းဆုံးပဲကွ"

ဟု သတိပေးလေသည်။

လီကြိုး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"မဖြစ်ဘူး"

"ဘာကြောင့်လဲ"

"ဝူးကြည်ကြောင့် ငါ့မိသားစု အပါအဝင် တစ်ရွာလုံး သေဆုံးသွားခဲ့ကြတာ"



အမှန်တော့ ဆံရှည်သိုင်းသမားလီကြိုးသည် ပျော်ပျော်နေတတ်ပြီး နောက်ပြောင်ကျီစယ်တတ်သူလည်း ဖြစ်သည်။

ယခု လီကြိုးက အလေးအနက်ထားကာ ပြောနေ၏။

"ဝူးကြည်ကို ရင်ဆိုင်ရင် ငါ့အသက် သေဆုံးသွားပါစေ၊ ငါ နောက်ဆုတ်မှာ မဟုတ်ဘူး"

လူပု သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ်လေ၊ ဝူးကြည်ဟာ သိုင်းလောကကို ဖျက်ဆီးမယ့်လူဆိုတော့ သူ့ကို တားဆီးတာ မှန်ကန်တဲ့ လုပ်ရပ်တစ်ခုပါပဲ၊ ကဲ..ငါ ဘာကူညီရမလဲ ပြောပါ"

လီကြိုးက...

"ဝူးကြည်ရဲ့သတင်းကို စုံစမ်းပေးဖို့ မင်းကို အကူအညီတောင်းချင်တယ်"

"ကောင်းပြီ၊ ငါ့အစွမ်းကုန် ကြိုးစားကူညီမယ်"

လူပု ကတိပေးလိုက်၏။ လီကြိုး ဝမ်းသာသွား၏။

သိုင်းလောက၌ သတင်းအနံ့ခံ အကောင်းဆုံးလူမှာ လူပု မဟုတ်ပါလား။

လူပု စုံစမ်းပေးလျှင် မည်သူမျှ ရှာမတွေ့နိုင်သည့် ဝူးကြည်၏သတင်းကို ကြားသိရလိမ့်မည်ဟု လီကြိုး ယုံကြည်ထားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝူးကြည်...။

ဝူးကြည်သည် နယ်ခြားမှ ပြန်လာပြီးနောက် သူ၏အဆိပ်အပေါ် အားမလို အားမရ ဖြစ်မိသော်လည်း ယန်ယီကျင်းက အကောင်းဆုံး အဆိပ်ဖြေဆေး ဖော်စပ်ခြင်း မပြုနိုင်မီ သူ၏အဆိပ်ကို အသုံးချကာ ဒုက္ခပေးရန် ဆုံးဖြတ်လိုက်လေသည်။

သိုင်းလောကထဲ လှည့်လည်သွားလာရင်း နာမည် ရှိသည့် အဖြူရောင်သိုင်းသမားများကို တွေ့လျှင် အဆိပ်ဖြင့် တိတ်တဆိတ်တိုက်ခိုက်ခဲ့လေသည်။

သိုင်းသမားများသည် သူတို့ အဆိပ်ဖြင့် တိုက်ခိုက်ခံရသည်ကို မရိပ်မိခဲ့ကြချေ။

ဝူးကြည်က သူတိုက်ခိုက်ခဲ့သော သိုင်းသမားများ၏ အခြေအနေကို စောင့်ကြည့်ခဲ့လေသည်။

ထိုအခါ...

သိုင်းသမားများ သေဆုံးသွားကြပုံခြင်း မတူညီဘဲ ကွဲပြားခြားနားသည့်သဘော ရှိနေသည်ကို တွေ့ရလေသည်။

အချို့က အဆိပ်မိပြီး ရက်နှစ်ဆယ်ခန့်ကြာမှ အဆိပ်အာနိသင်ပြကာ သေဆုံးသွား၏။

အချို့က ဆယ့်ငါးရက်။

အချို့က ဆယ်ရက်။

အဆိပ်အာနိသင်ပြပုံခြင်း မတူညီ ကွဲပြားခြားနေသည်ကို ဝူးကြည် မှတ်သားခဲ့သည်။



ထို့အပြင်...

အဆိပ်ပမာဏ အနည်း အများကို ချိန်ဆကာ အသုံးပြုစမ်းသပ်သည်။

သို့ဖြင့်...

အဆိပ်ပမာဏ မည်ရွေ့မည်မျှ အသုံးပြုလျှင် မည်သည့်နေ့ရက်အချိန်၌ သေဆုံးသွားမည်ဆိုသည်ကို တွက်ဆ၍ ရလာလေသည်။

ဝူးကြည်က တဖြည်းဖြည်း အားရကျေနပ်လာလေတော့သည်။

တစ်နေ့...

ဝူးကြည်က ကျက်သရေမြင်းလှည်းနှင့် ပြန်လည်ဆုံစည်းခဲ့ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝူးကြည်သည် တောလမ်းအတိုင်း ဖြတ်သန်းလာခဲ့ရာ တစ်နေရာသို့ အရောက်တွင်…

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာကာ မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

အလွန်လှပတင့်တယ်သည့် မြင်းလှည်းတစ်စီး ဖြစ်လေသည်။

ဝူးကြည် ဝမ်းသာသွားလေသည်။

တစ်ချိန်က သူစိတ်ဝင်စားခဲ့သော ငွေကြေးအကုန်အကျခံကာ တည်ဆောက်ထားသည့် ကျက်သရေမြင်းလှည်း ဖြစ်နေသည် မဟုတ်ပါလား။

ကျက်သရေမြင်းလှည်းကို တွေ့ရသဖြင့် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သည့် 'မိုးနဂါး'ကို သတိရလာ၏။

မိုးနဂါးသည် နေဝန်းခြံဝင်းမှ သခင်လေးထင်းလုံ ဖြစ်သည်။

ထင်းလုံကဲ့သို့ လူငယ်လေးတစ်ယောက်က ထိပ်သီးဂိုဏ်းချုပ်ကြီးများပင် မလုပ်နိုင်သော ကိစ္စတစ်ခုကို အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ ချီးကျူးစရာကောင်းနေသည်။

ထို့ကြောင့် ဝူးကြည်က မိုးနဂါး(ဝါ)ထင်းလုံအား ဂုဏ်ပြုဖို့ စဉ်းစားထားပြီး ဖြစ်သည်။

"ထင်းလုံ၊ မင်းရဲ့အလောင်းကို ကျက်သရေမြင်းလှည်းနဲ့



သယ်ဆောင်သင်္ဂြိုလ်ရဖို့ ငါတာဝန်ယူပါ့မယ်"

ဟု ရေရွတ်လိုက်သည်။

တဖြည်းဖြည်း နီးကပ်လာသည့် ကျက်သရေမြင်းလှည်းကို ကြည့်ပြီး…

"ကျက်သရေမြင်းလှည်းကို ငါအလိုရှိတဲ့ အချိန်မှာ အသုံးပြုနိုင်အောင် တစ်ခါထဲ ယူသွားတော့မယ်"

သူ၏လက်တစ်ဘက် ဝှေ့ယမ်းလိုက်လျှင်…

"အမယ်လေး"

မြင်းလှည်းသမား အော်ဟစ်ရင်း ပြုတ်ကျသွား၏။

တခဏအတွင်းမှာပင် ဝူးကြည်က မြင်းလှည်းမောင်းသမားနေရာသို့ ရောက်ရှိသွားပြီး မြင်းလှည်းကို ဆက်လက်မောင်းနှင်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်ခွပ်..ခွပ်ခွပ်"

ဝူးကြည် မောင်းနှင်သွားသော ကျက်သရေမြင်းလှည်းကို လီကြီး မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

စိတ်ဝင်စားသဖြင့် တိတ်တဆိတ် နောက်ရောင်ခံလိုက်သွားလေသည်။

ဝူးကြည်က အဆိပ်ဖော်စပ်ခဲ့စဉ်က နေထိုင်ခဲ့သော လျှို့ဝှက်လိုဏ်ဂူဆီသို့ မောင်းနှင်သွားပြီး အနီးပတ်ဝန်းကျင်၌ ဝှက်ထားလိုက်လေသည်။

လီကြီးက ဝူးကြည်၏လျှို့ဝှက်လိုဏ်ဂူကို တွေ့ရသော်လည်း ဝူးကြည်အား ရုတ်တရက် မတိုက်ခိုက်ဝံ့သေးပေ။

ဝူးကြည်မှာ အလွန်ကြောက်စရာကောင်းသူ ဖြစ်ရကား...

"သူ့ရဲ့လျှို့ဝှက်ချက်ကို ငါသိနေပြီပဲ"

လီကြီးက အခွင့်အရေးစောင့်ဖို့ ဆုံးဖြတ်လိုက်သလို ဝူးကြည်ကလည်း သိုင်းလောကသားများအား ခုက္ခပေးဖို့ သိုင်းလောကထဲ ပြန်ထွက်သွားလေတော့သည်။

* * *



## ငရဲခေါ်သံ

လုယန်မြို့ရှိ စိန့်မျိုးနွယ်စံအိမ်ဆီသို့ ရုပ်ဝေးရပ်နီး ဧည့်သည်များ ဝင်လာမစဲ တသဲသဲ ဖြစ်နေကြသည်။

ထိုသို့ ရောက်ရှိလာသော ဧည့်သည်များမှာ...

စိန့်မျိုးနွယ်စံအိမ်ရှင် စိန့်ကျောင်း၏ဖိတ်ကြားချက်ကြောင့် ရောက်ရှိလာသူများ ဖြစ်ကြသည်။

ဧည့်သည်များထဲ၌ အလယ်အလတ်လူများသာမက ပြည်နယ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သိုင်းလောကမှ အထင်ကရပုဂ္ဂိုလ်များလည်း ပါဝင်ကြသည်။

တကယ်တမ်း ပြောရလျှင် စိန့်မျိုးနွယ်စံအိမ်ရှင် စိန့်ကျောင်းသည် အတော်အတန် မျက်နှာကြီးသူတစ်ယောက် ဖြစ်လေသည်။

လုယန်မြို့ရှိ ချမ်းသာသူများ စာရင်းတွင် စိန့်ကျောင်းတစ်ယောက် အပါအဝင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ကွယ်လွန်သွားသော မိဘများ၏ အရှိန်အဝါက ရှိသေးသောကြောင့် ဧည့်ခံပွဲမှာ စိန့်ကျောင်းအဖို့ လွန်စွာဂုဏ်ယူစရာကောင်းလှသည့် ဧည့်ခံပွဲကြီး ဖြစ်လေသည်။

မွေးနေ့ဧည့်ခံပွဲ ကျင်းပရန် အချိန် နီးကပ်လာသည်နှင့်အမျှ ဖိတ်ကြားထားသည့် ဧည့်သည်များမှာလည်း စုံစုံညီညီ ရှိနေကြပြီ ဖြစ်သည်။

ဧည့်သည်များ၏ရှေ့တွင် အငွေ့များ တထောင်းထောင်း ထနေသည့် စားကောင်းသောက်ဖွယ်များလည်း ပြင်ဆင်ထားပြီး ဖြစ်၏။

"ချလွမ်..ချလွမ်"

အလွန်သာယာနာပျော်ဖွယ်ကောင်းသည့် ခေါင်းလောင်းသံလေးများ ပေါ်ထွက်လာ၏။

ဧည့်ခန်းဆောင်အတွင်း၌ ဟိုဟိုသည်သည် ပြောဆိုနေကြသည့် အသံများ ရုတ်ခြည်းတိတ်ဆိတ်သွား၏။

ခေါင်းလောင်းသံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း အသင့်စောင့်ဆိုင်းနေကြသော အခိုင်းအစေများက ဧည့်သည်တော်များရှေ့ရှိ အရက်ခွက်အတွင်းသို့ အရက်များ လိုက်လံဖြည့်ပေးလိုက်သည်။

ထိုအချိန် ဧည့်ခန်းဆောင်ဘေးရှိ အတွင်းဘက်တံခါးမှာ ပြင်သာစွာ ပွင့်သွား၏။

ထိုပွင့်လာသော တံခါးပေါက်မှ အလွန်တန်ဖိုးရှိ၍တောက်



ပြောင်သော အဝတ်အစားဝတ်ထားသည့် စိန့်ကျောင်းက ဧည့်ခန်းဆောင်အတွင်းသို့ ခြေလှမ်းမှန်မှန်ဖြင့် ဝင်ရောက်လာလေသည်။

စိန့်ကျောင်းသည် ကြွရောက်လာကြသော ဧည့်သည်များကို တစ်ချက်ဝေ့ကြည့်ကာ စပြီး နှုတ်ဆက်လိုက်၏။

"အခုလို ကြွရောက်ချီးမြှင့်ကြတဲ့အတွက် ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းကို ကျွန်တော် ကျေးဇူးအထူးတင်ရှိပါတယ်ဗျာ၊ လူကြီးမင်းတို့ ကြွရောက်ကြတဲ့အတွက်လဲ ကျွန်တော်ဝမ်းမြောက်ပါတယ်ဗျာ"

စိန့်ကျောင်းက တရင်းတနှီးဖြင့် ကျေးဇူးတင်စကား ပြောပြီးနောက် စားပွဲရှည်ထိပ်မှ အရက်ခွက်ကို လှမ်းယူလိုက်သည်။

ဧည့်သည်များကလည်း သူတို့ရှေ့ရှိ အရက်ခွက်ကို မြှောက်လိုက်ပြီး စိန့်ကျောင်းအတွက် ဆုမွန်ကောင်းများ တောင်းလိုက်ကြလေသည်။

စိန့်ကျောင်းက ချောင်းတစ်ချက် ဟန့်လိုက်၏။

"အားလုံးကို ကျေးဇူးတင်စကား ထပ်ပြောပါရစေဗျာ၊ ကျွန်တော့်ရဲ့စေတနာ အထမြောက်အောင် ကျွန်တော့်ရဲ့ ဧည့်ခံကျွေးမွေးမှုကိုလဲ အားရပါးရစားသောက်ပါ၊ အားလုံးပဲ ပျော်ပျော်ပါးပါး စားသောက်ကြပါ ခင်ဗျာ"

စိန့်ကျောင်းက ဧည့်သည်အားလုံးကို ပြုံးရွှင်စွာဖြင့် ပြောရင်း လက်ထဲရှိ အရက်ခွက်ကို သောက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်…

www.burmeseclassic.com

www.burmeseclassic.com



"ထောက်"

တိုးညင်းသော လေတိုးသံနှင့်အတူ စိန့်ကျောင်း၏အရက်ခွက်ထဲသို့ တစ်စုံတစ်ခု ရိပ်ခနဲကျလာသည်။

ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေကြောင့် စိန့်ကျောင်း ထိတ်လန့်သလို ဖြစ်သွားပြီး အရက်ခွက်ကို သေချာကြည့်လိုက်၏။

အရက်ခွက်အတွင်း၌ စက္ကူအလုံးလေးတစ်ခု ကျလာသည်။

စက္ကူအလုံးပေါ်တွင် စာများ ရေးသားထား၏။

မည်သည့်နေရာက မည်သို့ ရောက်ရှိလာသည် မသိဘဲ အရက်ခွက်ထဲသို့ သေချာစွာ စိုက်ထားသကဲ့သို့ ဖြစ်နေသော အလုံးကလေးကို ကြည့်ပြီး စိန့်ကျောင်း မျက်မှောင်ကြုတ်သွားတော့သည်။

စိန့်ကျောင်း၏အနီးအနားဝန်းကျင်၌ ရှိသော အရင်းနှီးဆုံး မိတ်ဆွေဖြစ်သည့် ဝတ်စုံညိုနှစ်ယောက်မှာ အံ့အားသင့်လွန်းသဖြင့် သတိလက်လွတ် မတတ်ရပ်လိုက်ကြပြီး စက္ကူအလုံးလေးကို မျက်လုံးပြူးပြီး ကြည့်နေလေ၏။

လုံးဝ မမြင်နိုင်သည့် အခြေအနေမျိုးမှ ရောက်ရှိလာသည့် စက္ကူအလုံးလေးကို ကြည့်ပြီး ထိုအလုံးကို အသုံးပြုလိုက်သူမှာ သိုင်းပညာ အလွန်ထက်မြက်သည့် သိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း အားလုံးတွက်ဆမိလိုက်၏။

"စိန့်ကျောင်း။ အလုံးကလေး ဘယ်က ရောက်လာတာလဲ"

စိန့်ကျောင်း၏ညာဘက်မှ ကုန်သည်ကြီးဟိုဆိုသူက မေးလိုက်လေသည်။



ကုန်သည်ကြီးဟိုမှာ စိန့်ကျောင်းနှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက် ဖြစ်သည်။

"အင်း"

စိန့်ကျောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်...

စိတ်မသက်သာစွာဖြင့် ခေါင်းကို ခါယမ်းပြလိုက်၏။

စိန့်ကျောင်းမှာ ဧည့်ခန်းဆောင် အတွင်းရှိ နီးစပ်ရာ စားပွဲများနှင့် အလုံး အသုံးပြုသူ၏ လှုပ်ရှားမည့်ပုံကို အဆက်မပြတ် အကဲခတ်နေသည်။

သူတို့ကိုယ်တိုင်ကလည်း အလုံးပစ်လိုက်သူမှာ အဆင့်မြင့် ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဟု သိလိုက်ကြပြီး စိန့်ကျောင်း၏ အရက်ခွက်အတွင်းသို့ အလုံး မည်သို့မည်ပုံ ပစ်ထည့်လိုက်ကြောင်း စဉ်းစားမရနိုင်လောက်အောင် ဖြစ်နေ၏။

စိန့်ကျောင်းသည် စက္ကူအလုံးကလေးကို ကြည့်ပြီး ရေးသားထားသော စာများကို ဖတ်လိုက်လေ၏။

"အမိန့်

စိန့်ကျောင်း ရှစ်လပိုင်း ဆယ့်သုံးရက်နေ့ ယောယုဝသို့ ရောက်ရှိမည်။

ငရဲတမန်"

ဟူ၍ ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စာကို ဖတ်ပြီးသောအခါ စိန့်ကျောင်း၏မျက်နှာ ကွက်ခနဲ ဖျက်သွားပြီး ရင်ထဲ လှုပ်ရှားသွား၏။

စိန့်ကျောင်းအနီးမှ လူများသည် စိန့်ကျောင်း၏မျက်နှာကို အကဲခတ်ပြီး စက္ကူအလိပ်၌ ထူးခြားချက် တစ်စုံတစ်ရာ ရှိရမည်ဟု တွက်ဆလိုက်သည်။

စိန့်ကျောင်းနှင့် ရင်းနှီးသော အဘိုးအိုက ပြောလိုက်လေသည်။

"အင်း..သည်အလိပ် ရောက်လာပုံကို ကြည့်ပြီး အလိပ်ပစ်လိုက်တဲ့လူဟာ တော်ရုံတန်ရုံလူ မဟုတ်ဘူးဆိုတာ ခန့်မှန်းလို့ရတယ်၊ ဒါနဲ့ ဘာစာတွေ ရေးထားသလဲကွ"

နောက်တစ်ယောက်ကလည်း သူ၏ထင်မြင်ချက်ကို ပြောလိုက်၏။

"စိန့်ကျောင်း သည်ကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူး ထင်တယ်"

"စိန့်ကျောင်း အလိပ်မှာ ဘာတွေ ရေးထားသလဲ၊ ကျုပ်တို့ သိခွင့်ရမယ်ဆိုရင်တော့ ပြောပြပါ"

စိန့်ကျောင်း၏မိတ်ဆွေများက ဝိုင်းဝန်း၍ သတိပေးကာ မေးမြန်းလိုက်ကြ၏။

စိန့်ကျောင်းမှာ သူရဲဘောကြောင်သူတစ်ယောက် မဟုတ်ပါချေ။

သို့သော်...



ထိုစာကို ဖတ်လိုက်ရသောအခါ ရင်ထဲ၌ လှုပ်ရှားလာလေသည်။

စိန့်ကျောင်းသည် လက်ထဲရှိ အလိပ်ကလေးကို ကိုင်မြှောက်လိုက်ပြီး ညှိသည့်တော်များသည် ထူးဆန်းစွာ ရောက်ရှိလာသော အလိပ်ကလေးနှင့် အလိပ်ပေါ်ရှိ ထူးခြားမှုတို့ကို လွန်စွာစိတ်ဝင်စားနေကြကြောင်း အကဲခတ်မိ၏။

"အဟမ်း..အဟမ်း"

စိန့်ကျောင်းက ချောင်းတစ်ချက်ဟန့်လိုက်၏။

အားလုံးက စိန့်ကျောင်း ပြောလာမည့် စကားများကို နားစွင့်နေကြသည်။

"အားလုံးက အလိပ်လေးကို စိတ်ဝင်စားနေကြမှာပါ၊ သည်အလိပ်ကလေး ရောက်လာပုံက ထူးခြားတဲ့အတွက် ကျွန်တော်လဲ အတော်လေး အံ့သြမိတယ်၊ သည်အလိပ်ကို အသုံးပြုတဲ့လူဟာ သိုင်းပညာ အဆင့်မြင့်တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ သည်အလိပ်ပေါ်မှာလဲ ဖတ်ရသူအဖို့ အထူးအဆန်း ဖြစ်စေမယ့်စာမျိုး ရေးထားပါတယ်"

စိန့်ကျောင်းက စကားကို ခေတ္တရပ်လိုက်ပြီး ညှိခန်းဆောင်တစ်ခုလုံးကို ဝေ့ကြည့်လိုက်၏။

ညှိခန်းတစ်ခုလုံးမှာ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေ၏။

လူအားလုံး၏ခေါင်းများသည် ရှေ့သို့ တိုးလာသည်ဟု စိန့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ထင်မိသည်။ သူက စာထဲ၌ ပါသည့် အကြောင်းများအား ပြောပြလိုက်လေသည်။

"ဟာ.. ဘယ်လိုစာမျိုးလဲ၊ သည်လို စာမျိုး တစ်ခါမှ မကြားဖူးပါဘူး"

"အတော်လာတဲ့လူပဲ၊ သူ့ကိုယ်သူ သေမင်းများ အောက်မေ့နေသလား မသိဘူး"

"အေးဗျာ၊ မြိမ်းခြောက်တာကလဲ ကြီးကျယ်လိုက်တာ၊ စိန့်ကျောင်းကလဲ နယ်နယ်ရရ လူမှတ်လို့"

ဧည့်သည်များက ဧည့်ခန်းဆောင်အတွင်း တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာ၏။

"သည်ကနေ့ဟာ ကျွန်တော့်ရဲ့ မွေးနေ့ ရှစ်လပိုင်း ဆယ်ရက်နေ့ပါပဲ၊ သည်စာအရဆိုရင် ကျွန်တော်ဟာ နောက်ထပ် သုံးရက်ကြာရင် သေရပါတော့မယ်"

"သည်ကိစ္စနဲ့ ပတ်သက်ပြီး အားလုံးပိုင်းဝန်းအကြံပေးစေလိုပါတယ်"

"ဟား..ဟား..ဟား၊ စိန့်ကျောင်း၊ ခင်ဗျားကို ခြိမ်းခြောက်တဲ့လူက စိတ်မှ ကောင်းသေးရဲ့လား မသိဘူး၊ သူ့လုပ်ပုံက အတော့်ကို ရယ်စရာကောင်းနေတယ်"

ငွေရောင်ဆံပင်နှင့်လူသန်ကြီးတစ်ဦးက အသေးအဖွဲ့ ကိစ္စတစ်ခုပမာ ရယ်လိုက်လေသည်။

* * *



## အတိတ်ကလူတစ်ယောက်

"ငွေဆံပင်လူသန်ကြီးကတော့ သူ မကြုံဖူးလို့ ပေါ့ပေါ့ဆဆ ပြောနေတာ၊ အလံကို ပစ်လိုက်တဲ့လူက ပညာအဆင့်မြင့်တဲ့ သိုင်းသမားမှ ပစ်နိုင်တာ၊ ကျွန်တော်တို့တောင် သည်လို မလုပ်နိုင်ဘူး"

"အစ်ကိုလတ် ပြောတာ မှန်တယ်၊ အလံပိုင်ရှင်နဲ့ စိန့်ကျောင်းတို့က ဘယ်လိုပြဿနာရှိလဲ မသိဘူး။ သူသတ်မယ်ဆိုရင်တောင် စိန့်ကျောင်းကို သတ်နိုင်မယ်လို့ထင်တယ်၊ ဒါပေမယ့် မလွယ်ပါဘူး"

"ဟုတ်တယ်၊ အစ်ကိုကြီး၊ သိုင်းလောကမှာ ထူးဆန်းတဲ့ အဖြစ်မျိုး ဖြစ်လာမယ်ဆိုရင်တော့ ရင်လေးစရာ ကောင်းတာပေါ့"

"ကြိုတင်သတိပေးပြီးမှ သတ်မယ်ဆိုတော့ လူသတ်သမားရဲ့ စိတ်ဓာတ်က အတော်ထူးဆန်းတယ်"

"သူ့မှာလဲ ပိုင်လောက်တဲ့ အနေအထားမျိုး ရှိတယ်နဲ့ တူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး"

စွန်ရဲညီနောင်သုံးဖော်မှာ စိန့်ကျော်ဇံနှင့် ပတ်သက်ပြီး အချင်းချင်း တိုးတိုးတိတ်တိတ် ပြောဆိုထင်မြင်ချက်ပေးနေကြလေသည်။

အခြားလူများကလည်း ကိုယ့်အုပ်စုနှင့်ကိုယ် မိမိတို့၏ထင်မြင်ချက်ကို ပြောနေကြ၏။

ထိုစဉ်...

စိန့်ကျော်ဇံ၏အသံ ထွက်ပေါ်လာ၏။

"အားလုံးပဲ အခြေအနေ တွက်ဆပြီး ဖြစ်ပါလိမ့်မယ်၊ ကျွန်တော့် အနေနဲ့ကတော့ သည်လို ခြိမ်းခြောက်မှုမျိုးကို လုံးဝ မတုန်လှုပ်ပါဘူး"

"ဟုတ်တယ်၊ ခင်ဗျားလိုလူ ကျုပ်လိုလူမျိုးကတော့ သည်လို ခြိမ်းခြောက်မှုမျိုးကို စကားထဲတောင် ထည့်ပြောမှာ မဟုတ်ဘူး"

ငွေဆံပင်လူသန်ကြီးက အော်ကျယ်ဟစ်ကျယ် ပြောဆိုလိုက်၏။

အဖြူရောင်ဝတ်အဘိုးအိုသည် ငွေဆံပင်လူသန်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး စိန့်ကျော်ဇံဘက်သို့ ပြန်လှည့်လိုက်၏။

"စိန့်ကျော်ဇံ ဆက်ပြောပါ"

"ပထမဦးဆုံး ကျွန်တော်မြင်သလောက် ပြောရရင်တော့ စာထဲမှာ ထူးခြားမှု ရှိနေပါတယ်၊ အဲဒါက ဘာလဲဆိုတော့ ရေးထားတာကို ဖတ်လိုက်ရတော့ ကျွန်တော်တို့ သိုင်းလောကသားတွေ မေ့



ပျောက်နေတဲ့ ငရဲအဆိပ်ငွေးကြည်ကို ရုတ်တရက် သတိရမိပါတယ်"

စိန့်ကျော်ဇံ၏စကား ကြားလိုက်ရသောအခါ ညွှန့်ခန်းတစ်ခုလုံး တိတ်သွားသည်။

အားလုံး၏အကြားအာရုံတွင် ငရဲအဆိပ်ငွေးကြည်၏အမည်ကို ထပ်တလဲလဲ ကြားနေရ၏။

ခဏကြာမှ မိတ်ဆွေတစ်ဦးက ပြောလိုက်သည်။

"စိန့်ကျော်ဇံ၊ သည်အလဲကို ငရဲအဆိပ်ငွေးကြည် လက်ချက်လို့ ခင်ဗျားထင်သလား"

ညွှန့်ခန်းဆောင်လည်း အနည်းငယ် အသက်ပြန်ဝင်လာသည်။ စိန့်ကျော်ဇံက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော့်အနေနဲ့ ဘယ်သူဘယ်ဝါရယ်လို့ မထင်တတ်အောင်ပါပဲ"

"ခင်ဗျားတို့နှစ်ယောက်ကြားမှာ ပြဿနာ ဖြစ်ခဲ့ဖူးလို့လား"

"မရှိခဲ့ပါဘူး"

"ဒါဆိုရင်တော့ ငွေးကြည်ကိုယ်တိုင် ဟုတ်မယ် မထင်ပါဘူး၊ အင်မတန်ဖြစ်နိုင်တာ တစ်ခုကတော့ ခင်ဗျားနဲ့ ပြဿနာ ရှိခဲ့ဖူးတဲ့ လူတစ်ဦးက ငွေးကြည်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ဖြစ်သွားပြီး ငွေးကြည် ရခဲ့တဲ့ဘွဲ့ကို အသုံးချလိုက်တာပဲ ဖြစ်မယ်လို့ ကျုပ်ထင်တယ်"

သူက ခေါင်းတဆတ်ဆတ်ဖြင့် စဉ်းစားတွက်ဆနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားသမားလုထင်းက ပြောလိုက်၏။

“စောစောက နောင်ကြီး ပြောသွားတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဝူးကြည်ဟာ စိတ်ဓာတ်မှန်ကန်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ သတိရစေချင်တယ်လေ”

“သည်ကိစ္စက ဝူးကြည် လက်ချက်လို့ ထင်ရင် သည်အချက်ကိုပါ ထည့်စဉ်းစားရလိမ့်မယ်”

“ဟုတ်တယ်မို့၊ ဝူးကြည်ဟာ သိုင်းလောကက ပျောက်ကွယ်သွားတာ ကြာပြီ ဖြစ်ပေမယ့် သူ မပျောက်ခင် သူ့ရဲ့အကြောင်း သိစေရမယ်လို့ ကြိုးဝါးခဲ့တာ ကျုပ်အသေအချာ ကြားခဲ့ရတယ်”

“ဒါဆိုရင် ဝူးကြည်က သိုင်းလောကထဲက လူတွေကို စိတ်နာသွားတဲ့ သဘောပေါ့”

“ဟုတ်တယ်၊ နဂိုကလဲ စိတ်မှုမမှန် ဖြစ်နေတယ်၊ သိုင်းလောကသားတွေက သူ့ကို တစ်ခုခုလုပ်ဖို့ ဆွေးနွေးတိုင်ပင်နေတာကို သိသွားတော့ အားလုံးကိုလဲ ရန်သူလို သဘောထားမှာပေါ့”

“သူသာ စိတ်ဓာတ်မှန်တဲ့လူဆိုရင် သိုင်းဂိုဏ်းကြီးတွေရဲ့ တိုင်ပင်ဆွေးနွေးမှုဟာ သူ့အတွက်ရော အများပြည်သူအတွက်ပါ အကျိုးရှိစေမယ့် မှန်ကန်တဲ့ လုပ်ရပ်မျိုးဆိုတာကို သိသွားမှာပါ”

“ခင်ဗျားတို့က သိုင်းလောကမှာ ပျောက်ဆုံးသွားတဲ့ ဝူးကြည်ရဲ့ လက်ချက်ကြောင့်လို့ ထင်နေကြသလားဗျ”

အားလုံးက ဓားသမားလုထင်းကို ကြည့်လိုက်၏။

“ကျုပ်တို့က ဖြစ်နိုင်ချေ ရှိတာတွေကို ဆွဲပြီး ကောက်ချက်



ချကြည့်တာပါ၊ အတိအကျ မပြောရဲပါဘူး၊ သည်က ရောင်းရင်းက ဘယ်လို ထင်မြင်ပါသလဲ”

လုထင်းက ခေါင်းဆတ်ပြရင်း ပြောလိုက်သည်။

“ခင်ဗျားတို့ တွက်ဆချက်လဲ အကျိုးအကြောင်း ဆီလျော်ပါတယ်၊ ကျွန်တော် စဉ်းစားမိတဲ့ အချက်ကတော့ စိန့်ကျောင်းကို မလိုမုန်းထားရှိတဲ့ လူတစ်ယောက်က အဲသည်လို ဂုဏ်ယူစရာ မင်္ဂလာရှိတဲ့ အချိန်မျိုးမှာ တမင် အနှောင့်အယှက်ပေးပြီး စိန့်ကျောင်း မျက်နှာပျက်အောင် သိက္ခာကျအောင်၊ အရှက်ရအောင် လုပ်တာလို့ ထင်ပါတယ်”

“ဟား..ဒါ ဖြစ်နိုင်တယ်၊ ကျုပ်တို့ သည်အချက်ကို လုံးလုံး သတိမရကြဘူး”

ငွေဆံပင်လူသန်ကြီးက အော်ကြီးဟစ်ကျယ် ထောက်ခံပြောဆိုလိုက်၏။

ရေးကြီးခွင်ကျယ် ပြောဆိုနေသော လူများအားလုံးတို့ပင် ဓားသမားလုထင်း၏ ထောက်ပြချက်ကို လက်ခံသဘောတူကြသည်။

စိန့်ကျောင်းသည် ယခုမှ စိတ်သက်သာရာ ရသွားပြီး ရင်ထဲ၌ ပေါ့ပါးသွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့..ဟဲ၊ အနှောင့်အယှက်က မထင်မှတ်ဘဲ ဝင်ရောက်ခဲ့တာကြောင့် ဧည့်သည်တော်များကို အားနာစရာကောင်းနေပြီ၊ သည်ကိစ္စကို မေ့ထားလိုက်ကြပါ။ အစားအသောက်တွေ မအေးခင် အားလုံး ပျော်ပျော်ပါးပါးနဲ့ စားကြသောက်ကြပါ ခင်ဗျာ"

စိန်ကျောင်းသည် ဧည့်သည်အားလုံးကို ပျော်ပျော်ပါးပါး စားသုံးရန်ပြောပြီး သူကိုယ်တိုင်လည်း လက်ထဲရှိ အရက်ခွက်ကို သောက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...

စိန်ကျောင်း၏အနီးရှိ ဝတ်စုံညိုတစ်ယောက်က ရုပ်ခနဲ ထွက်လာကာ ပါးစပ်နား ရောက်နေသည့် အရက်ခွက်ကို ဖျတ်ခနဲ လုယူလိုက်သည်။

ရုတ်တရက်...

စိန်ကျောင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝတ်စုံညို၏အပြုအမူကို သူနားမလည်ပေ။

လူအားလုံးသည် စိန်ကျောင်းကို ကြည့်လိုက်ကြ၏။

ဝတ်စုံညိုက ပြောလိုက်သည်။

"စိန်ကျောင်းကလဲ ဘာပဲဖြစ်ဖြစ် သတိမလွတ်ပါစေနဲ့၊ အဲသည် အလံလေးမှာ အဆိပ်တွေ သုတ်မထားဘူးလို့ ဘယ်သူက အတတ်ပြောနိုင်မလဲ၊ တကယ်လို့သာ အလံမှာ အဆိပ်ပါရင် ခွက်ထဲက အရက်တွေက အဆိပ်တွေ ဖြစ်နေလိမ့်မယ်ဗျ"

"ဟာ..ဟုတ်သားပဲ၊ ကျွန်တော် သတိလက်လွတ် ဖြစ်သွားတယ်၊ ကျေးဇူးပဲ"



"မလိုပါဘူးဗျာ၊ အချင်းချင်းတွေပဲ၊ ကဲ..ရော့ဟော့၊ သည် အရက်ခွက်ကို မဖိတ်မစဉ်ဘဲ ဂရုတစိုက်ကိုင်ပြီး အန္တရာယ်ကင်းမယ့် နေရာမှာ သွားသွန်"

ဝတ်စုံညိုက တစ်ဆက်တည်း ပြောရင်း အရက်ခွက်ကို အိမ်ဖော်တစ်ယောက်ကို ပေးလိုက်၏။

သို့သော်...

ဧည့်သည်အားလုံးသည် ဝတ်စုံညို၏အပြုအမူကို သဘောပေါက်သွားလေ၏။

ဧည့်ခန်းဆောင်တစ်ခုလုံး ပြောဆို၊ စားသောက်သံများဖြင့် ဆူညံသွားလေတော့သည်။

* * *

လမ်းမပေါ်တွင် လျှောက်လာကြသော လူငယ်နှစ်ဦးအနက် တစ်ယောက်က ပြောလိုက်၏။

"ဟေ့ကောင်၊ မင်းကြားပြီးပြီလား"

"ဘာကြားရမှာလဲကွ"

"လုယန်မြို့က စိန်မျိုးနွယ် စံအိမ်ရှင် စိန်ကျောင်းကို ဘယ်ရက် ဘယ်လမှာ သေရမယ်လို့ ကြိုတင်သတိပေးထားတဲ့ ကိစ္စလေ ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ.. သည်ကိစ္စ မကြားဘဲ ရှိပါ့မလားကွ၊ လူတိုင်းလူတိုင်းက သည်အကြောင်းပဲ ပြောနေကြတာ"

"ဟုတ်ရော ဟုတ်ပါ့မလားကွာ၊ စိန့်ကျောင်းက သာမန်လူ မဟုတ်ဘဲ အရှိန်အဝါကောင်းတဲ့ မြို့မျက်နှာဖုံးတစ်ယောက်ပဲ"

"အဲဒါတော့ မပြောတတ်ဘူးကွ၊ တစ်ဖက်ကလဲ ကြို့တင် အသိပေးပြီးမှ သတ်မှာဆိုတော့ တော်ရုံပုဂ္ဂိုလ် မဟုတ်ဘူးနဲ့ တူတယ်"

"ကဲပါကွာ၊ သူတို့ ဘာပြဿနာတွေ ရှိမှန်းမှ မသိဘဲ၊ အချိန်က စကားပြောလာမှာပေါ့၊ သည်နေ့ဟာ လဆန်းဆယ့်သုံးရက်ပဲ၊ စိန့်ကျောင်းကိစ္စ မနက်ဖြန်ကျတော့ အတိအကျ ထွက်လာပါလိမ့်မယ်၊ လောလောဆယ်တော့ တို့ မနက်စာ သွားစားကြမယ်"

"အေး.. အဲဒါ အကောင်းဆုံးပဲ"

စကားပြောရင်း လျှောက်လာကြသော လူရွယ်နှစ်ယောက်မှာ စားသောက်ဆိုင်များရှိရာ တစ်ဖက်သို့ ချိုးကွေ့ဝင်ရောက် ပျောက်ကွယ်သွားတော့၏။

* * *



စိန့်ကျောင်း၏ ယောယုဝ အမိန့်စာ သတင်းမှာ တစ်ရက် နှစ်ရက် အတွင်းမှာပင် လုယန်မြို့တွင် သာမက တစ်ခြားမြို့ကြီးများ သို့လည်း တောမီးပမာ လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့လေသည်။

လူတိုင်း၏ပါးစပ်ဖျားတွင်လည်း ထိုအကြောင်းနှင့် ပတ်သက်၍ ပြောဆိုနေကြ၏။

အချို့လူများကလည်း ဖြစ်နိုင်မဖြစ်နိုင်ဆိုသော ကိစ္စကို ငြင်းခုန်လျက် ရှိ၏။

သိုင်းလောကသားအားလုံးမှာ နောက်တစ်နေ့သို့ အမြန် ရောက်စေချင်သည်။

အနယ်နယ် အရပ်ရပ်မှ စပ်စပ်စုစု စိတ်ဝင်စားသူများ တဖွဲဖွဲ ရောက်ရှိလာသဖြင့် လုယန်မြို့မှာ နေ့ညမပြတ် လူစည်ကားနေ၏။

တည်းခိုခန်းနှင့် စားသောက်ဆိုင်ပိုင်ရှင်များ၏ မျက်နှာမှာ တဝင်းဝင်း တထိန်ထိန် ဖြစ်နေကြသည်။

နောက်ပြောင်ခြင်း ဖြစ်စေ၊ တကယ်ပင် ဖြစ်စေ ထိုကိစ္စကို အစပြုလိုက်သူအား ကြိဖန်၍ ကျေးဇူးတင်နေကြလေသည်။

စိန့်မျိုးနွယ်စံအိမ်တွင် စိန့်ကျောင်းမှာလည်း ဂေဟာ၏လုံခြုံ ရေးကို ဂရုတစိုက် တိုးမြှင့်၍ ချထားသည်။

သူကိုယ်တိုင်လည်း သီးသန့်လျှို့ဝှက်ခန်းထဲတွင် နေပိုင် လျက် မမြင်တွေ့လိုက်ရသော ရန်သူ၏အန္တရာယ်ကို ကြိုတင်ကာ ကွယ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန့်ကျောင်း၏ လုံခြုံရေး အစောင့်သိုင်းသမားများနှင့် အခြားခင်မင်ရင်းနှီးသော မိတ်ဆွေ၊ ထိပ်သီးသိုင်းသမားများမှာ စိန့်ကျောင်းဂေဟာနှင့် ဆယ်မိုင်ပတ်ဝန်းကျင်သို့ ဖြန့်ကျက်စုစမ်းရန် သူ၏လှုပ်ရှားမှုကို စောင့်ကြည့်နေလေ၏။

* * *

အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာ၏။

ရှစ်လပိုင်း ဆယ့်သုံးရက်နေ့ကို ကုန်လွန်ရန် အချိန်တို့က တစ်စိတ်တစ်ပိုင်းမျှသာ ကျန်ရှိတော့သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ညဝက်မျှသာ လိုတော့လေသည်။

စိန့်ကျောင်းမှာ ညစာ စားသောက်ပြီး အေးအေးဆေးဆေး အနားယူနေ၏။

သူ လက်ရှိ နေထိုင်သော လျှို့ဝှက်သီးသန့်ခန်းမှာ လုံခြုံရေးအတွက် အလွန်စိတ်ချရသော အခန်း ဖြစ်သည်။

ထိုအခန်းကို သိသူမှာ အိမ်ထိန်းလီသာ ရှိလေ၏။

အိမ်ထိန်းလီမှာ သူ့မိဘများ လက်ထက်ကတည်းက လက်စွဲလူယုံတော်အဖြစ် အမှုထမ်းလာသော သစ္စာရှိ လူယုံတစ်ယောက် ဖြစ်သည်။

ထမင်းစားခန်းထဲတွင် ရှိနေသော အဘိုးအိုလီမှာ လျှို့ဝှက်



သီးသန့်ခန်း အတွင်းရှိ စိန့်ကျောင်းအတွက် စိုးရိမ်စိတ်ဝင်နေသဖြင့် ထမင်းကို ကောင်းစွာ မစားသောက်နိုင်ပေ။

စိန့်ကျောင်းအတွက် ကူညီကာကွယ်ပေးမည့် စိန့်မျိုးနွယ်စံအိမ် အနီးအဝေးရှိ သိုင်းသမားများမှာ မျက်စိနှင့် နားကို အစွမ်းကုန်ဖွင့်လျက် ပိုချိပိုချ ဂရုစိုက်စောင့်ကြပ်နေကြလေသည်။

လုယန်မြို့ခံ လူများနှင့် ရပ်ဝေးရပ်နီးမှ လူများကလည်း အချိန်မြန်မြန် ကုန်စေရန် ဆုတောင်းပြီး အိပ်မပျော်နိုင်ဘဲ ရှိနေကြသည်။

ဤသို့ဖြင့် တဖြည်းဖြည်း ညဥ့်နက်ပိုင်းသို့ ရောက်ရှိလာ၏။

လုယန်မြို့ကြီးအတွင်း တိတ်ဆိတ်မှုက ကြီးစိုးနေလေသည်။

စိန့်မျိုးနွယ်စံအိမ်တစ်ခုလုံးမှာ မီးရောင်များ ထိန်လင်းလျက် ရှိနေသည်။

ဂေဟာပတ်ပတ်လည်တွင် ဝန်းရံစောင့်ကြပ်ကြသော အစောင့်များမှာ အလွန်အဆင့်မြင့်သော သိုင်းပညာရှင်များ ဖြစ်ကြသဖြင့် သူတို့၏လှုပ်ရှားမှုမှာ အသံလုံးဝမထွက်ပါချေ။

အချိန်သည် သူ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက် ရှိနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ကျရောက်ခြင်း

ရှစ်လပိုင်း ဆယ့်လေးရက်နေ့…။

ရှစ်လပိုင်း ဆယ့်လေးရက်နေ့သို့ ရောက်ရှိလာ၏။

အရုဏ်ဦး လင်းရောင်ခြည်သည် လုယန်မြို့တစ်မြို့လုံးကို ဖြန့်ကျက်ထားသည်။

လုယန်မြို့ရှိ လမ်းတိုင်းတွင် ဟိုလျှောက်သည်လျှောက် လုပ်နေကြသူများဖြင့် ပြည့်နှက်နေလေ၏။

လုယန်မြို့ကြီး စောစီးစွာ နိုးကြားနေခြင်း ဖြစ်လေသည်။

စိန့်မျိုးနွယ်စံအိမ်တွင် ဧည့်သည်များ စုံလင်လှပေသည်။

အိမ်ထိန်းကြီးလီ၊ စိန့်မျိုးနွယ်မိသားစု၊ ဆေးဆရာကျိုးသန်း အပြင် စိန့်ကျောင်းနှင့် ရင်းနှီးသော ထိပ်တန်းသိုင်းဆရာကြီးတို့မှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ ငြိမ်နေကြ၏။



ထိုအထဲတွင် တဖြည်းဖြည်း ကဏာမငြိမ် ဖြစ်နေသူမှာ အိမ်ထိန်းလီ ဖြစ်၏။

နေအတော်ထွက်လာသော်လည်း စိန့်ကျောင်း ထွက်လာခြင်း မရှိသေးသဖြင့် သူ့အတွက် စိုးရိမ်စိတ်ဝင်နေမိခြင်း ဖြစ်တော့သည်။

"ဆရာကျိုးသန်း၊ ကျုပ်သွားကြည့်ရင် ကောင်းမယ် ထင်တယ်"

အိမ်ထိန်းလီ၏စိုးရိမ်မှု အပြည့်ပါသော အသံက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။

ကျန်လူများကလည်း စိန့်ကျောင်း၏ အခြေအနေကို အစောကြီးကတည်းက သိချင်ကြသူများ ဖြစ်သည်။

သို့သော် စိန့်ကျောင်း နေထိုင်သော အခန်းက အပြင်လူများ မသိစေချင်သည့် လျှို့ဝှက်သီးသန့်ခန်း ဖြစ်၍ အလိုက်သိစွာဖြင့် ငြိမ်နေကြ ခြင်းဖြစ်၏။

ဆေးဆရာကျိုးသန်းက အဘိုးအိုကို ခေါင်းညိတ်ပြမိသည်။

အိမ်ထိန်းလီ ရုတ်တရက် ထိုင်ရာမှထ၍ အတွင်းခန်းထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်ကာ ပျောက်ကွယ်သွားလေသည်။

ကျန်လူများအားလုံးမှာ အဘိုးအိုလီ ဝင်ရောက်ပျောက်ကွယ်သွားသည့် အတွင်းခန်း ဝင်ပေါက်ဆီသို့ လှမ်းမျှော်စောင့်စား ကျန်ရစ်ခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထိန်းလီသည် ဟိုကွေ့သည်ရှိုးဖြင့် လှိုဏ်ဂူကျက်ခန်း ရှိရာသို့ အပြေးတစ်ပိုင်း ရောက်ခဲ့၏။

အခန်းရှေ့သို့ ရောက်သောအခါ အိမ်ထိန်းလီမှာ ခြေလှမ်းတုံ့ခနဲရပ်၍ အမောဖြေဖို့ သတိမရနိုင်အားဘဲ အခန်းကို သေချာစွာ စစ်ဆေးကြည့်လိုက်၏။

လှိုဏ်ဂူကျက်သီးသန့်ခန်းက သူပိတ်ထားခဲ့သည့်အတိုင်း ခြေရာလက်ရာ မပျက်ဘဲရှိ၏။

ထိုအခန်းထဲသို့ဝင်ဖို့ အပေါက်ကလည်း ထိုတံခါးတစ်ခုတည်းသာ ဖြစ်၏။

အခြားမည်သည့်ဘက်မှ ဝင်စရာမရှိပါ။

ယခုအချိန်ထိ စိန့်ကျောင်းက ထွက်မလာချေ။

အိမ်ထိန်းလီမှာ မျက်မှောင်ကုတ်၍ စဉ်းစားရကျပ်နေ၏။

"ခေါက်..ခေါက်"

"သခင်ကြီး..သခင်ကြီး"

သူသည် တံခါးခေါက်ရင်း အော်ခေါ်လိုက်၏။

အတွင်းဘက်မှ မည်သည့်တုံ့ပြန်သံမျှ ထွက်မလာခဲ့ချေ။

စိန့်ကျောင်းသည် မည်သည့်အခါမျှ နေမြင့်အောင် အိပ်လေ့အိပ်ထ မရှိသည်ကို အဘိုးအိုလီ သိထားပြီး ဖြစ်တော့သည်။

ယခုတော့ အသံပေးနှိုးခေါ်သည့်တိုင် မည်သည့်တုံ့ပြန်သံမျှ မကြားရပါ။

"ခေါက်..ခေါက်"



"သခင်ကြီး..သခင်ကြီး"

သူက တံခါးကို ထပ်မံခေါက်၍ နှိုးလိုက်၏။

အတန်ကြာ စောင့်ဆိုင်းနေသည့်တိုင် အခြေအနေက ထူးခြားမလာချေ။

ထိုအခါ...

အိမ်ထိန်းလီသည် အထွေအထူး စဉ်းစားမနေတော့ပါ။

အသင့်ပါလာသော သော့ဖြင့် လှိုဏ်ဂူကျက်သီးသန့်ခန်း တံခါးကို သူ၏အမှတ်အသားအတိုင်း လှည့်ဖွင့်လိုက်၏။

တံခါးပွင့်သောအခါ အသံမမြည်အောင် အသာဟလျက် အခန်းထဲသို့ အိမ်ထိန်းလီ ဝင်လိုက်လေတော့သည်။

အခန်းထဲရှိ အိပ်ရာပေါ်တွင် စိန့်ကျောင်း လဲလျောင်းလျက် ရှိသည်။

သူ၏မျက်နှာမှာ လွန်စွာ အေးချမ်းတည်ငြိမ်လျက် ရှိလေသည်။

လှုပ်ကတော့ တုတ်တုတ်မျှ မလှုပ်ချေ။

အိပ်မောကျနေသည့်အလား ဖြစ်၏။

အိမ်ထိန်းလီမှာ သံသယ အတွေးဖြင့် အိပ်ရာနားသို့ မဝံ့မရဲ ကပ်သွား၏။

သူ၏မျက်လုံးအစုံကတော့ စိန့်ကျောင်းကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

အိမ်ထိန်းလီမှာ သူဝင်လာကတည်းက စိန့်ကျောင်း အ

www.burmeseclassic.com

www.burmeseclassic.com



သက်မရှုသည်ကို တွေ့ရသဖြင့် ရင်တထိတ်ထိတ် ဖြစ်မိ၏။

သူ၏စိတ်ထဲ၌ လေးလံသလို ခံစားရသည်။

သူသည် စိန့်ကျောင်း၏ခုတင်ဘေးတွင် ရပ်လိုက်ပြီး ဖြစ်ချင်ရာဖြစ် ဆိုသည့်သဘောဖြင့် စိန့်ကျောင်း၏လက်ကို တဖြည်းဖြည်း လှမ်းကိုင်လိုက်၏။

"အမယ်လေး"

ထိတ်လန့်တကြားအော်ရင်း အိမ်ထိန်းလီ နောက်သို့ကမန်းကတမ်း ဆုတ်သွား၏။

စိန့်ကျောင်း၏လက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်ချလိုက်သည်။

သူကိုင်မိလိုက်သော စိန့်ကျောင်း၏လက်မှာ သားရေပျော့တစ်ခုအလား အရိုးအဆစ်များ မရှိဘဲ ပျော့တိပျော့ဖတ်ကြီး ဖြစ်နေ၏။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ထိတ်လန့်ခြင်းတို့က အိမ်ထိန်းလီ၏မျက်နှာပေါ်တွင် ရောယှက်ထင်ဟပ်လျက် ရှိသည်။

ခဏကြာတော့မှ သူသည် မိမိ၏စိတ်ကို ပြန်လည်ချုပ်ထိန်းလာနိုင်လေသည်။

စိန့်ကျောင်းကို ထိုအခန်းတွင် ထား၍ မဖြစ်ကြောင်း သူနားလည်လိုက်၏။

စိန့်မျိုးနွယ်စုံအိမ်၏ လျှို့ဝှက်အခန်းကို တခြား မည်သူ့ကိုမျှ မသိစေချင်ပေ။



အိမ်ထိန်းလီသည် သောကမျိုးစုံ ခံစားရခြင်းကို ထိန်းချုပ်ကာ စိတ်တင်းလိုက်ပြီး စိန့်ကျောင်း၏အလောင်းကို အသာပွေ့ယူလိုက်၏။

ထို့နောက်...

စိန့်ကျောင်း၏အလောင်းကို လျှို့ဝှက်သီးသန့်ခန်းမှ ထုတ်ကာ အခြားအခန်းသို့ ပြောင်းရွှေ့ထားလိုက်ပြီး ဧည့်ခန်းဆောင်သို့ အပြေးအလွှား ပြန်ထွက်လာလေတော့သည်။

* * *

ဧည့်ခန်းဆောင်အတွင်း စိတ်တထင့်ထင့်ဖြင့် စောင့်မျှော်နေသော လူများမှာ သွေးဆုတ်ဖြူရော်လျက် အပြေးအလွှား ပြန်ရောက်လာသော အိမ်ထိန်းလီကို တွေ့သောအခါ ဝုန်းခနဲ ထရပ်လိုက်သည်။

"အိမ်ထိန်းလီ၊ စိန့်ကျောင်းကို တွေ့ခဲ့လား"

"စိန့်ကျောင်း ဘာဖြစ်သလဲ"

"ထူးခြားတဲ့ အခြေအနေ ရှိနေပြီလား"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးလိုက်သံက တစ်ပြိုင်တည်းလိုလို ထွက်ပေါ်လာသည်။

အိမ်ထိန်းလီမှာ ချက်ချင်း အဖြေမပေးနိုင်သေးဘဲ အမောဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ သူက ငိုသံပါသော အသံကြီးနှင့် ပြောလိုက်လေသည်။

"သခင်ကြီး..သခင်ကြီး သေပြီ"

"ဟင်"

"ဟာ"

"အို"

အာမေဋိတ်သံများ ပြိုင်တူ ထွက်ပေါ်လာသည်။

အိမ်ထိန်းလီ၏မျက်ဝန်း၌ မျက်ရည်ကြည်များ ဝေ့ဝဲလာသည်။

"ကျုပ် နောက်လိုက်ခဲ့ကြပါ"

ပြောပြောဆိုဆို အိမ်ထိန်းလီမှာ ရှေ့မှ ဦးဆောင်၍ လျှောက်သွားလေသည်။

ကျန်လူအားလုံးသည် အိမ်ထိန်းလီ၏နောက်မှ တန်းစီကာ လိုက်ပါသွားကြလေသည်။

ခဏအကြာတွင် စိန့်ကျောင်း၏အလောင်း ရှိရာ အခန်းဆီသို့ ရောက်ရှိလာကြသည်။

အားလုံးက ဆေးဆရာကျိုသန်းကို ဦးစွာ ကြည့်ရှုခွင့်ပေးလိုက်၏။

ဆေးဆရာကျိုသန်းက စိန့်ကျောင်း၏အလောင်းကို အနီးကပ်ကြည့်ရှုလျက် လက်ကောက်ဝတ်ကို လှမ်းကိုင်လိုက်လေသည်။

"အလိုလေး"



အထိတ်တလန့် ရေရွတ်သံနှင့်အတူ ဆေးဆရာကျိုသန်းမှာ စိန့်ကျောင်း၏လက်ကို ယောင်ယမ်း၍လွှတ်ချလိုက်ပြီး နောက်သို့ ဆုတ်လိုက်သည်။

အနီးအနားဆီမှ စိတ်ဝင်တစားဖြင့် ကြည့်ရှုနေကြသော သိုင်းဆရာတို့သည် ဆေးဆရာကျိုသန်း၏ အပြုအမူကြောင့် နောက်ဆုတ်လိုက်ပြီး ဆေးဆရာကျိုသန်းကိုတစ်လှည့် အလောင်းကိုတစ်လှည့်ဖြင့် နားမလည်နိုင်စွာ ကြည့်လိုက်ကြသည်။

ဆေးဆရာကျိုသန်းက ပြောလိုက်သည်။

"ခင်ဗျားတို့ အလောင်းကို ကိုင်ကြည့်ပါလား"

ဟု ပြောလိုက်သည်။

သိုင်းသမားများက...

"ဘာထူးခြားလို့လဲ"

ဟု မေးလိုက်ကြသည်။

ဆေးဆရာကျိုသန်းက...

"ပြောရရင် ယုံချင်မှယုံကြလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားတို့ တွေကိုယ်တိုင်ပဲ လက်တွေ့သိသွားအောင် ကိုင်ကြည့်ပါလား"

"ကျုပ်တို့လည်း စမ်းကြည့်ချင်တာနဲ့ အတော်ပဲ"

ဟု ပြိုင်တူပြောလိုက်သည်။

ထို့နောက်...

အားလုံးသည် အလောင်းကို ကိုင်တွယ်ကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်"

"ထူးဆန်းလိုက်တာ"

အာမေဋိတ်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

သိုင်းဆရာကြီးများအားလုံး မျက်နှာပျက်နေကြသည်။

တစ်ခါမျှ မကြုံဖူးသော အတွေ့အကြုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရသဖြင့် အံ့ဩမဆုံးနိုင်အောင် ဖြစ်နေကြလေသည်။

ဆေးဆရာကျိုသန်းသည် မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။

သူလည်း စိန့်ကျောင်းကဲ့သို့ လူသေမျိုးကို တစ်ခါမျှ မတွေ့ခဲ့ဖူးပါချေ။

ထိုစဉ်...

ဝတ်စုံညိုတစ်ဦးက...

"ဆေးဆရာကြီး..စိန့်ကျောင်းရဲ့အလောင်းက ထူးဆန်းလှချည်လား၊ ဘယ်လိုဖြစ်တာလဲဗျ"

ဟု မေးလိုက်သည်။

ကျိုသန်းက ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြလိုက်လေသည်။

"အေးဗျာ၊ လူတွေဟာ သေပြီးရင် တဖြည်းဖြည်းအေးစက်တောင့်တင်းလာရမှာပဲ၊ အခုတော့ သူ့တစ်ကိုယ်လုံး အေးစက်နေပေမယ့် ပျော့တိပျော့ဖတ်နဲ့ သားရေဇတ်ကြိုးလို ဖြစ်နေတယ်"



"ဆေးဆရာကြီး စိန့်ကျောင်းက အရိုးအဆစ်မရှိတဲ့ လူတစ်ယောက်ဖြစ်နေတယ်၊ သူ့ အဆိပ်မိတာရော မဖြစ်နိုင်ဘူးလား"

"အင်း ကျုပ်လည်း တစ်သက်နဲ့တစ်ကိုယ် မတွေ့ကြုံဖူးတဲ့ကိစ္စနဲ့ လာတိုးနေတယ်၊ ပြောရမှာခပ်ခက်ခက်ပဲ၊ ကျုပ် သေချာစစ်ဆေးကြည့်လိုက်ဦးမယ်"

ကျိုသန်းက စိန့်ကျောင်း၏အလောင်းအနီးသို့ တိုးကပ်၍ သေချာစစ်ဆေးကြည့်လိုက်သည်။

ကျန်လူများမှာလည်း ကျိုသန်း၏စစ်ဆေးပုံကို စိတ်ဝင်တစား ဝိုင်းကြည့်နေကြသည်။

အတန်ကြာမှ ကျိုသန်းက အလောင်းကို စစ်ဆေးနေရာမှ ရပ်တန့်လိုက်သည်။

လူအများက ဆေးဆရာကျိုသန်းကို သေချာစွာကြည့်လိုက်ကြသည်။

"ထူးခြားတယ်ဗျာ၊ အတော်လေး ထူးခြားတယ်"

အိမ်ထိန်းလီက...

"ဆေးဆရာကြီး ဘာတွေ ထူးခြားတာလဲဗျ"

ဟု အလောတကြီး ဝင်မေးလိုက်လေသည်။

ကျိုသန်းက ရှင်းပြလိုက်သည်။

"စိန့်ကျောင်းသေတာ အဆိပ်ကြောင့်ဗျ၊ ပြီးတော့ သေတဲ့အချိန်ကလည်း အတော်ကြာနေပြီ၊ အတိအကျပြောရရင် ..သုံးရက်နေ့ သန်းခေါင်မတိုင်ခင်ကပဲ"...

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

"ဟာ..ဒါဆိုရင် စာထဲမှာပါတဲ့အတိုင်းပဲပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"သူသေတာ ကြာပေမယ့် အလောင်းက ဘာဖြစ်လို့ သည်လိုဖြစ်ရတာလဲ"

ဟု မေးကြသည်။

ဆေးဆရာကျိုသန်းက...

"ထူးခြားတယ်ဆိုတာ အဲဒါကိုပြောတာပဲပေါ့"

ဟုပြောကာ ကျိန်သန်းက အားလုံးကို တစ်ချက်မျှ အကဲခတ် ကြည့်လိုက်သည်။

လူအားလုံးက သူပြောလာမည့်စကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ထိုအခါ...

သူက ဆက်၍ပြောလိုက်သည်။

"အဲသည်အဆိပ်ဟာ အတော်ကိုကြောက်စရာ ကောင်းတယ်၊ သည်အဆိပ်နဲ့သေသွားတဲ့လူရဲ့ ခန္ဓာကိုယ်ရဲ့အရိုးအဆစ်တွေအားလုံးဟာ အရည်ပျော်သွားတယ်"

"ဟင်"

"ဟာ"

"အလို ကြောက်စရာပဲ၊ ထူးဆန်းလှချည်လားဗျ"

အားလုံး၏အသံများက ပြိုင်နက်တည်း ထွက်ပေါ်လာကြ



လေသည်။ တစ်ယောက်က...

"ဆေးဆရာကြီး ဆက်ပြောပြပါဦး"

ဆေးဆရာကျိုသန်းက...

"အဲသည်အဆိပ်နဲ့သေတဲ့အခါ ရုပ်မပျက်ဘူး၊ ပုပ်ပွမယ့်လက္ခဏာလည်း မတွေ့ရဘူး၊ သားရေပျော့နဲ့လုပ်ထားတဲ့ အရုပ်အတိုင်း ပျော့စိစိကြီးဖြစ်သွားရော"

ဟု ပြောလိုက်သည်။

အိမ်ထိန်းလီက...

"ဆေးဆရာကြီး..အဲသည်အဆိပ်က ဘာအဆိပ်လဲဗျ"

ဟု မေးလိုက်သည်။

ထိုအခါ...

ကျိုသန်းမှာ အိမ်ထိန်းလီ၏ အမေးစကားကြောင့် မျက်နှာပေါ်တွင် စိတ်မသက်မသာဖြစ်သွားဟန် အထင်းသားပေါ်လွင်လာသည်။

သူက သက်ပြင်းချလိုက်ပြီး...

"အင်း..ကျုပ် မသိဘူးလို့ဘဲ ဝန်ခံရမှာပဲ၊ သည်အဆိပ်ဟာ ခြေဆေးမရှိဘူးလို့တော့ အသေအချာပြောရပါတယ်၊ ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး"

ဟု ပြောလိုက်သည်။

ကျန်လူများအားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငြိမ်သက်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ တစ်ယောက်က…

"မိတ်ဆွေတို့…သည်ကိစ္စက အတော်စဉ်းစားရကျပ်တဲ့ကိစ္စပဲဗျ။ သည်လောက် အစောင့်အကြပ်တွေ မလစ်လပ်အောင် စောင့်ကြပ်နေတဲ့ကြားက ရအောင်သတ်သွားတယ်ဆိုတာက အတော်ထူးဆန်းတဲ့ကိစ္စပဲဗျ"

ဟု ပြောလေသည်။

အခြားတစ်ယောက်က…

"ရန်သူက သိုင်းပညာ အစွမ်းထက်တယ်နဲ့တူတယ်၊ စိန့်ကျောင်းရဲ့သိုင်းပညာကလည်း ဒုတိယ အဆင့်လောက်ပဲရှိတယ် မဟုတ်လားဗျ"

ဟု ဝင်ပြောသည်။

နောက်တစ်ယောက်က…

"ဒါတော့ မှန်တယ်လေ၊ ဒါပေမယ့် လျှို့ဝှက်သီးသန့်ခန်းမှာ စိန့်ကျောင်းနေခဲ့တာပဲ၊ သည်အခန်းကိုသိတာဆိုလို့ သည်ဂေဟာမှာ"

ထိုစကားကို ပြောသူမှာ ဝတ်စုံညိုဝတ်ဆင်ထားသူပင် ဖြစ်သည်။

ဝတ်စုံညိုက သူ၏စကားကို တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်လိုက်သည်။

ထို့နောက် သူက အိမ်ထိန်းလီဆီသို့ အကြည့်ရောက်ရှိသွားလေသည်။

အားလုံး၏အကြည့်များသည် အိမ်ထိန်းလီဆီသို့ ရောက်ရှိ



သွားကြသည်။

အိမ်ထိန်းလီမှာ သူတို့၏အကြည့်ကို နားလည်သွားလေသည်။

ထို့ကြောင့် ချက်ချင်းပင် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားသည်။

သူ၏တစ်ကိုယ်လုံး တုန်ယင်နေသည်။

"ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ၊ ကျုပ်…ကျုပ်"

အိမ်ထိန်းလီ၏ အထစ်အငေါ့စကားများသည် တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားသည်။

သူသည် အသနားခံသည့် မျက်လုံးများဖြင့် အားလုံးကို ကြည့်လိုက်လေသည်။

ဆေးဆရာကြီးကျိုသန်းက သက်ပြင်းချလိုက်လေသည်။

"အိမ်ထိန်း…ခင်ဗျားကို ဘယ်သူမှ မစွပ်စွဲပါဘူး၊ ခင်ဗျားကို ဘယ်သူမှမစွပ်စွဲပါဘူး၊ ခင်ဗျား ဘယ်လောက်ရိုးသားတယ်၊ သစ္စာရှိတယ်ဆိုတာ သည်လူတွေယုံပြီးသားပါ"

ဟု ပြောလိုက်သည်။

ဝတ်စုံညိုက…

"ဟုတ်တယ်၊ သည်အဆိပ်မျိုး ဖော်စပ်ဖို့ဆိုရင် ကျုပ်အဆင်ပြောရရင်တော့ အဆိပ်ပေါင်းမျိုးစုံ ရှာချိုပြီးပေါင်းစပ်ဖော်မှတ်ရမယ်နဲ့တူတယ်"

ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ယောက်က...

"ဟုတ်တယ်၊ ပြီးတော့လည်း ဖော်စပ်မယ့်လူဟာ အဆိပ်နဲ့ပတ်သက်ပြီး အလွန့်အလွန် ကျွမ်းကျင်ရမှာပါ၊ ကျုပ်ပြောတာမှန်နိုင်တယ် မဟုတ်လား ဆေးဆရာကြီး"

ဟု မေးလိုက်သည်။

သူသည် အဆိပ်ပညာနှင့် ပတ်သက်၍ အတော်အတန်နား လည်သူဖြစ်ဟန်တူသည်။

သူ၏ထင်မြင်ချက်ကို ပြောပြပြီး ကျိုန်သန်းအား ထောက်ခံချက် လှမ်းတောင်းလိုက်သည်။

ကျိုသန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဆရာကြီးပြောတာ မှန်ပါတယ်"

"သည်ပုံအတိုင်းသာဆိုရင်တော့ ငရဲအဆိပ်ဗုံးကြည်ဟာ မသေသေးဘဲ သိုင်းလောကထဲ ပြန်ဝင်လာပြီလို့ ယူဆရတော့မလို ဖြစ်နေပြီ"

"အင်း..သည်အတိုင်းဆိုရင်တော့ သိုင်းလောကအတွက် ရင်လေးစရာပဲ၊ တစ်ခုခုတော့ လုပ်ရမှာပေါ့"

သိုင်းဆရာကြီးနှင့် အားလုံးသည် တစ်ယောက်တစ်ခွန်း ပြောဆို၍ သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

စိန့်ကျောင်း၏သတင်းက လုယန်မြို့တွင်သာမက အလယ်ပိုင်းသိုင်းလောကကြီး တစ်ခုလုံးတိုင်အောင် ဟိုးလေးတကျော် ဖြစ်သွားသည်။



သိုင်းလောကတွင် ဒုတိယအဆင့်မျှသာရှိသော စိန့်ကျောင်းကို ပထမသိုင်းသမားတစ်ယောက်က လုပ်ကြံမည်ဆိုလျှင် မခက်ခဲကြောင်း လက်ခံထားသူများကလည်း ရှိနေသေးသည်။

လူသတ်သမားသည် စိန့်ကျောင်းထက် သိုင်းပညာအဆင့်မြင့်၍သာ အဆိပ်ဖြင့်လုပ်ကြံသွားနိုင်၏။

အကယ်၍...

သူ့ထက်သာသော သိုင်းပညာရှင် တစ်ယောက်နှင့်တွေ့ပါက လူသတ်သမားမှာ သူ့ရည်ရွယ်ချက် မည်သို့မျှ မဖော်နိုင်ဘဲ သေလမ်းသွားရလိမ့်မည်ဟု ထင်ကြေးပေး ပြောဆိုနေကြလေသည်။

စိန့်ကျောင်း သေဆုံးပုံသေဆုံးနည်းကို အသေးစိတ်သိထားသူများမှာတော့ အခြားလူများကဲ့သို့ ပေါ့ပေါ့ဆဆ မတွက်ဆဝံ့ကြချေ။

လူသတ်သမားတွင်လည်း ကြီးမားသော ရည်ရွယ်ချက်တစ်စုံတစ်ရာရှိရမည်ဟု ယုံကြည်ကြလေသည်။

လူအများ ရုတ်တရက် အထိတ်တလန့်ဖြစ်အောင် လုပ်ပြီးနောက် မည်သည့်လှုပ်ရှားမှုကြီးဖြစ်ပေါ်လာမည်ကို အထိတ်တလန့်စောင့်နေကြလေသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက စပ်စပ်စုစု သိချင်သဖြင့် လုယန်မြို့သို့ ရောက်ရှိလာသော အခြားနယ်စပ်မှ သိုင်းသမားများမှာ လုယန်မြို့မှ အလျှိုအလျှို ထွက်ခွာသွားကြသည်။

စိန့်ကျောင်းနှင့် ပတ်သက်သော သိုင်းသမားများကလည်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝှက်ဖွာစုံစမ်းလျက်ရှိလေသည်။

ယင်းသို့ဖြင့် လှယန်မြို့တွင် သိုင်းသမားမျိုးစုံတို့၏ လှုပ်ရှားမှုများက တစ်နေ့ထက်တစ်နေ့ ပိုများလာတော့သည်။

သို့ဖြစ်ရာ ရက်အတော်ကြာသည့်တိုင် မည်သည့်သတင်းထူးမျှ ထွက်ပေါ်မလာခဲ့ချေ။

မည်သို့ပင်ဆိုစေ။

ငရဲအဆိပ်အမိန့်စာကတော့ လှတိုင်းပါးစပ်များတွင် ရေပန်းစားနေလေသည်။

ပထမပိုင်းပြီး၏။

ဒု-ဓာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်သိပ္ပံအောင်

# အမုန်းတရား၏ညီနောင်ဘွား

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## သားကောင်

ကိုးလပိုင်း ခုနစ်ရက်။

စီးရန်မြို့ ရှေငါးစားသောက်ဆိုင်တွင် စားပွဲတိုင်းလိုလို လူပြည့်နေသည်။

စီးရန်မြို့သည် တောင်ပိုင်းနှင့်နီးသော မြို့တစ်မြို့ဖြစ်သဖြင့် စားသောက်ဆိုင်ရှိ လူအချို့မှာ တောင်ပိုင်းသားများ ဖြစ်ကြသည်။

စားသောက်နေသူများသည် ကိုယ့်အုပ်စုနှင့်ကိုယ် စကားဝိုင်းဖွဲ့၍ ပြောဆိုကာ ရယ်မောနေကြလေသည်။

ထိုစဉ်...

"ဒုန်း...ဒုန်း...ဒုန်း"

စားသောက်ဆိုင် အခန်းအတွင်းသို့ ခပ်ပြင်းပြင်း နင်းဝင်လာသော ခြေသံကြောင့် ပြောဆိုရယ်မောနေသောအသံများ ရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားလေသည်။

အားလုံးပင် ဝင်လာသူကို စိတ်ဝင်စားစွာ လှည့်ကြည့်လိုက်ကြသည်။

ဝင်လာသောသူမှာ ထိပ်ပြောင်ပြောင်နှင့် လူကြီးတစ်ယောက် ဖြစ်သည်။

အရပ်အမောင်း မြင့်မားပြီး ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သန်မာသော လူထွားကြီးတစ်ယောက် ဖြစ်လေသည်။

စားသောက်ဆိုင်ပိုင်ရှင်မှာ ဝင်လာသူကိုကြည့်၍ မျက်နှာပျက်သွားသည်။

စင်စစ်...

ထိုလူထွားကြီးသည် ဤနေရာတွင် လူ့ခွစာဟု နာမည်ကြီးနေသော စိတ်ကြမ်းလူကြမ်း သိုင်းသမားတစ်ယောက်ဖြစ်သည်။

လူ့ခွစာကြီး ဆိုင်ထဲရောက်လာသည်နှင့် ပါးစပ်မှလည်း...

"ဟေ့...အရက်နဲ့စားစရာ လူခဲ့စမ်း"

ဟု အသံသြသြကြီးဖြင့် လှမ်းမှာလိုက်ရင်း စားပွဲတစ်လုံးတွင် ဝုန်းခနဲ ဝင်ထိုင်လိုက်လေသည်။

ဆိုင်ပိုင်ရှင်မှာ လူ့ခွစာအား မနှစ်မြို့ လိုလားခြင်းမရှိသော်လည်း ပြဿနာဖြစ်ရမည်ကို ကြောက်သဖြင့် လူထွားကြီး မှာသည့်အတိုင်း သွားချပေးရန် စားပွဲထိုးအား မျက်ရိပ်ပြလိုက်သည်။

စားပွဲထိုးလုလင်မှာ စားသောက်စရာနှင့် အရက်အိုးတို့ကို လူ့ခွစာ၏စားပွဲတွင် ပြည့်လုနီးပါး ချပေးလိုက်လေသည်။



လူ့ခွစာကြီးက သဘောကျဟန်ဖြင့် တစ်ချက်မှပြုံးလိုက်သည်။

ထို့နောက် အရက်အိုးဆီသို့ လက်လှမ်းလိုက်သည်။

ထိုစဉ်မှာပင်...

ဆိုင်ထဲသို့ လူရိပ်သုံးခု တခုန်းခုန်းဖြင့် ပြေးဝင်လာကြလေသည်။

ဆိုင်ထဲရှိလူများက နောက်ထပ်ပြေးဝင်လာသော လူများကို အထိတ်တလန့် ကြည့်နေကြသည်။

နောက်ထပ်ဝင်လာသော သုံးဦးသည် မျက်နှာပေါက်ဆိုးဆိုးနှင့်လူများ ဖြစ်သည်။

သူတို့ ဝတ်စားထားဟန်ကား နယ်ခြားသားနှင့် တူနေပေသည်။ သုံးယောက်စလုံးမှာ နယ်ခြားသားများပုံစံပင် ဖြစ်လေသည်။

နယ်ခြားသားသုံးယောက်သည် ဆိုင်ထဲသို့ရောက်ရောက်ချင်းပင် လူ့ခွစာကို ဝိုင်းထားလိုက်ကြသည်။

လူ့ခွစာကြီးက...

အရက်အိုးကို လှမ်းယူနေသော သူ့လက်ကို ပြန်ရုပ်သိမ်းကာ နယ်ခြားသားသုံးယောက်ကို ကြည့်လိုက်လေသည်။

ပြဿနာဖြစ်တော့မည်ကို သိလိုက်ကြသောအခါ...

လူ့ခွစာကြီး၏ စားပွဲနှင့်နီးသော အခြားစားပွဲတို့မှ လူများက နောက်ဆုတ်ပေးလိုက်သည်။

"ဩော်...မင်းတို့က ဒီအထိတောင်လိုက်လာရဲသေးတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



လူ့ခွစာကြီး၏အသံက ဟိန်းထွက်လာသည်။

"ကျုပ်တို့ပစ္စည်း ပြန်ပေးပါ"

နယ်ခြားသားတစ်ယောက်က ပြောလိုက်သည်။

အလယ်ပိုင်းနယ်မှ လေယူလေသိမ်းအတိုင်း ပြောသော်လည်း သူ့အသံက သိသာစွာဝဲနေသည်။

"ဘာ..မင်းတို့ပစ္စည်းလဲ"

"ဒီပစ္စည်းက ခင်ဗျားနဲ့မဆိုင်ပါဘူး"

"ဟား..ဟား..ဟား..ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ၊ ပြန်မပေးတော့ မင်းတို့ဘာလုပ်ချင်လဲ၊ အစကတည်းက ငါလိုချင်လို့ မင်းတို့ဆီက ယူလာတာကွ"

"ကောင်းကောင်းမွန်မွန်နဲ့ တောင်းလို့မရရင်တော့ ကျုပ်တို့က ရတဲ့နည်းနဲ့ တောင်းယူရမှာပဲကွ"

"သြော်..ဒီလိုလား၊ ကြိုက်ပြီဟေ့၊ မင်းတို့ရအောင် ယူကြပေတော့"

လူ့ခွစာကြီး၏စကား အဆုံးတွင်...

နယ်ခြားသားသုံးယောက်က သူတို့၏လက်နက်များကို လျှင်မြန်စွာ ဆွဲထုတ်လိုက်ပြီး လူ့ခွစာကြီးကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ခဏနေဦး"

လူ့ခွစာကြီးက ကျယ်လောင်စွာ ဟန့်တားမှုကြောင့် နယ်ခြားသားသုံးယောက်က ကိုယ်ရှိန်သပ်လိုက်ကြသည်။



"ခင်ဗျား ဘာပြောမလို့လဲ"

"ငါ ဒီနေ့ လူမသတ်ချင်သေးဘူး၊ အေးအေးဆေးဆေး စားသောက်မယ်လို့ စိတ်ကူးထားတာ၊ မင်းတို့ မသေချင်ရင် ထွက်သွားနိုင်တယ်"

"မလိုဘူး၊ ဒါတွေ ကျုပ်တို့ စိတ်မဝင်စားဘူး"

"ငါ ဒီနေ့ စိတ်ကောင်းဝင်နေလို့ ဒီလောက်စကားပြောနေတာကွ၊ ရန်သူဆိုရင် ဘယ်သူ့ကိုမှ ငါက စကားများများပြောတာ မဟုတ်ဘူး"

"ခင်ဗျားဘာသာ ကျုပ်တို့ကို စိတ်ကောင်းဝင်လို့ ညှာချင်ညှာ၊ ကျုပ်တို့ကတော့ လုံးဝမညှာနိုင်ဘူး"

"ဟား..ဟား..ဟား..ဒီလိုဆိုရင် စပြီဟေ့"

ပြောပြောဆိုဆို လူ့ခွစာကြီး၏ လက်နှစ်ဘက် လှုပ်ရှားလိုက်သည်။

နယ်ခြားသား သုံးယောက်ကလည်း လူ့ခွစာကြီး စတင်၍ လှုပ်ရှားလိုက်သည်နှင့် သူတို့၏လက်နက်များဖြင့် တိုက်ခိုက်လိုက်ကြသည်။

နယ်ခြားသားများ၏ အရိပ်များသည် လူ့ခွစာကြီး၏ပတ်လည်တွင် ဝိုင်းပတ်ခုန်ပျံကာ လက်နက်အလင်းတန်းများက လက်ခနဲ လက်ခနဲ ပြေးဝင်လာကြသည်။

လူ့ခွစာကြီးက ကြီးမားသော လက်ဝါးကြီးကိုဖြန့်၍ တဝီဝီဖြင့် ရိုက်ထုတ်ရောင်တိမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်နှင့်တစ်ယောက် ဖြစ်သော်လည်း ခေါသကြီးသော လူ့ခွစာကြီးသည် နယ်ခြားသားသုံးယောက်တို့၏ တိုက်ခိုက်မှုကို ကောင်းစွာခုခံကာကွယ်နိုင်ပေသည်။

တစ်ချက်တစ်ချက်တွင်...

လူ့ခွစာကြီး၏ လက်ဝါးများက လက်နက်အလင်းတန်းကြားမှ ပေါက်ထွက်ကာ နယ်ခြားသားတို့ထံ ရိပ်ခနဲ ဝင်လာသည်။

နယ်ခြားသားတို့မှာ ကြီးမားသော အားလှိုင်းဖြင့် အရှိန်ပြင်းစွာ ဝင်လာသည့် လက်ဝါးချက်များကို အသေအလဲ ရှောင်တိမ်းနေရသည်။

နယ်ခြားသားတို့၏ တိုက်ခိုက်မှုမှာ အလယ်ပိုင်းသိုင်းပညာနှင့် မတူချေ။

သူတို့က တစ်ဘက်ရန်သူကို မျက်စိနောက်အောင် လှည့်ပတ်နေရင်းမှ အလစ်တွင် ဓားချက်များ လုစ်ခနဲ လုစ်ခနဲ ထိုးသွင်းလိုက်သည်။

တစ်ကြိမ်တွင်...

လူ့ခွစာကြီးက နယ်ခြားနှစ်ယောက်၏ ဓားချက်ကို ရှောင်တိမ်းလိုက်ပြီး လက်ဝါးဖြင့် ရိုက်မည့်ဟန် ရှေ့သို့ကိုင်းလိုက်သည်။

ထိုအခါ...

လူ့ခွစာကြီးက ကိုယ်ကို ဖျတ်ခနဲ ပြန်ရုပ်ကာ မြောက်ခနဲ တစ်ပတ်ခုန်လှည့်ပြီး ကျန်နယ်ခြားသားတစ်ယောက်ကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။



"ဝှီး"

"အား"

အငိုက်မိသွားသော နယ်ခြားသားမှာ တစ်ချက်သာအော်နိုင်ပြီး နှစ်လံခန့် လွင့်စဉ်လဲကျသွားလေတော့သည်။

လူ့ခွစာကြီး ထိုမျှနှင့် ရပ်တန့်မနေပါချေ။

ကျန်သော နယ်ခြားသားနှစ်ယောက်ကို ခြေရောလက်ပါ အသုံးပြုကာ အားကုန်တိုက်ခိုက်နေသည်။

ထိုနယ်ခြားသား နှစ်ယောက်မှာလည်း သူ့ဘက်တော်သား တစ်ယောက်ကျသွားသဖြင့် သွေးများဆူကာ လူ့ခွစာကြီးအား အပြင်းအထန် တိုက်ခိုက်နေသည်။

သိုင်းကွက်များ တဖြည်းဖြည်း ဆယ့်ရှစ်ကွက်သို့ ရောက်ရှိလာသည်။

"ဖြောင်း"

"ဖွတ်"

"အင့်"

လူ့ခွစာကြီး၏ ညာဘက်ရှိ နယ်ခြားသားမှာ မသဲမကွဲ ညည်းညူ၍ လဲကျသွားလေသည်။

ထိုနယ်ခြားသားမှာ မိုက်မိုက်ကန်းကန်းပင် အလောတကြီး ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူ့ခွစာကြီး၏ လက်ဝါးချက် ပိုင်ပိုင်နိုင်နိုင်မိကာ လည်ပင်းကျိုးသွားလေသည်။

တိုက်ပွဲက တစ်ယောက်ချင်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ခွစာကြီးအား နယ်ခြားသားမှာ မယှဉ်နိုင်၍ အလူးအလဲ ခံနေရသည်။ အချိန် သိပ်မကြာလိုက်ပါချေ။

"ဒုတ်"

"အား"

"ဝုန်း"

သိုင်းကွက်ငါးကွက်မျှ အရောက်တွင် လူ့ခွစာကြီး၏ ပွဲသိမ်းလိုက်သော လက်ဝါးစောင်းသည် နယ်ခြားသား၏ နံစောင်းကိုထိမိသွားပြီး နယ်ခြားသားမှာ နာကျင်စွာတစ်ချက်အော်ပြီး လွင့်စဉ်လျက်စားပွဲပေါ်သို့ ဝုန်းခနဲ ကျသွားလေသည်။

လူ့ခွစာကြီးသည် အောင်နိုင်သူဟန်ဖြင့် လက်နှစ်ဘက်ကို ပွတ်ကာ သူ၏စားပွဲ၌ ပြန်ဝင်ထိုင်လိုက်သည်။

"ဟေ့..ဒီကောင်တွေကို ရှင်းပစ်လိုက်စမ်း၊ ငါ့စားစရာတွေ တောင်အေးနေပြီ၊ အသစ်ပြန်လုပ်ပေးစမ်းဟေ့"

လူ့ခွစာကြီးက ပုံပျက်ပန်းပျက် သေဆုံးနေသော နယ်ခြားသားများ၏ အလောင်းများအားကြည့်ကာ စားပွဲထိုးများအား အမိန့်ပေးလိုက်သည်။ တဆက်တည်းမှာပင်...

သူ့စားပွဲပေါ်မှ အေးစက်သွားပြီဖြစ်သော စားစရာသောက်စရာများအား အသစ်ပြန်လဲ ခိုင်းလိုက်လေတော့သည်။

စားပွဲထိုးများမှာလည်း လူ့ခွစာကြီး ခိုင်းသည့်အတိုင်း လုပ်စရာရှိသော အလုပ်များအား လူစုခွဲကာ မြန်မြန်လုပ်ကိုင်ကြသည်။

မကြာခင်အချိန်အတွင်း စားသောက်ခန်းထဲတွင် မူလအ



တိုင်း နေသားတကျဖြစ်နေ၏။

လူ့ခွစာကြီး၏စားပွဲတွင်လည်း အငွေ့တထောင်းထော

ထနေသော စားသောက်ဖွယ်ရာများ ပြန်လည်ရောက်ရှိလာသ

စားသောက်ခန်းအတွင်း ကျန်ရှိနေသူများမှာ စကားကျ

ကျယ်မပြောရဲကြတော့ဘဲ လူ့ခွစာကြီး၏ အရိပ်အခြည်ကိုကြ

လျှက် တိတ်ဆိတ်စွာ စားသောက်နေကြလေသည်။

စားသောက်ဆိုင်ပိုင်ရှင်မှာ မျက်နှာကြီးရှုံ့မဲ့ကာ စိတ်မသ

မသာ ဖြစ်နေသောပုံစံမျိုး ရှိနေသည်။

လူ့ခွစာကြီးက စောစောက မသောက်ဖြစ်လိုက်သော

ရက်အိုးကို လှမ်းယူလိုက်ပြီး မော့သောက်ချရန် ဟန်ပြင်လိုက်သ

သည်တစ်ခါလည်း လူ့ခွစာကြီးက အရက်မသောက်ဖြ

သေးပါချေ။ အဘယ်ကြောင့်ဆိုသော်...

သူ့မျက်လုံးအစုံက အရက်အိုးအောက်တွင် ရောက်ရှိ

သော စာရွက်ကလေးအား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သ

လူ့ခွစာကြီးက မျက်မှောင်ကြုတ်သွားသည်။

စားပွဲပေါ်ရှိ စာရွက်ကလေးကို လှမ်းယူလိုက်သည်။

သည်စာရွက်ကလေး မည်သို့မည်ပုံ ရောက်ရှိနေခြင်း

သူစဉ်းစား၍ မရချေ။ လူ့ခွစာကြီးက ထိုစာရွက်ပေါ်တွင် ရေးသ

ထားသောစာများကို ဖတ်လိုက်သည်။

"ယောယှဝ အမိန့်စာ"

"လူ့ခွစာချုးလုံ..မင်း ကိုးလပိုင်းကိုးရက်နေ့မှာသေရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဟု စာက တိုတိုရှင်းရှင်းလေး ဖြစ်သည်။

စာကိုဖတ်ပြီးတော့မှ လူ့ခွစာ မျက်မှောင်ကြုတ်သွားလေသည်။ သူ၏အမည်ရင်းကိုသိသောလူ လက်ချိုးရေတွက်၍ရလေသည်။ ထိုစာသည် အမိပွါယ်မရှိသောစာဟု လူ့ခွစာ တွက်ဆလိုက်သည်။

"ခုန်း"

လူ့ခွစာကြီးသည် အရက်အိုးကို ခပ်ကြမ်းကြမ်း စားပွဲပေါ်သို့ချလိုက်သည်။ ထို့နောက်...

"ဘယ်သူလဲဟေ့..မိုးကြောင်မိုးဝှက် လုပ်သွားတာ၊ သတ္တိရှိရင်ထွက်ခဲ့"

လူ့ခွစာကြီး၏ ရုတ်တရက် အော်ဟစ်သံကြောင့် ဆိုင်အတွင်းရှိ စားသောက်နေသူများ ခေါင်းထောင်လာကြလေသည်။

နေရင်းထိုင်ရင်း အော်ဟစ်ပြောဆိုလိုက်သော လူ့ခွစာကြီးကိုလည်း နားမလည်နိုင်စွာ ကြည့်နေလေသည်။

"ဟေ့..ငရဲအဆိပ်ဆိုတဲ့ အရူး၊ သတ္တိရှိရင်ထွက်ခဲ့လေကွာ၊ ဘာဖြစ်လို့ ပုန်းနေရတာလဲ၊ သူများတွေက မင်းကိုကြောက်ပေမယ့် ငါကတော့ လုံးဝမကြောက်ဘူးဆိုတာ မှတ်ထားပါ"

လူ့ခွစာကြီး မည်သည့်အကြောင်းကြောင့် တစ်ယောက်တည်းစိန်ခေါ်နေသည်ကို မသိပါချေ။

သို့သော် သူ၏စကားထဲ၌ ငရဲအဆိပ်ဟူသော စကားလုံးပါလာသဖြင့် ဆိုင်တွင်းရှိ လူအားလုံးပင် ကြက်သီးများထသွားကြလေ



သည်။ အချို့မှာ စားသောက်လက်စကို တဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားသည်။ သည်ဆိုင်ထဲတွင် ဆက်လက်မနေသင့်တော့မှန်း အားလုံး သဘောပေါက်လိုက်ကြသည်။

သူတို့အားလုံးသည် ယောယုဝအမိန့်စာအကြောင်းကို အတန်ကြာ သိထားပြီဖြစ်သည်။ တခဏအတွင်းမှာပင် ဆိုင်အတွင်း၌ လူရှင်းသွားလေတော့သည်။

"ဖြုန်း"

လူ့ခွစာကြီးက စားပွဲကိုလက်ဖြင့် ဒေါသတကြီး ပုတ်လိုက်သည်။ အစားအသောက် ပန်းကန်များသည် အပေါ်သို့မြောက်တက်သွားသည်။

"ဘယ်လိုလဲကွ၊ ငရဲအဆိပ်ဆိုတဲ့ကောင်၊ အခုကြောက်နေပြီလား"

ဟု အော်ဟစ်ပြောဆိုနေလေသည်။

* * *

ကိုးလပိုင်း ကိုးရက်နေ့...။

အချိန်က နေမွန်းတည့်ချိန်။

စီးရန်မြို့၏ တောင်ဘက်၊ မြို့ပြင်ရှိလမ်းကြီးပေါ်တွင် လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ထိုသို့ဖြစ်ရခြင်း အကြောင်းကား အခြားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းစွာ သေဆုံးနေသည့် အလောင်း၏အကြောင်းကို သူများအပြောဖြင့် မယုံသောကြောင့် ကိုယ်တိုင်လာရောက်ကြည့် ခြင်းဖြင့် ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေရခြင်းဖြစ်သည်။

လာရောက်ကြည့်သူတို့မှာ...

ခန္ဓာကိုယ် တစ်ခုလုံး ပျော့တိပျော့ဖတ်ဖြင့် သေဆုံးနေရ သည့် လူထူးဆန်းအလောင်းကောင်ကြီးကိုကြည့်ပြီး ကျောချမ်းနေ ကြလေသည်။

သူတို့၏ ဦးနှောက်၌ ယောယဉအမိန့်စာဟူသည့် စကားလုံး များကို မကောင်းဆိုးဝါးတစ်ကောင်သဖွယ် ထင်မှတ်နေကြလေ သည်။

အလောင်းကို လာရောက်ကြည့်ရှုသူ တဖြည်းဖြည်း များ လာသည်နှင့်အမျှ ထူးဆန်းစွာ သေဆုံးနေသည့်လူ၏ သတင်းသည် လည်း နေ့ဝက်အတွင်း မြို့ပေါ်င်းများစွာ ပျံ့နှံ့သွားလေသည်။

လူတစ်ကိုယ်လုံး ရုပ်ပျက်ခြင်းမရှိဘဲ...

သားရေပျော့ကြီးတစ်ခုကို ပြုလုပ်ထားသည့်အလား ထူး ဆန်းစွာ သေဆုံးနေသည်။

သေဆုံးနေသူမှာ လူ့ခွစာချူးလုံပင် ဖြစ်လေတော့သည်။

* * *



—

ယောယဉအမိန့်စာ

ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေနေ၏။

ရာသီစက်ဝန်းသည် ထုံးစံအတိုင်း အချိန်မှန်မှန် လည်ပတ် နေသည်။

တစ်ချိန်က အသစ်တို့သည်

ယခုအခါ ဟောင်းနေကြပြီ ဖြစ်သည်။

ရက်တွေလတွေ မည်သို့ပြောင်းလဲခဲ့သော်လည်း ငရဲအဆိပ် ဟူသည့် ကိုယ်ပျောက်ငရဲသား၏ သတင်းမှာ ပို၍ပို၍ကျော်ကြားလာ ခဲ့လေတော့သည်။

ယခုအချိန်သည် နှစ်တစ်နှစ်၏ ဆန်းစအချိန်ဟုခေါ်ရမည့် လပိုင်းဖြစ်သည်။

ငရဲအဆိပ်၏အမိန့်စာ စတင်ပေါ်ပေါက်ခဲ့သည်မှာ ယခုဆို လျှင် ခြောက်လကျော်ခန့်ရှိပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခြောက်လအတွင်း၌...

ရဲအဆိပ်၏ အမိန့်စာကြောင့် ထူးဆန်းစွာပုံစံတူဖြင့် သေဆုံးခဲ့ရသူတို့မှာ ကိုးယောက်တိတိ ဖြစ်လေသည်။

ရဲအဆိပ်၏ လူသတ်မှုနှုန်းသည်...

တစ်လထက်တစ်လ ပို၍များလာသဖြင့် အလယ်ပိုင်းသိုင်းလောကကြီး၌ တုန်လှုပ်လာသည်။

ရှောင်လင်အဖွဲ့ အပါအဝင် သိုင်းလောကရှိ ထိပ်သီးအဖွဲ့ချုပ်ကြီးတို့သည်...

အစောပိုင်းကတည်းက ထိုအဖြစ်ဆိုးကြီးကို နှိမ်နင်းရန် ဆွေးနွေးတိုင်ပင်နေသည့်ကြားမှပင် ထူးဆန်းသည့်သေဆုံးမှုများ ဖြစ်ပေါ်လာခဲ့ရလေသည်။

ထို့ကြောင့်...

ဂိုဏ်းကြီးများမှာလည်း စဉ်းစားရဲကြပ်လျှက် ရှိနေကြသည်။

* * *



မည်သို့ဖြစ်စေ။

ယခုအချိန်၌ လူကိုးယောက်တိတိ သေဆုံးသွားခဲ့ပြီဖြစ်လေသည်။

သို့ရာတွင်...

သိုင်းလောကရှိ ထိပ်သီးဂိုဏ်းကြီးများအနေဖြင့် ထိုလူသတ်မှုများကိုစွကို မည်သို့မျှ ဖြစ်ဖြစ်မြောက်မြောက် စွမ်းဆောင်နိုင်ခြင်း မရှိပေ။

အမုန်တရားကို လိုလားသော၊ အများအကျိုးကို သည်ပိုးဆောင်ရွက်လိုသော အမှန်တရား၏ဘက်တော်သားဖြစ်သည့် သိုင်းသမားတို့မှာ...

တရားခံအစစ်အမှန်ကို မဆုတ်မနစ်ခွဲနှင့် နွေညမဟူ အစွမ်းကုန် ထောက်လှမ်း နေကြလေတော့သည်။

သည်နေ့အထိ သူတို့၏ စုံစမ်းထောက်လှမ်းမှုတို့မှာ အရာမထင်သော်လည်း...

မကြာမီကာလအတွင်း တရားခံ အစစ်အမှန်ကို ရှာဖွေဖော်ထုတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ခဲ့ကြလေသည်။

အဘယ်ကြောင့်ဆိုသော်...

သူတို့အားလုံး၏ အသိစိတ်ထဲတွင် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိကြောင်း ခိုင်ခိုင်မြဲမြဲ ယုံကြည်သောကြောင့်ဖြစ်သည်။

မှန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့...

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိချေ။

မကောင်းမှုကျူးလွန်သူတို့သည် အနိုက်အတန့်အားဖြင့် အသာစီးရနေကြသော်လည်း နောက်ဆုံး၌မူ အမှန်တရား၏ အလင်းရောင်အောက်တွင် ကျဆုံးရမြဲပင် ဖြစ်လေသည်။

မကောင်းမှု၏ ဒုစရိုက် သက်တမ်းကား အလွန်တရာမျှပင် တိုတောင်းလှပေသည်။

* * *



## အတုမဲ့ဆေးဆရာ

အထီးကျန်တောင်ကုန်းသည် လူတိုင်းလိုလိုသိရှိသော တောင်ကုန်းဖြစ်သည်။

ထိုတောင်ကုန်းတွင် တစ်ဦးတည်းနေထိုင်သူမှာ သမားတော်ယန်ယီကျင်းဖြစ်သည်။

သမားတော်ယန်ယီကျင်းအား သိုင်းလောကသားများက အတုမဲ့သမားတော်ဘွဲ့ ပေးထားလေတော့သည်။

ထိုဘွဲ့ကို အကြောင်းမဲ့သက်သက် ပေးထားခြင်းမဟုတ်ပေ။

သမားတော်ယန်ယီကျင်းသည် ဆေးကုသရာ၌ အတုမရှိသောကြောင့် ဖြစ်သည်။

အလယ်ပိုင်းတွင် ဆေးပညာနှင့် ပတ်သက်၍ သမားတော်ယန်ယီကျင်းအား မည်သူမျှ ယှဉ်ပြိုင်၍မနိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်...

သမားတော်ယန်ယီကျင်းမှာ သိုင်းပညာဘက်တွင်လည်း ထက်မြက်သည်။

မာနလည်း ကြီးသည်။

သမားတော်ကြီး၏ ပညာမာနဟု ဆိုရပေမည်။

* * *

ယခု...

သမားတော်ယန်ယီကျင်းမှာ လက်နှစ်ဘက်ကိုနောက်ပစ်လျှက် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေလေသည်။

အကြောင်းကား အခြားမဟုတ်ချေ။

သိုင်းလောကတွင် လူတိုင်းလူတိုင်း မိန့်မိန့်တုန်အောင် ထိတ်လန့်နေသော ယောယုဝအမိန့်စာနှင့် ပတ်သက်၍ဖြစ်ပေသည်။

တစ်နည်းဆိုရလျှင်...

နှစ်ဝက်ကျော်ကာလအတွင်း အဆိပ်ဖြင့်သေဆုံးခဲ့ရသူများအား စစ်ဆေးကြည့်ရှုရန် မည်သူမျှ လာရောက်ပင့်ဖိတ်ခြင်းမရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့်...

သမားတော်ယန်ယီကျင်း မကျေမနပ် ဖြစ်နေမိခြင်းပင်ဖြစ်



သည်။ သမားတော်ယန်ယီကျင်းမှာ မာနရှိသော လူတစ်ယောက်ဖြစ်သည်။

လာရောက်ဖိတ်ကြားခြင်းမရှိဘဲနှင့် အလောင်းများအား သွားရောက်မစစ်ဆေးလိုပေ။

နောက်တစ်ချက်မှာ မည်မျှထူးဆန်းသော အဆိပ်ပေနည်းဟု သမားတော်ယန်ယီကျင်း သိချင်နေပေသည်။

ငရဲအဆိပ်နှင့် သူ့ပညာပြိုင်ချင်နေသည်။

အခြားသမားတော်များသည် ဆေးမမီသော ရောဂါမျိုးနှင့် အပြိုင်ကြိုချင်သကဲ့သို့ သမားတော်ယန်ယီကျင်းမှာလည်း ငရဲအဆိပ်အကြောင်းကို သတင်းဆိုးများသာ ကြားခဲ့ရပြီး သူလိုချင်သကဲ့သို့ ဖြစ်မလာသဖြင့် သမားတော်ယန်ယီကျင်းတစ်ယောက် မကျေမနပ်ဖြစ်ကာ ဒေါသထွက်နေလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သခားတော်ယန်ယီကျင်းသည် သူ့အား လာမပင့်သည်ကို ဒေါသ အလွန်ထွက်သည်။

ငရဲအဆိပ်၏အဆိပ်ကို အံတုနိုင်ရန် သူကဖြေဆေးကို အပူ တပြင်း ဖော်စပ်လေသည်။

သူက အလွန်ရှားပါးသော ဆေးပင်၊ဆေးရွက်၊ သစ်ခေါက် များကို ရှာဖွေကာ အပင်ပန်းခံ၍ ဆေးတစ်မျိုးကို တီထွင်လိုက်လေ သည်။ ထိုဆေးမှာ အဆိပ်အားလုံးကိုချေဖြေစေသော အာနိသင်ရှိ သည်။

သူက ထိုဆေးအား အဆိပ်တစ်ထောင်ဖြေဆေးဟု အမည် ပေးထားသည်။

သမားတော်ယန်ယီကျင်း ဆေးဖော်စပ်ပြီး တစ်လခန့်အ ကြာတွင် ချန်ထင်းဆိုသော ပုဂ္ဂိုလ်တစ်ဦးက သူရရှိထားသော ငရဲ အဆိပ်၏ ယောယုဝအမိန့်စာနှင့်အတူ သမားတော်ယန်ယီကျင်းထံ သို့ ရောက်ရှိလာသည်။

ချန်ထင်းမှာ သိုင်းပညာ အလွန်ထက်မြက်သည်။

သူတတ်မြောက်ထားသော သိုင်းပညာဖြင့် အများအကျိုး ကို အစွမ်းကုန် ကူညီဆောင်ရွက်သူ ဖြစ်ပေသည်။

မိမိအသက်ကို ပဓာနမထားဘဲ ရပ်ရွာအေးချမ်းသာယာ ရေးတွင် အစွမ်းကုန်ကူညီဆောင်ရွက်သူ ဖြစ်သည်။

တစ်နည်းဖြင့် အများအကျိုးအတွက် ဆောင်ရွက်မည်ဆို သော ခံယူချက်များကို ဆုပ်ကိုင်ကာ လက်တွေ့အကောင်အထည် ဖော်သူ တစ်ယောက်ဖြစ်ပေသည်။



အမှန်တရားကို လိုလားမြတ်နိုးသူ တစ်ယောက်ဖြစ်သည် နှင့်အညီ အမှန်တရားဘက်မှ သူ့ဘဝတလျှောက်လုံး ရပ်တည်လှုပ် ရှားခဲ့သည်။

ထို့ကြောင့်...

လူအများက ချန်ထင်းကို လေးစားကြသည်။

သို့သော်...

ခုစရိုက်သမားများကတော့ ချန်ထင်းအား မုန်းကြလေ သည်။

ချန်ထင်းသည် ငရဲအဆိပ်ဆိုသော လူသတ်ကောင်ကို ရှာ ဖွေဖော်ထုတ်နိုင်ရေးအတွက် ကြိုးပန်းနေသည်။

အများပြည်သူနှင့်အတူ လက်တွဲကာ စိတ္တဇလူသတ်ကောင် ကို ဖော်ထုတ်ရန် စိတ်အား အထက်သန်ဆုံး လူတစ်ယောက်ဖြစ် သည်။

ထို့ကြောင့်...

ယောယုဝအမိန့်စာကို ချန်ထင်းသည် မမျှော်လင့်ဘဲရရှိခဲ့ သည်။

ချန်ထင်းသည် ယောယုဝအမိန့်စာကို ရသည်နှင့်တပြိုင် နက် ဘာမှတွေဝေစဉ်းစားနေခြင်းမပြုတော့ဘဲ အတုမဲ့သမားတော် ယန်ယီကျင်းနေထိုင်သော အထီးကျန်တောင်ကုန်းကို အမြန်ဆုံးလာ ခဲ့လေသည်။

ချန်ထင်းသည် အမြန်ဆုံးထွက်လာခဲ့သည်ဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ယောယုဝအမိန့်စာရရှိစဥ်က သူရောက်နေသောအရပ်နှင့် အတော မှဲ့သမားတော်ယန်ယီကျင်းနေထိုင်ရာ အထီးကျန်တောင်ကုန်းတို့မှာ ခရီးအလှမ်းကွာနေသဖြင့် လမ်းခရီးတလျှောက်လုံးတွင် အချိန်မှာ သုံးရက်ခန့် ကုန်ဆုံးသွားခဲ့ရလေသည်။

ယင်းသို့ဖြင့်...

သမားတော်ယန်ယီကျင်းထံသို့ ရောက်ရှိသွားလေတော့ သည်။

သို့သော်...

သမားတော်ယန်ယီကျင်းထံသို့ ရောက်ရှိနေသောနေ့မှာ ယောယုဝအမိန့်စာအရဆိုလျှင် ရက်ချိန်းပြည့်မြောက်နေပြီ ဖြစ် သည်။

* * *



## ရောက်လာတဲ့အလောင်း

အထီးကျန်တောင်ကုန်း..။

အထီးကျန်တောင်ကုန်းသည် အလွန်သာယာသောနေရာ ဖြစ်လေသည်။

သဘာဝ၏ အလှကို ကျေးငှက်ကလေးများ တေးဆိုသံက ပို၍သာယာလှပစေသည်။

လှပသော တောင်တက်လမ်းကလေးအတိုင်း လူတစ် ယောက် မောပန်းစွာ တက်လာသည်။

ထိုလူမှာ သိုင်းသမားချန်ထင်းဖြစ်သည်။

ချန်ထင်းသည် တောင်ကုန်းထိပ်သို့ရောက်သောအခါ သစ် သားအိမ်ကလေး၏ အပြင်ဘက်၌ သမားတော်ယန်ယီကျင်းတစ် ယောက် တံမျက်စည်းလှည်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သမားတော်ယန်ယီကျင်းကို အသင့်တွေ့လိုက်ရသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သူရရှိထားသော ငရဲအဆိပ်၏ ယောယုဝအမိန့်စာမှာ ယနေ့ပင်ပြည့်နေပြီဖြစ်သောကြောင့် မျှော်လင့်ချက် ရဲ့ဝံ့ဝံ့မထားရဲပါချေ။

ချန်ထင်းသည် စိတ်ဓာတ်များ ကျဆင်းနေပြီဖြစ်လေသည်။

သမားတော်ယန်ယီကျင်းက ချန်ထင်းကို တွေ့လိုက်ရသောအခါ မျက်မှောင်ကြုတ်သွားသည်။

ထို့နောက်…

ချန်ထင်း၏မျက်နှာကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

"အလို ချန်ထင်းပါလား၊ ဘယ်လို အကြောင်းကိစ္စရှိလို့ အလောတကြီး ရောက်လာရတာလဲ"

ချန်ထင်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

သူ၏မျက်နှာ တင်းမာနေသည်။

"ဆရာကြီး…ကျွန်တော့်ဆီကို အမိန့်စာ ရောက်လာတယ်"

ချန်ထင်းက လိုရင်းစကားကို မသွယ်ဝိုင်ဘဲ တိုက်ရိုက်ပြောလိုက်သည်။

သမားတော်က ခေါင်းကို ဖြည်းညင်းစွာ တစ်ချက်ခါယမ်းလိုက်သည်။

ပြီးမှ…

ချန်ထင်းအား စေ့စေ့ကြည့်ကာ…

"အင်း…ကျုပ်တွေ့ချင်နေတာနဲ့ အတော်ပဲကွ"

ချန်ထင်းက သမားတော်အားကြည့်လိုက်သည်။



သမားတော်က တည်ကြည်သော မျက်နှာထားဖြင့်ကြည့်ကာ…

"အင်း…ကျုပ်က ယောယုဝအမိန့်စာရထားပြီး မသေသေးတဲ့လူကို မျှော်နေတာပဲ၊ ကျုပ် သတင်းတွေကြားရတာတော့ ရက်ချိန်းပြည့်တာနဲ့ အဲဒီလူဟာ သေဆုံးသွားရတယ်ဆိုတာပဲ၊ အဲဒါကို တွေးဆကြည့်မယ်ဆိုရင် သူဟာ အမိန့်စာမပေးခင် သူသတ်မယ့်လူကို ကြိုတင်အဆိပ်ခတ်ထားလို့ပဲ ထင်တယ်"

ချန်ထင်းက…

"ဆရာကြီးပြောစကားက မှန်လောက်ပါတယ်၊ ဒါပေမယ့်"

ယန်ယီကျင်းက…

"ချန်ထင်း…သိပ်စိတ်မပူပါနဲ့၊ ကျုပ်ကြိုးကြိုးစားစား ဖော်စပ်ထားတဲ့ အဆိပ်ဖြေဆေးနဲ့ မင်းကို အစွမ်းကုန်ကုသပေးဖို့မယ်"

ဟု ပြောလိုက်လေသည်။

ထိုအခါမှ ချန်ထင်း မျက်နှာမှာ ဝင်းလက်လာလေတော့သည်။

သူက သမားတော်ယန်ယီကျင်းအား အရိုအသေပြုလိုက်သည်။ ထို့နောက် ချန်ထင်းက…

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော့်ကို အခုလို စေတနာထားတဲ့အတွက် ဝမ်းသာပါတယ်၊ ဆရာကြီးကို ကျေးဇူးလည်းတင်ပါတယ်"

ဟုပြောရင်း သူ၏မျက်နှာထားမှာ တည်ငြိမ်သွားပြန်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးမှ...

စကားဆက်လိုက်လေသည်။

"ကျွန်တော်ဟာ အမှန်တော့ သေရမှာကို နည်းနည်းမှ မကြောက်ပါဘူး။ ဒါပေမယ့် ယောယုဝအမိန့်စာကို မဖော်ထုတ်နိုင်ခင် အချိန်အတွင်းမှာ သူက ကျွန်တော့်အရင် လက်ဦးသွားတာကို အရမ်းပဲ ခံပြင်းမိပါတယ်"

သမားတော်ယန်ယိကျင်းက...

"ဒီမှာ..ချန်ထင်း၊ မင်း အခုမသေသေးပါဘူး။ ဒီတော့ ငရဲအဆိပ်က လက်ဦးသွားတယ်လို့ ဘယ်သူက ပြောနိုင်မှာလဲ၊ မင်းကို ကျူပ်အဆိပ်ဖြေဆေးနဲ့ ကုသပေးဖို့ အခွင့်အရေးရှိပါသေးတယ်၊ မင်း မစိုးရိမ်ပါနဲ့"

"ဒါပေမယ့် ယောယုဝအမိန့်စာက.."

ချန်ထင်းက စကားတစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

သမားတော်ကြီးက ချန်ထင်းကို လက်ကာပြလိုက်လေသည်။

"အဲဒီယောယုဝအမိန့်စာကို ကျူပ်တစ်ခါမှ မမြင်ဖူးပါဘူး" ဟု ပြောလိုက်လေသည်။

ချန်ထင်းက ဘာစကားမျှ ထပ်မပြောတော့ပါချေ။

သူ၏အင်္ကျီရင်ဘတ်အကြားတွင် ထည့်သွင်းသိမ်းဆည်းထားသည့် ယောယုဝအမိန့်စာကို ထုတ်ယူကာ သမားတော်ယန်ယိကျင်းကို ပြသလိုက်လေသည်။



သမားတော်ကြီးက တည်ငြိမ်အေးဆေးစွာဖြင့် စာကို လှမ်းယူကာ ဖြန့်လိုက်သည်။

စာမှာ တိုတိုရှင်းရှင်းလေးပင် ဖြစ်သည်။

"ငရဲအဆိပ် ယောယုဝအမိန့်စာ"

ချန်ထင်း...

လေးလပိုင်းဆယ့်ငါးရက်နေ့မှာ မင်းသေရလိမ့်မယ်၊ ကြို တင်ပြင်ဆင်ထားပါ"

သမားတော်ကြီးယန်ယိကျင်းသည် စာကိုရသောအခါ မျက်မှောင်ကြုတ်သွားသည်။

ချန်ထင်းသည် သမားတော်ကြီးကိုငေးကြည့်နေလေသည်။

သမားတော်ကြီးက စာကို နောက်တစ်ကြိမ် ထပ်မံဖတ်လိုက်သည်။

ထို့နောက်...

ချန်ထင်းကို တစ်ချက်ကြည့်လိုက်သည်။

"ကဲ..ချန်ထင်း၊ ငါနောက်လိုက်ခဲ့"

သမားတော်ကြီးသည် ချန်ထင်းကို အိမ်ထဲသို့ ခေါ်သွားလေသည်။ ချန်ထင်းသည် သမားတော်ကြီးနောက်သို့ လိုက်သွားလေသည်။

ဧည့်ခန်းသို့ ရောက်သောအခါ...

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးသည် ချန်ထင်းအား ခုံတစ်လုံးအား ညွှန်ပြလိုက်လေသည်။

"ကဲ…ထိုင်ဦး"

ဟုပြောလိုက်သည်။

ချန်ထင်းက အရိုအသေပြု၍ ထိုင်လိုက်သည်။

သမားတော်ကြီးက ရေနွေးကြမ်းငှဲ့ကာ ချန်ထင်းအား ရေနွေးကြမ်းခွက်ကို လှမ်းပေးလိုက်လေသည်။

* * *

"ချန်ထင်း..လေးလပိုင်း ဆယ့်ငါးရက်နေ့မှာ မင်းသေရမယ်ဆိုပါလား။ ဒါဆို ယောယုဝအမိန့်စာက ဒီကနေ့ ရက်ချိန်းပြည့်ပြီပဲ"

စာကိုဖတ်၍ စားပွဲပေါ်သို့ တင်လိုက်ရင်း သမားတော်ကြီးကပြောလိုက်သည်။

သမားတော်ကြီး၏ မျက်နှာကို အကဲခတ်နေသောချန်ထင်း ရင်ထိတ်သွားသည်။

ထို့ကြောင့်…

စိုးရိမ်တကြီးလေသံဖြင့်…

"ဟုတ်ပါတယ်ဆရာ၊ ဒီနေ့ ယောယုဝအမိန့်စာ ရက်ချိန်းပြည့်နေပါပြီ"

သမားတော်ကြီးက ရေနွေးကြမ်းတစ်ခွက် မော့သောက်



လိုက်သည်။

ထို့နောက် စကားစလိုက်သည်။

"ဒီစာကို မင်းဘယ်တုန်းက ရခဲ့တာလဲ"

ချန်ထင်းက…

"ဒီစာကို လွန်ခဲ့တဲ့ သုံးရက်ကရခဲ့တာပါ ဆရာကြီး၊ ဒီစာရတဲ့အချိန်မှာ ကျွန်တော် ရောက်နေတဲ့အရပ်နဲ့ အထီးကျန်တောင်ကုန်းဟာ ခရီးသိပ်ကွာလှပါတယ်၊ ဒါကြောင့်လမ်းမှာ အချိန်သုံးရက်ကုန်သွားပါတယ်"

ဟု ပြောလိုက်သည်။

သမားတော်ကြီး ခေါင်းညိတ်လိုက်သည်။

သူ၏မျက်နှာမှာ လေးနက်တည်ကြည်လာသည်။

"ချန်ထင်း ကျုပ်တို့ အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး။ လာမင်းကို ကျုပ်စမ်းသပ်ကြည့်မယ်"

သမားတော်ကြီးယန်ယီကျင်းသည် ပြောပြောဆိုဆိုဖြင့်ပင် အခန်းတွင်းသို့ ဝင်သွားသည်။

ချန်ထင်းသည် သမားတော်ကြီးနောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားလေသည်။

အခန်းတွင်းသို့ ရောက်သောအခါ…

* * *

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးယန်ယီကျင်းက ချန်ထင်းအား ခုတင်တစ်ခုပေါ်သို့ ညွှန်ပြလိုက်သည်။

"ချန်ထင်း..အဲဒီ ခုတင်ပေါ်မှာ လှဲလိုက်ပါ"

ချန်ထင်းက ခုတင်ပေါ်၌ လှဲအိပ်လိုက်လေသည်။

ထို့နောက်...

သမားတော်ကြီးသည် ချန်ထင်း၏ ခန္ဓာကိုယ်တစ်ခုလုံးအား သူ့စိတ်တိုင်းကျ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်လိုက်လေသည်။

တခဏအကြာတွင် သမားတော်ကြီးထံမှ စကားသံ ထွက်ပေါ်လာသည်။

"ချန်ထင်း..မင်း ငရဲအဆိပ်မိထားတာ ကိုးရက်တောင်ရှိနေပြီ၊ တစ်နည်းပြောရရင် အဆိပ်မိထားပြီး ခြောက်ရက်လောက်ကြာမှ မင်းယောယု၀အမိန့်စာကို ရတာပဲ"

ချန်ထင်း မျက်နှာတစ်ချက် ပျက်သွားသည်။

သူ၏အသံမှာလည်း ထိတ်လန့်မှုကြောင့် တုန်ခါနေသည်။

"ဒါဆို ကျွန်တော်လည်း တခြားလူတွေလို ရက်ချိန်းအတွင်း သေရတော့မှာပေါ့"

သမားတော်ကြီးက...

"အင်း..တခြားလူတွေကတော့ ယောယု၀အမိန့်စာရပြီး ရက်ချိန်းအတွင်း သေခဲ့ကြတာချည်းပဲ၊ ဒါပေမယ့် မင်းကတော့ တခြားလူတွေနဲ့မတူဘူး"



ဟု ပြောလိုက်သည်။

သမားတော်ကြီးက စကားကို ခေတ္တရပ်တန့်လိုက်လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ရဲ့ဆေးကုသမှုကို ခံယူဖို့ အခွင့်အရေးရလို့ပဲ၊ ကဲ ပြောစမ်းပါ၊ ပြီးခဲ့တဲ့ ကိုးရက်တုန်းက မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဝေဒနာမျိုးတွေနဲ့ ဘယ်လိုခံစားမှုမျိုးတွေ ဖြစ်ပေါ်ခဲ့သလဲ"

ချန်ထင်း တွေဝေသွားသည်။

ထို့နောက်...

ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"ဘယ်လိုဝေဒနာမျိုးမှ မခံစားရပါဘူး ဆရာကြီး၊ အခြေအနေအားလုံး ကောင်းပါတယ်၊ ဆရာကြီးနဲ့စကားပြောတဲ့အထိ ဆိုပါတော့"

သူသည် တစ်ချက် စဉ်းစားလိုက်သည်။

"တကယ်လို့သာ ယောယု၀အမိန့်စာကို ကျွန်တော် မရခဲ့ရင် အခုလောက်ဆို ဘာမှမသိဘဲ လောကကြီးနဲ့ ကျွန်တော်လည်း အဆက်ပြတ်သွားလောက်ပြီ ထင်တယ်"

သမားတော်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ထို့နောက် စကားဆက်ပြောလိုက်သည်။

"ကျုပ်ရဲ့ဘ၀တစ်သက်တာ အတွေ့အကြုံမှာ တွေ့ကြုံခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ဒီငရဲအဆိပ်ဟာ တခြားအဆိပ်တွေနဲ့ မတူဘူး၊ သူ့မှာ ထူးခြားတယ်၊ အစွမ်းထက်တယ်၊ ကြောက်စရာအကောင်းဆုံး အဆိပ်တစ်မျိုးပဲဖြစ်တယ်"

သူက စကားကို ခဏရပ်လိုက်သည်။

ပြီးမှ ချန်ထင်းအားကြည့်ကာ...

"အင်း..ဒီလိုအဆိပ်မျိုးကို ဖော်စပ်နိုင်တဲ့လူဟာ သိုင်းလောကမှာ သတင်းဆိုးနဲ့ နာမည်ကြီးနေတဲ့ ငရဲအဆိပ်ဝူးကြည်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး"

ချန်ထင်း ဘာမှဝင်ရောက်ပြောဆိုခြင်း မရှိဘဲ သမားတော်ကြီးပြောသမျှ စကားတွေကိုသာ စိတ်ဝင်တစား ငြိမ်သက်စွာ နားစွင့်နေသည်။

သမားတော်ကြီးသည် လမ်းလျှောက်ရင်း တစ်ကိုယ်တည်း ညည်းညူဟန်ဖြင့် ဆက်လက်၍ တစ်ယောက်တည်း ပြောဆိုလိုက်သည်။

"ဝူးကြည်..သူဘယ်များ ရောက်နေပါလိမ့်၊ ဘယ်သူမှ ရှာမတွေ့အောင် ပုန်းနေနိုင်တဲ့ အရည်အချင်းဟာ တကယ့်ကို ထူးခြားတဲ့ အရည်အချင်းတစ်ရပ်ပဲ ဖြစ်တယ်"

သမားတော်ကြီးက သက်ပြင်းချကာ...

"ဒါပေမယ့် တစ်ခုစဉ်းစားစရာကောင်းတာက လူတွေဟာ သူ့ကြောင့် တစ်ယောက်ပြီးတစ်ယောက် သေတယ်၊ ဒါဟာ လူကြားထဲမှာ လှုပ်ရှားသွားလာနေတယ်ဆိုတဲ့ သဘောပဲ"



သမားတော်ကြီးသည် ခဏရပ်တန့်လိုက်သည်။

ပြီးမှ...

"ဒီတော့ ဝူးကြည်ဟာ လူတွေမသိနိုင်တဲ့နေရာ တစ်နေရာမှာပုန်းအောင်းနေတာ မဖြစ်နိုင်တော့ဘူး၊ သူ့ကိုယ်သူ ရုပ်ဖျက်ပြီး လူကြားထဲမှာ လျှောက်သွားနေတာပဲဖြစ်ရမယ်၊ ဒါမှလည်း သူသတ်ချင်တဲ့လူကို ကြိုတင်ပြီးတော့ အဆိပ်သင့်အောင် လုပ်နိုင်မှာ"

ချန်ထင်းသည် သမားတော်ကြီးပြောသော စကားများကို ငြိမ်သက်စွာ နားထောင်နေ၏။

သမားတော်ကြီးယန်ယီကျင်း၏စကားများက အကျိုးအကြောင်းဆက်စပ် နိုင်လုံသော ကောက်ချက်ဆွဲသည့်စကားများဖြစ်နေကြောင်း ချန်ထင်း၏စိတ်ထဲ၌ မှတ်ချက်ချလိုက်လေတော့သည်။

သမားတော်ကြီးက ချန်ထင်းကိုကြည့်ကာ...

"ချန်ထင်း..မင်းရဲ့မှတ်ဉာဏ်တွေ ကောင်းသေးတယ် မဟုတ်လား"

ချန်ထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော့်ရဲ့မှတ်ဉာဏ်တွေ အလွန်ကောင်းပါသေးတယ်၊ အသေးအဖွဲ့ကိစ္စကအစ နှစ်တွေ ဘယ်လောက်ကြာကြာ ကျွန်တော် ကောင်းကောင်းကြီးကို အမှတ်ရပါတယ်"

ချန်ထင်းက စကားကိုရပ်လိုက်သည်။

"အခုလည်း ငရဲအဆိပ်မိထားပေမယ့် မှတ်ဉာဏ်တွေ

www.burmeseclassic.com

www.burmeseclassic.com



မပျက်စီးသေးဘူးလို့ ထင်ပါတယ်"

သမားတော်ကြီးက လက်ဖျောက်တစ်ချက် တီးလိုက်လေသည်။

"ဒါဆို ဟုတ်ပြီ၊ ပြီးခဲ့တဲ့ ကိုးရက်လုံးလုံးက မင်းဘယ်သူနဲ့ တွေ့ခဲ့တယ်၊ ဘယ်နေရာမှာ တွေ့ခဲ့တယ်၊ သူတို့နဲ့ ဘာတွေပြောဆိုတယ်၊ ဘာတွေလုပ်တယ်ဆိုတာကို အသေးစိတ်ပြန်စဉ်းစားပြီး ပြောစမ်းပါ"

သမားတော်ကြီးသည် ချန်ထင်းအား တစ်ချက်ကြည့်လိုက်သည်။

"ပြီးတော့ ငါ့ကို သေသေချာချာပြောပြနော်၊ မင်းသိထားဖို့က အဲဒီကိုးရက်လုံးလုံးမှာ မင်းတွေ့ဆုံခဲ့တဲ့လူတွေထဲမှာ ငရဲအဆိပ်ဝူးကြည်ဟာ ရုပ်ဖျက်ထားတယ်ဆိုတာ၊ သူပါဝင်ခဲ့တယ်ဆိုတာပဲ"

သမားတော်ကြီးသည် စကားကို တရစပ်ပြောလိုက်သည်။

ပြီးမှ ချန်ထင်းအားကြည့်ကာ...

"မင်းပြောတဲ့လူတွေထဲမှာ ဘယ်သူတွေဟာ ဝူးကြည်ဖြစ်နိုင်တယ်ဆိုတာကို စဉ်းစားပြီး အဖြေဖော်ထုတ်ကြည့်မယ်"

ချန်ထင်း ဝမ်းသာအားရဖြင့်...

"ဆရာကြီး အဖြစ်အပျက်တွေကို ကျွန်တော် မှတ်မိနေပါသေးတယ်"

ငရဲအဆိပ်ဝူးကြည်ကို ဖော်ထုတ်နိုင်ခြင်းမှာ လူပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်ခြင်း ဖြစ်သည်။



သိုင်းလောကသားများ၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်ရေးမှာ အလွန်အရေးကြီးသော ပထမခြေလှမ်းပင်ဖြစ်ပေသည်။

သည်တော့ သူမှတ်မိထားသမျှ အရာအားလုံးကို သမားတော်ကြီးယန်ယီကျင်းအား အမြန်ဆုံး ပြောပြလိုက်သည်။

သူ၏စကားထဲမှ ငရဲအဆိပ်ဝူးကြည်ကို သမားတော်ယန်ယီကျင်းက ဖော်ထုတ်နိုင်မည်ဟု ယုံကြည်နေသည်။

အကယ်၍...

သမားတော်ကြီးက ဖော်ထုတ်နိုင်ခဲ့လျှင် သူအဆင်မသင့်၍သေဆုံးသွားသည့်တိုင်အောင် သိုင်းလောကသားများ၏ အသက်ကိုကယ်တင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့်...

ချန်ထင်းသည် သေပျော်ပြီဟု စိတ်ထဲတွင် မှတ်လိုက်လေသည်။

သမားတော်ကြီးက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ချန်ထင်းအား ပြောလိုက်သည်။

"ချန်ထင်း...ခဏနေဦး။ ကျုပ်ဖော်စပ်ထားတဲ့ဆေး သွားယူလိုက်ဦးမယ်၊ အဲဒီဖြေဆေးကို အရင်သောက်လိုက်ပါ။ ပြီးတော့မှ အဖြစ်အပျက်တွေကို ပြောပြပါ"

ပြောပြောဆိုဆိုဖြင့် သမားတော်ကြီးက အတွင်းခန်းထဲသို့ သွက်လက်စွာ ဝင်သွားသည်။

ထို့နောက် ချက်ချင်းပင် ဆေးရည်ပုလင်းတစ်လုံးကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ချန်ထင်းရှိရာသို့ ပြန်ထွက်လာသည်။

သမားတော်ကြီးက ချန်ထင်းအား...

"ဒီဆေးဟာ ကျူပ်တစ်သက်မှာ အပင်ပန်းဆုံးနဲ့ အခက်ခဲဆုံး ဖော်စပ်ခဲ့တဲ့ဆေးပဲ၊ အင်း ကျူပ် ပင်ပင်ပန်းပန်း ဖော်စပ်ခဲ့ရသမျှတော့ အကျိုးခံစားရလိမ့်မယ် ထင်တယ်"

သမားတော်ကြီးက ဆေးပုလင်းကိုလှုပ်ခါယမ်း၍ ချန်ထင်း၏ခုတင်အနီးသို့ တိုးကပ်လာသည်။

"ဟင်"

သမားတော်ကြီးသည် အထိတ်တလန့် ဖြစ်သွားလေသည်။

သူသည် သမားတော်သက် ရင့်ကျက်သည်နှင့်အမျှ ကုသနေသော လူနာ၏အခြေအနေနှင့် ပြောင်းလဲမှုများကို လျှပ်တပြက်အချိန်အတွင်း မှန်ကန်စွာ အကဲခတ်နိုင်စွမ်းရှိသည်။

ယခုလည်း...

ချန်ထင်း၏ ပြောင်းလဲမှုကို သမားတော်ကြီးက အကဲခတ်မိသွားသဖြင့် ယခုကဲ့သို့ အထိတ်တလန့် ဖြစ်သွားခြင်းဖြစ်သည်။

ချန်ထင်းသည် စောစောကနှင့် လုံးဝမတူတော့ပါချေ။

ထိုသို့ဆိုလျှင်...

ထိုတိုတောင်းလှသည့် အချိန်ကလေးအတွင်းမှာပင် ချန်ထင်း သေဆုံးသွားခဲ့လေသည်။

* * *



သမားတော်ကြီးသည် သက်ပြင်းချလိုက်သည်။

"အင်း...ငါ့ရဲ့ ဖြေဆေးတောင် စမ်းသပ်ခွင့် မရလိုက်ပါလား၊ ဒါပေမယ့် လူတွေကတော့ အဖြစ်မှန်သိကြမှာမဟုတ်ဘူး၊ ငါ့ဆေးမစွမ်းလို့ ငါကုသမှုမအောင်မြင်လို့ ချန်ထင်း သေသွားတယ်လို့ ထင်မှာပဲ"

"အင်း...ငရဲအဆိပ်ကို ချန်ထင်းမိထားပြီး ငါက မကယ်နိုင်ဘူးလို့ သတ်မှတ်မယ်၊ ဒီလိုသာပြောရင် ငါ့ဘဝတော့ သွားပြီ"

သမားတော်ကြီးသည် စိတ်ထဲ၌ ကြေကွဲစွာ တွေးတောရင်း အသက်ကုန်ဆုံးနေသည့် ချန်ထင်းအား စမ်းသပ်လိုက်သည်။

"အလို...တော်တော် ကြောက်စရာကောင်းတဲ့ အဆိပ်ပါလား၊ ဒီလောက်အချိန်လေးအတွင်း ချန်ထင်း တစ်ကိုယ်လုံး သားရေပျော့အရုပ်လို ဖြစ်သွားပြီ"

သမားတော်ကြီးသည် အံ့သြထိတ်လန့်စွာ တစ်ချက်မျှ ရေရွတ်ရင်း တဆက်တည်းပင် ငရဲအဆိပ်ဝူးကြည်၏ မျက်နှာအား မြင်ယောင်လာလေသည်။

ထို့နောက်...

သမားတော်ကြီးသည် ဝူးကြည်ကို စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

"ဝူးကြည်...မင်းရဲ့လုပ်ရပ်တွေဟာ ငါ့ကိုသတ်နေတာနဲ့ အတူတူပဲ၊ ဒါကြောင့် မင်းကို ကောင်းကောင်းတုန့်ပြန်မယ်၊ မင်းရဲ့အဆိပ်ဟာ ဘယ်လောက်စွမ်းစွမ်း၊ မင်းအဆိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ချေဖျက်နိုင်တဲ့ဖြေဆေးကို ငါမသေမချင်း ရအောင်ဖော်စပ်မယ်၊ ငါ့ရဲ့ အတုမဲ့သမားတော်ဘွဲ့ကို ပြန်သိမ်းသွားလည်း မမှုဘူး။

အဆိပ်ဖြေဆေးကို ငါရအောင်ဖော်စပ်မယ်၊ ပြီးတော့ အဆိပ်သင့်တဲ့လူတွေကိုရအောင်ကယ်မယ်"

သမားတော်ကြီးယန့်ယီကျင်က သူ့ မစမ်းသပ်လိုက်ရသည့် အဆိပ်ဖြေဆေးပုလင်းကို ဆုပ်ကိုင်ရင်း စိတ်ထဲမှ တိုးသိုးကြုံးဝါးလိုက်လေသည်။

* * *



## သမားမနိုင်အဆိပ်

သိုင်းလောကတွင် ယောယုဝအမိန့်စာ၏ ကြောက်မက်ဖွယ် ရာအရိပ်ကြီးက တစ်စထက်တစ်စ အင်အားကြီးမားစွာ လွှမ်းမိုးလာသည်။

ယောယုဝအမိန့်စာရပြီး သေဆုံးသွားခဲ့ရသူများအနက် လူအတော်များများက သူတို့၏သေမင်းရက်ချိန်း မပြည့်မီအတွင်း သမားတော်ကြီးယန်ယီကျင်းထံသို့ သွားရောက်ဆေးကုသမှု ခံယူခဲ့ကြ၏။

သမားတော်ယန်ယီကျင်းသည်လည်း ထိုလူတို့၏အသက်ကို ကယ်တင်နိုင်ခြင်း မရှိပေ။

ငရဲအဆိပ်၏ ကြောက်မက်ဖွယ် အာနိသင်ကို သမားတော်ယန်ယီကျင်း ဖော်စပ်ထားသည့် အဆိပ်ဖြေဆေးတို့က မည်သို့မျှ ထိုးဖောက်ကယ်တင်နိုင်ခြင်း မရှိချေ။

www.burmeseclassic.com



ယန်ယီကျင်း အစွမ်းကုန် ကုသပေးနေသည့်ကြားမှ ယောယု၀အမိန့်တာရရှိသူတို့မှာ သူတို့၏ရက်ချိန်း ပြည့်မြောက်သည်နှင့် တစ်ပြိုင်နက်တည်း သေဆုံးသွားခဲ့ကြရချည်းသာ ဖြစ်လေ၏။

ကြာသောအခါ ယန်ယီကျင်းသည် သူ၏ဆေးပညာအပေါ် ယုံကြည်ချက်နည်းပါးလာကာ စိတ်ဓာတ်အင်အားတွေ မကြုံဖူးလောက်အောင် ကျဆင်းလာသည်။

စင်စစ်...

သမားတော်ယန်ယီကျင်း၏ ဆေးပညာက အစွမ်းမထက်မြက်၍ မဟုတ်ချေ။

ငရဲအဆိပ်က အံ့သြဖွယ်ကောင်းလောက်အောင်ပင် ပြင်းထန်နေခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုလျှင်...

မည်သည့် အဆိပ်ဆေးမျှ လိုက်မမီနိုင်လောက်အောင်ပင် ငရဲအဆိပ်က အစွမ်းထက်မြက်နေသည်။

ထို့ကြောင့်...

သမားတော်ယန်ယီကျင်းသာ မဟုတ်ပါ။

တစ်ပြည်လုံးရှိ သမားတော်များ အားလုံး တိုင်ပင်ညှိနှိုင်း၍ ဖော်စပ်မည်ဆိုလျှင်လည်း ထိုငရဲအဆိပ်ကို ချေဖျက်နိုင်သော ဖြေဆေး ရရှိလိမ့်မည်ဟု မခန့်မှန်းနိုင်ချေ။

မည်သို့ပင်ဖြစ်စေ။

သမားတော်ကြီးယန်ယီကျင်းကမူ သူ၏အဆိပ်ဖြေဆေးက ငရဲအဆိပ်ကို မချေဖျက်နိုင်သဖြင့် နေ့စဉ်နှင့်အမျှ ဆိုသလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ခံစားနေရလေသည်။



တကယ်တော့ သူ့ဘ၀၏တစ်ခုတည်းသော ရည်ရွယ်ချက်က လူသားတို့၏အသက်ကို ကယ်တင်နိုင်ဖို့ပင် မဟုတ်ပါလား။

ယခု...

သူ့မျက်စိရှေ့၌ပင် သူ မကယ်တင်လိုက်နိုင်သော သေဆုံးသူများ မနည်းတော့ပေ။

တစ်ယောက်ပြီးတစ်ယောက် သေဆုံးရခြင်းကို တွေ့မြင်ကြုံတွေ့လာရသောအခါ သမားတော်ယန်ယီကျင်းအဖို့မှု ဘယ်မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်ဘဲ ခံနိုင်ပါတော့မည်နည်း။

* * *

ထို့ကြောင့်...

နောက်ဆုံးတွင် သမားတော်ကြီးယန်ယီကျင်းက သူကိုယ်တိုင်ပင် ငရဲအဆိပ်ကို ရှာဖွေသုတ်သင်ချင်သောစိတ်များ တဖွားဖွား ပေါ်လာခဲ့လေသည်။

သို့ရာတွင်...

သိုင်းပညာ အလွန်ထက်မြက်လှပါသည်ဆိုသော ပုဂ္ဂိုလ်ကြီးများပင်လျှင် ယနေ့တိုင် ငရဲအဆိပ်မည်သည့်အရပ်တွင် ခိုနေထိုင်လျက်ရှိကြောင်းကို သဲလွန်စ တစ်ခုမျှပင် မရခဲ့သေးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ သမားတော်ကြီးယန်ယီကျင်း အနေဖြင့် ငရဲအဆိပ်ဗူးကြည်ကို ရှာဖွေသုတ်သင်သည်မှာ အဆိပ်ဖြေဆေးများ ဖော်စပ်ရခြင်းထက် များစွာခက်ခဲသော အလုပ်တစ်ခု မဟုတ်ပါလော။

* * *

သမားတော်ကြီးသည် ငရဲအဆိပ်မိထားသူများကို စမ်းသပ်စစ်ဆေးကြည့်သောအခါ တစ်ယောက်နှင့်တစ်ယောက် အဆိပ်သင့်ခဲ့သော ရက်အပိုင်းအခြားချင်း မတူညီကြောင်း သိရှိလာခဲ့ရလေသည်။

အချို့မှာ...

ယောယုဝအမိန့်စာ မရမီ တစ်လနီးပါးလောက်ကတည်းက အဆိပ်သင့်ထားခဲ့ကြသူများဖြစ်ကြလေသည်။

ထို့အတူ...

ရက်ချိန်းကလည်း တစ်ယောက်နှင့်တစ်ယောက် မတူညီကြချေ။

အချို့ကို ရက်ချိန်းပြည့်ရန် ခုနစ်ရက်အလို ခြောက်ရက်အလိုလောက်တွင် ယောယုဝအမိန့်စာကို ပေးပို့ထားခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဗူးကြည်သည် သူ၏အဆိပ်အား လိုအပ်သလို စွမ်းရည်ထိန်းချုပ်ထားနိုင်ကြောင်း သမားတော်ကြီးက သိရှိထားသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ဗူးကြည်သည် သူ၏ငရဲအဆိပ်



အားလိုအပ်သလို စွမ်းရည်ထိန်းချုပ်ပြောင်းလဲခြင်းဖြင့် သမားတော်ကြီးအား ပြက်ရယ်ပြုနေသလို ဖြစ်နေလေသည်။

အကြောင်းမှာ...

ရက်ချိန်းပြည့်ရန် နှစ်ရက်သုံးရက်မျှသာ လိုတော့သူများကို သမားတော်ကြီး အချိန်မီ မကုသနိုင်ခြင်းကိုထားကာ ရက်ချိန်းပြည့်ရန် ဆယ်ရက်ကျော် ဆယ့်ငါးရက်လိုသောသူများကိုပင်လျှင် ဆေးကုသရန် လုံလောက်သောနေ့များကို ရရှိခဲ့ပါလျက် အောင်မြင်စွာ မကုသနိုင်သောကြောင့်ဖြစ်သည်။

နောက်ပိုင်းတွင် ယောယုဝအမိန့်စာ ရရှိထားသူများမှာ သမားတော်ကြီးယန်ယီကျင်းသာမက မည်သည့်သမားတော်များထံသို့မျှ ပြသခြင်းမရှိတော့ချေ။

ယောယုဝအမိန့်စာ ရရှိသည်နှင့် တပြိုင်နက် သူတို့ကိုယ်သူတို့ လူသေအဖြစ် အကြွင်းမဲ့ ယုံကြည်သတ်မှတ်လိုက်ကြလေသည်။

အချို့သော စိတ်ဓာတ်ပျော့ညံ့သူများမှ ယောယုဝအမိန့်စာ ရရှိသည်နှင့် တပြိုင်တည်း သွက်သွက်ခါအောင် ရူးသွပ်သွားလေသည်။

ထိုလူများအဖို့ကား ငရဲအဆိပ်သင့်နေသည့်ကြားမှ ထပ်ဆင့်ကာ ရူးသွပ်သောဝေဒနာကိုပါ ထပ်မံခံစားရလေတော့သည်။

ငရဲအဆိပ် ရက်ချိန်းမပြည့်မီ ကျန်ရှိနေသော ရက်အနည်းငယ်ကို တန်ဖိုးမဲ့စွာ ကုန်ဆုံးရတော့သည်။

တစ်ချို့ကမူ အမိန့်စာရသည်နှင့် တပြိုင်တည်း သူတို့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သေမထူး နေမထူးများအဖြစ် သတ်မှတ်လိုက်ကြလေသည်။

မကြာမီရက်အတွင်းတွင် ထင်ရာစိုင်းမည်ဆိုသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်ကုန်ကြ၏။

ဥပဒေမဲ့ ပြစ်မှုများစွာကို ကျူးလွန်ကြသည်။

ထိုအခါ...

သူတို့မှာ အပြစ်မဲ့လူသားအတွက် ကြောက်စရာကောင်းသောရန်သူများ ဖြစ်လာကြသည်။

အန္တရာယ်ကောင်များအဖြစ် ပြောင်းလဲသွားကြသည်။

ဤသို့ဖြင့် ယောယုဝအမိန့်စာမှ အစပြုသည့်ဂယက်သည် အများပြည်သူများကို နည်းမျိုးစုံနှင့် နှောက်ယှက်နေသည်။

အလယ်ပိုင်း သိုင်းလောကတွင်လည်း တစ်နေ့ထက်တစ်နေ့ သွေးထွက်သံယိုမှု များပြားလာလေတော့သည်။

* * *



## ထူးခြားသောမြင်းလှည်း

နန်ကင်းမြို့...။

နန်ကင်းမြို့တွင် နေထိုင်ကြသည့် နေဝန်းခြိဝင်းမိသားစုသည် ချမ်းသာကြွယ်ဝလှသည်နှင့်အမျှ လှူချစ်လှူခင်လည်း အလွန်ပေါများလှ၏။

စင်စစ် နေဝန်းခြံဝင်းကို လှူချစ်လှူခင် ပေါများရခြင်းမှာ သူတို့ချမ်းသာလွန်းသော အရှိန်အဝါကြောင့် မဟုတ်ပါ။

မိသားစုအားလုံး မာန်မာနကင်းမဲ့ခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ ရိုးသားခြင်းတို့ကြောင့်ပင် ဖြစ်သည်။

နေဝန်းခြံဝင်းမှာ မလိုမုန်းထားသူဟူ၍ မရှိဘဲ အန္တရာယ်ကင်းရှင်းပြီး ငြိမ်းချမ်းစွာ နေထိုင်နိုင်ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင်မူ နေဝန်းခြံဝင်းအဖို့ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးသော အဖြစ်အပျက်တစ်ခုကို မမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။

ထိုအဖြစ်အပျက် အစကား...

* * *

"သခင်ကြီး..သခင်ကြီး"

အထိတ်တလန့် အော်ခေါ်သံနှင့်အတူ နေဝန်းစံအိမ်ကြီး၏ ဝင်ပေါက်ဆီသို့ လူတစ်ယောက် အမောတကောနှင့် ပြေးလာလေသည်။

ထိုလူရွယ်မှာ နေဝန်းခြံဝင်းအား စောင့်ကြပ်နေရသူဖြစ်သည်။

"သခင်ကြီး..သခင်ကြီး"

ခြံဝင်းစောင့်လူငယ်၏ ခေါ်သံကြောင့် စံအိမ်ကြီးအတွင်းမှ လူသုံးယောက် ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာကြလေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ဥပဓိရုပ် ခန့်ညားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

တကယ်တော့ ထိုပုဂ္ဂိုလ်မှာ နေဝန်းခြံဝင်း၏ အရှင်သခင် ထင်းကြူးဖြစ်သည်။

ထင်းကြူး၏ညာဘက်ဘေးတွင် အသက်လေးဆယ်အရွယ်



ချောမောလှပသည့် အမျိုးသမီးကြီးမှာ ထင်းကြူး၏ဇနီးသည် ယဉ်မေဖြစ်သည်။

သူတို့နှစ်ယောက်နောက် မလှမ်းမကမ်းမှ အသက်နှစ်ဆယ်ခန့်ရှိ လူငယ်တစ်ဦး လိုက်ပါလာသည်။

ထိုလူငယ်လေးမှာ ထင်းလုံဖြစ်သည်။

"ခွေးလေး..ဘာအရေးတကြီး ဖြစ်လာတာလဲ၊ မြန်မြန်ပြောစမ်းကွ"

ထင်းကြူးက ခြံစောင့်လူငယ် ခွေးလေးအား အသံသြဇာပြည့်ဝလှစွာဖြင့် မေးလိုက်သည်။

ခွေးလေးက အနည်းငယ် တုန်ယင်စွာဖြင့် ထင်းကြူးအား အရိုအသေပေးလိုက်သည်။

ထို့နောက် တဆက်တည်း ပြောလိုက်သည်။

"စံအိမ်ရဲ့ ခြံဝင်းပေါက်တည့်တည့်မှာ မြင်းလှည်းတစ်စီး ရောက်နေပါတယ် သခင်ကြီး"

ခွေးလေး၏စကား မဆုံးမီ ထင်းကြူးက ဖြတ်မေးလိုက်လေသည်။

"ဘယ်သူ့မြင်းလှည်းလဲ၊ မြင်းလှည်းပေါ်က လူဟာ လူစိမ်းမို့လို့ မင်းမသိတာလား"

"မ..မဟုတ်ပါဘူး သခင်ကြီး"

ခွေးလေးက ထစ်ငေါ့စွာဖြင့် ပြောလိုက်သည်။

ထင်းကြူးမှာ ခွေးလေး၏ မအူမလည်ဖြစ်နေပုံကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင် မသိမသာ ကြုတ်လိုက်သည်။

"ခွေးလေး...မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောစမ်း"

"ဟုတ်...ဟုတ်ကဲ့ သခင်ကြီး၊ ကျွန်တော်တို့ စံအိမ်ခြံဝဘက် ပြန်လျှောက်လာတော့ အဲဒီမြင်းလှည်းက ခြံပေါက်ဝတည့်တည့်မှာ ရပ်နေတာကို တွေ့ရပါတယ်၊ ကျွန်တော်လည်း ဘယ်သူဘယ်ဝါများလဲဆိုပြီး သွားကြည့်တော့ မြင်းရထားပေါ်မှာ လူတစ်ယောက်မှ မပါတာကို တွေ့ရပါတယ်"

"အဲဒီမြင်းရထားက ဘယ်တုန်းက ရောက်လာတာလဲ"

"ကျွန်တော် သတိမထားမိလိုက်ဘူး၊ သခင်ကြီး"

"ခွေးလေး...နေပါဦး၊ မြင်းလှည်းတစ်စီး ခြံပေါက်ရှေ့ ရောက်လာတဲ့ကိစ္စကိုများ မင်းက ဘာဖြစ်လို့ အထိတ်တလန့်နဲ့ လာပြောနေရတာလဲ"

ခွေးလေး မျက်နှာပျက်သွားသည်။

"သခင်ကြီး...ဟို...ကျွန်တော်...ဟို သခင်ကြီးတို့ ကိုယ်တိုင် လိုက်ကြည့်ပါခင်ဗျာ"

"ခွေးလေး...မင်းက ဘာကိုကြောက်လန့်နေတာလဲ၊ ဘာမှ ကြောက်စရာမရှိဘူး၊ မင်းပြောစရာရှိတာကို ရဲရဲတင်းတင်း ပြောစမ်း"

"ကျွန်တော် မပြောပါရစေနဲ့ သခင်ကြီးတို့သာ လိုက်ပြီး ကြည့်ပါ"



ထင်းကြူးက အားမလိုအားမရ ဖြစ်သွားသည်။

"ခွေးလေး...မကြောက်ပါနဲ့ကွ၊ မင်းကိုငါ ဘာမှအပြစ်မတင်ဘူး"

ခွေးလေးက ယခုထက်တိုင် မျက်စိပျက် မျက်နှာပျက် ဖြစ်နေလေသည်။

"ကျွန်တော် ပြောမထွက်လို့ပါ၊ သခင်ကြီးတို့ကိုယ်တိုင်ပဲ လိုက်ကြည့်ဖို့ တောင်းပန်ပါတယ်"

"တယ်ခက်တဲ့ကောင်ပဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ထိတ်ထိတ်လန့်လန့် ဖြစ်နေရတာလဲ"

"အစ်ကိုကြီး...သူ့ကိုမေးလို့လည်း ရမှာမဟုတ်ဘူး၊ ကျွန်မတို့သွားကြည့်လိုက်တာ ကောင်းမယ်"

တစ်ချိန်လုံး ရပ်၍နားထောင်နေသော ယဉ်မေက ဝင်ပြီး ပြောလိုက်သည်။

"အင်း"

ထင်းကြူးက ခေါင်းညိတ်လိုက်သည်။

ထို့နောက် လေးယောက်သား ခြံဝင်းပေါက်သို့ လျှောက်လာကြလေသည်။

စံအိမ်ခြံပေါက်ဝတည့်တည့်၌ မြင်းလှည်းတစ်စီး ရပ်နေသည်။

ထိုမြင်းလှည်းကိုဆွဲသော မြင်းမှာ ဒေါက်ကောင်းကောင်းနှင့် အလွန်မျိုးသန့်သော မြင်းဖြူကြီးတစ်ကောင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းအိမ်များလည်း မြင်းဖြူကြီးနှင့်လိုက်ဖက်စွာဖြင့် လှလှပပ ရှိနေပေသည်။

ကနုတ်ပန်းများ၊ ခြူးပန်းခြူးနွယ်များက ရွှေရောင်ငွေရောင်တောက်ပစွာဖြင့် မြင်းလှည်းအိမ်ကို အလွန်လှပအောင် တန်ဆာဆင်ထားလေသည်။

"ဖေဖေ..မြင်းကြီးကတော့ အဖိုးတန်မြင်းကြီးပဲနော်"

ထင်းလုံက မြင်းဖြူကြီးကိုကြည့်ပြီး ပြောလိုက်လေသည်။

ထင်းကြူး ခေါင်းညိတ်လိုက်သည်။

"အင်း..မြင်းဖြူရော မြင်းလှည်းပါ တော်တော်လှတာပဲ၊ ဒီလောက် ကျက်သရေရှိပြီး အဖိုးတန်မြင်းလှည်းက လူမပါဘဲ ရောက်လာတယ်ဆိုတော့ ထူးဆန်းနေတာပဲ"

ယဉ်မေက...

"အစ်ကိုကြီး..ကျွန်မတို့ မိတ်ဆွေတွေထဲက တစ်ယောက်ယောက်က အံ့ဩသွားအောင်လုပ်ပြီး လက်ဆောင်ပေးလိုက်တာနဲ့ တူတယ်"

ထင်းကြူးက မည်သို့မျှ ပြန်မပြောဘဲ ခြေလှမ်းသွက်သွက်လှမ်းကာ မြင်းလှည်းအနီးသို့ လျှောက်သွားသည်။

ထင်းလုံတို့သားအမိကလည်း ထင်းကြူးကို အမီလိုက်၍ လျှောက်ကြလေသည်။

မြင်းလှည်းအနီးသို့ရောက်သောအခါ သုံးယောက်သား မြင်းလှည်းအတွင်းသို့ ပြိုင်တူကြည့်လိုက်ကြသည်။



ထိုအခါ...

"ဟာ"

"ဟင်"

"အို"

ထင်းကြူးတို့ထံမှ အာမေဋိတ်သံများ ပြိုင်တူထွက်ပေါ်လာသည်။

အကြောင်းမှာ...

မြင်းလှည်းအိမ်ထဲတွင် ရွှေနားငွေနားများ လှပစွာကွပ်လျက် လက်ရာကောင်းဖြင့် ပြုလုပ်ထားသော လှသေတ္တာသည့် အဖိုးတန်ခေါင်းကြီးတစ်လုံးကို တွေ့မြင်လိုက်ရသောကြောင့်ပင် တည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းကြူးတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

စောစောတုန်းက ခွေးလေး အမူအရာပျက်နေရခြင်းကို လည်းသိသွားခဲ့ကြသည်။

"အစ်..အစ်ကိုကြီး..ဒါ..ဒါက ဘာသဘောလဲဟင်"

ယဉ်မေက တအံ့တသြဖြင့် မေးလိုက်သည်။

ထင်းကြူးက ခေါင်းခါယမ်းလိုက်သည်။

"ငါလည်း မသိဘူး၊ ဒီလောက်လှပတဲ့ အဖိုးတန် အသုဘ ခေါင်းကြီး ငါတို့ခြံဝတည့်တည့်မှာ ရောက်နေတာကတော့ အတော် ထူးဆန်းတယ်"

ယဉ်မေက...

"တွေ့ရတာ မင်္ဂလာမရှိလိုက်တာ၊ ဒါကျွန်မတို့ကို မနာလို တဲ့လူက တမင်လုပ်တာပဲ ဖြစ်ရမယ်"

"ဟုတ်တယ် ဖေဖေ၊ ဒီလောက် ငွေကုန်ကြေးကျခံပြီး နောက်ပြောင်မှာမဟုတ်ဘူး"

ထင်းလုံကပါ သူ၏မိခင်ဘက်မှ ဝင်ရောက်ထောက်ခံပြော ဆိုလိုက်၏။ ထင်းကြူးက ဘာမှမပြောဘဲ စဉ်းစားနေသည်။

ပြီးမှ...

"အင်း..တို့ကို မနာလိုလို့ တမင်လုပ်တာတော့ ထားပါ၊ ဒါ ပေမယ့် ဒီမြို့မှာ တို့ကို မနာလိုသူ ဘယ်မှာရှိလို့လဲ၊ တို့က သူတပါး အပေါ် မတရားမှုဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး"



ထင်းကြူး၏စကားကြောင့် ထင်းလုံတို့ တွေခနဲ ဖြစ်သွား ကြလေ၏။

မှန်ပါသည်။ နန်းကင်းမြို့တွင် သူတို့မိသားစုကို မနာလိုသူ ဟူ၍ ဆင်းရဲသားထဲကရော ချမ်းသာသူများထဲကပါ တစ်ယောက် တစ်လေမျှမရှိကြောင်း သူတို့သိထားကြ၏။

ထို့ပြင် သူတို့မိသားစုသုံးယောက်စလုံး သိုင်းပညာများ ထူး ချွန်စွာဖြင့် ကိုယ်စီတတ်မြောက်ထားကြသော်လည်း ပညာမာန ထောင်လွှားခြင်း စိုးစဉ်မျှ မရှိသည့်အတွက် သိုင်းသမားများထဲမှ မလိုမုန်းထားသူလည်း ရှိနိုင်မည်မဟုတ်။

* * *

ဤသို့ဆိုလျှင်...

အဘယ်သို့သော လူမျိုးက အဘယ်သို့သော ရည်ရွယ်ချက် ဖြင့် ဤသို့ အသုဘခေါင်း တင်ဆောင်ထားသည့် မြင်းလှည်းအား စံအိမ်ခြံပေါက်ဝ ရှေ့တည့်တည့် ပို့ဆောင်ထားရပါသနည်း။

"အစ်ကိုကြီးတို့ကို ဒီမြို့ပေါ်မှာ မနာလိုမုန်းထားသူတစ် ယောက်ကနေပြီး ရန်စစော်ကားလိုက်တာလဲ ဖြစ်ချင် ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ခေါင်းကြီးကို စစ်ကြည့်လိုက်ရင်တော့ အဖြေတစ်ခုခု ပေါ်လာနိုင်တယ်"

ထင်းကြူးက ပြောပြောဆိုဆိုဖြင့် ခေါင်းအနီးသို့ တိုးကပ်

www.burmeseclassic.com

www.burmeseclassic.com



သွားရန် ဟန်ပြင်လိုက်သည်။

ဤတွင် ထင်းလုံက တားလိုက်သည်။

"မေမေ ဒီအခေါင်းကြီးကို ကျွန်တော်ပဲ ဖွင့်ပါရစေ၊ ကျွန်တော့်ကို မှင်ခွင့်ပြုပါ"

ထိုအချိန်တွင် မြို့ခံလူ တော်တော်များများပင် ခြံပေါက်ဝရှေ့သို့ ရောက်ရှိနေကြပြီး သူတို့က မြင်းလှည်းကြီးကိုတစ်လှည့်၊ ထင်းကြူးတို့အား တစ်လှည့် ကြည့်ရင်း အဖြစ်အပျက်ကို မည်သို့မျှ နားမလည်နိုင်ကြဘဲ ဖြစ်နေကြ၏။

ထိုအချိန်တွင် ထင်းလုံက ခေါင်းကို ဖွင့်ရန်အတွက် ထင်းကြူး၏အဖြေကို မစောင့်တော့ဘဲ ရှေ့သို့ လှမ်းလိုက်လေသည်။

"အို..သား မဖွင့်နဲ့"

ပြောပြောဆိုဆို ယဉ်မေက ထင်းလုံ၏လက်မောင်းကို ဖမ်းဆွဲထားလိုက်၏။

* * *



## အန္တရာယ်ဆိုး

ထင်းလုံက ယဉ်မေဘက်သို့ လှည့်လိုက်သည်။

"မေမေ ဘာဖြစ်လို့ တားရတာလဲ"

ယဉ်မေက...

"သားက ဘာသိလို့လဲ၊ အဲဒီ အခေါင်းထဲမှာ လူသေတဲ့အလောင်း ရှိနိုင်သလို လူကို အန္တရာယ် ဖြစ်စေတဲ့ အဆိပ်သတ္တဝါတွေ၊ ဒါမှမဟုတ် ထောင်ချောက်စက်ခလုတ်တွေ ရှိချင်ရှိနိုင်တယ်၊ ဒါကြောင့်မို့ ဒီအခေါင်းကို သား မဖွင့်ပါနဲ့"

ထင်းလုံက ပြုံးလိုက်သည်။

"မေမေ မစိုးရိမ်ပါနဲ့၊ သားအတွက် ဘယ်လိုမှ အန္တရာယ်မဖြစ်နိုင်တဲ့နည်းနဲ့သာ ဒီအခေါင်းကို ဖွင့်ပါ့မယ်"

"မဖွင့်ပါနဲ့ သားရယ်၊ မေမေ စိတ်မချလို့ပါ"

"စိတ်မပူပါနဲ့ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက အတင်းအကျပ် ခွင့်တောင်းနေသဖြင့် ယဉ်မေက စစ်ကူတောင်းသည့် အနေဖြင့် ထင်းကြူးကို လှမ်းကြည့်လိုက်သည်။

"အစ်ကိုကြီး သားကို ကြည့်ပြောပါဦး"

"ဖေဖေ သားကို ခွင့်ပြုမယ် မဟုတ်လား"

ထင်းကြူးထံမှ အဖြေပြန်မရခင် ထင်းလုံက ခွင့်တောင်းလိုက်လေသည်။

ထင်းကြူးက သားအမိနှစ်ယောက်အနက် မည်သူ့ဘက်သို့ လိုက်ရမည်ကို ရုတ်တရက် ဝေခွဲမရ ဖြစ်နေလေသည်။

အတန်ကြာမှ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"သားကို ဖေဖေ ခွင့်ပြုပါတယ်"

"ဟာ..ဒီလိုမှပေါ့ ဖေဖေရယ်"

"အစ်ကိုကြီး ဖြစ်ပါ့မလား"

ထင်းကြူး၏အဆုံးအဖြတ်ကြောင့် ထင်းလုံတစ်ယောက် ဝမ်းသာသွားသော်လည်း ယဉ်မေမှာ အစိုးရိမ်ပိုနေဆဲ ဖြစ်သည်။

ထင်းကြူးက ယဉ်မေကို တစ်ချက်ကြည့်ကာ ပြုံးပြလိုက်သည်။

"ယဉ်မေ သိပ်လဲ မစိုးရိမ်ပါနဲ့၊ ဒီကိစ္စလေးလောက်တော့ သားလေး စွမ်းဆောင်နိုင်ပါလိမ့်မယ်"

ယဉ်မေက မည်သို့မျှ စောဒကမတတ်တော့ဘဲ ထင်းလုံကို



စိုးရိမ်သော မျက်နှာထားဖြင့် ကြည့်နေလေ၏။

ထင်းလုံက အခေါင်းကြီး အနီးသို့ တိုးကပ်လိုက်သည်။

အသက်တစ်ချက်ဝအောင် ရှူရှိုက်လိုက်ပြီး အတွင်းအား စုစည်းလိုက်ကာ လက်ဝါးချက်များကို လျှပ်တစ်ပြက် ရိုက်ထုတ်လိုက်လေသည်။

ထိုအခါ...

သံရိုက်မထားသော အခေါင်းကြီး၏အဖုံးမှာ လေလှိုင်းအားကြောင့် ရုတ်တရက် ဖွင့်ထွက်လွင့်စဉ်သွားလေသည်။

သည်မျှမကချေ။

အခေါင်းကြီးတွင်း၌ ထည့်ထားသည့် တစ်စုံတစ်ရာသော အရာဝတ္ထုတစ်ခုမှာလည်း ပွင့်လွင့်သွားသော ခေါင်းအဖုံးနှင့်အတူ လေထဲသို့ လွင့်ပျံထွက်လာသည်။

ထင်းကြူးက ကိုယ်ကို တစ်ချက်လှုပ်ခါလျက် လှစ်ခနဲ ခုန်ထွက်ကာ လေထဲမှ အရာဝတ္ထုအား လျှပ်တစ်ပြက် ဖမ်းယူလိုက်၏။

သူ့လက်ထဲ ရောက်နေသော အရာဝတ္ထုလေးအား ကြည့်လိုက်ရာ စာရွက်လိပ်လေးတစ်ခုသာ ဖြစ်နေကြောင်း တွေ့မြင်လိုက်ရသည်။

ထင်းကြူးက လွန်စွာ စိတ်ဝင်တစားဖြင့် စာရွက်လေးကို ဖြန့်ဖတ်လိုက်၏။

"ဟင်"

အာမေဋိတ်သံနှင့်အတူ ထင်းကြူး မျက်နှာ အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားလေသည်။

"အစ်ကိုကြီး ဘာစာလဲ"

ယဉ်မေက မေးစကားနှင့်အတူ ထင်းကြူး၏အနားသို့ လျှောက်လာပြီး စာကို ဖတ်လိုက်၏။

"ဟင်"

ယဉ်မေမှာ မျက်စိမျက်နှာ ပျက်သွားသည်။

"ဘုရား..ဘုရား ဘယ်လိုအကြောင်းများကြောင့် ဒီလိုလုပ်ရတာလဲ"

ထင်းလုံမှာ မိဘနှစ်ပါး၏ဟန်မူရာကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားရသည်။

"ဖေဖေနဲ့ မေမေ ဘာဖြစ်လို့လဲ၊ ဒီစာထဲမှာ ဘာတွေ ရေးထားလို့လဲ"

အမေးစကားအဆုံးတွင် ထင်းလုံက ထင်းကြူးတို့ထံသို့ လျှောက်သွား၏။

ဝိုင်းအုံ၍ ကြည့်နေသူများမှာ မျက်နှာပျက်သွားကတည်းက အကြောင်းတစ်စုံတစ်ရာ ရှိလိမ့်မည်ဟု တွက်ဆလျက် စိတ်ဝင်တစား ဖြင့် နားစွင့်နေကြလေသည်။

* * *



ထင်းလုံ လာနေသည်ကို မြင်ရတော့မှ ထင်းကြူးက သူ၏ လက်ထဲရှိ စာရွက်ကလေးကို လုံးချေပစ်လိုက်သည်။

"ဖေဖေ ဘာစာလဲဟင်"

ထင်းလုံက မေးလိုက်သည်။

ထင်းကြူးက ထင်းလုံအား ပြုံးပြရင်း...

"ဘာမှ မဟုတ်ပါဘူးကွာ၊ သား မသိချင်ပါနဲ့"

"ဟုတ်တယ် သား၊ ဒါက ဘာမှ အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူး"

ယဉ်မေကပါ ထင်းလုံအား မသိစေလိုသော သဘောဖြင့် ဝင်ပြောလိုက်သည်။

ထင်းလုံ ခေါင်းခါလိုက်၏။

"သားသိချင်တယ်၊ ဖေဖေတို့ အကြောင်းတစ်စုံတစ်ရာ ရှိနေပြီဆိုတာ သားသိတယ်"

ထင်းကြူးက...

"မသိချင်ပါနဲ့ သား၊ ဒီကိစ္စကို ဖေဖေတို့ဘာသာ ရှင်းပါ့မယ်"

ထင်းလုံက...

"ဖေဖေ သားတို့မှာ ဒီသုံးယောက်ပဲ ရှိတာ၊ အကြောင်းကိစ္စတစ်ခုခု ဖြစ်ရင် သုံးယောက်စလုံးနဲ့ ဆိုင်တာပေါ့၊ သားကို ပြောပြပါ"

ထင်းကြူးက သားဖြစ်သူကို ကြည့်၍ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက ထင်းကြူးဆီသို့ လက်လှမ်းလိုက်၏။

"ဖေဖေ သားကို မပြောချင်ရင် စာကိုပြပါလား၊ သားဘာသာ ဖတ်ကြည့်ပါ့မယ်"

ထင်းကြူးက...

"သား မသိချင်ပါနဲ့ အလကား စိတ်အနှောင့်အယှက် ဖြစ်လိမ့်မယ်"

"ဒုက္ခမရှာပါနဲ့ သားရယ်"

ယဉ်မေကလည်း ဝင်ရောက်ပြောလိုက်၏။

သူတို့နှစ်ဦးမှာ ထပ်တလဲလဲ ဖြစ်စေမည့် စကားများကိုသာ ပြောနေကြ၏။

တခြား ဘာမှမပြောတော့ပါ။

ဝိုင်းအုံကြည့်၍ နားထောင်နေသူများကလည်း ထင်းကြူးတို့တွင် ဖြစ်ပေါ်နေသည့် ထူးခြားသော အကြောင်းအရာကို ဇွဲကောင်းကောင်းနှင့် ကြည့်နေကြပြီး ယခုထက်တိုင် မသိရသေးသဖြင့် ဂဏာမငြိမ်ဖြစ်ကာ တလှုပ်လှုပ်တရွရွ ဖြစ်နေလေတော့သည်။

ထင်းလုံက သူ့မိဘနှစ်ပါးကို သေချာစွာ အကဲခတ်ကြည့်ရှုလိုက်၏။

သူ့ကို ဖုံးကွယ်ထားသည့် ကိစ္စနှင့် ပတ်သက်ပြီး ထင်းကြူးတို့ မျက်နှာတွင် အဖြေရှာနေခြင်း ဖြစ်သည်။

ထင်းကြူးတို့ ဇနီးမောင်နှံမှာ သားဖြစ်သူ ထင်းလုံကို ခေါင်း



တွင်းမှ ရသောစာအား ပြလည်း မပြချင်။

ထင်းလုံကလည်း သူ မသိမရချင်း တကျိကျိ လုပ်နေမည်ကိုလည်း သိသဖြင့် လွန်စွာစိတ်မသက်မသာ ဖြစ်နေကြ၏။

ထင်းလုံက...

"အဖေ သားကို အဲဒီစာ ဖတ်ခွင့်ပြုပါ"

ဟု ပြောလိုက်သည်။

ထိုအခါ...

"ဟင်း"

ထင်းကြူးက သက်ပြင်းတစ်ချက်ချလိုက်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

"အင်း...ဒီကိစ္စကို သား မသိရမချင်း ဒါပဲ ပြောမှာပဲ၊ ငါပြလိုက်တော့မယ်"

ယဉ်မေ ခေါင်းညိတ်လိုက်သည်။

"အစ်ကိုကြီး သဘောပါပဲရှင်"

မိဘနှစ်ပါး၏ ပြောဆိုသံကို နားထောင်ရင်း သူသိချင်သည့် အရာအား သိရတော့မည်မို့ ထင်းလုံ စိတ်ထဲ၌ ကြိတ်၍ ဝမ်းသာသွားလေသည်။

ထင်းကြူးက အလွန်စိတ်မကောင်းသောဟန်ဖြင့် ထင်းလုံကို ကြည့်ပြီး စာရွက်အား ဆုပ်ကိုင်ထားသည့်လက်ကို တဖြည်းဖြည်းချင်း ဖြန့်လိုက်၏။

ထင်းလုံက မိဘနှစ်ပါး၏အဖြစ်ကို မသိဟန်ဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထင်းကြူး လက်ထဲမှ တွန့်ကြေနေသော စာရွက်ကလေးအား တရို တသေ လှမ်းယူလိုက်သည်။

တို့နောက်...

သိချင်သော စိတ်ကြီးစွာဖြင့် စာရွက်ကလေးကို ဖြန့်ဖတ်လိုက်၏။

"ယောယုဝအမိန့်စာ

စုထင်း ဆယ်လပိုင်း နှစ်ဆယ့်ငါးရက်နေ့မှာ မင်းသေရလိမ့်မယ်"

* * *



## သူ့ရဲကောင်းလေး

"တောက်"

ခပ်ပြင်းပြင်း ခေါက်လိုက်သော တက်ခေါက်သံတစ်ချက်က တိတ်ဆိတ်နေသော ဝန်းကျင်ကို ကျယ်လောင်စွာ ဖောက်ထွက်သွားသည်။

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် စိတ်ဝင်စားစွာ နားစွင့်လိုက်ကြ၏။

ထင်းလုံ၏မျက်နှာ အမူအယာမှာ မည်သည့်ခံစားချက်ကြောင့်ဟု အတပ်မပြောနိုင်လောက်အောင်ပင် အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်နေပေသည်။

"သား စိတ်ကို ထိန်းပါ"

ထင်းလုံ၏အရိပ်အကဲကို တစ်ချိန်လုံး စောင့်ကြည့်နေသော ယဉ်မေက စိုးရိမ်တကြီးဖြင့် သတိပေးစကား ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက ဘာကိုမှမကြားသည့်အလား သူ့လက်ထဲရှိ စာရွက်ကိုသာ မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေလေသည်။

ယဉ်မေမှာ မျက်စိမျက်နှာပျက်ဖြင့် ထင်းကြူးကို လှမ်းကြည့်လိုက်လေ၏။

ထင်းကြူးကလည်း ထင်းလုံ၏အခြေအနေကို မျက်မှောင်ကုတ်လျက် အကဲခတ်ကြည့်နေသည်။

"သွားဟာ"

ပြောပြောဆိုဆိုဖြင့် ထင်းလုံက သူ့လက်ထဲရှိ စာကို အနည်းငယ်မြှောက်၍ လက်ချောင်းတွင် အားစုကာ ရိုက်လိုက်လေသည်။

ထိုအခါ...

ယောယုဝ်အမိန့်စာပါသော စာရွက်မှာ အပိုင်းပိုင်း အပြတ်ပြတ်ဖြင့် မြေပေါ်သို့ ပြန့်ကျဲကျကုန်၏။

ဝိုင်းအုံကြည့်ရှုနေကြသော လူများမှာ ထင်းလုံ၏သိုင်းပညာကို စိတ်ထဲမှ ချီးကျူးလိုက်လေသည်။

ထင်းလုံက လုပကောင်းမွန်စွာ လုပ်ထားသည့် ခေါင်းတလားကြီးအနီးသို့ တစ်လှမ်းချင်း လျှောက်သွား၍ ခေါင်းကြီးကို သေချာကြည့်ရှုစစ်ဆေးနေ၏။

ယဉ်မေမှာ မိခင်ဝီဝီ ထင်းလုံ၏စိတ် မူမမှန်တော့ပြီလားဟု တွေး၍ ဂဏာမငြိမ် ဖြစ်နေရသည်။



"ဟား..ဟား..ဟား"

ခေါင်းကြီးကို စစ်ဆေးကြည့်ရှုနေရာမှ ထင်းလုံက ရုတ်တရက် ရယ်လိုက်သည်။

ထိုအခါ...

ယဉ်မေမှာ ပို၍ မျက်နှာပျက်သွားသည်။

"သားလေး သတိထားပါ"

"မေမေ ဘာသတိထားပါလဲ"

စိုးရိမ်တကြီး ဖြစ်နေသော ယဉ်မေမှာ ထင်းလုံက တည်ကြည်စွာနှင့် ပြန်မေးလာသောအခါ ကြောင်အမ်းအမ်း ဖြစ်၍ ထင်းလုံကို ငေးကြည့်နေမိ၏။

ထင်းလုံမှာ ရဲရင့်ပြီး စိတ်ဓာတ်ခိုင်မာသူတစ်ယောက် ဖြစ်သည်။

သူ့စိတ်ကူးနှင့်သူ ပြုနေသမျှကို ယဉ်မေက စိုးရိမ်လွန်ပြီး ဘာလွဲထင်နေမိခြင်း ဖြစ်၏။

ဝိုင်းအုံကြည့်နေသူများမှာလည်း ထင်းလုံတစ်ယောက် ဘာသည်ငြိမ်မှု ရလာသည့်အတွက် စိတ်သက်သာရာရသလို ခံစားမိကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက ထင်းကြူးဘက်သို့ လှည့်ကြည့်လိုက်၏။

"ဖေဖေ"

"ဟင်"

ထင်းကြူး၏ထူးသံမှာ အိပ်မက်မှ လန့်နိုးလာသူတစ်ဦးကဲ့သို့ ဖြစ်နေသည်။

ထင်းလုံက ဖခင်ကို ပြုံးပြ၍ အခေါင်းကြီးကို လက်ညှိုးထိုးပြလိုက်၏။

"ငရဲအဆိပ်က မဆိုးပါလား အဖေရဲ့၊ သားအတွက် အလွန်လှပတဲ့ ခေါင်းကြီးတစ်လုံးလဲ လုပ်ပေးလိုက်ပါလား"

ထင်းလုံသည် ပြုံးပြုံးရွှင်ရွှင် ပြောနေပေမယ့် ထင်းကြူးတို့မှာတော့ ဟန်ဆောင်ပြုံးပင် မပြုံးနိုင်ပါချေ။

* * *

"ဟာ…ငရဲအဆိပ်ဆိုပါလား"

"ဟုတ်တယ်ကွ၊ ခုနက သူတို့ ဖတ်နေတဲ့စာက ငရဲအဆိပ်ရဲ့ ယောယျဝအမိန့်စာပဲ ဖြစ်ရမယ်"

"ဟာ…ငရဲအဆိပ်က သူတော်ကောင်းတွေကို ဘာဖြစ်လို့ သတ်ချင်တာပါလိမ့်"

"ဒီလို လူ့ငယ်မျိုး သေရမှာ အရမ်းနှမြောစရာကောင်းလိုက်တာ"



ထင်းလုံထံမှ ငရဲအဆိပ်ဆိုသော စကားသံကို ကြားလိုက်ရသူများမှာ ထူးဆန်းသော အဖြစ်အပျက်ကို နားလည်သွားကြပြီး တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်နေကြသည်။

ထင်းလုံကတော့ အပြုံးမပျက်ပါချေ။

"ဖေဖေ သူ့စာထဲမှာ ဆယ်လပိုင်း နှစ်ဆယ့်ငါးရက်နေ့ သားသေရမယ်ဆိုတော့ ကြားထဲမှာ ဆယ်ရက်တောင် လိုသေးတယ်"

ထင်းကြူး မျက်နှာပျက်သွားသည်။

"ဟာ…ထင်းလုံ၊ မင်္ဂလာမရှိတဲ့ စကားတွေ ပြောမနေပါနဲ့"

ထင်းလုံက ပြုံးလိုက်၏။

"အို…ဖေဖေကလဲ မင်္ဂလာမရှိတဲ့ စကားတွေလို့ မဆိုနိုင်ပါဘူး။ ပေါ်ပေါက်လာတဲ့ အဖြစ်အပျက်ကို အမှန်အတိုင်း ပြောတာပါ"

"အစ်ကိုကြီး ဘယ်လိုလုပ်ကြမလဲ"

ယဉ်မေက ထင်းကြူးကို မေးလိုက်၏။

ထင်းကြူး တွေခနဲ ဖြစ်သွားသည်။

ထို့နောက်…

"အင်း…ငါလဲ မစဉ်းစားတတ်တော့ဘူး"

ထင်းလုံက…

"ဖေဖေ ဘာစဉ်းစားစရာ ရှိလို့လဲ၊ သားတို့မှာ ဆယ်ရက်တောင် အချိန်ရသေးတာပဲ၊ အဲဒီ ရက်အတွင်း ငရဲအဆိပ်ကို ဆုံးမနိုင်ရင် ကိစ္စပြတ်သွားမှာပဲ၊ သားတို့အတွက် အန္တရာယ်ဆိုးကြီး ရှင်းသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထင်းကြူးက မချိုပြုံးပြုံးလိုက်သည်။

"သားက တယ်အပြောလွယ်တာကိုး၊ ငရဲအဆိပ်ကို ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူး၊ သူဟာ သိပ်ကြောက်စရာကောင်းတယ်"

ထင်းလိုက အံကြိတ်လိုက်၏။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

"ဖေဖေ သူက သိပ်တော်နေလို့ အောင်နိုင်သူ ဖြစ်သွားတာ ဘာဆန်းလဲ၊ ယောကျ်ားပီပီ ယှဉ်ပြိုင်ရင်းနဲ့ သေရတာ မြတ်ပါတယ်"

ယှဉ်မေက မချိုပြုံးပြုံးလိုက်၏။

"သား သတိမေ့နေပြီနဲ့ တူတယ်"

ထင်းလို့ မျက်မှောင်ကြုတ်လိုက်သည်။

"မေမေ ဘာများလဲ"

ယှဉ်မေက...

"ဘာဖြစ်ရမှာလဲ၊ ငရဲအဆိပ်ဟာ လွန်ခဲ့တဲ့ ရက်တွေကတည်းက သားကို အဆိပ်ခပ်ပြီးနေပြီ၊ ဒီတော့ သား သေရတော့မှာ သေချာနေပြီပဲ"

ထင်းလိုက အဝေးသို့ မျှော်ကြည့်လိုက်၏။

ပြီးမှ...

"သေတစ်နေ့ မွေးတစ်နေ့ပဲ မေမေ၊ သား ဘာမှမဖြစ်ပါဘူး"



ယှဉ်မေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း..သားက ငရဲအဆိပ်ကို သုတ်သင်ပစ်နိုင်တယ်ပဲထားဦး၊ မေမေတို့အဖို့တော့ တစ်ဦးတည်းသော သားလေးကို ဆုံးရှုံးရတော့မယ်၊ ဒီအတွက် မေမေတို့ ဘယ်လိုဖြေရမှာလဲ"

ယှဉ်မေက ပြောရင်း ငိုသံပါလာသည်။

ထင်းလို့မှာ မိဘတို့၏ တုနှိုင်းမရသော မေတ္တာကို သဘောပေါက်နားလည်ထားသူ ဖြစ်သည်။

သို့သော် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အခြေအနေအရ သူက ဘာမျှမတတ်နိုင်ပါချေ။

ထင်းလို့ သက်ပြင်းချလိုက်သည်။

"ဖေဖေ သားအတွက် ဘာမှ ဝမ်းနည်းပူဆွေးမနေပါနဲ့၊ ဖေဖေတို့ သားဟာ အကျိုးမဲ့ မသေဆုံးစေရဘူး၊ မြတ်သော သေခြင်းမျိုးနဲ့ သေရအောင် ကြိုးစားပါ့မယ်၊ ဖေဖေတို့သာ သားအတွက် ဝုဏ်ယူကြပါ"

"ထင်းလို့၊ ဖေဖေတို့မှာ မျှော်လင့်ချက်တစ်ခု ရှိပါသေးတယ်"

သားအမိနှစ်ယောက်၏စကားကို ငြိမ်သက်စွာ နားထောင်နေသော ထင်းကြူးက တစ်စုံတစ်ရာ သတိရပြီး ဝင်ပြောလိုက်၏။

သူ့စကားကြောင့် ထင်းလို့တို့သားမိက ဝိုင်းအုံကြည့်နေသူများပါ ခေါင်းထောင်သွားကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းကြူး၏စကားကြောင့် ထင်းလုံက အလောတကြီး မေးလိုက်၏။

"ဖေဖေ ဘာမျှော်လင့်ချက်လဲ"

ထင်းကြူးက...

"စောစောကမှ သမားတော်ကြီးယန်ယီကျင်းကို ဖေဖေ သတိရလိုက်တယ်"

ဟု ပြောလိုက်သည်။

ထင်းလုံက တည်ငြိမ်သွား၏။

"သမားတော်ကြီးကကော တတ်နိုင်မှာ ဟုတ်ရဲ့လား"

ထင်းကြူးက စဉ်းစားပြီးမှ ဖြေလိုက်သည်။

"သူလဲ ထူးချွန်ထက်မြက်တဲ့ သမားတော်ကြီးတစ်ယောက်ပဲ၊ ငရဲအဆိပ်ကို မစ်ချင်စိတ်နဲ့ အဆိပ်ဖြေဆေး နည်းလမ်း ရှာဖွေနေတယ်လို့ ကြားရတယ် သား၊ သူ့ဆီသွားရမယ်"

ယဉ်မေကပါ ဝမ်းသာအားရ ဝင်ပြောလိုက်လေသည်။

"ဟုတ်တယ် သား၊ အတုမဲ့သမားတော်ဟာ အခုလောက်ဆိုရင် ငရဲအဆိပ်ဖြေတဲ့ နည်းလမ်းကို တွေ့ရင် တွေ့နေလောက်ပြီ၊ သား သူ့ဆီသွားတာ မမှားဘူး၊ ကံကောင်းရင် သားမှာမိနေတဲ့ ငရဲအဆိပ်တွေကို သူဖြေပေးနိုင်လိမ့်မယ်"

ယဉ်မေကပါ ထင်းလုံကို သမားတော်ကြီးထံ သွားရောက်ကုသမှုခံယူရန်အတွက် တိုက်တွန်းပြောဆိုလိုက်သည်။

ပြီးမှ...



"အတုမဲ့သမားတော်ကြီးဆီ ဒီကနေ့ သွားမယ်ဆိုရင် ငါးရက်ကြာမှ ရောက်သွားမှာပဲ ဖေဖေ၊ ဒါပေမယ်.."

ထိုအခါ...

ထင်းကြူးက ဝင်ပြောလိုက်၏။

"ငါးရက်ကြာတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာဖြစ်လဲ၊ သားမှာ ဆေးကုသခံယူဖို့ ငါးရက်တောင် အချိန်ရပါသေးတယ်၊ ဒီငါးရက်အတွင်းမှာ အဆိပ်ဖြေဆေး မဖော်စပ်နိုင်ဘူးလို့ ဘယ်သူပြောရဲသလဲ"

ထင်းလုံက...

"ဖေဖေ သားသဘောက တစ်မျိုးပါ"

ထင်းကြူး၊ မျက်မှောင်ကြုတ်သွား၏။

"ဘာများလဲ"

"ဒီငါးရက် အချိန် အကုန်ခံမယ့်အစား အသက်ရှင်ခွင့်ရနေတဲ့အတွင်း ငရဲအဆိပ်ကို စုံစမ်းဖော်ထုတ်ပြီး အပြတ်ရှင်းမယ်လို့ စိတ်ကူးထားပါတယ်"

ထင်းကြူးက ခေါင်းခါလိုက်၏။

"ဟာ..မဟုတ်တာဘဲ၊ အခုအချိန်ထိ ဘယ်လိုမှ သဲလွန်စ စုံစမ်းဖော်ထုတ်လို့ မရသေးဘဲ ငရဲအဆိပ်ကို သား ဘယ်လိုလုပ်ပြီး စုံစမ်းမလဲ၊ သမားတော်ကြီးဆီကိုသာသွားပါ သားရယ်၊ သားအတွက် အကျိုးယုတ်စရာ မရှိပါဘူး"

ထင်းကြူးက သူ့စကားကို ကန့်ကွက်ပြောဆို၍ သမား

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးဆီသို့ သွားရန် တိုက်တွန်းပြောဆိုလိုက်၏။

ထင်းလုံက ခေါင်းခါယမ်းလိုက်သည်။

"အမေ၊ သားက အမေတို့ စကားကို နားထောင်တဲ့ အနေနဲ့ သမားတော်ကြီးဆီ သွားမယ်ဆိုပြီး ငရဲအဆိပ်ကို လိုက်ရှာခဲ့ရင်ရော အမေတို့ ဘာတတ်နိုင်မှာလဲ၊ ဒါပေမယ့် သားက အမေတို့ စိတ်ချမ်းသာအောင် လိမ်ညာပြောဆိုပြီး ကွယ်ရာကျမှ လုပ်ချင်ရာလုပ်တတ်တဲ့လူ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အခုကတည်းက သားဆန္ဒကို ဖွင့်ပြောတာပါ"

"အင်း..ဒီလို လိမ္မာတဲ့သားမျိုးကတော့ ဘယ်တော့မှ ခလုတ်မထိ ဆူးမငြိဘူးဟေ့"

ဝိုင်းအုံနားထောင်နေကြသူများ အတွင်းမှ အဘိုးအိုတစ်ဦး၏ ချီးကျူးပြောဆိုလိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

* * *



## သေလမ်းရှင်လမ်း

ထင်းကြူးသည် သားဖြစ်သူကို မည်ကဲ့သို့ နားချတိုက်တွန်းရမည်နည်းဟု စဉ်းစားနေမိသည်။

"သား..သမားတော်ကြီးယန်ယီကျင်းဆီ သွားပါလို့ မေမေ တောင်းပန်ပါတယ်"

ယဉ်မေက သားဖြစ်သူအား တိုက်တွန်းလိုက်ပြန်၏။

ထင်းလုံက မိဘနှစ်ပါးကို ကြည့်လိုက်သည်။

"အတူမဲ့သမားတော်ကြီးဆီ သွားရင် လမ်းခရီးမှာတင် ရက်ပေါင်းငါးရက် ကုန်ဆုံးမယ်၊ ပြီးတော့ ငရဲအဆိပ်ကို သူဖြေနိုင်ဖို့ဆိုတာကလဲ မသေချာတဲ့ အလုပ်ကြီးပါ၊ ဒါကြောင့်မို့ သားအသက်ရှင်ခွင့်ရနေတုန်း လူသားတွေရဲ့ အကျိုးကို တတ်နိုင်သလောက် ထမ်းဆောင်သွားခွင့်ပြုပါ"

ယဉ်မေကလည်း ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးကုရင် အချိန်ကုန်တာ မှန်ပေမယ့် ကိုယ့်အတွက်တော့ မျှော်လင့်ချက်ထားနိုင်သေးတာပေါ့"

ထင်းလုံက မိဘနှစ်ပါးကို ကြည့်၍ တည်ကြည်စွာ ပြုံးလိုက်သည်။

"အဖေနဲ့ အမေ"

"ဟင်"

"ဘာလဲ သား"

ထင်းလုံက...

"အတုမဲ့သမားတော်ကြီးဆီကို သား အရှင်းမသွားတော့ဘူးလို့ မပြောပါဘူး၊ ခရီးထွက်ရင်းနဲ့ လမ်းကြုံရင် ဝင်မှာပါ"

ဟု ပြောလိုက်သည်။

ထင်းကြူးက...

"သားကို တားမြစ်လို့ မရမှန်းသိတဲ့အတွက် အဖေတို့ မတားတော့ပါဘူး"

စိတ်လျှော့လိုက်သည့် လေသံဖြင့် ပြောဆိုလိုက်သည်။

ယဉ်မေက...

"သား လမ်းကြုံရင် သမားတော်ကြီးယန်ယီကျင်းဆီ ဝင်ဖြစ်အောင်ဝင်နော်၊ သားအတွက် အလကား မဖြစ်ပါဘူးကွယ်၊ အမေမှာတာကို မမေ့နဲ့နော်"

"စိတ်ချပါ အမေ"

ထင်းလုံက ပြုံးရွှင်စွာဖြင့် ကတိပေးလိုက်လေ၏။



ထို့နောက်...

လှလှပပ ပြုလုပ်ထားသော ခေါင်းကြီးကို တဖပ်ဖပ်ပုတ်လိုက်၏။

"ဟောဒီ အင်မတန်လှပတဲ့ ခေါင်းကြီးဟာ ဇရဲအဆိပ်ကသားအတွက် အထူးလက်ဆောင်ပေးလိုက်တာပါ။ ဒီလို အပြုအမူမျိုးက သူ့သက်တမ်းတလျှောက်မှာ တစ်ခါမှ မလုပ်ခဲ့တဲ့ ထူးဆန်းတဲ့လုပ်ရပ်ပဲ၊ အဲဒီလိုပဲ သားကလဲ သားကို သူလက်ဆောင်ပေးလိုက်တဲ့ အဖိုးတန်ခေါင်းကြီးဟာ သူ့အတွက်ပဲ ပြန်ဖြစ်စေရအောင် အစွမ်းကုန်ကြိုးစားပါမယ်"

ထင်းလုံက စိတ်အားထက်သန်စွာဖြင့် ထင်းကြူးနှင့် ယဉ်မေတို့ကို ကန်တော့လိုက်သည်။

ထင်းကြူးတို့မှာ တစ်ဦးတည်းသော သားလေးနှင့် ယခုရှင်ကွဲကွဲရပြီး မကြာခင် သေကွဲကွဲရမည်ကို သိထားကြသဖြင့် ရင်ထဲဘွင် ဆို့နင့်နေကြပြီး မည်သည့်စကားမျှ ပြောမထွက် ဖြစ်နေကြသည်။

ယဉ်မေက...

"သား..သားလေး၊ လမ်းခရီးမှာ သတိထားပြီးသွားနော်"

မျက်ရည်ဝဲလျက် အားတင်းကာ သတိပေးပြောလိုက်သည်။

ပြောစရာ စကားများ ကျန်နေသေးသော်လည်း ထွက်မလာတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက အားပေးနှစ်သိမ့်သည့် အနေဖြင့် မိခင်၏ပခုံးနှစ်ဖက်ကို အသာဆုပ်ကိုင်ကာ ခေါင်းညိတ်လိုက်လေသည်။

ထို့နောက်...

ထင်းလုံက အလွန်လှပသော မြင်းလှည်းပေါ်သို့ လှားခနဲခုန်တက်လိုက်ပြီး မြင်းဇက်ကြိုးကို ဆွဲကွေ့လျက် နေဝန်းခြံဝင်းကို ကျောခိုင်းမောင်းနှင် ထွက်ခွာသွားလေသည်။

ကျန်ရစ်သူအားလုံးမှာတော့ ရဲရင့်တည်ကြည်စွာဖြင့် မြင်းလှည်းကြီးကို မောင်းနှင်ထွက်ခွာသွားသည့် ထင်းလုံကို ရင်နင့်ကြေကွဲစွာ ငေးမောကြည့်ရှုနေမိကြ၏။

ထိုတိုတောင်းလှသော အချိန်အတွင်းမှာပင် ငရဲအဆိပ်၏ လက်ဆောင် အသုဘခေါင်းကြီးကို တင်ဆောင်ထားသော မြင်းလှည်းနှင့်အတူ ထင်းလုံသည် သူတို့အားလုံး၏မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *



## ခရီးသည်

"ခွပ်..ခွပ်..ခွပ်"

မြင်းခွာသံများ အဆက်မပြတ် ထွက်လာလေသည်။

မြင်းခွာသံနှင့်အတူ မြင်းလှည်းတစ်စီးသည် တောလမ်းလေးအတိုင်း ခရီးနှင်နေသည်။

ထိုမြင်းလှည်းသည် ထင်းလုံ မောင်းနှင်လာသည့် မြင်းလှည်းပင် ဖြစ်သည်။

မြင်းလှည်းသည် တောလမ်းတစ်လျှောက် တရိပ်ရိပ်ပြေးလျက် ရှိသည်။

အလွန်လှပသော မြင်းလှည်း၊ ရှားပါးပြီး အဖိုးတန်သော မြင်းဖြူကြီး၊ ရဲရင့်တည်ကြည်ခန့်ညားသော ထင်းလုံ စသည်၊စသည် တို့မှာ အသီးသီးသော ကျက်သရေကို ဆောင်နေလေသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော ကျက်သရေတို့ကို မြင်းလှည်းထဲတွင် ပါလာသည့် အ,မင်္ဂလာအခေါင်းကြီးက တစ်လမ်းလုံး လိုက်ပါ နှောင့်ယှက်ပေးလျက် ရှိသည်။

တောလမ်းခရီးတလျှောက်တွင် လူသူကင်းလျက် မြင်းခွာသံမှလွဲ၍ မည်သည့်အသံမျှ မကြားရချေ။

စင်စစ်...

ထင်းယုံမှာ လောလောဆယ် ခရီးစဉ် အတိအကျ မရှိဘဲ မြင်းလှည်းကို ဦးတည်မဲ့စွာဖြင့် လျှောက်မောင်းနေခြင်းပင် ဖြစ်သည်။

ထိုစဉ် ရှေ့ခပ်လှမ်းလှမ်းမှ သူ့မြင်းလှည်းကို လှမ်းတားနေသည့် လူရိပ်တစ်ခုအား ထင်းလုံ မြင်တွေ့လိုက်ရလေတော့သည်။

ထင်းလုံသည် မြင်းလှည်းကို ဆက်လက်မောင်းနှင်လာရာ တဖြည်းဖြည်းနှင့် လူရိပ်သဏ္ဌာန်အား ကွဲကွဲပြားပြား တွေ့မြင်လာ၏။

ထိုအခါ...

ပုံရိပ်သဏ္ဌာန်ရှင်မှာ အသက်ဆယ့်ကိုး၊ နှစ်ဆယ်ခန့် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ထင်းလုံ သိမြင်လိုက်လေသည်။

မိန်းကလေးက မြင်းလှည်းအား တားနေသောကြောင့် ထင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် သူက မိန်းမပျိုအနီးတွင် မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။



သူက မိန်းကလေးအား တစ်ချက်အကဲခတ်ကြည့်ရင်း မေးလိုက်လေသည်။

"မိန်းကလေး ဘာကိစ္စ ရှိလို့လဲ"

မိန်းကလေး ပြုံးလိုက်သည်။

"အိမြင်းလှည်းနဲ့ ကျွန်မလမ်းကြုံလိုက်ချင်လို့ပါရှင်"

ထင်းလုံ ခေါင်းညိတ်လိုက်၏။

"ဩော်.. မိန်းကလေးက လမ်းကြုံလိုက်မယ့်သူကိုး၊ အဖော်မပါဘူးလား"

မိန်းကလေးက ခေါင်းခါယမ်းလိုက်၏။

"မပါ ပါဘူးရှင်"

ထင်းလုံက မိန်းကလေးအား အကဲခတ်ကြည့်လိုက်ရင်း မေးလိုက်သည်။

"မိန်းကလေး၊ မင်းက ဘယ်ကို သွားမလို့လဲ"

ထင်းလုံက မိန်းမပျိုအား သူမသွားလိုသည့် နေရာအား လမ်းကြုံမကြုံ မေးလိုက်ခြင်း ဖြစ်သည်။

မိန်းကလေး တွေဝေသွားသည်။

သူမက ဘာမှပြန်မပြောဘဲ အတန်ကြာအောင် တွေးတောစဉ်းစားနေလိုက်သည်။

ပြီးမှ...

"အင်း..ကျွန်မ တကယ်တန်း သွားချင်တဲ့ နေရာကတော့ ငရဲအဆိပ်ရှိတဲ့ နေရာကိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မျှော်လင့်မထားသော မိန်းကလေး၏စကားကို ကြားလိုက်ရသောအခါ ထင်းလုံမှာ အာမေဋိတ်သံ ကျယ်လောင်စွာပြုလျက် မိန်းကလေးအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသဖြင့် မျက်နှာလေး ရဲခနဲ ဖြစ်သွားလေတော့သည်။

"အင်း"

သူမက တိတ်တခိုး သက်ပြင်းချလိုက်၏။

ထို့နောက်...

ထင်းလုံ၏အကြည့်ကို ရင်မဆိုင်ဝံ့တော့သည့်ဟန်ဖြင့် မျက်လွှာချထားလိုက်၏။

သည်တော့မှပင်...

ထင်းလုံမှာ သူ့အဖြစ်ကို သူပြန်၍ သတိရသွား၏။

သူပါ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

သို့ဖြင့်...

နှစ်ယောက်သား ချက်ချင်း စကားထပ် မဆက်ဖြစ်ကြပဲ ရှိနေလေတော့သည်။

* * *



"မိန်း...မိန်းကလေး"

ခဏကြာတော့ ထင်းလုံ၏ခေါ်သံ ထွက်ပေါ်လာသည်။

"ရှင်"

မိန်းကလေးက မဝံ့မရဲဖြင့် ထူးလိုက်၏။

ထင်းလုံက သက်ပြင်းတစ်ချက်ချကာ...

"ငရဲအဆိပ်ဆီကို မင်း ဘာဖြစ်လို့ သွားချင်ရတာလဲကွ"

မိန်းကလေး ပင့်သက်ရှိုက်လိုက်၏။

"ကျွန်မမှာ အကြောင်း ရှိလို့ပါ"

"မိန်းကလေး၊ ငရဲအဆိပ်ရဲ့ အဆိပ်ဟာ အလွန်ကြောက်စရာကောင်းတယ်"

"ကျွန်မသိပါတယ်ရှင်"

ထင်းလုံက မိန်းကလေးအား ကရုဏာသက်စွာဖြင့် ကြည့်လိုက်ပြီး...

"မိန်းကလေးလို နုနယ်ငယ်ရွယ်တဲ့သူ မပြောနဲ့ သိုင်းသမားအရင့်အမာကြီးတွေတောင်မှ ငရဲအဆိပ်ကို နာမည်ကြားရုံနဲ့ သွေးပျက်သွားတဲ့ အကြောင်းတွေ မင်း မကြားဘူးလား"

မိန်းကလေး ခေါင်းညိတ်လိုက်ပြန်သည်။

"ကျွန်မကြားခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မက သေရမှာ မကြောက်ပါဘူး"

"မိန်းကလေးက ငရဲအဆိပ်ကို တွေ့ချင်တာ၊ သူ့ရဲ့ အမိန့်စာကို ရထားလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

ထင်းလုံ မျက်မှောင်ကြုတ်လိုက်၏။

"ဒါဖြင့် ဘာအကြောင်းကြောင့်လဲ"

"ကျွန်မရဲ့အဖေဟာ ငရဲအဆိပ်ရဲ့ အမိန့်စာကိုရပြီး သေဆုံးသွားခဲ့ပါတယ်၊ အဲဒီတော့ ငရဲအဆိပ်ဆီမှာ ကျွန်မအဖေအတွက် ထိုက်သင့်တဲ့ လျော်ကြေးတောင်းဖို့ ကျွန်မမှာ တာဝန်ရှိတယ်"

"ဪ…ဪ"

"အဲဒီအတွက် ကျွန်မက ငရဲအဆိပ်ရှိတဲ့ အရပ်ကို လိုက်စုံစမ်းနေတာပါ"

ထင်းလုံသည် မိန်းကလေး၏စကားကို နားထောင်နေရင်း ခေါင်းတညိတ်ညိတ်လိုက်၏။

"ရှင်ကကော ဘယ်ကိုသွားမှာလဲ"

"ကျုပ်ကလည်း ငရဲအဆိပ်ကို တွေ့ချင်လို့လိုက်ရှာနေတာ"

"ရှင်က ငရဲအဆိပ်ကို ဘာဖြစ်လို့ တွေ့ချင်နေရတာလဲ"

သူမက ထင်းလုံ၏အဖြစ်ကို မသိသေးသဖြင့် မေးလိုက်ခြင်း ဖြစ်၏။ သူက သဘောကျစွာ အဖြေပေးလိုက်၏။

"ကျုပ်လား။ ကျုပ်က ငရဲအဆိပ်ရဲ့အမိန့်စာ ရထားတဲ့ လူတစ်ယောက် ဖြစ်နေလို့ပဲ"

"ရှင်"

မိန်းကလေးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

* * *



"ကဲ…မင်း ငါနဲ့လိုက်ခဲ့ပေတော့"

"အစ်ကို ကျွန်မတို့ အခု ဘယ်ကို သွားရမှာလဲ"

ဟု ဝမ်းသာအားရမေးလာသည်။ ထင်းလုံက…

"ဟင့်အင်း မသိဘူး"

"ဒါဆို ငရဲအဆိပ်ရှိတဲ့ နေရာကိုတော့ မသိဘဲနဲ့ ဘာဖြစ်လို့ ကျွန်မကို လိုက်ခဲ့ဖို့ ခေါ်ရတာလဲရှင့်"

မိန်းကလေးက ထင်းလုံ၏ ဘာမှမသိသော အဖြေကို မကျေမနပ်ဖြင့် မေးလိုက်ရသည်။

"မင်းနဲ့ငါက ရေစက်ပါတယ်လေ၊ ဒါကြောင့် တို့နှစ်ယောက် အတူတူသွားပြီး ငရဲအဆိပ် ရှိမယ့် နေရာကို လိုက်ရှာစုံစမ်းကြမယ်လေ"

ဟု ပြောလိုက်၏။

မိန်းကလေးကလည်း…

"ကောင်းပါပြီ၊ ကျွန်မ အသက်ရှိနေသရွေ့ ငရဲအဆိပ်ကို မရရအောင် ဖော်ထုတ်မယ်လို့ သစ္စာပြုပါတယ်"

"အစ်ကိုလဲ ကတိပေးပါတယ်"

သူတို့နှစ်ယောက်သည် ပြိုင်တူ ပြုံးလိုက်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆွေ

"ခွပ်..ခွပ်..ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းလှည်းမှာလည်း တောလမ်းအတိုင်း လျှင်မြန်စွာ ရွေ့လျားလျက် ရှိ၏။

ထင်းလုံ၏မြင်းလှည်းနှင့် လိုက်ပါလာသော မိန်းမပျိုမှာ မြင်းလှည်းအိမ်ထဲမှ ခေါင်းကြီးကို ကြည့်ပြီး အံ့အားသင့်နေလေသည်။

"အစ်ကို ဒီခေါင်းကြီးက ဘယ်သူ့ဟာလဲ"

မိန်းမပျိုက မေးလိုက်သည်။

"ကျုပ်လက်ဆောင်ရထားတဲ့ ပစ္စည်းပါ"

သူမ အံ့အားသင့်သွား၏။

"ဟင်..ဒီခေါင်းကို လက်ဆောင်ပေးတယ် ဟုတ်လား၊ ဒီလူ စိတ်မှကောင်းရဲ့လား"

ထင်းလုံက ပြုံးလိုက်၏။



"စိတ်မနှံ့ဘူးလို့ ကျုပ်လဲ ထင်တယ်"

"အဲဒီ လူက ဘယ်သူလဲ"

"ငရဲအဆိပ်ပေါ့"

"ဟင်"

ထင်းလုံ၏အဖြေကြောင့် မိန်းကလေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

* * *

"ငရဲအဆိပ်က ကျုပ်ကို ဆယ်လပိုင်း နှစ်ဆယ့်သုံးရက်နေ့မှာ သေရမယ်လို့ ပြောထားတယ်"

ထင်းလုံ၏စကား ကြားရလျှင် မိန်းကလေး မျက်မှောင်ကုတ်လိုက်၏။

"ငရဲအဆိပ်က သေရတော့မယ့် လူတွေကို စိတ်ခေတ်ပျက်ပြားသွားအောင် ခေါင်းတွေ ဘာတွေ အဆင်သင့် ထည့်ပေးလိုက်တာလား မသိဘူး"

"ဒါတော့ ဖြစ်နိုင်ပါတယ်"

မိန်းကလေးက...

"ဘာပဲဖြစ်ဖြစ်လေ အဆိပ်နဲ့ အသတ်ခံခဲ့ရတဲ့ လူတွေထဲမှာ အစ်ကိုက ထူးခြားတဲ့ လူတစ်ယောက် ဖြစ်နေတာတော့ အမှန်ပါပဲ"

ထင်းလုံက...

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ ဒါတွေ ထားလိုက်ပါဦး။ ညီမလေး နာမည်က ဘယ်လို ခေါ်သလဲ"

မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မနာမည် လှုံ့ချင်းပါ၊ အစ်ကို့နာမည်ကရော"

"ဪ...ကျုပ်နာမည်က ထင်းလုံပါ"

"ဒါနဲ့ အစ်ကို့ ရှေ့ရေးခရီးအတွက် ဘယ်လိုစိတ်ကူးထားလဲ"

"ငရဲအဆိပ်ကို ရှာဖွေတဲ့ကိစ္စကို ကျုပ်ဘက်ကတော့ အတတ်နိုင်ဆုံး စုံစမ်းမှာပဲ"

"ဒီမြင်းလှည်းနဲ့ ဒီလိုပဲ ဆက်သွားမလို့လား"

"အေးလေ၊ ဘာဖြစ်လို့လဲ"

"အစ်ကိုကတော့ လုပ်တော့မယ်"

"လှုံ့ချင်း၊ မင်း ဘာကို ဆိုလိုတာလဲ"

လှုံ့ချင်းက...

"ဟောဒီ မင်္ဂလာမရှိတဲ့ အသုဘခေါင်းကြီးနဲ့ လူတောထဲ လျှောက်သွားလို့ ဖြစ်ပါ့မလား"

ဟု မေးလိုက်၏။ ထင်းလုံက...

"အင်း...ဟုတ်သားပဲ၊ လှုံ့ချင်း၊ မင်းအကြံရှိရင် ပေးစမ်းပါဦး"

ဟု ပြောလိုက်၏။ လှုံ့ချင်းက...

"ဒီမြင်းလှည်းကို တစ်နေရာရာမှာ ဝှက်ထားရင် မကောင်းဘူးလား"



ထင်းလုံက...

"ကောင်းသားပဲ၊ ဒါပေမယ့် မြင်းဖြူကြီးကိုတော့ ကျုပ် အသုံးပြုရလိမ့်မယ်"

ဟု တွေးတွေးဆဆဖြင့် ပြော၏။

လှုံ့ချင်းက...

"အင်း... ဟုတ်တယ်၊ မြင်းဖြူကြီးပါတော့ ပိုပြီး ကောင်းတာပေါ့"

ဟု ပြောလိုက်၏။

သူတို့သည် မြင်းဖြူကြီးအား ကြည့်ကာ နှစ်ယောက်သား သဘောတူလိုက်လေသည်။

ထို့နောက် ထင်းလုံက...

"ကဲ...ဒီလိုဆိုရင် ကျုပ်တို့ အချိန်မဖြုန်းဘဲ မြင်းလှည်းဝှက်မယ့်နေရာကို လိုက်ရှာရအောင်"

"ဟုတ်ကဲ့"

ထို့နောက် မြင်းလှည်းကို တောနက်အတွင်း ရနိုင်သရွေ့ မောင်းနှင်ဝင်ခဲ့ပြီး မည်သို့မျှ ဆက်သွား၍ မရသော နေရာသို့ရောက်သောအခါ မြင်းလှည်းကို ရပ်တန့်လိုက်၏။

သူတို့က ထပ်မံ၍ မြင်းလှည်းကို ဝှက်ထားရန်အတွက် နေရာကောင်းအား ရှာဖွေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုထင်းလုံ၊ ဒီမှာ လာကြည့်စမ်း"

ခပ်လှမ်းလှမ်းမှ အော်ခေါ်သော လှျံချင်း၏အသံကြောင့် ထင်းလုံက အသံကြားရာဘက်သို့ ခပ်သွက်သွက်လေး ပြေးသွားလိုက်၏။

လှျံချင်း၏အနီးသို့ ရောက်သွားသောအခါ ချုံနွယ်ပိတ်ပေါင်းကြီးတစ်ခုကို ဆွဲဖယ်နေသည့် လှျံချင်းအား တွေ့လိုက်ရသည်။

ထင်းလုံက...

"လှျံချင်း ဘာထူးခြားလို့လဲ"

လှျံချင်းက...

"ဒီချုံနွယ်တွေက ဂူပေါက်ဝကို ပိတ်နေလို့ ကျွန်မရှင်းနေတာ"

မကြာမီ...

သူတို့သည် တက်ညီလက်ညီဖြင့် ခုတ်ထွင်ရှင်းလင်းရာ အတန်ငယ် ကြီးမားကျယ်ဝန်းသော ဂူပေါက်ဝကြီးတစ်ခုအား နှစ်ဦးစလုံး တွေ့မြင်လိုက်ရသည်။

အလင်းရောင် ရသွားလေသည်။

ထိုအလင်းရောင်ဖြင့် ကျောက်ဂူမှာ အတွင်းပိုင်း၌လည်း ကျယ်ကျယ်ဝန်းဝန်း ရှိလှသော ဂူတစ်ခု ဖြစ်ကြောင်း ထင်းလုံတို့နှစ်ယောက်စလုံး တွေ့မြင်လိုက်ရ၏။

ထို့နောက် ထင်းလုံက...

"လှျံလျှင်း...ကျုပ်အထဲကို ဝင်ကြည့်လိုက်ဦးမယ်၊ မင်းက



အပြင်က စောင့်နေခဲ့"

ဟု မှာလိုက်၏။ လှျံချင်းက...

"သတိထားနော် အစ်ကို"

ထင်းလုံက...

"စိတ်ချပါ"

ထင်းလုံသည် ချင်းလှျံကို ပြောလိုက်ပြီးနောက် ကျောက်ဂူအတွင်းသို့ သတိဖြင့် ဝင်လာခဲ့လေသည်။

အပြင်ဘက်မှ ဝင်လာသော အလင်းရောင်အားကိုးဖြင့် ကျောက်ဂူအတွင်းသို့ ထင်းလုံ ရောက်ခဲ့သည်။

သူက ကျောက်ဂူအတွင်း အနေအထားကို အကဲခတ်ကြည့်ရင်း လေ့လာ၏။ လောလောဆယ် သူရောက်ရှိနေသော နေရာမှာပင် မြင်းလှည်းထားရန် စိတ်ကူးလိုက်၏။

သူသည် ရှေ့ဆက်သွားရန် မလွယ်ပါချေ။

အလင်းရောင် မရောက်သော အပိုင်းတွင် လုံးဝမည်းမှောင်နေလျက်ရှိသည်။

ကျောက်ဂူကြီးအတွင်းပိုင်းမှာ အတော်ကြီးကြောင်း သူခန့်မှန်းမိ၏။

သို့သော် ဆက်လက်ဝင်ကြည့်ရန် မလိုအပ်တော့၍ သူက ကျောက်ဂူအတွင်းမှ ခပ်သွက်သွက်ထွက်သည်။

"အစ်ကို အခြေအနေကောင်းရဲ့လား"

အပြင်ဘက်မှ စောင့်နေသော လှျံချင်းက သူ့ကို လှမ်းမေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူက ခေါင်းညိတ်လိုက်သည်။

ထို့နောက် မြင်းလှည်းကို ကျောက်ဂူအနီးသို့ ဆွဲယူလာ၏။

သူက မြင်းဖြူကြီးကို ဖြုတ်၍ မြင်းဇက်ကြိုးကို အနီးရှိ သစ်ပင်တွင် ချည်နှောင်လိုက်၏။

ထို့နောက်...

မြင်းလှည်းကို ကျောက်ဂူအတွင်း ဆွဲယူလာ၏။

လှိုင်ချင်းက မှောင်မည်းနေသော ကျောက်ဂူအတွင်းပိုင်းသို့ လှမ်းမျှော်ကြည့်ရင်း...

"ဒီကျောက်ဂူက အတော်ရှည်မယ့်ပုံပဲ"

"ဟုတ်တယ် ညီမ"

ထိုစဉ်မှာပင်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော အော်ဟစ်ရယ်မောသံ ထွက်ပေါ်လာလေသည်။

ရယ်မောသံနှင့်အတူ လူရိပ်တစ်ခု လှစ်ခနဲ ရောက်လာပြီး ကျောက်ဂူအပေါက်ဝတွင် ပိတ်ဆို့ရပ်တန့်နေလေတော့သည်။

ဂူပေါက်ဝတွင် ပိတ်ဆို့ရပ်တန့်နေသူမှာ သူတို့အတွက် မိတ်ဆွေ မဖြစ်နိုင်ကြောင်းကို သူနှင့် လှိုင်ချင်းတို့နှစ်ဦးစလုံး တွက်ဆမိလိုက်၏။

* * *



ထင်းလုံက...

"ခင်ဗျား ဘယ်သူလဲ"

ဂူပေါက်ဝတွင် ရပ်နေသူအား မေးလိုက်၏။

ဂူပေါက်ဝတွင် ပိတ်ဆို့ထားသူက ပြုံးဖြီးဖြီးနှင့် ကြည့်နေသည်။

ထိုလူမှာ ထိပ်ပြောင်ပြောင်နှင့် ဖြစ်၏။

အနက်ရောင်ဝတ်ဆင်ထား၏။

သူ၏ရုပ်သွင်မှာ မဆိုးလှသော်လည်း တစ်တောင်ခန့်ရှိ သူ၏ဆံပင် ကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားသဖြင့် တွေ့မြင်ရသည်မှာ တစ်မျိုး ဖြစ်နေ၏။

ထင်းလုံက...

"ဟေ့လူ မေးနေတာ မကြားဘူးလား"

ဟု ခပ်မာမာဖြင့် မေးလိုက်၏။

ထိုအခါမှ ဝတ်စုံနက်က သူ့ကိုယ်သူ ငုံ့ကြည့်သည်။

"အင်း...ကျုပ်ကို မေးတာလား"

ထင်းလုံက...

"ဟုတ်တယ်"

ဝတ်စုံနက်က...

"ကျုပ်ကို အများက ဆံရှည်သိုင်းသမား လီကြိုးလို့ ခေါ်ကြတယ်၊ ဒါနဲ့ မင်းတို့က ဘယ်သူတွေလဲ"

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



လီကြိုးက...

"ဆိုင်တာပေါ့၊ မင်းတို့ ကျောက်ဂူထဲမှာ တစ်ခုခု လာရှာပ်ကြတာ မဟုတ်လား"

ထင်းလုံက...

"ကျုပ်တို့ဘာသာ ဘာလုပ်လုပ် ခင်ဗျားနဲ့ မဆိုင်ဘူး၊ လမ်းဖယ်ပေး"

လီကြိုးက...

"ကိုယ့်ဘာသာကိုယ် ရပ်နေတာကွ၊ မင်းတို့ဘာသာ ထွက်လာခဲ့ကြပါလား"

ထင်းလုံက...

"ဒီလိုဆို ကောင်းပြီ၊ ကျုပ်အဆိုး မဆိုနဲ့"

ပြောပြောဆိုဆိုဖြင့် သူက ဆံရှည်သိုင်းသမားကို လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

လီကြိုး၏ ဆံဖျားက လက်နက်သဖွယ် ထိုးထောင်တက်လာပြီး ထင်းလုံ၏လက်ကို ဖြတ်တိုက်လေတော့သည်။

ထင်းလုံက လက်ဝါးရိုက်ချက်များကို ရုပ်သိမ်းကာ ရှောင်တိမ်းလိုက်သည်။

"ဟင်း...ဒီဆံရှည်သိုင်းသမားက ကြောက်စရာကောင်းလှချည်လား"

နံဘေးက ရပ်ကြည့်နေသော လျှံချင်းက စိတ်ထဲမှ ရေရွတ်လိုက်၏။



ယခုအခါ...

ထင်းလုံက ဓားဖြင့် လီကြိုးကို တိုက်ခိုက်နေ၏။

သို့သော် လီကြိုး၏ကျစ်ဆံမြီးဖျားမှာ ဓားချက်ကို ကောင်းစွာ ခုခံထားနိုင်ဆဲ ဖြစ်သည်။

တိုက်ပွဲမှာ တဖြည်းဖြည်း အရှိန်ကောင်းလာလေတော့သည်။ သူ၏ဓားကွက်များမှာ တစ်ကွက်ထက်တစ်ကွက် ပိုမိုအဆင့်မြင့်လာသည့်အတွက် လီကြိုးမှာ အထိတ်တလန့် ဖြစ်လာသည်။

"ဟာ...ဒီကောင်လေးရဲ့ ပညာက မကုန်သေးပါလား"

ဟု ရေရွတ်လိုက်သည်။

လီကြိုးမှာ တဖြည်းဖြည်း ထိတ်လန့်လာလေ၏။

သူ၏သိုင်းပညာမှာ ဤမျှ ထက်မြက်ကောင်းမွန်လိမ့်မည်ဟု သူမထင်မှတ်ခဲ့ပေ။

သို့ဖြင့် လီကြိုးမှာ အလူးအလဲပင် ခုခံရှောင်တိမ်းနေရလေတော့သည်။ လီကြိုးသည် တိုက်ခိုက်နေရင်းမှပင် ထွက်ပြေးရန် ကြံစည်နေ၏။

လျှံချင်းသည် မြန်မြန်ပြီးရန် သဘောဖြင့် ဝင်ရောက်တိုက်ခိုက်ရန် ကြံစည်နေ၏။

သို့သော်...

ထင်းလုံတို့၏ တိုက်ခိုက်မှုသည် အလွန်ပြင်းထန်နေ၏။

ထို့ကြောင့် သူမသည် ဝင်ရောက်တိုက်ခိုက်ရန် မေ့တော်သာပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာသည်နှင့်အမျှ တိုက်ပွဲသည် နှေးကွေးလာလေသည်။

လီကြိုးသည် တဖြည်းဖြည်းနှင့် ရှုံးနိမ့်နေလေတော့သည်။

လျှံချင်းသည် ဝင်ရောက်တိုက်ခိုက်ရန်သာ ဟန်ပြင်လိုက်သည်။

သည်ပုံအတိုင်းသာ လွှတ်ထားပါက အချိန်ကြာနေဦးမည်ဖြစ်ပေသည်။

ထို့ကြောင့်...

လျှံချင်း ဆုံးဖြတ်ချက်ချလိုက်သည်။

တဖြိုင်တည်းပင် ခါးမှ ဓားကို ဆွဲထုတ်၍ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်၏။

ထိုအခါ လီကြိုးက...

"ဟေ့ကောင်မလေး ဘာဝင်ရှုပ်တာလဲ"

ဟု ရှုံးနိမ့်နေသည့်ကြားမှပင် အော်ငေါက်ပြောဆိုလိုက်၏။

ထင်းလုံကလည်း...

"လျှံချင်း အသာနေစမ်းပါ၊ ဒီကောင်ကြီးကို ကျုပ်ရှင်းပစ်လိုက်ပါ့မယ်"

ဟု ပြောလိုက်၏။

လျှံချင်းက...

"အစ်ကို ကျွန်မတို့ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး။ ကိစ္စအမြန်ဖြတ်မှဖြစ်မယ်"



သူမက ပြောပြီး လီကြိုးအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်၏။

လျှံချင်းပါ ဝင်ရောက်တိုက်ခိုက်လာသည့်အတွက် လီကြိုးအသက်ရှူကျပ်သွား၏။

ထင်းလုံတို့ကို မည်သို့မျှ ကြာရှည်ခုခံတိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း သူ့ကိုယ်သူ သိ၏။

ထို့ကြောင့် သူက တိုက်ခိုက်မှုကို အယောင်ပြ၍ အခြေအနေပေးသည်နှင့် ကျွမ်းပစ်ကာ ခုန်ဆုတ်လိုက်၏။

"ဟား..ဟား..ဟား။ မင်းတို့ကို ချီးကျူးတယ်ဟေ့၊ နောက်မှတွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် ချာခနဲလှည့်၍ ထွက်ပြေးပျောက်ကွယ်သွားလေ၏။

လျှံချင်းက ထင်းလုံကို ကြည့်လိုက်ပြီး...

"အစ်ကို ဘယ်လိုလုပ်မလဲ၊ ကျွန်မတို့ မြင်းလှည်းထားခဲ့တဲ့နေရာကို လီကြိုး သိသွားပြီ၊ ကျွန်မတို့ ထွက်သွားရင် သူရောက်လာနိုင်တယ်"

ဟု ပြောလိုက်၏။

ထင်းလုံက ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်ပြီး...

"သိပ်လဲ မစိုးရိမ်ပါနဲ့၊ ကျုပ်တို့ပစ္စည်းက မက်လောက်စရာမရှိပါဘူး"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

လျှံချင်းက...

"အင်း..ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုန်မတို့ ဓဝကို ချုံတွေနဲ့ ပြန်ပိတ်ထားရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်၏။

ထင်းလုံက...

"ကောင်းတာပေါ့"

နှစ်ဦးသား ချုံနွယ်တို့ကို ပြန်ဆွဲယူ၍ သူတို့ မူလက တွေ့ခဲ့သည့်အတိုင်း ကျောက်ဓဝအား ပြန်ပိတ်ထားလိုက်ကြတော့သည်။

ကိစ္စအားလုံး ဆောင်ရွက်ပြီးသောအခါ ထင်းလုံတို့နှစ်ဦးမှာ မြင်းဖြူကြီးကို စီး၍ ခရီးဆက်ခဲ့ကြလေတော့သည်။

* * *



## အနှောင့်အယှက်

ကျိုထင်းမြို့...။

ထင်းလုံတို့သည် ညနေ မစောင်းမီ ကျိုထင်းမြို့သို့ ရောက်ရှိလာခဲ့ကြ၏။

မိတ်ဆွေစားသောက်ဆိုင်...။

မိတ်ဆွေစားသောက်ဆိုင်သည် ကျိုထင်းမြို့တွင် နာမည်ကြီးသော စားသောက်ဆိုင်တစ်ဆိုင် ဖြစ်လေ၏။

ထင်းလုံနှင့် လျှံချင်းတို့သည် မိတ်ဆွေစားသောက်ဆိုင်တွင် ဝင်ရောက်စားသောက်လိုက်ကြ၏။

အတန်ကြာသောအခါ...

စားသောက်မှု ပြီးစီးသွား၍ စားသောက်ခ ကျသင့်ငွေကို ပေးချေကာ ဆိုင်ထဲမှ ထွက်ခဲ့ကြ၏။

ဆိုင်အပြင်သို့ အရောက်တွင် သူတို့နှစ်ဦးစလုံး မည်သို့မျှ မျှော်လင့်မထားသော အဖြစ်တစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကား...

ကျောက်ဂူအတွင်း၌ သူတို့ သေချာဝှက်ထားခဲ့သော အသုဘခေါင်းကြီး တင်ဆောင်ထားသည့် ငရဲအဆိပ်၏လက်ဆောင် မြင်းလှည်းကြီးကို မြင်းဖြူကြီး ပြန်လည်တစ်ဆင်လျက် ဆိုင်ပေါက်ဝတည့်တည့် ရပ်တန့်နေခြင်းအား တွေ့မြင်လိုက်ရခြင်းပင် ဖြစ်သည်။

* * *

ထင်းလုံနှင့် လျှံချင်းတို့ တစ်ယောက်ကိုတစ်ယောက် တအံ့တဩပုံစံဖြင့် ကြည့်လိုက်မိကြလေ၏။

ထို့နောက် လျှံချင်းက မေးလိုက်သည်။

"အစ်ကို၊ ဒီကိစ္စက ဆံရှည်သိုင်းသမားလီကြုံးရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ သူက ငရဲအဆိပ်လား မသိဘူးနော်"

ဟု ပြောလိုက်၏။

ထင်းလုံက...

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဖြစ်ချင်းဖြစ်ရင် လီကြုံးဟာ ငရဲအဆိပ်ရဲ့တပည့်တစ်ယောက်ပဲ ဖြစ်မယ်"

ဟု ပြောလိုက်၏။

လျှံချင်းက...

"သူက ဘာသဘောနဲ့များ ညီမတို့ကို အခုလို လိုက်ပြီး နှောင့်ယှက်နေရတာလဲ မသိဘူး၊ အစ်ကိုရော ဘယ်လိုထင်သလဲ"



ဟု မေးလိုက်၏။ ထင်းလုံက...

"အစ်ကိုတို့ကို မလောက်လေး မလောက်စားလေးတွေလို့ ထင်ထားလို့ နေမှာပေါ့"

လျှံချင်းက...

"ဟွန့်..ဆံရှည်သိုင်းသမားလီကြုံးရဲ့ အထင်သေးခံရတာဟာ မခံချင်စရာကောင်းလိုက်တာရှင်"

ထင်းလုံက...

"သူဟာ ကြည့်တော့သာ လူက ရူးပေါပေါကြီး ထင်ရပေမယ့် သူ့ရဲ့သိုင်းပညာအဆင့်က တော်တော်အဆင့်မြင့်တယ်"

"ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့ကို သူပညာအကုန်သုံးပြီး တိုက်ခိုက်သွားတာ မဟုတ်ဘူးဆိုတာ အစ်ကိုကောင်းကောင်းရိပ်မိခဲ့လို့ပဲ"

ဟု ပြော၍ ရပ်လိုက်၏။

ထိုအခါ လျှံချင်းက...

"ဒါဆို ဘာကြောင့် တိုက်ခိုက်ရတာလဲ"

ဟု မေးလိုက်၏။ ထင်းလုံက...

"အင်း..အစ်ကို စဉ်းစားရသလောက်ဆိုရင် သူ့ကြည့်ရတာ အစ်ကိုတို့ကို ရန်ပြုချင်လို့ မဟုတ်ဘဲ သက်သက်ပညာလာစမ်းတဲ့ သဘောမျိုး ဖြစ်နေတယ်လေ"

လျှံချင်းက...

"အင်း..အစ်ကိုပြောတာ ဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထင်းလုံက...

"ဒီတစ်ခါ ဆံရှည်သိုင်းသမားလိုကြီးနဲ့ တွေ့ရင်တော့ အလွတ်မပေးတော့ဘူး။ သူ့သိုင်းပညာ ဘယ်လောက်ပဲ အဆင့်မြင့်မြင့် သူ့ကိုနိုင်အောင်တိုက်မယ်၊ ပြီးတော့ သူ ဘယ်လိုရည်ရွယ်ချက်နဲ့ အစ်ကိုတို့ကို လိုက်နှောင့်ယှက်နေရသလဲဆိုတာကို ရအောင်မေးရလိမ့်မယ်"

ဟု ပြောလိုက်၏။

ထိုအခါ လှုံချင်းက...

"ညီမလဲ ကူညီမယ်"

ဟု ပြောလိုက်၏။ ထင်းလုံက...

"ကဲ..ဒီနေရာက သွားကြတာပေါ့"

"မြင်းလှည်းကိုလဲ ယူသွားမှာလား အစ်ကို"

ထင်းလုံက...

"ယူသွားရမှာပေါ့ ညီမရယ်၊ ဒီမြင်းလှည်းက အစ်ကိုတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းပဲ"

"ကဲ..ဒါဖြင့် သွားကြစို့ အစ်ကို"

ထို့နောက် သူတို့နှစ်ဦးသား ပြိုင်တူ မြင်းလှည်းကြီးပေါ်သို့ သွက်လက်စွာ လွှားခနဲ ခုန်တက်လိုက်ကြလေတော့သည်။

* * *



ထင်းလုံသည် ကျိုထင်းမြို့မှ ထွက်လာခဲ့ကြလေသည်။

သူတို့သည် တဖြည်းဖြည်း မှောင်းနှင်လာရာ ညပင်မိုးချုပ်လာပြီ ဖြစ်ပေသည်။

သူတို့သည် အနားယူရန် နေရာအား ရှာဖွေလိုက်ကြလေသည်။

အတန်ကြာသွားလာမိကြသောအခါ အတန်ငယ်အိုဟောင်းနေသော ဘုံကျောင်းပျက်တစ်ခုအား တွေ့လိုက်ရလေသည်။

သူတို့သည် ဘုံကျောင်းပျက်အား တွေ့ကြသောအခါ ဝမ်းသာသွားကြလေသည်။ လှုံချင်းက...

"အစ်ကို ကျွန်မတို့ အဲဒီမှာ အနားယူကြရအောင်နော်"

"ကောင်းပြီလေ၊ ဩော် ညီမ ခဏနေဦး၊ ကျုပ် ဘုံကျောင်းပျက်ထဲကို ဝင်ကြည့်လိုက်ဦးမယ်"

ဟုပြော၍ ဝင်သွားလေသည်။

အတန်ကြာသောအခါမှ ထင်းလုံသည် ဘုံကျောင်းထဲမှ ထွက်လာခဲ့လေသည်။ ထို့နောက် လှုံချင်းက...

"အစ်ကို ဝင်နားလို့ရတယ် မဟုတ်လား"

ဟုမေးလိုက်သည်။ ထင်းလုံက...

"အင်း..ညီမ အခြေအနေကောင်းတယ်"

ဟုပြောကာ သူတို့သည် ဝင်နားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

"ဂျိမ်း"

www.burmeseclassic.com

www.burmeseclassic.com



မိုးသီးမိုးပေါက်များ ကျလာလေသည်။ ထင်းလုံက...

"ညီမရေ မြန်မြန်လာ"

ဟုပြောကာ မြင်းလှည်းအားဆွဲ၍ ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်သွားလေသည်။

အထဲသို့ရောက်သွားသောအခါ သူတို့သည် မီးပုံတစ်ခုအား မီးဖိုလိုက်လေသည်။

သူတို့သည် မီးဖိုဘေးတွင် ထိုင်ချလိုက်လေတော့သည်။

ထင်းလုံက...

"ညီမ ကျုပ်တို့ ဒီမှာ ညအိပ်ကြရအောင်"

လျှံချင်းက...

"အင်း..ဒီမှာပဲ နားကြတာပေါ့"

ဟု ပြောလိုက်လေတော့သည်။

* * *



"အား"

ထင်းလုံနှင့်လျှံချင်း အော်ဟစ်သံကြောင့် အိပ်ပျော်နေကြရာမှ လန့်နိုးသွားလေသည်။

မကြာမီ မိုးစင်စင်လင်းတော့မည် ဖြစ်ပေသည်။

သူတို့သည် အော်သံကြားရာသို့ ထွက်ကြည့်လိုက်ကြသည်။

လူတစ်ယောက်အား လူသုံးယောက်က ဝိုင်း၍တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ထိုလူမှာ သွေးအိုင်ထဲတွင် လဲကျနေသည်။

ထင်းလုံက မနေနိုင်တော့၍...

"ဟေ့လူတွေ ရပ်လိုက်ကြစမ်း"

ဟုပြောကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။

ထိုလူသုံးယောက်နှင့် သူ တိုက်ခိုက်လိုက်သည်။

ထိုလူများ၏ သိုင်းပညာမှာ သာမန်အခြေခံလောက်သာ ရှိ လေသည်။

ထို့ကြောင့် ထင်းလုံအား မယှဉ်နိုင်သဖြင့် ထွက်ပြေးသွားကြလေတော့သည်။

လျှံချင်းနှင့်ထင်းလုံတို့သည် ဒဏ်ရာရသွားသောလူ၏ နံဘေးသို့ သွားရောက်ကြည့်လိုက်သည်။

ထိုအခါ ထိုလူသည် သေဆုံးသွားပြီ ဖြစ်လေသည်။

ထင်းလုံက ခေါင်းခါယမ်းလိုက်သည်။

"အင်း..ညီမ ဒီကနေ ထွက်သွားကြရအောင်"

ဟုပြောကာ မြင်းလှည်းပေါ်သို့ တက်ထိုင်ကာ လျှံချင်းအား

www.burmeseclassic.com

www.burmeseclassic.com



ခေါ်၍ ထိုနေရာမှ ထွက်ခွာသွားလေသည်။

သူတို့သည် ဘုံကျောင်းပျက်အား ကျော်လွန်၍ အဝေးတစ်နေရာရောက်တွင် လှိုင်ချင်းက...

"အစ်ကို ဟိုနားက တောအုပ်ကလေးကို ကြည့်စမ်း၊ ဒီမြင်းလှည်းကြီးကို အဲဒီတောအုပ်ထဲမှာ ဝှက်ထားခဲ့တော့မယ်"

ထို့နောက် ထင်းလုံက မြင်းလှည်းကြီးကို ထိုတောအုပ် ရှိရာသို့ ဦးတည်ပေးလိုက်လေတော့သည်။

* * *

နေဝင်စ အချိန်တွင် ကျိုက်စွန်မြို့အတွင်းသို့ ရောက်ရှိလာကြသည်။

ကျိုက်စွန်မြို့သည် မြို့တစ်မြို့သာ ဖြစ်သော်လည်း စည်ကားခြင်း မရှိပါချေ။

သူက လှိုင်ချင်းအား ကြည့်လိုက်ပြီး...

"ကဲ..ညီမ လောလောဆယ် အရေးကြီးတာက အစ်ကိုတို့ အနားယူဖို့ပဲ၊ ဗိုက်လဲ ဆာနေပြီ၊ နီးရာတည်းခိုခန်းတစ်ခုမှာပဲ တည်းလိုက်ကြတာပေါ့"

လှိုင်ချင်းကလည်း...

"ကောင်းတယ် အစ်ကို၊ မနက်ကျမှ ဒီမြို့က ထွက်ကြတာပေါ့"



ထို့နောက် နှစ်ယောက်သား ခပ်လှမ်းလှမ်းတွင် တွေ့ရသောတည်းခိုခန်းတစ်ခုဆီသို့ လာခဲ့ကြသည်။

လှိုင်ချင်းက...

"တည်းခိုခန်း ကြည့်ရတာ စိတ်ပျက်စရာပဲ"

ဟု ဟောင်းနွမ်းစုပ်ချာလှသော တည်းခိုခန်းအား ကြည့်ပြီး ခပ်တိုးတိုး ပြောဆိုလိုက်၏။

သူက ခေါင်းညိတ်လိုက်သည်။

"တည်းခိုခန်း ကောင်းတာမကောင်းတာ အရေးမကြီးပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် တို့ ဒီမှာပဲတည်းရမှာပဲ"

"ဟုတ်ပါ့ရှင်"

သို့ဖြင့်...

သူတို့နှစ်ယောက် တည်းခိုခန်း အတွင်းသို့ ဝင်ကာ ဆာလောင်နေသောဗိုက်ကို အလျှင်ဖြည့်တင်းလိုက်ကြ၏။

စားသောက်ပြီးစီးသည့်နောက် ထင်းလုံနှင့် လှိုင်ချင်းတို့မှာ ခရီးပန်းလာသူများ ဖြစ်သည်နှင့်အညီ စကားဆက်လက်ပြောခြင်း မပြုတော့ဘဲ ကိုယ့်အခန်းကိုယ် အသီးသီးဝင်၍ အနားယူလိုက်ကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်…

တည်းခိုခန်း အပြင်ဘက်မှ ဆူဆူညံညံ အသံများကြောင့် ထင်းလုံ အိပ်ရာမှနိုးလာသည်။

"အင်း…နိုးလာတာနဲ့ အတော်ပဲ၊ ဒီအချိန် ခရီးဆက်လို့ အတော်ဆုံးပဲ"

ထင်းလုံက ခပ်တိုးတိုး ပြောဆိုရေရွတ်ပြီး အိပ်ရာမှထ လိုက်သည်။

ထိုစဉ်…

"အစ်ကို နိုးလာပြီလား"

အခန်းအပြင်ဘက်မှ လျှံချင်း၏မေးမြန်းသံကို ကြားလိုက်ရ သည်။

"နိုးပြီ ညီမ၊ ခဏစောင့်ဦးနော်"

သူက ပြန်ပြော၍ ကိုယ်လက်သန့်စင် မျက်နှာသစ်လိုက် ၏။

ပြီးလျှင် နှစ်ယောက်သား အောက်သို့ ဆင်းလာ၏။

"ညီမ ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်၊ ဒါနဲ့ အစ်ကို နိုးလာတဲ့ အချိန်က အတော်ပဲနော်"

"အင်း…အတော်ပါပဲ၊ ဒါတောင် အပြင်ဘက်က အသံတွေ ကြောင့် အစ်ကို နိုးလာတာ၊ နို့မို့ဆို ဒီထက် နောက်ကျပြီးမှ အိပ်ရာ ထ ဖြစ်လိမ့်မယ် ထင်တယ်"



"ဟုတ်တယ်၊ ကျွန်မလဲ အဲဒီ အသံတွေကြောင့် နိုးလာရ တာ"

သူတို့သည် ပြောရင်းပင် တံခါးဝ အနီးသို့ ရောက်လာကြ သည်။

သူတို့သည် ဆူညံသော နေရာအား လှမ်းကြည့်လိုက်ကြ လေသည်။

"ဟင်"

"အို"

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူနှင့် လျှံချင်းတို့ ပါးစပ် အဟောင်းသား ဖြစ်သွားကြလေသည်။

အကြောင်းမှာ…

တည်းခိုခန်း အပြင်၌ ဆူဆူညံညံ ဖြစ်နေခြင်းမှာ တည်းခို ခန်း ရှေ့တည့်တည့်တွင် ရှိနေသည့် တစ်စုံတစ်ရာအား လူအများက ဝိုင်းအုံကြည့်ရှုနေကြသောကြောင့် ဖြစ်၏။

ထိုတစ်စုံတစ်ရာကား…

တောတွင်းတစ်နေရာတွင် သူတို့ ဖွက်ထားခဲ့သည့် မြင်း ထည်းကြီးပင် ဖြစ်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် လှုံချင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

"အင်း..ကျုပ်တို့ အဖြစ်ကတော့ ရယ်ရမလို ငိုရမလို ဖြစ်နေပြီ"

"ဒီလောက်တောင် ဖြစ်နေမှတော့ မထူးတော့ပါဘူး အစ်ကိုရယ်၊ ဒီမြင်းလှည်းကြီးနဲ့ပဲ ခရီးဆက်ကြတာပေါ့။ ညီမတို့ ဝှက်ထားလဲ ဆံရှည်သိုင်းသမားလီကြိုးက တပင်တပန်း ရှာဖွေသယ်ယူပြီး လိုက်ပေးနေဦးမှာပဲ"

"ဒီအတိုင်း လုပ်တာ အကောင်းဆုံးပဲ၊ ကဲ..အချိန်ရှိတုန်း ဒီမြင်းလှည်းကြီးနဲ့ပဲ ခရီးဆက်ကြရအောင်"

ထိုစဉ် သူတို့၏အနောက်ဘက်မှ...

"ဒီမြင်းလှည်းက မင်းတို့ မြင်းလှည်း ဟုတ်လား"

ထိုလူက သူတို့ ပြောဆိုနေသော စကားများကို ကြားပြီး ဖြစ်သည်။

ထင်းလုံသည် သူတို့အား ပြောဆိုမေးမြန်းသူကို ကြည့်လိုက်ရာ တည်းခိုခန်းပိုင်ရှင် ဖြစ်ကြောင်း သိလိုက်သည်။

တည်းခိုခန်းပိုင်ရှင်က မျက်နှာထားတင်းတင်းဖြင့် မေးလာသည်။

"ဒီမြင်းလှည်းက မင်းတို့ဟာလား"

သူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"



"ဘာဖြစ်လို့ ငါတို့ ဆိုင်ရှေ့မှာ ရပ်ထားရတာလဲ၊ စောစောစီးစီး မင်္ဂလာ မရှိဘူး"

တည်းခိုခန်းပိုင်ရှင်က နံနက်စောစောတွင် အသုဘခေါင်းကြီး တင်ဆောင်ထားသည့် မြင်းလှည်းကြီးက သူ့တည်းခိုခန်းရှေ့တွင် လာရောက်ရပ်ထားသောကြောင့် မကျေမနပ်ဖြင့် ပြောလာ၏။

ထင်းလုံက တည်းခိုခန်းပိုင်ရှင်အား အရှိအသေပေးလိုက်ပြီး "စိတ်မရှိပါနဲ့ နောင်ကြီးရာ၊ ကျုပ်တောင်းပန်ပါတယ်၊ ဒီမြို့ထဲကို မဝင်လာခင်ကတည်းက ကျုပ်တို့ သည်မြင်းလှည်းကို မြို့ပြင်မှာ ထားခဲ့တာပါ"

တည်းခိုခန်းပိုင်ရှင်က မကျေမနပ်ဖြင့်...

"ဒါဖြင့် ဘာဖြစ်လို့ ဒီမနက် စောစောစီးစီး ငါ့ဆိုင်ရှေ့ကို ရောက်နေရတာလဲ"

ထင်းလုံက...

"ကျုပ်လဲပဲ အဲဒါကိုပဲ စဉ်းစားမရအောင် ဖြစ်နေတယ်လေ"

"တစ်ယောက်ယောက်က မောင်းယူလာပြီး ဒီတည်းခိုခန်းရှေ့မှာ တမင်လာရပ်ထားတာနေမှာပါ"

လှုံချင်းက ကိစ္စမြန်မြန်ပြတ်ရန် ဝင်ပြောလိုက်၏။

တည်းခိုခန်းပိုင်ရှင်က တွေဝေသွား၏။

သူတို့နှစ်ယောက် တည်းခိုခန်းရှေ့ ရောက်လာစဉ်က မြင်းမြှုကြီးတစ်ကောင် စီးလာသည်မှအပ အပိုပစ္စည်း ပါမလာကြောင်း တည်းခိုခန်းပိုင်ရှင်က သိထားပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းပိုင်ရှင်မှာ သူတို့ကို မည်ကဲ့သို့ အပြစ်တင်စကား ပြောရမည်ကို စဉ်းစားရေအဲ ဖြစ်နေသည်။

သူက ဦးညွှတ်လိုက်၏။

“ကဲပါ နောင်ကြီးရာ၊ ဘယ်သူ့ကြောင့်ပဲ ဖြစ်ဖြစ် ဒီမြင်းလှည်းဟာ ကျုပ်တို့ မြင်းလှည်းဆိုတော့ ကျုပ်တို့ပဲ တောင်းပန်ပါတယ်၊ အခုလို ဖြစ်တဲ့အတွက် ခွင့်လွှတ်ပါဗျာ”

ထင်းလုံးက တောင်းပန်စကား ဆိုလိုက်သည့်အတွက် တည်းခိုခန်းပိုင်ရှင်မှာ မည်သို့မျှ မတတ်နိုင်ဘဲ သူ့တည်းခိုခန်း ရှိရာသို့ လျှောက်သွား၏။

သို့သော်...

ကျန်လူများမှာမူ မထွက်သွားသေးဘဲ ဝိုင်းအုံ၍ ကြည့်ရှုနေသည်။

သူတို့သည် အသုဘအခေါင်းကြီး တင်ထားသော မြင်းလှည်းကြီးကို ကြည့်ရှုနေသည်။

ပြီးလျှင် ထင်းလုံတို့အား တလှည့်စီ ကြည့်ရင်း အမျိုးမျိုးဖြင့် တွေးတော၍ စဉ်းစားနေကြလေတော့သည်။

ထင်းလုံက...

“ညီမ ခရီးဆက်ကြစို့”

ဟု သတိပေးလိုက်၏။

ထိုစကားကြားမှ လျှံချင်းသည် သည်မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်သည်။



“အင်း...သွားကြတာပေါ့”

ထင်းလုံကလည်း မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက်...

မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်လာခဲ့တော့သည်။

* * *

မြင်းလှည်းကို မြို့တွင်းမှ ဖြတ်မောင်းလာရင်း တစ်နေရာသို့ ရောက်လာ၏။

ထိုစဉ် လျှံချင်းက...

“အစ်ကိုထင်းလုံ”

“ဘာလဲ ညီမရဲ့”

“ညီမတို့ လမ်းခရီးမှာ စားဖို့ ရိက္ခာခြောက်လေး ဘာလေး ဝယ်သွားရင် မကောင်းဘူးလား”

သူက သဘောတူလိုက်၏။

“ဟာ...သိပ်ကောင်းတာပေါ့၊ ဒါကို အစ်ကို လုံးဝသတိမရဘူး”

ထို့နောက် သူသည် မြင်းလှည်းကို ခေတ္တရပ်တန့်ပြီး မြင်းလှည်းပေါ်မှ ဆင်းလိုက်၏။

မြင်းလှည်းနှင့် အနီးဆုံး နေရာ၌ တွေ့ရသော ဈေးဆိုင်တစ်ဆိုင်တွင် ရိက္ခာခြောက်များ သွားဝယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

မြင်းလှည်းပေါ် ပြန်တက်၍ မောင်းနှင်ထွက်ခွာရန် ဟန်ပြင်လိုက်၏။

"ဟေ့..မောင်ရင် ခဏနေပါဦး"

ဟန့်တားသံကြောင့် ထင်းလုံက ရုပ်တန့်လိုက်၏။

ဟန့်တားသူမှာ မုတ်ဆိတ်မွေးရှည်ရှည်နှင့် အဘိုးအိုတစ်ယောက် ဖြစ်၏။

ထင်းလုံက...

"ဆရာကြီး ဘာကိစ္စ ရှိလို့လဲ"

အဘိုးအိုက မြင်းလှည်းအတွင်းရှိ ခေါင်းကို ကြည့်ကာ...

"မောင်ရင်တို့ လမ်းမှားနေပြီ၊ သချိုင်းကုန်းက ဟိုဘက်မှာ၊ မောင်ရင်တို့ သွားနေတာက သချိုင်းကုန်းနဲ့ ဆန့်ကျင်ဘက်ကွယ့်"

"ဗြဲ"

ထင်းလုံနှင့် လှုံချင်းတို့ ပြုံးလိုက်၏။

ထင်းလုံက...

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော်တို့ မြင်းလှည်းပေါ် ပါလာတာ အလွတ်ကြီးပါဗျ"

အဘိုးအိုက...

"ဒါဖြင့် အခေါင်းထဲက ထင်းလုံ ဘယ်ရောက်သွားလဲ"

အဘိုးအို၏တအံ့တသြ ပြောဆိုမှုကြောင့် သူတို့မှာ ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။



ထို့နောက်...

"ဆရာကြီး ဘယ်က ထင်းလုံလဲ၊ ထင်းလုံဆိုတာ မသေသေးပါဘူး"

လှုံချင်းက ထင်းလုံအား ကြည့်ကာ ပြောလိုက်၏။

"ဒါဖြင့် မင်းတို့က ဒီခေါင်းမှာ ဘာဖြစ်လို့ ထင်းလုံလို့ ရေးထားရတာလဲ"

သူတို့သည် ကြောင်၍ အသုဘအခေါင်းအား ကြည့်မိလေသည်။

အဘယ်ကြောင့်ဆိုသော်...

အသုဘအခေါင်းကြီး၌ ထင်းလုံ၏ရုပ်ကလာပ်ဟူသော စာတန်းအား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံတို့နှစ်ယောက်ကို တင်ဆောင်လာသည့် မြင်းလှည်းကြီးမှာ လမ်းအတိုင်း တရိပ်ရိပ်ပြေးလျက် ရှိ၏။

မြို့ပြင်နှင့် အတော်အလှမ်းကွာသော နေရာသို့ ရောက်ရှိသည့်အခါ ထင်းလုံက...

"ဟာ..အခုမှ သတိရတယ်"

လျှံချင်းက...

"အစ်ကို ဘာကျန်ခဲ့လို့လဲ"

"ဘာမှ မကျန်ခဲ့ပါဘူး။ အစ်ကိုက ဒီမြင်းလှည်းကြီးနဲ့ ပတ်သက်တဲ့ အကြံတစ်ခုရလို့ပါ"

"ဒါများ အစ်ကိုရယ်၊ ဘာအကြံရလို့လဲ ပြောပါဦး"

လျှံချင်းက မေးလိုက်၏။

ထင်းလုံက...

"ဒီမြင်းလှည်းကြီးက အစ်ကိုတို့ ဘယ်မှာဝှက်ဝှက်၊ နောက်ဆုံးတော့ အစ်ကိုတို့ဆီပဲ ပြန်ရောက်လာတယ် မဟုတ်လား"

ချင်းလျှံက...

"ဟုတ်တယ်လေ"

"အခု အစ်ကို ရထားတဲ့အကြံက ဒီမြင်းလှည်း အစ်ကိုတို့ဆီ ပြန်မရောက်တဲ့အကြံ"

လျှံချင်းက...

"ဒါဆိုရင် သိပ်ကောင်းတာပေါ့။ အစ်ကိုက ဘယ်လိုစီစဉ်မှာလဲ"



"အခု အစ်ကိုတို့ကို အနှောင့်အယှက်ပေးနေတဲ့ မြင်းလှည်းနဲ့ အခေါင်းကြီးကို ဖျက်ဆီးပစ်လိုက်ရင် ဘယ်နှောင့်ယှက်နိုင်တော့မှာလဲ"

လျှံချင်းက...

"ဟာ..ကောင်းတာပေါ့"

ထို့နောက်...

သူတို့သည် မြင်းလှည်းကြီးနှင့် အသုဘခေါင်းကြီးအား အပိုင်းပိုင်း အတစ်တစ် ဖြစ်အောင် ခုတ်ပိုင်းဖြတ်လိုက်လေသည်။

ထို့နောက် မြင်းလှည်းကြီး ပျက်စီးသွားလေသည်။

ထင်းလုံနှင့် လျှံချင်းတို့ နှစ်ယောက်သည် ခရီးဆက်လက်ထွက်ခွာလာခဲ့ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပထမ

ယန်ကျူးမြို့...။

ထင်းလုံတို့သည် တည်းခိုခန်းတစ်ခန်းတွင် ဘေးချင်းကပ် အခန်းနှစ်ခန်းကို ငှားရမ်း၍ နေထိုင်ကြသည်။

ယခုတစ်ကြိမ်...

သူတို့သည် ငရဲအဆိပ်၏အကြောင်းကို မည်သူ့ကိုမျှ မမေးတော့ပါ။

သူတို့သည် နားနှင့် မျက်လုံးများကို အသုံးချကြရလေသည်။

သူတို့သည် ယန်ကျူးမြို့သို့ ရောက်ရှိပြီးနောက် တစ်ရက်အကြာတွင် လူများသည် အတုမဲ့သမားတော်ယန်ယီကျင်းအကြောင်း ပြောဆိုနေကြသည်ကို ကြားလိုက်ရသည်။

သူတို့ စိတ်ဝင်စားလာသည်။



သူတို့ ပြောဆိုနေကြသော လူများအနီးရှိ စားပွဲတစ်ခုတွင် သွားရောက်ထိုင်ပြီး နှစ်ယောက်သား နားစွင့်လိုက်ကြသည်။

ပြောဆိုနေကြသော လူများတို့သည် ခုနစ်ယောက် ဝိုင်းဖွဲ့၍ ဆူညံစွာ ပြောဆိုနေကြခြင်း ဖြစ်သည်။

သူတို့၏အသံသည် ကျယ်လောင်လွန်းလှသဖြင့် ထင်းလုံတို့ ကောင်းစွာ ကြားလိုက်ရလေသည်။

"ဘာမှ မပူနဲ့တော့၊ အခု ငရဲအဆိပ်နဲ့ ပညာချင်းယှဉ်ပြိုင်မယ့် သူတစ်ယောက် ရှိပါသေးတယ်"

ထိုစကားကို ပြောလိုက်သူမှာ သိုင်းသမားတစ်ယောက်ဖြစ်သည်မှာ သေချာနေသည်။

"ဟုတ်တယ်၊ သမားတော်ကြီးက အခု ဘယ်သူ့ကိုမှ အတွေ့မခံဘဲ ငရဲအဆိပ်ရဲ့အဆိပ်ကို ဖြေနိုင်တဲ့ ဆေးတစ်မျိုးကို ကြိုးစားပမ်းစား ဖော်စပ်နေတယ်လို့ သတင်းတွေ ထွက်နေတာ"

"အောင်မြင်ပါစေလို့ ဆုတောင်းရမှာပဲ"

ပထမလူက...

"သူက လူကောင်းတစ်ယောက်ပါ၊ အခု မခံချင်လို့ ကြိုးစားဖော်စပ်ရင်တော့ ဆေးစွမ်းကောင်း ထွက်လာမှာ သေချာတယ်"

လျှို့ချင်းက နားထောင်ရင်း အသံတိုးတိုးဖြင့် ထင်းလုံအား ပြောလိုက်သည်။

"အစ်ကိုကြီး သူတို့ပြောတာ ကြားလား"

"ကြားတယ်၊ အစ်ကိုကြီးက အတုမဲ့သမားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သတင်းကို စုံစမ်းပါတယ်၊ ဒါပေမယ့် အခုထိ သူ ဘယ်မှာ ရှိတယ်ဆိုတာကို မသိရသေးဘူး"

"အစ်ကိုကြီးက သူတို့ကို မေးကြည့်ပါလား၊ သူတို့သိချင်သိမှာပေါ့"

ထင်းလုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ"

သူသည် ထိုင်ရာမှထလိုက်ပြီး တစ်ဖက်စားပွဲသို့ ကူးပြောင်းသွားသည်။

* * *

လူခုနစ်ယောက်သည် အာပေါင်အာရင်းသန်သန်ဖြင့် ငြင်းခုံပြောဆိုနေကြသည်။

သူတို့ အနီးသို့ ထင်းလုံက ချဉ်းကပ်သွားလိုက်၏။

ခန္ဓာကိုယ်ထွားကျိုင်းသော လူတစ်ယောက်က…

"ဘာကိစ္စရှိလို့လဲ သူငယ်"

ထင်းလုံက ဦးညွှတ်လိုက်ပြီး…

"ခုနတုန်းက ဦးတို့ပြောနေကြတဲ့ အတုမဲ့သမားတော်ကြီး ဘယ်မှာနေတယ်ဆိုတာ ကျေးဇူးပြုပြီး ပြောပြပါ"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့လဲ သူ့သတင်းကို ကြားနေရတာ၊ သူ ဘယ်မှာ



ရှိတယ်ဆိုတာ မသိကြပါဘူး"

ထင်းလုံ စိတ်ဓာတ်ကျသွားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် ပြောပြီး မိမိ၏စားပွဲ ရှိရာသို့ ပြန်ထိုင်ချလိုက်လေသည်။

လျှို့ချင်း ပြုံးလိုက်သည်။

"စိတ်မပျက်ပါနဲ့၊ ဆက်ပြီး ကြိုးစားရင် အကြောင်းတော့ ထူးမှာပေါ့"

သူတို့ ပြောဆိုနေစဉ် အဘိုးအိုတစ်ယောက် လွယ်အိတ်တစ်လုံးလွယ်ကာ တောင်ဝှေးတစ်ချောင်းကို ထောက်လျက် ဆိုင်ထဲသို့ လှမ်းဝင်လာလေသည်။

လျှို့ချင်းနှင့် ထင်းလုံတို့က တွေ့မြင်လိုက်ရသော်လည်း ထိုသူမှာ အတုမဲ့သမားတော်ကြီး ဖြစ်သည်ကိုမူ လုံးဝမသိလိုက်ရပါချေ။

ဆိုင်ခန်းတစ်ခုလုံး စားသောက်သူများဖြင့် ပြည့်နှက်နေ၍ အဘိုးအိုမှာ ဟိုဟိုသည်သည် ရှာဖွေကာ ကြည့်လိုက်မိလေသည်။

ထင်းလုံက နေရာထိုင်ခင်း ပေးလိုက်၏။

"ဘဘ သည်မှာ လာထိုင်ပါ"

သမားတော်ကြီးက သူ့ကို ပြုံး၍ ခေါင်းညိတ်ပြပြီး သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။

"ကျေးဇူးတင်ပါတယ် သူငယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆိုင်လုလင်က ရောက်ရှိလာ၏။

သူသည် အကျီစုတ်ပြဲပြီး အဆင်မလှသော သမားတော်ကြီးကို အထင်သေးစွာဖြင့်...

"သည်မှာ တခြားနေရာသွားပါ၊ ဟောသည်က အစ်ကိုလေးနဲ့ အစ်မလေးတို့ကို အနှောက်အယှက် မပေးပါနဲ့ဗျာ"

ထင်းလုံက ကမန်းကတန်း ဟန့်တားလိုက်သည်။

"သည်လိုမပြောပါနဲ့၊ အဘစားချင်တဲ့ အစားအစာကိုသာ အမြန်ဆုံးစီစဉ်ပါ၊ ငွေကို ကျုပ်တာဝန်ယူပါတယ်"

ဆိုင်လုလင်က မျက်နှာချိုသွေး၍ ထွက်သွားသည်။

သမားတော်ကြီးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း..ခက်တယ်၊ လူတွေက ကျုပ်ကို အတော်အထင်သေးနေကြတာကိုး"

ထင်းလုံ မျက်မှောင်ကုတ်လိုက်သည်။

"ဘာကြောင့် အဘကို အထင်သေးနေကြတာလဲ"

သမားတော်ကြီး သက်ပြင်းချလိုက်သည်။

"အင်း..ငရဲအဆိပ်ကြောင့်ပေါ့"

"ဟင်"

"အို"

ထင်းလုံနှင့်လျှံချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ လျှံချင်းက သမားတော်ကြီးကို ကြည့်လိုက်ပြီး..

"ငရဲအဆိပ်က ဦးကို အဆိပ်ခတ်လိုက်လို့လား"



သမားတော်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"ကျုပ်က သူ့အဆိပ်ကိုဖြေနိုင်ဖို့ ဖြေဆေးတစ်မျိုး တီထွင်ဖော်စပ်တယ်"

"ဒါ..ဒါဆို ဦးလေးက အတုမဲ့သမားတော်ယန်ယီကျင်းပေါ့"

"အေး..ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်အဖြစ်က ဆိုးပါတယ်၊ တစ်နေ့ ချန်ထင်းဆိုတဲ့ သိုင်းသမားက ငရဲအဆိပ်မိထားလို့ ဦးဆီကို အားကိုးတကြီး လာတယ်လေ"

ထင်းလုံက သက်ပြင်းချလိုက်၏။

"သည်အကြောင်း ကျွန်တော် ကြားဖူးပါပြီဗျာ"

ယန်ယီကျင်းက မကျေမနပ်လေသံဖြင့်...

"အမှန်ပြောရမယ်ဆိုရင် သူက အချိန်လွန်မှ ကျုပ်ဆီကို ရောက်လာတာ၊ ကျုပ် ဖြေဆေးကို မသောက်ရဘဲနဲ့ သေဆုံးသွားတာကွယ့်"

သူက စကားဆက်သည်။

"အဲဒါကို မသိဘဲနဲ့ ကျုပ်ဖြေဆေးသောက်လို့ သေသွားတယ်လို့ ပြောတဲ့လူကပြော၊ ဖြေဆေးက အသုံးမကျဘဲ သက်သက်နာမည်ကြီးအောင်ထွင်တာလို့ ပြောတဲ့လူကပြော၊ နောက်ဆုံးတော့ ဦးကို အားလုံးက ဝိုင်းပယ်ထားကြတယ်လေ"

ထင်းလုံနှင့်လျှံချင်းတို့ စိတ်မကောင်းဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဦးက အခုဘယ်ကို သွားမလို့လဲ"

လှုံချင်းက မေးလိုက်သည်။

ယန်ယီကျင်းက စားသောက်လိုက်သည်။

အတန်ကြာမှ သူက ပန်းကန်ကိုချထားလိုက်၏။

"ဦးကတော့ စိတ်မလျှော့ဘူး။ ငရဲအဆိပ်ကို လိုက်ရှာပြီးစိန်ခေါ်မလို့"

"ဗျာ"

ထင်းလုံ အံ့ဩသွားသည်။

"ဦးက ငရဲအဆိပ်ကိုလိုက်ရှာပြီး စိန်ခေါ်မလို့ ဟုတ်လား"

ယန်ယီကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဆို အတော်ပဲ၊ ကျွန်တော်တို့နဲ့လိုက်ခဲ့"

ယန်ယီကျင်းက မျက်မှောင်ကုတ်လိုက်သည်။

"မင်းတို့က ဘယ်သွားမလို့လဲ"

"ကျွန်တော်တို့လည်း ငရဲအဆိပ်ကို လိုက်ရှာနေတာ"

"ဟင်"

ယန်ယီကျင်း အံ့ဩသွားသည်။

"မင်းက ဘာကိစ္စနဲ့ ငရဲအဆိပ်ကို တွေ့ချင်ရတာလဲ"

ထင်းလုံက ပြုံးလိုက်သည်။

"ကျွန်တော်က ငရဲအဆိပ်ရဲ့ အဆိပ်မိထားလို့ပါ"

ယန်ယီကျင်း၏ မျက်လုံးအစုံ ပြူးကျယ်သွားသည်။



"မင်းက ငရဲအဆိပ်ရဲ့ အဆိပ်မိထားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"မင်းက အဆိပ်မိထားရင် ဘာဖြစ်လို့ ရယ်မောနေရတာလဲကွ"

"ကြောက်နေလို့ရော ဘာထူးမှာလဲ၊ ဒါကြောင့် ကျွန်တော်ကသေရမယ့်အတူတူ သူ့ကိုလိုက်သတ်ပြီးမှ သေမယ်"

ယန်ယီကျင်းက ခေါင်းညိတ်လိုက်၏။

"မင်းရဲ့စိတ်ထားနဲ့ သတ္တိကိုတော့ ငါကြိုက်သွားပြီ၊ ဒါနဲ့ မင်းမှာ အချိန်ဘယ်လောက်ပဲ ကျန်တော့လဲ"

ထင်းလုံက တစ်ချက်စဉ်းစားလိုက်ပြီး...

"ကိုးရက် အချိန်ရပါသေးတယ်"

ယန်ယီကျင်းက သူ့ကို အကဲခတ်ကြည့်လိုက်ပြီးလျှင်...

"မင်းက ဦးလေးကို ယုံရဲ့လား"

သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာကို ယုံရမှာလဲ"

"ငါ့ရဲ့ အဆိပ်ဖြေဆေးကိုလေ"

"ကျွန်တော်က သေရမှာပဲ၊ မြန်မြန်သေတာနဲ့ နှေးနှေးသေတာပဲကွာပါတယ်၊ ဒါကြောင့် ဦးရဲ့ဖြေဆေးကို သောက်ပါ့မယ်"

သမားတော်ကြီး ဝမ်းသာသွားသည်။

"ကောင်းပြီ၊ ငါ့နောက်လိုက်ခဲ့ကြ"

* * *

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီး၏ နေအိမ်သည် မြို့ပြင်၌ဖြစ်သည်။

သမားတော်ကြီး၏ ယာယီနေအိမ်ဟု ဆိုရပေမည်။

ထင်းလုံနှင့်လျှံချင်းတို့သည် နေအိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဆေးဝါးအနံ့များ ထောင်းခနဲ ရှူရှိုက်မိလိုက်သည်။

သေးငယ်သော အခန်းထဲ၌ ဆေးဝါးများထည့်ထားသည့် ဆေးဘူးကလေးတို့ ပြန့်ကျဲနေလေသည်။

သမားတော်ကြီးသည် လျှံချင်းအား အပြင်၌ထိုင်နေစေသည်။

"ငါ့တူမကြီး..သည်မှာပဲထိုင်ပါ"

လျှံချင်းသည် ဝါးဖြင့်ပြုလုပ်ထားသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

သမားတော်ကြီးက ထင်းလုံဘက်သို့ လှည့်ကြည့် လိုက်လေသည်။

"ကဲ..ငါ့နောက်လိုက်ခဲ့"

သူသည် ထင်းလုံကို အနောက်ဘက်ရှိ အခန်းငယ်တစ်ခုသို့ ခေါ်ဆောင်သွားလေသည်။

* * *



ယင်းအခန်းငယ်တွင် ကွပ်ပျစ်တစ်ခုမှလွဲ၍ မည်သည့်အရာမျှ မရှိပါချေ။

သမားတော်ကြီးက ထင်းလုံအား ကွပ်ပျစ်ပေါ်လဲလျောင်းစေပြီး စမ်းသပ်စစ်ဆေးလိုက်၏။

သူ၏မျက်နှာပေါ်တွင် ဖော်မပြနိုင်သော ဟန်အမူအရာများ ဖြစ်ပေါ်လာသည်။

ထင်းလုံ မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ ဦး"

"မင်းမှာ အဆိပ်သင့်တဲ့ လက္ခဏာ လုံးဝမတွေ့ရဘူး"

ထင်းလုံ အတွေးရခက်သွားသည်။

"ဦးဆိုလိုတာ ကျွန်တော့်မှာ ဘာအဆိပ်မှမသင့်ဘူးဆိုတဲ့ သဘောလား"

ဟု မေးလိုက်သည်။

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

"သည်လိုပဲ ဆိုရမှာပေါ့"

"ဒါဖြင့် ဖြေဆေးလည်းသောက်စရာမလိုဘူး ဆိုပါတော့"

သမားတော်ကြီးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အဲဒါကို ငါစဉ်းစားရ ခက်နေတာပေါ့"

ထင်းလုံ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"သူက မင်းကို အဆိပ်မခတ်ဘဲ သူ့ရဲ့အမိန့်စာ မင်းဆီကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာ မဟုတ်ဘူး"

ထင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဦး"

"တစ်ခုတော့ တစ်ခုဘဲ၊ စဉ်းစားစရာတော့ လိုတယ်"

"ဘာကို စဉ်းစားရမှာလဲ"

သမားတော်ကြီးက အတန်ကြာ စဉ်းစားလိုက်ပြီးမှ...

"ငရဲအဆိပ်ဟာ နောက်ထပ်အဆိပ်တစ်မျိုး တီထွင်လိုက်သလားလို့ ငါသံသယဖြစ်လာတယ်"

ထင်းလုံက မျါးစပ်ပိတ်ထားလိုက်လေသည်။

* * *



## စိန်ခေါ်သံ

ထင်းလုံ၊ လျှံချင်းနှင့်သမားတော်ကြီးတို့သည် အကြံအိုက်နေကြလေသည်။

သမားတော်ကြီးက သူတီထွင်ဖော်စပ်ထားသော ဖြေဆေးမှာ မုချအောင်မြင်ရမည်ဟု တစ်ထစ်ချ ယုံကြည်ထားလေသည်။

ထို့ကြောင့်...

သူသည် ငရဲအဆိပ်အား စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

သူသည် ချွန်ထင်း၏ကိစ္စ ဖြစ်ပွားပြီးနောက် သိုင်းလောကသားများ၏ ကဲ့ရဲ့ရှုတ်ချခြင်းခံခဲ့ရသည်။

ပထမတွင် သူသည် သမားတော်အလုပ်ကိုပါ ရပ်တန့်လိုက်သည်။

သို့သော် သူသည် မဟုတ်မခံ၊ ဖွဲ၊ လုံ့လ၊ ဝီရိယရှိသူ တစ်ယောက်ဖြစ်ရကား အခက်အခဲများကို လွယ်လွယ်နှင့်လက်လျှော့လိုက်ခြင်း မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ဆေးဝါးများကိုယူဆောင်ကာ မိမိဌာနမှ ထွက်ခွာလာခဲ့သည်။

သူ၏ရည်ရွယ်ချက်မှာ ငရဲအဆိပ်၏ အမိန့်စာရရှိထားသော သူအား စုံစမ်းရင်း ဆေးကုပေးရန်ဖြစ်သည်။

ယခု သူသည် ငရဲအဆိပ်၏ အဆိပ်သင့်နေသော ထင်းလုံအားတွေ့ရှိလိုက်ရပြီ မဟုတ်ပါလား။

သို့သော်...

သူသည် ထင်းလုံအား စမ်းသပ်လိုက်သောအခါ ထင်းလုံ၏ ခန္ဓာကိုယ်တွင် အဆိပ်သင့်နေသော လက္ခဏာ လုံဝမတွေ့ရသဖြင့် သူသည် အလွန်အံ့သြသွားလေသည်။

အလွန်လည်း စိတ်ပျက်သွားသည်။

ထို့ကြောင့် သူတို့သုံးယောက်သည် ဗိုင်းဖွဲ့ကာ ရှေ့ဆက်၍ မည်ကဲ့သို့ လုပ်ကိုင်ရမည်ကို အကြံထုတ်နေခြင်း ဖြစ်သည်။

သို့သော် သူတို့ မည်သည့်အကြံအစည်ကိုမျှ စဉ်းစားမရဘဲ ဖြစ်နေကြသည်။

ထိုအချိန်မှာပင် လျှံချင်း၏ အထိတ်တလန့် အော်လိုက်သောအသံကို ကြားလိုက်ရသည်။

"ဟို...ဟိုမှာ"

ထင်းလုံနှင့် သမားတော်တို့သည် လျှံချင်းညွှန်ပြရာသို့ ကြည့်လိုက်ရာ တံခါးဘောင်ပေါ်၌ အလံကလေးတစ်ခု စိုက်ထားသည်ကိုတွေ့ရလေသည်။



အလံပေါ်၌...

"အဆိပ်နဲ့ဖြေဆေး အစွမ်းပြိုင်ကြမယ်"

ဟု ရေးသားထားလေသည်။

* * *

"ဟား...ဟား...ဟား"

သမားတော် သဘောကျစွာ ရယ်မောလိုက်သည်။

"တော်တော်လာတဲ့လူပဲ၊ ငါက သူ့ကိုလိုက်ရှာတုန်းရှိသေးတယ်၊ သူက ငါ့ကို စိန်ခေါ်လာပြီ"

ထင်းလုံနှင့်လျှံချင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့သည် အလွန်အံ့သြနေကြလေသည်။

မိမိတို့က ငရဲအဆိပ်အား နေရာအနှံ့လိုက်လံရှာဖွေခဲ့ကြသည်။

သို့သော် ငရဲအဆိပ်၏ အရိပ်အယောင်ကို မတွေ့ခဲ့ရပါချေ။

ယခုမူ...

သမားတော်ကြီး သက်ပြင်းချလိုက်သည်။

"အင်း...အခုလို လျှို့ဝှက်နေထိုင်တဲ့နေရာကို သူ့ရဲ့စိန်ခေါ် အလံထားနိုင်တာ အတော့်ကို အံ့သြဖို့ကောင်းတယ်"

သူက ရယ်မောလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်၊ ကျုပ်အဖို့တော့ သူ့ကိုလိုက်ရှာဖို့ သဲလွန်စတစ်ခုရလိုက်တာပဲပေါ့ကွာ"

ဟု ပြောလိုက်သည်။

ထင်းလုံ မျက်မှောင်ကုတ်လိုက်သည်။

"သဲလွန်စရနိုင်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ရနိုင်ပါတယ်"

သူသည် ပြောရင်း လက်ကာပြလိုက်သည်။

"ကဲ..အခုတော့ မင်းရဲ့အဆိပ်ကို အရင်ပျောက်အောင်ကုသပေးဖို့ ကြိုးစားရမှာ၊ အောင်မြင်သွားရင် ငါ့ရဲ့အဆိပ်ကိုလည်း ကျုပ် မှုစရာမလိုတော့ဘူး"

* * *

ထိုနေ့...

ထင်းလုံနှင့်လျှံချင်းတို့သည် သမားတော်ကြီး၏ လျှို့ဝှက်နေအိမ်တွင် တည်းခိုရလေသည်။

သမားတော်ကြီးသည် ထင်းလုံကို စမ်းသပ်ခဲ့လေသည်။

သို့သော်...

ထင်းလုံမှာ အဆိပ်မိထားသည့် လက္ခဏာ လုံးဝမတွေ့ခဲ့ရချေ။ သမားတော်ကြီး သက်ပြင်းချလိုက်သည်။

"ကျုပ်တော့ စဉ်းစားမရအောင် ဖြစ်နေပြီ"



"ဘာဖြစ်လို့လဲ"

သမားတော်ကြီးက...

"မင်းမှာ အဆိပ်မိထားတဲ့ လက္ခဏာ လုံးဝရှာမတွေ့လို့ပဲ"

ဟု ပြော၏။

ထင်းလုံ စဉ်းစားရခက်သွား၏။

လျှံချင်းက ကြားဖြတ်လိုက်၏။

"စိတ်ချသွားအောင် ဦးရဲ့ဆေးကို တိုက်လိုက်ပါလား"

ဟု ပြောလိုက်၏။

သို့သော် သမားတော်ကြီး ခေါင်းခါယမ်းလိုက်၏။

"အဲဒါ ခက်တာပေါ့၊ အဆိပ်မိတဲ့ အခြေအနေမှန်ကို မသိရင် ဆေးက ဘယ်လိုလုပ် တိုက်ရမလဲ"

ထင်းလုံ အနည်းငယ် စဉ်းစားလိုက်၏။

"ဒါဆိုရင် ဦးက ဘယ်လိုများ စိတ်ကူးထားသလဲ"

ဟု မေးလိုက်၏။

သမားတော်ကြီးက...

"အဆိပ်လက္ခဏာကို အချိန်မလစ် ကြည့်ရှုပြီးမှ ဆေးတိုက်ဖို့ တစ်ခုပဲရှိတယ်"

ထင်းလုံ မျက်မှောင်ကုတ်သွား၏။

"သည်လိုဆိုရင် ကျွန်တော် သည်မှာ နေရဦးမှာပေါ့"

ဟု ပြောလိုက်၏။

သမားတော်ကြီး ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် မင်း နှစ်ဆယ့်သုံးရက်အထိ တော့ သည်မှာနေမှ စိတ်ချရလိမ့်မယ်"

ထင်းလုံ ခေါင်းခါလိုက်၏။

"ကျွန်တော် မစောင့်နိုင်တော့ပါဘူး။ သေမယ့်ရက်အထိ ငရဲ အဆိပ်ကို မတွေ့တွေ့အောင် ရှာရဦးမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူက လျှံချင်းကိုကြည့်ကာ...

"ဟုတ်တယ် မဟုတ်လား"

ဟု မေးလိုက်၏။

လျှံချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့"

သမားတော်ကြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ကောင်းပြီလေ၊ မင်းတို့သွားချင်တယ်ဆိုရင်လဲ သွားပါ၊ ဦးက ဖြေဆေးပေးလိုက်မယ်၊ အဆိပ်တက်တဲ့ လက္ခဏာတွေ့ရင် သောက်လိုက်ပေါ့"

ထင်းလုံ ခေါင်းညိတ်လိုက်၏။

"သည်အကြံကောင်းပါတယ်"

သမားတော်ကြီးသည် ကြွေဘူးတစ်ခုထဲမှ ဆေးမှုန့်များကို အနည်းငယ်သွန်ချပြီး အခြားကြွေဘူးတစ်ခုထဲသို့ ထည့်ပြီး လှမ်းပေး လိုက်၏။

* * *



နောက်တစ်နေ့နံနက်...

ထင်းလုံနှင့် လျှံချင်းတို့သည် သမားတော် နေထိုင်သော နေရာမှ ထွက်ခွာလာခဲ့ကြ၏။

ထင်းလုံ၏ရည်ရွယ်ချက်မှာ နှစ်ဆယ့်သုံးရက် မတိုင်မီ ငရဲ အဆိပ်အား ရှာဖွေဖော်ထုတ်ပြီး ရှင်းလင်းသုတ်သင်ရန် ဖြစ်လေ၏။

ငရဲအဆိပ်အား အချိန်မီ ဖော်ထုတ်နိုင်မည်ဆိုလျှင် မိမိ အသက်နှင့် သမားတော်ကြီး အသက်ကိုပါ အချိန်မီ ကယ်တင်နိုင် မည် မဟုတ်ပါလား။

ထင်းလုံတို့မှာ မြင်းကို မစီးတော့ဘဲ ခြေကျင်လျှောက်သွား လေသည်။

သူတို့သည် အချိန်အတော်ကြာ လျှောက်လာခဲ့ကြသည်။

ထို့နောက်...

သူတို့သည် ညနေအချိန်သို့ ရောက်သွားသောအခါ ကျင်း ချိန်မြို့ကလေးသို့ ရောက်ရှိလာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယ

ကျင်းရှိန်မြို့ကလေးသည် သေးငယ်သော မြို့ကလေးတစ်မြို့သာ ဖြစ်သည်။ တည်းခိုခန်းဟူ၍ တစ်ခုတည်းသာ ရှိလေသည်။

ထိုတည်းခိုခန်းမှာ စားသောက်ဖွယ်ရာများကိုပါ ရောင်းချနေသောကြောင့် နေထိုင်ရန်မှာ အလွန်အဆင်ပြေသည်။

ထို့ကြောင့် သူတို့သည် တည်းခိုခန်းတွင် တစ်ညတာ တည်းခိုနေလေသည်။

နောက်တစ်နေ့ နံနက်တွင်...။

သူတို့သည် စားသောက်ရန် စားသောက်ခန်းထဲသို့ ရောက်ရှိလာကြသည်။

ထို့နောက် သူတို့သည် စားသောက်ဖွယ်ရာများကို မှာကြားပြီး စားသောက်လိုက်ကြသည်။

ထိုစဉ် ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။



ထိုလူကိုတွေ့လျှင် သူတို့ အံ့ဩသွားကြသည်။

ထိုလူမှာ အတုမဲ့သမားတော်ယန်ယီကျင်းဝင် ဖြစ်နေသည်။ ထင်းလုံက ကမန်းကတန်းဖြင့် လှမ်း၍နှုတ်ဆက်လိုက်သည်။

"ဦး...သည်စားပွဲကို ကြွပါ"

ဟု ပြောလိုက်သည်။

ထိုအခါ သမားတော်ကြီး မျက်မှောင်ကုတ်လိုက်သည်။

"ကျုပ်ကို ခေါ်တာလား"

ဟု မေးလေသည်။

ထင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သူ၏စကားကြောင့် သမားတော်ကြီးက ကြောင်အမ်းအမ်းဖြင့်ရပ်နေရာမှ သူတို့ထံ လျှောက်လာသည်။

သမားတော်ကြီးသည် ပိုးအင်္ကျီနှင့် ကတ္တီပါဦးထုပ်ကို ဆောင်းထားသောကြောင့် သမားတော်ကြီးတစ်ဦး၏ အသွင်ဖြစ်နေပေသည်။

သူ့လက်ထဲတွင် တစ်ပေကျော်ရှည်သော ဆေးတံကလေး တစ်လက် ကိုင်ထားသည်။

သူ၏ပုံမှာ လျှို့ဝှက်နေရာတွင် နေထိုင်ခဲ့သည်နှင့် ခြားနားနေသည်ကို သတိပြုမိလိုက်သည်။

သမားတော်ကြီးက သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက ပြုံး၍နှုတ်ဆက်လိုက်သည်။

"ဦးက သည်ကိုလာမယ်ဆိုရင် စောဇောကပြောရောပေါ့။ ကျွန်တော်တို့နဲ့ အဖော်ရတာပေါ့"

ဟု ပြောလိုက်သည်။

"ဟုတ်သားပဲ ဦးရယ်"

သမားတော်ကြီးက ထင်းလုံနှင့်လျှံချင်းတို့ကို သေချာစွာ အကဲခတ်ကြည့်ပြီး...

"မင်းတို့တွေ ဘယ်သူလဲ၊ ငါလည်း မသိပါလား"

ဟု မေးလိုက်သည်။

"ဟင်"

"ဟာ"

ထင်းလုံတို့ နှစ်ယောက်သား ကြောင်အမ်းအမ်း ဖြစ်သွားကြလေတော့သည်။

လျှံချင်းက သမားတော်ကြီးကို ကြည့်ပြီး...

"ရှင်၊ ဦးက ကျွန်မတို့ကို မမှတ်မိတော့ဘူးလား"

ဟု မေးလိုက်သည်။

သမားတော်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့ကို ငါ တစ်ခါမှမမြင်ဖူးပါလား"

ထင်းလုံက သမားတော်ကြီးကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ အဝတ်အစား ပြောင်းလဲသည်ကလွဲ၍ သမားတော်ကြီး အစစ်ဖြစ်သည်ကိုတွေ့ရသည်။



သူတို့သည် သမားတော်ကြီးနှင့် ခွဲခွာခဲ့သည်မှာ တစ်ညတာမျှသာရှိသေးသည်။

ယခု သမားတော်ကြီးသည် အဘယ်ကြောင့် မိမိတို့အား မမှတ်မိပါသနည်း။

"ကျွန်တော်က ထင်းလုံ၊ သူက လျှံချင်းပါ၊ ဦးက မမှတ်မိတော့ဘူးလား"

ဟု မေးလိုက်သည်။

သမားတော်ကြီး ခေါင်းခါယမ်းလိုက်သည်။

"ဦးတော့ မင်းတို့ကို တစ်ခါမှ မမြင်ဖူးဘူးလို့ ထင်မိတာပါပဲ"

ထင်းလုံ မျက်မှောင်ကုတ်လိုက်သည်။

"မနေ့ကပဲ ဦးတို့နေရာက ထွက်လာတာပဲ၊ ဦးက ကျွန်တော့်ကိုတောင် ဖြေဆေးပေးလိုက်သေးတယ်လေ"

ဟု ပြောလိုက်သည်။

သမားတော်ကြီး တွေဝေသွားသည်။

"ဘယ်လို၊ ကျုပ်က ဖြေဆေးပေးလိုက်သေးတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

သမားတော်ကြီး ခေါင်းခါယမ်းလိုက်သည်။

"ငါ မင်းတို့ကိုလည်း မတွေ့ဖူးဘူး၊ ဘာဆေးမှလည်း မ ပေးဖူးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

ထင်းလုံ မျက်ပြင်းသွားသည်။

သူက အိတ်ထဲမှာ သိမ်းဆည်းထားသော ဖြေဆေးဘူးကို ထုတ်ပြလိုက်သည်။

"ဦးပေးလိုက်တဲ့ ဖြေဆေး၊ ဟောသည်မှာ ရှိသေးတယ်"

သမားတော်ကြီးက ထင်းလုံ လှမ်းပေးသော ဖြေဆေးကို အသေအချာ ကြည့်လိုက်သည်။

ထို့နောက် သူက နှာခေါင်းဖြင့် အနံ့ခံကြည့်၏။

သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဒါဖြေဆေးမှ မဟုတ်ဘဲ"

ဟု ပြောလေသည်။

ထင်းလုံ မျက်မှောင်ကုတ်လိုက်သည်။

"ဒါဖြင့် ဘာဆေးလဲဗျ"

ဟု မေးလိုက်လေသည်။

သမားတော်ကြီးက သက်ပြင်းတစ်ချက်ချပြီး...

"ဒါက တော်တော်ပြင်းတဲ့ အဆိပ်ကွ"

"ဗျာ"

ထင်းလုံ၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

သူသည် သမားတော်ကြီးကို ထပ်မံ အကဲခတ်ကြည့်လိုက်သည်။

"ဦးက ဖေ့ရဲ့အဆိပ်ရဲ့အမိန့်ကို ရထားတယ် မဟုတ်လား"



ဟု မေးလိုက်သည်။

သမားတော်ကြီး ခေါင်းကုတ်လိုက်သည်။

"ခက္ကပဲ၊ မင်းတို့ ဘာတွေလျှောက်ပြောနေတာလဲ"

ဟုပြောကာ တဆက်တည်းပင် ဒေါသထွက်လာဟန်ရှိသည်။

"ကျုပ်က မင်းတို့ကိုလဲ မတွေ့ဖူးဘူး။ ဘာအမိန့်စာမှလဲ မရသေးဘူး"

ထင်းလုံနှင့် လျှံချင်းတို့ အတွေးရကျပ်သွားလေ၏။

သမားတော်ကြီးက ဒေါသကို ချုပ်ထိန်းပြီး...

"နေပါဦး။ မင်းတို့က ငါနဲ့ ရုပ်ချင်းဆင်တဲ့ လူတစ်ဦးကို တွေ့ခဲ့လို့လား"

ဟု မေး၏။

သူတို့နှစ်ယောက်စလုံး ခေါင်းညိတ်လိုက်ကြလေသည်။

"ဟုတ်ပါတယ်"

သမားတော်ကြီးက အတန်ကြာအောင် စဉ်းစားပြီးမှ...

"မင်းတို့ သူ့ကို ဘယ်မှာ တွေ့ခဲ့တာလဲ၊ ဘာတွေ လုပ်ခဲ့သလဲဆိုတာ ငါ့ကို အသေးစိတ် ပြောပြပါဦး"

ထင်းလုံနှင့် လျှံချင်းတို့သည် သမားတော်ကြီးနှင့် လိုလို့ရက်သော တစ်နေရာတွင် တွေ့ဆုံသည့် အကြောင်းအရာများကို အသေးစိတ် ပြောပြလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးသည် ထင်းလုံနှင့် လျှံချင်းတို့ ပြောပြသည့် စကားများကို သေချာစွာ နားထောင်ရင်း စကားဆုံးသွားသည်နှင့် သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

"တကယ်တော့ မင်းတို့ တွေ့ခဲ့တဲ့ လူက ငါ့ရုပ်သွင်ကို ရုပ်ဖျက်ထားတဲ့ ငရဲအဆိပ်ပဲ ဖြစ်ရမယ်"

ဟု ပြောသည်။

ထင်းလုံနှင့် လျှံချင်းတို့ အလွန်အံ့ဩသွားကြသည်။

"သူက ငရဲအဆိပ်ဆိုတာ ဦး ဘယ်လိုလုပ်သိပါသလဲ"

သမားတော်ကြီးက သူလှမ်းပေးသော ဘူးကလေးကို ညွှန်ပြလိုက်၏။

"သည်လို လူမျိုးမှသာ သည်လောက် အနံ့အသက် လုံးဝမရှိတဲ့အဆိပ်ကို ဖော်နိုင်တာပေါ့"

ထင်းလုံ မျက်မှောင်ကုတ်လိုက်၏။

"ကျွန်တော်က အဆိပ်သင့်နေတဲ့လူပဲဗျ။ ဘာကြောင့် အဆိပ်ကို ထပ်ပေးလိုက်ရတာလဲ"

သမားတော်ကြီး မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်အထင်ပြောရမယ်ဆိုရင် မင်းကို သေမိန့်ပေးလိုက်ပေမယ့် အဆိပ်မခတ်ရသေးဘူး၊ အခုမှ ကျုပ်လို ဟန်ဆောင်ပြီး မင်းကို အဆိပ်ခတ်လိုက်တာပဲ ဖြစ်မယ်"

ဟု ပြော၏။

ထင်းလုံ ရင်ထိတ်သွား၏။



"ဒါဖြင့် သူက ဘာကြောင့် ကျွန်တော့်မှာ အဆိပ်မသင့်ပါဘူးလို့ ပြောလိုက်တာလဲ"

သမားတော်ကြီး ပြုံးလိုက်၏။

"ဒါကတော့ သူ့ရဲ့အဆိပ်ကို ဖြေဆေးလို့ ယုံကြည်စွာသောက်အောင် တမင်တကာ အယုံသွင်းပြီး ပြောသွားတာ ဖြစ်လိမ့်မယ်"

သူက ဆက်လက်ရှင်းပြ၏။

"သူက မင်းကို ဘယ်နေ့ သေရမယ်လို့ အကြောင်းကြားထားသလဲ"

ထင်းလုံက...

"ဆယ်လပိုင်း နှစ်ဆယ့်သုံးရက်ပါ"

သမားတော်ကြီး ခေါင်းညိတ်၏။

"ဟုတ်ပြီ၊ သူက မင်းကို သေမိန့်ပေးလိုက်ပေမယ့် အဆိပ်မခတ်သေးဘူး၊ မင်းကိုယ်မင်း အဆိပ်သင့်နေပြီလို့ ထင်လာတဲ့အချိန်မှာ အခုလို အယုံသွင်းပြီးတော့ မင်းကို အဆိပ်ခတ်ဖို့ ကြံစွယ်လိုက်တာပဲ"

သူ မျက်မှောင်ကုတ်လိုက်၏။

"သည်လိုဆို ကျွန်တော့်မှာ အဆိပ် မမိသေးဘူးပေါ့"

ဟု မေးလိုက်၏။ သမားတော်ကြီး ပြုံးလိုက်၏။

"ဒါကတော့ စစ်ဆေးပြီးမှပဲ ကျုပ်က ပြောနိုင်မယ်"

သူ မျက်မှောင်ကုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲဗျာ၊ ဦးက သမားတော် အတုလား၊ အစစ်လား ဆိုတာ ကျွန်တော်တို့ မခွဲခြားတတ်ဘူး"

ဟု ပြောလိုက်၏။

သမားတော်ကြီး ပြုံးလိုက်၏။

"မင်းသိချင်ရင် လိုက်ခဲ့ပါ"

ပြောပြီး ထိုင်ရာမှထရပ်လိုက်သည်။

ထင်းလုံနှင့် လျှုံ့ချင်းတို့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။

ထို့နောက် ပြိုင်တူ ထရပ်လိုက်ကြလေသည်။

* * *

ပြိုင်ဖက်ကင်း အတုမဲ့သမားတော်က မြို့စွန်တစ်နေရာသို့ ခေါ်သွား၏။

ထိုနေရာသည် အလွန်ချောင်ကျနေသဖြင့် လူသူကင်းရှင်းကာ သေးငယ်သော အိမ်ကလေးတစ်လုံး ရှိနေ၏။

သမားတော်ကြီးသည် ခရီးရောက်မဆိုက် ထင်းလုံ၏ခန္ဓာကိုယ်အား စစ်ဆေးကြည့်လိုက်၏။

သွေးလည်ပတ်မှုကိုလည်း သေချာစစ်ဆေးကြည့်လိုက်မိသည်။

သို့သော် မည်သည့် ထူးခြားချက်မျှ မတွေ့ရချေ။



အတန်ကြာမှ သူသည် ကျေနပ်စွာဖြင့် ပြောသည်။

"မင်း ဘာအဆိပ်မှ မသင့်ဘူးဆိုတာ ကျုပ်ပြောရဲတယ်"

ဟု ပြောလိုက်၏။

ထင်းလုံ ဝမ်းသာသွား၏။

လျှုံ့ချင်းလည်း စိတ်သက်သာရာရသွား၏။

"ကဲ.. အခု မင်းတို့က ဘာဆက်လုပ်ဖို့ စိတ်ကူးထားကြသေးသလဲ"

ဟု မေး၏။

ထင်းလုံက မဆိုင်းမတွပင် ပြောသည်။

"ကျွန်တော် ငရဲအဆိပ်ကို တွေ့အောင် ရှာမယ်"

ဟု ပြောလိုက်၏။ သမားတော်ကြီးက...

"ကောင်းပြီ၊ ကျုပ်လဲ လိုက်မယ်"

ဟု ပြော၏။ ထင်းလုံ မျက်မှောင်ကုတ်လိုက်၏။

"ဦးလဲ လိုက်မယ် ဟုတ်လား"

"အေးပေါ့၊ သူက ငါ့လို ဟန်ဆောင်ပြီး လူအများကို ဒုက္ခမပေးမီ အချိန်မီ တားရအောင်လို့ပေါ့"

သူက ခေါင်းညိတ်လိုက်သည်။

"ဒါ..ဟုတ်တယ်၊ ကဲ..ကျွန်တော်တို့ သွားကြမယ်"

လျှုံ့ချင်းလည်း သူတို့၏စကားကို ထောက်ခံလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံ၊ သမားတော်ကြီး၊ လှုံချင်းတို့သည် ပထမဆုံး တွေ့ဆုံခဲ့သော သမားတော်ကြီး၏ လှို့ဝှက်နေရာဆီသို့ ရောက်လာကြ၏။

သို့သော်...

သူတို့သည် ထိုနေရာသို့ ရောက်လာသောအခါ သူတို့ ပထမတွေ့ခဲ့သည့် သမားတော်ကြီးကို မတွေ့ရသည့်အပြင် ကြွေဘူးကလေးများ၊ အသုံးအဆောင် တစ်စုံတစ်လေပင် မရှိတော့သည်ကို တွေ့ရ၏။

သမားတော်ကြီးယန်ယီကျင်း မျက်မှောင်ကုတ်သွား၏။

"မင်းတို့ တွေ့ခဲ့တဲ့ နေရာက သည်နေရာ ဟုတ်လား"

ဟု မေး၏။

ထင်းလုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သည်နေရာပါ"

ဟု ပြောလိုက်၏။ သမားတော်ကြီးက...

"ဟုတ်ရင် ဘာဖြစ်လို့ လူနေထိုင်တဲ့ အရိပ်အယောင် မတွေ့ရတာလဲ"

ဟု မေးပြန်၏။

လှုံချင်းက ကြားဖြတ်ပြောလိုက်၏။

"ဟုတ်ပါတယ် ဦး၊ ကျွန်မတို့ သည်ကို ရောက်လာစဉ်တုန်းက သူ့အသုံးအဆောင်များနဲ့ သမားတော်ကြီးကို သေသေချာချာ တွေ့ရပါတယ်"



သမားတော်ကြီးက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

ပြီးလျှင်...

"ခက်တယ်၊ မင်းတို့ပြောတဲ့ စကားကို ယုံရမှာလား၊ ငါ့မျက်လုံးကိုပဲ ယုံရမှာလား မသိတော့ဘူး"

ဟု ပြော၏။ ထင်းလုံ စိတ်ပျက်သွား၏။

"ကျွန်တော်တို့ ဦးကို တကယ် ပြောနေတာပါ"

လှုံချင်းကမူ ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

သမားတော်ကြီးသည် သူတို့နှစ်ယောက်အား သံသယ ဖြစ်နေသော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

"ကျုပ်ယုံချင်ပါတယ်၊ ဒါပေမယ့် သည်မှာ ဘာမှ သံသယဖြစ်စရာမှ မရှိတာ၊ ကျုပ် ဘယ်လိုယုံရမလဲ"

ဟု ပြောလိုက်၏။ ထင်းလုံ ဘာမျှမပြောနိုင်တော့ချေ။

သူ့အား အဆိပ်ဖြေဆေးပေးလိုက်သော သမားတော်ကြီးမှာ အမှန်တကယ်ပင် ငရဲအဆိပ် ဖြစ်နေသလော။

သူသည် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

ထင်းလုံ တွေဝေနေ၏။

သမားတော်ကြီးသည် ထင်းလုံတို့အား ကြည့်ကာ ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

ထို့နောက် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ထင်းလုံနှင့် လျှံချင်းတို့ စကားမပြောဘဲ ရပ်နေကြ၏။

အတန်ကြာမှ လျှံချင်းက...

"အစ်ကို သည်ကိစ္စကို ဘယ်လိုစဉ်းစားမိသလဲ"

ဟု မေးလိုက်၏။ ထင်းလုံ ခေါင်းခါယမ်းလိုက်၏။

"အစ်ကိုတော့ ဘာမှ မတွေးတတ်အောင် ဖြစ်နေပြီ"

ဟု ပြောလိုက်၏။ လျှံချင်းက...

"ကျွန်မစိတ်ထင် သည်သမားတော် နှစ်ဦးစလုံးက တစ်ယောက်တည်းပဲလို့ ထင်တယ်"

ထင်းလုံ ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

လျှံချင်း မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ အစ်ကို"

ထင်းလုံက...

"ညီမပဲ စဉ်းစားကြည့်လေ၊ သမားတော်ကြီးက ဖြေဆေးပါဆိုပြီး ပေးတဲ့ဆေးတွေ အဆိပ်ဖြစ်နေတာကို နောက်တွေ့တဲ့ သမားတော်ကြီးက စစ်ဆေးခဲ့တယ်"

ဟု စကားဆက်လိုက်၏။

"ဒါကြောင့် သမားတော်ကြီးက အစ်ကို့ကို သေကြောင်းကြံဖို့ ကြိုးစားတယ်ဆိုတာ သေချာတယ်"

လျှံချင်းက...



"သည်လိုဆိုရင် ပထမ သမားတော်ကြီးက အတု ဖြစ်တယ်ဆိုတာ သေချာပေါ့"

"ဟုတ်တယ်၊ အစ်ကိုတော့ သည်လိုပဲ ယူဆမိတယ်"

"အစ်ကို သည်လို ယူဆတာက ဒုတိယ သမားတော်ကြီးက ပေးတဲ့ဆေးကို အဆိပ်လို့ ပြောလိုက်တဲ့အတွက် သူ့ကို ယုံကြည်တဲ့သဘောပေါ့"

"ဟုတ်တယ်"

လျှံချင်းက အနည်းငယ် စဉ်းစားလိုက်၏။

"အစ်ကို့ရဲ့ ယူဆချက် မှန်ပါတယ်၊ ဒါပေမယ့် သည်ဆေးတွေဟာ အဆိပ်လား၊ ဖြေဆေးလား ဆိုတာ အစ်ကိုက ဘယ်လို ခွဲခြားသိနိုင်မှာလဲ"

ထင်းလုံက ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ညီမလေး ပြောတော့လဲ ဟုတ်တယ်"

လျှံချင်း အနည်းငယ် စဉ်းစားလိုက်၏။

"အကောင်းဆုံးကတော့ သည်ဖြေဆေးကို နားလည်တဲ့ သမားတော်ကြီးတစ်ယောက်ဆီကို သွားပြပြီး ခွဲခြားခိုင်းတာဟာ အကောင်းဆုံးပဲ"

ထင်းလုံ သဘောကျသွားလေ၏။

"ညီမလေး အကြံကောင်းတယ်"

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက အသက်ခြောက်ဆယ်ခန့် ရှိပြီဟု ထင်ရသည်။

သူသည် စူးရှသော မျက်လုံးအစုံဖြင့် ထင်းလုံ ပေးလိုက်သောဆေးမှုန့်ကို သေချာစွာ စူးစမ်းကြည့်နေ၏။

တစ်ဖန် နှာခေါင်းဖြင့် အနံ့ရှူကြည့်၏။

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အင်း..သည်ဆေးမှုန့်မျိုးကို ကျုပ်ဘဝမှာ တစ်ခါမှ မကြုံဖူးဘူး၊ မင်းစိတ်ထဲမှာတော့ သဋ္ဌာဝါတစ်ကောင် ကျွေးလိုက်ရင် သိလိမ့်မယ်လို့ ထင်မှာပဲ၊ ဒါပေမယ့် သည်ဆေးမှုန့်မျိုးဟာ သည်လိုစမ်းသပ်ရုံနဲ့ အဖြေထွက်မှာ မဟုတ်ဘူး"

ထင်းလုံက မျက်မှောင်ကုပ်လိုက်၏။

"ဘာဖြစ်လို့လဲ ဘဘ"

"သည်ဆေးမှုန့်က တကယ် အဆိပ် ရှိတယ်ဆိုရင်လဲ ချက်ချင်းအစွမ်းထက်ချင် ထက်လာမှာ၊ သည်ဆေးမှုန့်ဖော်စပ်ပုံက ထူးခြားတယ်၊ သူ့ကို အဆိပ် မရှိဘူးလို့ မပြောနိုင်ဘူး၊ အဆိပ် ရှိပါတယ်လို့လဲ မပြောနိုင်ဘူး"

သူသည် ဆတ်ခနဲ ခေါင်းမော့၍ ထင်းလုံအား စိုက်ကြည့်လိုက်၏။

"ငါ့ကို မှန်မှန်ပြောစမ်း၊ သည်ဆေးမှုန့်ကို ဘယ်က ရလာတာလဲ"

ထင်းလုံက အမှန်အတိုင်း အသေးစိတ် ပြောပြလိုက်၏။



သမားတော်ကြီးက မျက်နှာကွက်ခနဲ ပျက်သွား၏။

"မင်းပြောတဲ့အတိုင်းဆိုရင် အတုမဲ့သမားတော်နှစ်ယောက်ထဲက တစ်ယောက်က ငရဲအဆိပ် ဖြစ်ရမယ်"

ထင်းလုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ရှင်းရှင်းပဲ ပြောလိုက်မယ်၊ သည်ဆေးမှုန့်ကို ကျုပ်ကလဲ တိတိကျကျ မခွဲခြားတတ်အောင် ဖြစ်နေပါတယ်"

လျှံချင်းက ကြားဖြတ်မေးလိုက်၏။

"အဘရဲ့စိတ်ထင် ပြောပြနိုင်ရင် ပြောပြပါ"

"ကျုပ်စိတ်ထင် ပြောရရင် သည်ဆေးမှုန့်ဟာ အဆိပ် မရှိဘူးဆိုတာ ထင်ရှားပါတယ်"

ထင်းလုံနှင့် လျှံချင်းတို့ အံ့အားသင့်သွား၏။

ဤသို့ဆိုလျှင်...

ပထမဆုံး တွေ့ခဲ့ရသည့် အတုမဲ့သမားတော်ကြီးမှာ အစစ်ဖြစ်ရမည်သာ ဖြစ်၏။

သူတို့သည် သမားတော်ကြီးကို ဥာဏ်ပူဇော်ခပေးပြီး နှုတ်ဆက်၍ ထွက်ခွာလာခဲ့၏။

အကယ်၍ သူတို့ မထွက်ခွာမီ နောက်သို့ လှည့်ကြည့်မည်ဆိုပါလျှင် ထိုသမားတော်ကြီး၏ ကောက်ကျစ်စဉ်းလဲသည့် အပြုံးကို တွေ့မြင်ရမည် ဖြစ်၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ငယ်ရွယ်သူများ ဖြစ်သည့်အပြင် သိုင်းလောက အတွေ့အကြုံလည်း အလွန်နုနယ်သောကြောင့် ယင်းကဲ့သို့ သူတစ်ပါး၏စကားကို စိတ်ချလက်ချ ယုံကြည်ခဲ့ခြင်း ဖြစ်သည်။

* * *

ထင်းလုံနှင့် လျှံချင်းတို့သည် လမ်းမကြီးအတိုင်း လျှောက်လာယင်း...

"ဘေးကို..ဘေးကို"

နောက်ကျောဘက်မှ အော်ပြောသံနှင့်အတူ မြင်းလှည်းတစ်စီး ဒုန်းစိုင်းမောင်းနှင်လာခြင်းကြောင့် ကပျာကယာ လမ်းဘေးသို့ ဆင်းကာ လမ်းဖယ်ပေးလိုက်ရလေသည်။

မြင်းလှည်းက သူတို့နံဘေးမှ ဒုန်းစိုင်းမောင်းနှင် ဖြတ်ကျော်သွားလေသည်။

"တော်တော်ရမ်းကားတဲ့ မြင်းလှည်းသမားပဲ"

လျှံချင်း မကျေမနပ် ပြောလိုက်၏။

ထင်းလုံက လှမ်းကြည့်ရင်း မြင်းလှည်းသမားအား သေသေချာချာ တွေ့မြင်လိုက်ရလျှင်...

"ဟင်..ဆံရှည်သိုင်းသမားလီကြိုးပါလား"

ဟု အော်လိုက်လေသည်။

"ရှင်"



လျှံချင်းလည်း အံ့ဩသွားလေသည်။

သူမကြည့်လိုက်ရာ မြင်းလှည်းမောင်းနှင်သွားသူမှာ ဆံရှည်သိုင်းသမားလီကြိုး ဖြစ်နေသည်ကို တွေ့ရှိသတိပြုမိသွားလေသည်။

လျှံချင်းနှင့် ထင်းလုံတို့ အချင်းချင်း ကြည့်လိုက်ကြ၏။

လျှံချင်းက...

"သူ့ကို ပြန်တွေ့ရတာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး ထင်တယ်"

ထင်းလုံက...

"အင်း..သူဟာ အတော့်ကို ထူးဆန်းတဲ့ လူတစ်ယောက်ပါပဲ"

"အစ်ကိုက သူ့ကို သဘောကျလို့လား"

"သဘောကျတာထက် ခုလို သူပြန်ပြီး ပေါ်ထွက်လာတာကျုပ်တို့အတွက် အတွေ့အညီရကောင်းရနိုင်တယ်"

နှစ်ယောက်သား ပြောဆိုနေစဉ်...

"ဟေး..ဟေး"

လီကြိုးက မြင်းများကို အော်ငေါက်ရင်း မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

တဖန် ထင်းလုံတို့အား လှမ်းပြောလိုက်သည်။

"မင်းတို့ သည်အတိုင်း လမ်းလျှောက်သွားနေကြတော့မှာလား"

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံ ပြုံးလိုက်သည်။

"မြင်းလှည်းနဲ့ လမ်းကြုံလိုက်ခွင့် ရမယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့ဗျာ"

လီကြိုးက...

"မင်းတို့ လိုက်မယ်ဆိုရင် ကျုပ်အတွက် အပန်းမကြီးပါဘူးလေ"

"ကျေးဇူးပါပဲဗျာ"

ထင်းလုံက လျှံချင်းကို ခေါ်ပြီး မြင်းလှည်းဆီသို့ သွားလိုက်လေသည်။

လီကြိုးက...

"မြင်းလှည်းပေါ် တက်၊ ကျုပ်တို့သွားကြမယ်"

"ကောင်းပါပြီဗျာ"

ထင်းလုံနှင့် လျှံချင်းတို့ မြင်းလှည်းပေါ် ရောက်သွားလျှင်...

"ဟေး..ဟေး"

လီကြိုးက မြင်းများကို ခေါက်ကာ မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်သွားလိုက်လေတော့သည်။

* * *



စားသောက်ဆိုင်လေးတစ်ဆိုင်...။

လီကြိုးက ထိုစားသောက်ဆိုင်ရှေ့၌ မြင်းလှည်းကို ရပ်တန့်လိုက်ပြီး...

"ကျုပ်ဗိုက်ဆာနေလို့ မင်းတို့လဲ ခဏလောက် အနားယူစားသောက်ချင်မယ် ထင်တယ်"

ဟု မေးလေသည်။

ထင်းလုံက...

"ကျုပ်က စကားပြောချင်တာ"

လီကြိုး သဘောတူလေသည်။

"ကောင်းသားပဲ၊ ကျုပ်လဲ စကားပြောဖော် မရှိတာနဲ့ အတော်ပဲ"

သို့ဖြင့် သုံးယောက်သား ဆိုင်ထဲဝင်ကာ စားပွဲတစ်လုံး၌ နေရာယူပြီး စားစရာများ မှာကြားလိုက်ကြသည်။

လီကြိုးမှာ အမှန်ပင် ဆာလောင်မွတ်သိပ်နေသည့်အလား အားရပါးရ စားသောက်လိုက်လေသည်။

ထင်းလုံနှင့် လျှံချင်းတို့က ဟန်ပြသာ စားလိုက်ကြ၏။

နှစ်ယောက်စလုံး စိတ်လှုပ်ရှားနေ၏။

ရဲအဆိပ်ဝှူးကြည် နေထိုင်ခဲ့သည့် လှိုဏ်ဂူ အနီးတစိုက်၌ လီကြိုးအား တွေ့ခဲ့ရသည်။

လီကြိုးက ကျက်သရေမင်္ဂလာမြင်းလှည်းနှင့် ပတ်သက်၍ ထင်းလုံတို့အား အနှောင့်အယှက်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လီကြိုးမှာ ငွေးကြည်နှင့် မည်သို့ ပတ်သက်နေသည်ကို ထင်းလုံတို့ သိလိုကြ၏။

သို့သော် လီကြိုးသည် ဆက်လက်လှုပ်ရှားခြင်း မရှိတော့ဘဲ ပျောက်ဆုံးသွားခြင်းကြောင့် နောက်ပိုင်းတွင် ထင်းလုံတို့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့လေသည်။

ထင်းလုံနှင့် လျှံချင်းတို့က လီကြိုးအား အကဲခတ်နေကြ၏။

လီကြိုးက အမှုမထားဘဲ အေးအေးဆေးဆေး စားသောက်ပြီးမှ...

"ဗိုက်ဝသွားပြီ၊ စကားပြောကြတာပေါ့"

ဟု စကားစ လာလေသည်။

ထင်းလုံက...

"ဟုတ်တယ်၊ ကျုပ်တို့ကလဲ စိတ်ဝင်စားစရာကောင်းတဲ့ ဦးနဲ့ စကားပြောချင်ပါတယ်"

လီကြိုး ပြုံးလိုက်သည်။

"ငါက မင်းတို့ကို နှောင့်ယှက်ခဲ့တာကို မင်းတို့ စိတ်မဆိုးဘူးလား"

"ကျုပ်တို့က..."

"မင်းတို့ စိတ်ဆိုးနေကြမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် ကျုပ်နှောင့်ယှက်မိတာကို တောင်းပန်ပါတယ်"

လီကြိုး တောင်းပန်လာသဖြင့် ထင်းလုံတို့ အံ့ဩသွားကြလေသည်။



လီကြိုးက...

"အဲသည်အချိန်တုန်းက ကျုပ်ဟာ မင်းတို့နှစ်ယောက်ကို ငရဲအဆိပ်ငွေးကြည်နဲ့ ပတ်သက်နေတယ်လို့ ထင်ခဲ့မိတာ"

လျှံချင်းကလည်း...

"ကျွန်မတို့ကလဲ ဦးဟာ ငရဲအဆိပ်ငွေးကြည်နဲ့ ပတ်သက်နေမယ် ထင်ခဲ့မိတာ"

လီကြိုး ရယ်မောလိုက်သည်။

"အခုတော့ ဘယ်သူကမှ ငွေးကြည်နဲ့ မပတ်သက်ဘူးဆိုတာ သိသွားကြပြီပေါ့"

လျှံချင်းက...

"ဒါပေမယ့် ဦးရဲ့အကြောင်းကို ကျွန်မတို့ မသိသေးဘူး"

လီကြိုး ခေါင်းညိတ်လိုက်သည်။

"သည်ကိစ္စကို မပူပါနဲ့ ကျုပ်ပြောပြပါ့မယ်"

သူ၏အကြောင်းစုံကို ထင်းလုံတို့သိအောင် ပြောပြလိုက်၏။

ထင်းလုံတို့ကလည်း စိတ်ဝင်စားစွာ နားထောင်နေလိုက်ကြလေသည်။

လီကြိုးမှာ ငရဲအဆိပ်ငွေးကြည်အား နာကျည်းကာ ဆုံးမလိုသူတစ်ယောက် ဖြစ်ကြောင်း သိရှိသွားကြလေသည်။

လီကြိုးက...

"ကျုပ်က ငွေးကြည်ရဲ့ လျှို့ဝှက်စခန်း ကျောက်ဂူကြီးကို တွေ့ သားပေမယ့် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့တာ၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်မိတ်ဆွေ လူပုနဲ့ တိုင်ပင်မယ်ဆိုပြီး သွားတာ၊ လူပုက ခရီးလွန်နေတော့ မတွေ့ခဲ့ရဘူး။ ဒါနဲ့ ဂူးကြည်ဆီကို ပြန်လာခဲ့တာ၊ ဂူးကြည်က ကျက်သရေမြင်းလှည်းကို ယူပြီး ထွက်သွားပြီ၊ ကျုပ်လဲ ဘာဆက်လုပ်ရမှန်း မသိဘဲ တဝဲလည်လည် ဖြစ်နေတာ၊ မင်းတို့ လှိုဏ်ဂူကို ရောက်လာတဲ့အထိပဲ"

ထင်းလုံ့ သက်ပြင်းချလိုက်သည်။

"ဦးကလဲ ဂူးကြည်ကို ဆုံးမချင်နေတာကိုး"

လီကြိုး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"သူ့ရဲ့အဆိပ်ကြောင့် ကျုပ်မိဘ ဆွေမျိုးသားချင်းတွေ အပါအဝင် တစ်ရွာလုံး သေဆုံးခဲ့ရတာ၊ ကျုပ် ဘယ်လိုလုပ် ကျေနပ်နိုင်မှာလဲ"

ထင်းလုံက...

"ဦးမှာ ဂူးကြည်ကို ဆုံးမဖို့ နည်းလမ်း ရှိနေပြီလားဗျာ"

ဟု မေးလိုက်သည်။

လီကြိုး ခေါင်းခါယမ်းလိုက်သည်။

"အမှန်အတိုင်း ဝန်ခံရရင် ခုချိန်အထိ ဘာလုပ်ရမှန်း ကျုပ် မသိသေးတာ အမှန်ပဲ"

ထင်းလုံ့ သက်ပြင်းချလိုက်သည်။

လီကြိုးကလည်း ဂူးကြည် အကြောင်းကို ဘာမှ မသိခြင်းကြောင့် အကူအညီရဖို့ မလွယ်ကူဘဲ ရှိနေသည် မဟုတ်ပါလား။

လီကြိုးသည် ထင်းလုံ့ စိတ်ပျက်သွားကြောင်း သတိပြုမိ



လိုက်လေသည်။

လီကြိုး လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျုပ်က သခင်လေးကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်မိတဲ့အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

"ဗျာ"

"သခင်လေးဟာ နေဝန်းခြံဝင်းက သခင်လေးထင်းလုံ့ဆိုတာ ကျုပ်သိပြီးပါပြီ"

ထင်းလုံက...

"ကိစ္စ မရှိပါဘူးဗျာ၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

လီကြိုးက...

"ကျေးဇူးပါပဲ၊ ကျုပ်က ဂူးကြည် အကြောင်းကို ပြောမပြနိုင်ပေမယ့် ကျုပ်ကြားခဲ့ရတဲ့ သတင်းတစ်ခုကိုတော့ ပြောပြချင်ပါတယ်"

ထင်းလုံက...

"ဘယ်လို သတင်းများလဲဗျာ"

လီကြိုးက...

"ဂူးကြည်ကို ယန်ယီကျင်းက စိန်ခေါ်လိုက်တဲ့ သတင်းပါ သခင်လေး"

"ဟင်"

ထင်းလုံ့နှင့် လျှံချင်းတို့ အချင်းချင်း ကြည့်လိုက်ကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့သည် ယန်ယီကျင်းနှင့် တွေ့ဆုံခဲ့ရသေးသည် မဟုတ်ပါလား။

ယန်ယီကျင်းနှင့် ဝူးကြည်တို့မှာ ညီအစ်ကိုတော်စပ်ပြီး နှစ်ဦးစလုံး သမားတော်များ ဖြစ်လေသည်။

ညီအစ်ကိုချင်းပင် ဖြစ်လင့်ကစား ဆေးပညာနှင့် ပတ်သက်ပြီး ပညာချင်း ယှဉ်ပြိုင်ရင်း ရန်ဘက်များ ပြိုင်ဘက်များ ဖြစ်လာခဲ့ကြသည်။

သူတို့ညီနောင်ချင်း ယှဉ်ပြိုင်မှုသည် သိုင်းလောကကို အန္တရာယ်ကျရောက်စေသည်အထိ ပြင်းထန်ခဲ့လေသည်။

ဝူးကြည်က အဆိပ်များ ဖော်စပ်ကာ သိုင်းလောကသားများအား ဒုက္ခပေးသည်။

ယန်ယီကျင်းက ဖြေဆေးဖော်ကာ ဝူးကြည်၏အဆိပ်ကြောင့် ဒုက္ခရောက်နေသူများကို ကယ်တင်ရမည် ဖြစ်သည်။

ယခု...

ယန်ယီကျင်းက ဝူးကြည်အား စိန်ခေါ်ကြောင်း သိုင်းလောကသို့ ကျေညာလိုက်ပြီ ဖြစ်လေသည်။

ထင်းလုံက မျှော်လင့်ချက်ဖြင့် မေးလိုက်သည်။

"ယန်ယီကျင်းက ဝူးကြည်ရဲ့ ငရဲအဆိပ်ကို ဖြေဆေးဖော်စပ်နိုင်ခဲ့ပြီ ဟုတ်လား"

လီကြိုးက...

"သည်လို ရှင်းရှင်းလင်းလင်း မသိရသေးဘူး၊ ယန်ယီကျင်းက ပညာချင်းပြိုင်မယ်၊ တိန်ရှီမြို့ကို လာခဲ့ဖို့ စိန်ခေါ်လိုက်တယ်ဆိုတာပဲ ကြားခဲ့ရတာ"



လျှံချင်းက...

"ဦးက တိန်ရှီမြို့ကို သွားမလို့ ထွက်လာခဲ့တာလား"

လီကြိုးက...

"ဟုတ်တယ်၊ ကျုပ်က ယန်ယီကျင်းနဲ့ တွေ့ပြီး ဝူးကြည်အကြောင်း ကျုပ်သိထားသမျှ ပြောပြမလို့"

လျှံချင်းက...

"စောစောက ဦးပြောတော့ ဝူးကြည် အကြောင်းကို ဘာမှ မသိဘူးဆို"

လီကြိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် မသိဘူး၊ ဒါပေမယ့် ဝူးကြည်နဲ့ ပတ်သက်ပြီး ကျုပ်ကြုံတွေ့ခဲ့ရသမျှ ပြောပြလိုက်ရင် ယန်ယီကျင်း အတွက် အထောက်အကူတစ်ခုခု ဖြစ်နိုင်မယ်ထင်မိတာ၊ တစ်ခါတလေကိစ္စတွေမှာ ကိုယ်က သတိမထားမိတဲ့ အသေးအဖွဲ့လို့ထင်မိတဲ့ ကိစ္စတွေဟာ တစ်ဘက်လူအတွက်တော့ အင်မတန် အရေးကြီးတဲ့ကိစ္စ ဖြစ်နေတတ်တဲ့ သဘော ရှိနေတတ်တယ် မဟုတ်လား"

လီကြိုးမှာ အတွေးအခေါ်ကောင်းသူတစ်ယောက် ဖြစ်နေပါတော့သည်။

ထင်းလုံ ထောက်ခံလိုက်သည်။

"ဦးပြောတာ ဖြစ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လှျံချင်းက...

"ဒါဖြင့် ကျွန်မတို့ တိန်ရီမြို့ကို သွားကြတာပေါ့"

ပြောရင်း ဆိုင်အပေါက်ဝဘက်သို့ ကြည့်လိုက်ရာ ဆိုင်ရှေ့မှ ဖြတ်သွားသူတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရလေသည်။

လှျံချင်း အံ့သြသွားပြီး...

"သမားတော်ယန်ယီကျင်းပါလား"

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေတော့သည်။

* * *

သမားတော်ယန်ယီကျင်းသည် လှျံချင်းက ထွက်ခေါ်သဖြင့် လိုက်လာရင်း ဆိုင်ထဲရောက်လာပြီ ဖြစ်သည်။

ယန်ယီကျင်းက လှျံချင်းကော ထင်းလုံကိုပါ သိရှိနေရာ ထင်းလုံတို့ စိတ်သက်သာရာရသွား၏။

သူတို့က ယန်ယီကျင်း နှစ်ယောက်နှင့် တွေ့ဆုံခဲ့ရသည်။

တစ်ယောက်က သူတို့အား သိနေပြီး တစ်ယောက်က သူတို့အား မသိပါ။

တတိယမြောက် ဆေးဆရာမှာ အန္တရာယ် ရှိသူတစ်ဦး ဖြစ်နေ၏။

လှျံချင်း ထွက်ခေါ်သည်ကို လက်ခံကာ ယန်ယီကျင်း လိုက်လာသည်မှာ အကြောင်း ရှိလေသည်။



ယန်ယီကျင်းက ထင်းလုံတို့နှင့်အတူ ဝိုင်းဖွဲ့ထိုင်ပြီးလျှင်...

"မင်းတို့နဲ့ တွေ့တာ အတော်ပဲ၊ ကျုပ်ကလဲ မင်းတို့ကို လိုက်ရှာနေတာ"

ထင်းလုံက...

"သမားတော်ကြီးက ကျွန်တော်တို့ကို လိုက်ရှာနေတာဆိုတော့ အကြောင်းတစ်ခုခု ရှိနေလို့လားဗျာ"

ယန်ယီကျင်းက...

"ဒါပေါ့"

"ဘယ်လို အကြောင်းကိစ္စများလဲဆိုတာ သိပါရစေ"

ထင်းလုံ မေးလိုက်သောအခါ ယန်ယီကျင်းက...

"မင်းကို ဝူးကြည်က ရက်ချိန်းပေးထားတယ် မဟုတ်လား၊ မင်း အဆိပ်မိနေပြီး သေဆုံးရမယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဦးစမ်းသပ်ကြည့်တဲ့အခါ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုအဆိပ်မျိုးမှ မတွေ့ရဘူး မဟုတ်လား ခင်ဗျာ"

ယန်ယီကျင်းက...

"ကျုပ် မင်းကို စမ်းသပ်ကြည့်ပါတယ်၊ ဘယ်လိုအဆိပ်မျိုးမှ မတွေ့ရတာ အမှန်ပဲ၊ အဆိပ်ဖြေဆေးပေးလိုက်တာကလဲ မင်းအတွက် လိုရမယ်ရပါ"

"ဟုတ်ကဲ့"

"ဒါပေမယ့် မင်းတို့ ထွက်သွားပြီးမှ ကျုပ်ကိစ္စတစ်ခုကို တွေး

www.burmeseclassic.com



မိလိုက်လို့”

"ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ"

ယန်ယီကျင်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"သူက အင်မတန် ကြောက်စရာကောင်းပြီး ဖြေဆေး မရှိတဲ့ ငရဲအဆိပ်ကို ဖော်စပ်နိုင်ခဲ့တယ်ဆိုတာ အားလုံးသိကြတယ်၊ သူ့ရဲ့ငရဲအဆိပ်ကြောင့် သေဆုံးသွားရတဲ့ လူတွေလဲ နည်းဘူး"

ထင်းလုံက...

"ဟုတ်ပါတယ် ခင်ဗျာ"

ယန်ယီကျင်း ဆက်ပြောသည်။

"ငရဲအဆိပ်ဟာ ဘယ်လို အဆိပ်မျိုးလဲဆိုတာ မင်းတို့သိကြသလား"

ထင်းလုံတို့ ခေါင်းခါယမ်းလိုက်ကြလေသည်။

လျှိုချင်းက...

"ကျွန်မတို့ မသိပါဘူး၊ သခင်တော်ကြီးသိရင် ကျွန်မတို့ကို ပြောပြပါလားရှင်"

ယန်ယီကျင်း သက်ပြင်းချလိုက်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်လဲ မသိဘူး"

လျှိုချင်းနှင့် ထင်းလုံတို့ အချင်းချင်း ကြည့်လိုက်မိကြပြန်လေသည်။

ယန်ယီကျင်းက ထင်းလုံကို ကြည့်ကာ...



"ဒါကြောင့် မင်းအဆိပ်မိထားတာ မရှိဘူးလို့ ကျုပ်ပြောခဲ့ပေမယ့် ကျုပ်က အဆိပ်အကြောင်းကို မသိတော့ ရမ်းသမ်းပြီး ပြောမိသလို ဖြစ်နေပြီလို့ တွေးမိပြီး သတိပေးချင်းပို့ မောင်ရင်လေးတို့ကို လိုက်ရှာခဲ့တာပါပဲ"

ထင်းလုံ ငိုင်သွား၏။

ယန်ယီကျင်း၏စကားက သဘာဝကျနေ၏။

ငရဲအဆိပ် အကြောင်းကို မသိဘဲ အဆိပ်မိထားခြင်း မရှိဟု ပြောခဲ့သည်မှာ သေချာရေရာမှု မရှိတော့ပါ။

အဆိပ်မိထားခြင်း ရှိချင်မှရှိမည် ဖြစ်သည်။

အဆိပ်မိမထားပါက အရေးမကြီးပါ။

အဆိပ်မိထားပါက ယန်ယီကျင်းမသိဘဲ အဆိပ်မရှိဟု ပြောမိခဲ့ခြင်းက မှားယွင်းနေတော့မည် ဖြစ်သည်။

လျှိုချင်းက...

"ဒါဖြင့် အစ်ကိုထင်းလုံ အဆိပ်မိထားသလား၊ အဆိပ်မိမထားဘူးလားဆိုတာ သေချာ မပြောနိုင်ဘူးဆိုတော့ ခက္ခပဲ"

ဟု ညည်းတွားလိုက်၏။

ထင်းလုံ ပြုံးလိုက်သည်။

"ဒါမခက်ပါဘူး ညီမရယ်၊ ကျုပ်အဆိပ်မိချင်ရင်လဲ မိထားမှာပေါ့၊ အဆိပ် မရှိရင်လဲ မရှိဘဲ နေမှာပေါ့၊ အချိန်တန်ရင် အဖြေပေါ်လာမှာပဲ မဟုတ်လား"

မှန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အဆိပ်ဝူးကြည်က သူ့အား ဆယ်လပိုင်း နှစ်ဆယ့်သုံးရက်နေ့၌ သေဆုံးသွားရမည်ဟု သတ်မှတ်ပေးထား၏။

အဆိပ်မိထားပါက ထိုနေ့တွင် သူသေဆုံးသွားရပေလိမ့်မည်။

လှုံချင်းက…

"အစ်ကိုထင်းလုံ အဆိပ်မိထားတယ်၊ အဆိပ်မိမထားဘူးဆိုတာ သမားတော်ကြီး တိတိကျကျ မပြောနိုင်ဘူးဆိုပါတော့"

ယန်ယီကျင်း ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပါပဲ"

လှုံချင်းက…

"ကျွန်မတို့က သမားတော်ကြီးနဲ့ ရုပ်ချင်း ခွဲမရအောင်တူတဲ့ လူတစ်ယောက်ကို တွေ့ခဲ့တယ်"

သူမသည် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

ယန်ယီကျင်း မျက်မှောင်ကုပ်သွား၏။

"ဒါ တကယ်ပဲလား"

"တကယ်ပါပဲရှင်"

"ဒါဆို ဝူးကြည်က ကျုပ်ကို တစ်ချိန်လုံး မျက်ခြည်မပြတ်စောင့်ကြည့်နေတယ်ဆိုတာ သေချာပြီ"

ထင်းလုံက…

"ဝူးကြည်က ဦးရဲ့ရုပ်သွင်ဖျက်ပြီး လှုပ်ရှားနေတယ်ဆိုတဲ့သဘောလား"



ယန်ယီကျင်းက…

"သေချာတာပေါ့ သူက ဆေးပညာအပြင် ရုပ်ဖျက်ပညာလဲ ကျွမ်းကျင်တယ်၊ ဒါပေမယ့် သိုင်းပညာကျတော့ ကျုပ်ကို မမီဘူး"

လှုံချင်းက…

"ကျွန်မက ဦးနဲ့ နှစ်ကြိမ်တွေ့ခဲ့တယ်၊ တစ်ကြိမ်မှာ ဦးက အစ်ကိုထင်းလုံ အဆိပ်မမိတဲ့ အကြောင်းပြောပြီး နောက်တစ်ကြိမ်ကျတော့ ဦးပေးလိုက်တဲ့ အဆံပဲဖြေဆေးကမှ အဆိပ်အစစ် ဖြစ်နေတယ်လို့ ပြောတယ်၊ နောက်ထပ် သမားတော်တစ်ယောက် ရှိသေးတယ်"

ယန်ယီကျင်းက…

"ကျုပ်ဟာ သမားတော်ယန်ယီကျင်းအစစ် ဖြစ်တယ်ဆိုတာ သက်သေအထောက်အထား အများကြီးပြနိုင်ပါတယ်၊ မိန်းကလေးတို့ နောက်ထပ် တွေ့ခဲ့တဲ့ သမားတော်နှစ်ယောက်စလုံးဟာ ဝူးကြည် ဖန်တီးထားတာပါ၊ သူကိုယ်တိုင် ရုပ်ဖျက်လှုပ်ရှားခဲ့တာလို့ ကျုပ်အတပ်ပြောရဲတယ်"

သူက အားလုံးကို ကြည့်ကာ…

"ကျုပ်က ဝူးကြည်ကို တိန်ရှိမြို့မှာ ယှဉ်ပြိုင်ဖို့ ချိန်းလိုက်တယ်လို့ သတင်းတွေ ထွက်ပေါ်နေတာ၊ မင်းတို့ကြားမိမှာပေါ့"

ဟု မေးလိုက်၏။

လီကြိုးက…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သည်သတင်းကြောင့် တိန်ရှီမြို့ကို ကျုပ်တို့သွားမလို့ပါ"

ယန်ယီကျင်းက…

"အဲသည် သတင်းကို ဝူးကြည်လွှင့်လိုက်တာ"

"ဗျာ"

"ကျုပ် ဘာမှမသိဘူး၊ ဝူးကြည်ကိုလဲ စိန်မခေါ်ဘူး။ အဆိပ်ဖြေဆေးဖော်စပ်လို့ မရတာကြောင့် စိတ်သောကရောက်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

လီကြိုးက…

"သမားတော်ကြီး စိန်ခေါ်ခဲ့တာ မဟုတ်ဘူးပေါ့"

ယန်ယီကျင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

လီကြိုး၊ လျှံချင်းနှင့် ထင်းလုံတို့ အချင်းချင်း ကြည့်ရင်း ဝူးကြည်က ထင်သလို မှေးနှောက်နေခြင်း ဖြစ်ကြောင်း နားလည်လာကြလေတော့သည်။

ယန်ယီကျင်းက…

"ဝူးကြည် လုပ်ကြံဖန်တီးလိုက်တဲ့ သတင်းကြောင့် သိုင်းလောကသားတွေဟာ တိန်ရှီမြို့ကို သွားကြလိမ့်မယ်၊ ဝူးကြည်ရဲ့ ထောင်ချောက်ထဲကို ရောက်သွားလိမ့်မယ်၊ သည်လို မဖြစ်အောင် တားဆီးရလိမ့်မယ်"

ထင်းလုံက…



"သမားတော်ကြီး ပြောတာ မှန်ပါတယ်၊ တိန်ရှီမြို့ကို စုရုံးရောက်ရှိလာမယ့် သိုင်းလောကသားတွေကို ဒုက္ခမပေးနိုင်ခင် တားဆီးနိုင်မှ ဖြစ်လိမ့်မယ်"

လျှံချင်းက…

"ဘယ်လိုတားဆီးမှာလဲ ဝူးကြည် ဘယ်ရောက်နေမှန်း ဘယ်သူမှ မသိကြဘူး မဟုတ်လား"

ယန်ယီကျင်းက…

"မင်းတို့က ကျုပ်လို ရုပ်ဖျက်ထားတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ရတယ်ဆိုတော့ သူဟာ ဝူးကြည်ပဲ ဖြစ်မယ်၊ သူက သည်အနီးအနား ပတ်ဝန်းကျင်မှာပဲ ရှိနေလိမ့်မယ်"

ထင်းလုံတို့ စိတ်လှုပ်ရှားလာကြလေသည်။

လီကြိုးက…

"တိန်ရှီမြို့ ကိစ္စက ထောင်ချောက် ဖြစ်နေတယ်ဆိုတော့ သည်ကိစ္စကို ဖြေရှင်းဖို့ ထိပ်သီးသိုင်းဂိုဏ်းကြီးတွေကို အကူအညီတောင်းရင် ကောင်းမယ်၊ ကျုပ်က သတင်းကြီးခဲ့တဲ့ မိုးနဂါးကိုတောင် သတိရမိသေးတယ်"

ထင်းလုံ ပြုံးလိုက်သည်။

"သည်ကိစ္စကို ဦးတာဝန်ယူ ဆောင်ရွက်ပေးစေချင်ပါတယ် ခင်ဗျာ"

"ကျုပ်က.."

"ဦးက ရှုံကျားဂိုဏ်းချုပ်ဆီကို သွားပါ၊ နေဝန်းမြင်း

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးက တိန်ရီမြို့ ကိစ္စဟာ ထောင်ချောက်တစ်ခု ဖြစ်နေတာကြောင့် တားဆီးပေးဖို့ မေတ္တာရပ်ခံလိုက်တယ်လို့ ပြောပေးပါခင်ဗျာ"

"ကောင်းပြီ"

လီကြီးက တိန်ရီမြို့ ထောင်ချောက်ကိစ္စကို တာဝန်ယူဖို့ သဘောတူလိုက်သည်။

ထို့နောက်...

ထင်းလုံတို့အား နှုတ်ဆက်ကာ ချက်ချင်းထွက်သွားလေတော့သည်။

* * *



## ဖျောက်မရသောအကျင့်

လီကြီး ထွက်သွားပြီ ဖြစ်သည်။

မိမိမှာ မိုးနဂါး ဖြစ်ကြောင်း သိရှိထားသော ချူကျားကိုဏ်းချုပ်က တိန်ရီမြို့ကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးလိမ့်မည်ဟု ထင်းလုံ ယုံကြည်ထားလေသည်။

လီကြီး ထွက်သွားပြီးနောက်...

"ကျုပ်တို့ ဂူးကြည်ကို လိုက်ရှာကြမယ်"

သမားတော်ယန်ယီကျင်းက ပြောလိုက်၏။

"ကောင်းပါပြီရှင်"

လျှံချင်း သဘောတူကာ ကျသင့်ငွေပေးဖို့ ဆိုင်လုလင်တစ်ယောက်ကို ခေါ်လိုက်သည်။

"ငွေလာယူပါရှင်"

သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ရောက်ရှိလာခြင်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



"ငွေလာယူပါရှင်"

လှုံ့ချင်းက ထပ်ခေါ်လိုက်သည်။

မည်သူ တစ်ဦးတစ်ယောက်မျှ ရောက်မလာပါ။

တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဘယ်လို ဖြစ်တာလဲ"

လှုံ့ချင်းသာမက ယန်ယီကျင်းကော ထင်းလုံပါ စိတ်ဝင်စားကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ကြသည်။

ဤတွင်...

ဆိုင်လုလင်သုံးယောက် ဆိုင်တာဝန်ခံတစ်ယောက်၊ စားသောက်သူငါးယောက် စုစုပေါင်း လူကိုးယောက် ကြမ်းပြင်ပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေကြသည်ကို တွေ့လိုက်ကြရလေတော့သည်။

* * *

စားသောက်ဆိုင်လေးထဲ၌ အလွန်ပင် ရုပ်ဆိုးအကျည်းတန်ပြီး ကြောက်မက်ဖွယ်ကောင်းသောကိစ္စ ဖြစ်ပေါ်လာသည်။

ဆိုင်တာဝန်ခံ၊ ဆိုင်လုလင်နှင့် စားသောက်သူများ သေဆုံးခဲ့ရချေပြီ။

ထိုလူများမှာ အသံဗလံ လုံးဝမကြားရဘဲ သေဆုံးသွားကြခြင်း ဖြစ်လေသည်။



တစ်စုံတစ်ခုသော အကြောင်းကိစ္စဖြင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။

အဆိပ်...။

ထိုလူများ အဆိပ်ဖြင့် တိုက်ခိုက်ခံခဲ့ရမည်မှာ သေချာနေပါတော့သည်။ ယန်ယီကျင်း ခံပြင်းသွားသည်။

"သူက ကျုပ်ရဲ့ အနီးတဝိုက်မှာ ရှိနေပြီး ကျုပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်ဆိုတာ သေချာနေပြီ"

ထင်းလုံက လှုံ့ချင်းကို ပြောလိုက်သည်။

"ညီမသွားပါတော့"

"ရှင်"

လှုံ့ချင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"အစ်ကို ဘာပြောလိုက်တာလဲ"

"ညီမထွက်သွားပါတော့လို့ ပြောတာပါ"

"ရှင်"

"ဟုတ်တယ် ညီမ၊ သည်နေရာက အမြန်ဆုံး ထွက်သွားတာ အကောင်းဆုံးပါပဲ"

ထင်းလုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ လှုံ့ချင်းက...

"ကျွန်မ ဘာကြောင့် သွားရမှာလဲ"

ထင်းလုံက...

"ဝူးကြည်က ကျုပ်တို့ရဲ့ အနီးပတ်ဝန်းကျင်မှာ ရှိနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဝူးကြည် ရှိနေပြီဖြစ်ကြောင်း လဲကျသေဆုံးနေသော အလောင်းများက သက်သေခံနေသည်။

လျှံချင်း ပြုံးလိုက်သည်။

"ဖေဖေ မရှိတော့ကတည်းက ကျွန်မအတွက်လဲ ဘာမှ အဓိပ္ပါယ် မရှိတော့ပါဘူးရှင်"

"ညီမ"

"ကျွန်မဟာ သိုင်းလောကထဲက သူလိုငါလို လူတစ်ယောက်ပါ၊ ကျွန်မ အသက်ရှင်နေလို့ကော၊ သေဆုံးသွားလို့ကော ဘာများ အကြောင်းထူးမှာတဲ့လဲရှင်"

ထင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးလေ ညီမဟာ..."

လျှံချင်းက...

"ဝူးကြည်ကို တားဆီးဆုံးမနိုင်ဖို့ထက် အရေးကြီးတာ ဘာမှ မရှိပါဘူးရှင်"

ထင်းလုံ သက်ပြင်းချလိုက်သည်။

လျှံချင်းအား ထွက်သွားခိုင်း၍ ရတော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

ယန်ယီကျင်းကလည်း ဖျောင်းဖျလိုက်သည်။

"တူမကြီး၊ ဝူးကြည်ရဲ့ အဆိပ်ဟာ လောကပေါ်မှာ ကြောက်စရာအကောင်းဆုံး ဖြေဆေးမရှိတဲ့အဆိပ် ဖြစ်နေပြီ၊ ကျုပ်လဲ ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် ရှောင်တိမ်းသွားတာ ကောင်းမယ်၊ ဝူးကြည်က အနီးအနားမှာ ရှိနေပြီး အချိန်မရွေး အဆိပ်နဲ့ တိုက်ခိုက်လာနိုင်လို့ အန္တရာယ် ရှိနေပြီကွဲ့"



"ကျွန်မက သူနဲ့ ရင်ဆိုင်ချင်လို့ အပင်ပန်းခံပြီး လိုက်ရှာခဲ့တာ၊ သူ့ကို တွေ့ရကာနီးမှ ဘာကြောင့် ထွက်သွားရမှာလဲရှင်"

သူမလည်း ဖခင်ကြီးနှင့် ပတ်သက်ပြီး ဝူးကြည်အပေါ် နာကျည်းချက် ရှိနေရကား သူမအား ထွက်သွားဖို့ ဖျောင်းဖျ၍ရနိုင်တော့မည် မဟုတ်ကြောင်း ယန်ယီကျင်းလည်း နားလည်သွားလေတော့သည်။ လျှံချင်းက...

"ကျွန်မကို ထွက်သွားဖို့ မဖျောင်းဖျပြပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

အလွန်ဝမ်းနည်းကြေကွဲသော လေသံဖြင့် တောင်းပန်လိုက်လေသည်။

* * *

တစ်ဆိုင်လုံး တိတ်ဆိတ်သွား၏။

အပ်ကျသံကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားခြင်း ဖြစ်လေသည်။ ဆိုင်ထဲ၌ လူသေအလောင်း ကိုးလောင်းနှင့် အသက်ရှင်သူ သုံးယောက်ရှိနေသည်။

ရုတ်တရက်...

"ဖျောက်"

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော အသံတစ်ခု တီးတိုးထွက်ပေါ်လာ၏။

ထိုအသံက တိုးညှင်းလှသော်လည်း ထင်းလုံတို့၏နားထဲ၌ ပီပီပြင်ပြင် ကြားလိုက်ရလေသည်။

လက်ချောင်းကလေးများ ကွေးကာ လက်ဆစ်ချိုးသော အသံ ဖြစ်လေသည်။

ယန်ယီကျင်း မျက်မှောင်ကုပ်သွား၏။

ထင်းလုံက...

"ဒါ လက်ဆစ်ချိုးတဲ့ ပညာပဲ"

ယန်ယီကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဝူးကြည်လေ"

"ဗျာ၊ ဝူးကြည် ဟုတ်လား"

"ဟုတ်တယ်၊ စိတ်လှုပ်ရှားသွားတဲ့ အချိန်မျိုးမှာ တဖျောက်ဖျောက် အသံထွက်အောင် လက်ဆစ်ချိုးတတ်တာ ဝူးကြည်ရဲ့အကျင့်ပဲ"

ညီအစ်ကိုများ ဖြစ်ရကား ယန်ယီကျင်းက ဝူးကြည်၏ အကျင့်စရိုက်ကို သိနေသည်မှာ မဆန်းပါချေ။

လျှံချင်း ခေါင်းထောင်လာလေသည်။

"သူက သည်အနီးအနားမှာ ရောက်နေတာ သေချာပြီပေါ့"

ယန်ယီကျင်းက ကြမ်းပြင်ပေါ်မှ အလောင်းများကို ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

လျှံချင်းက...



"ဒါဖြင့် သူ ဘာကြောင့် ထွက်မလာသေးတာလဲ"

ဟု ပြောလိုက်သည်။

သူ့မေး၏စကားသံ အဆုံးတွင် လက်ဆစ်ချိုးသံများ ပျောက်ကွယ်သွားလေသည်။

* * *

လက်ဆစ်ချိုးသံများ ပျောက်ကွယ်သွား၏။

လျှံချင်းက အသက်ရှုအောင့်ကာ နားစွင့်ထားလိုက်သော်လည်း နောက်ထပ် မကြားရတော့ပါ။

ထင်းလုံက ယန်ယီကျင်းအား မေးလိုက်သည်။

"သူက သတ်ပစ်ချင်တဲ့လူကို အဆိပ်နဲ့ အရင်တိုက်ခိုက်တယ်၊ အဲသည်လူ အဆိပ်မိသွားပြီဆိုမှ သူ ဘယ်နေ့ သေရမယ်ဆိုပြီး ယောယုဝအမိန့်စာကို ပို့ပေးတယ်၊ သည်လို မဟုတ်လားဗျာ"

ယန်ယီကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်အတိုင်းပဲ"

ထင်းလုံက...

"ယောယုဝအမိန့်စာရတဲ့ လူတိုင်း အဆိပ်မိထားပြီးပြီဆိုတာ သေချာတာပေါ့"

"အင်း"

"ဒါဆို ကျွန်တော်က အမိန့်စာရထားတော့ အဆိပ်မိနေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သေချာနေပြီ၊ ဘာမှ တွေးတောစဉ်းစားနေစရာ မလိုတော့ပါဘူး"

သူက လှိုင်ချင်းကို ကြည့်လိုက်သည်။

လှိုင်ချင်းက အမိန့်စာ မရသေးပါ။

ထို့ကြောင့် အဆိပ်မိထားခြင်း မရှိသေးကြောင်း ထင်ရှား၏။

သူမသာ ရှောင်တိမ်းသွားမည်ဆိုပါက အသက်ရှင်နိုင်သေးသည် မဟုတ်ပါလား။

လှိုင်ချင်းက...

"အရင်က အဆိပ်မမိခဲ့ပေမယ့် ခုချိန်မှာအဆိပ်မိနေပြီဆိုရင် ဘယ်လိုလုပ်မလဲ"

"ညီမက.."

"ကျွန်မထင်တယ်၊ မကြာခင် ကျွန်မဆီကို 'ယောယုဝအမိန့်' ရောက်လာလိမ့်မယ်ရှင်"

ထင်းလုံ ငိုင်သွားလေသည်။

လှိုင်ချင်းက...

"ဝူးကြည်ရဲ့ အဆိပ်ကို ကုသပေးဖို့ ဘယ်သူမှ မတတ်နိုင်ကြဘူး မဟုတ်လားရှင်၊ အဆိပ်မိထားတဲ့လူတိုင်း အချိန်ကျရင် သေရမှာပဲ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အဆိပ်ကြောင့် အသက်မသေဆုံးခင်မှာ ဝူးကြည်ကို တုန့်ပြန်သွားဖို့ အခွင့်အရေးတော့ ရှိသင့်တာပေါ့လေ"

ထင်းလုံ လက်ခံလိုက်သည်။



"ကောင်းပြီ၊ ညီမသဘောပါပဲ"

သူက လှိုင်ချင်း၏ရှေ့၌ အလံလေးတစ်ခု ရောက်ရှိနေသည်ကို တွေ့မြင်မိလိုက်ခြင်းကြောင့်လည်း ဖြစ်လေသည်။

* * *

ယောယုဝအမိန့်...။

ယောယုဝအမိန့်သည် လှိုင်ချင်းအတွက်လည်း ရောက်ရှိလာပြီ ဖြစ်လေသည်။

လှိုင်ချင်းက ထိုအမိန့်အလံလေးကို ထင်းလုံနှင့် ယန်ယီကျင်းတို့ထက် အလျင်တွေ့ထားပြီး ဖြစ်သည်။

ထင်းလုံ၏စကား ဆုံးသွားချိန်ရောက်မှ ယန်ယီကျင်းက လှိုင်ချင်း ရှေ့မှ အမိန့်အလံလေးကို တွေ့သွားခြင်း ဖြစ်သည်။

အလံပေါ်၌ ရေးထားသော ရက်စွဲကြောင့်...

"ဟာ..သည်နေ့ပါလား"

အထိတ်တလန့် ရေရွတ်လိုက်လေသည်။

"ဟုတ်တယ်"

လှိုင်ချင်းက ပြုံးပြုံးကလေး ပြောလိုက်သည်။

ယန်ယီကျင်းက ထင်းလုံကို ကြည့်လိုက်သည်။

ထင်းလုံလည်း ပြုံးနေ၏။

သူ၏အပြုံးက ထူးခြားနေခြင်းကြောင့် ယန်ယီကျင်း သေ

www.burmeseclassic.com

www.burmeseclassic.com



သေချာချာ ကြည့်လိုက်သောအခါ ထင်းလုံး၏ရှေ့ စားပွဲပေါ်၌လည်း အလ်လေးတစ်ခု ရှိနေ၏။

အလ်ပေါ်၌ ရေးထားသော သေမိန့်ရက်စွဲမှာ လှုံ့ချင်းကဲ့သို့ ယနေ့ပင် ဖြစ်လေသည်။

အလ်ကလေးအား ယန်ယီကျင်း တွေ့မြင်သွားသည်ကို မြင်လျှင် ထင်းလုံက...

"ဝူးကြည်က အပြောင်းအလဲ အတော်မြန်တဲ့ လူတစ်ယောက်လား၊ ဒါမှမဟုတ် စိတ်မရှည်တဲ့ လူတစ်ယောက်လား မပြောတတ်ဘူး"

ဟု ပြောလိုက်၏။

ယန်ယီကျင်း မကျေမနပ် ဖြစ်ကာ...

"သူက သွက်သွက်ခါအောင် ရူးသွပ်နေတဲ့ အရူးတစ်ယောက်ကွ"

ဤတွင်...

ခပ်အုပ်အုပ် ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *



ထိပ်တိုက်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ညနေဆည်းဆာ အချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

လေအေးများက ဆိုင်ထဲ တိုးဝင်တိုက်ခတ်လာ၏။

ဆိုင်ထဲ၌ အေးစိမ့်မှုက လွှမ်းမိုးထားလိုက်သည်ဟု ထင်မှတ်ရလေသည်။

ရယ်သံ...

အေးတိအေးစက် ခပ်အုပ်အုပ် ရယ်သံက မလှမ်းမကမ်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ယန်ယီကျင်း၊ လှုံ့ချင်းနှင့် ထင်းလုံတို့ မသိမသာ ကြည့်လိုက်၏။

"ဖျောက်"

လက်ဆစ်ချိုးသံ ထွက်ပေါ်လာသည်။

ဆိုင်တံခါးပေါက်နှင့် ကပ်လျက် စားပွဲတစ်လုံး၌ [illegible] တစ်ယောက် ထိုင်ကာ လက်ဆစ်ချိုးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ယန်ယီကျင်းပင် ဖြစ်သည်။

သူ၏မျက်နှာ ပြုံးရွှင်နေ၏။

ယန်ယီကျင်း မကျေမနပ် ဖြစ်သွားသည်။

"ဝူးကြည်၊ မင်း ဘာကြောင့် ငါ့ရုပ်သွင် ရုပ်ဖျက်ဟန်ဆောင်နေရတာလဲ၊ မင်း မရှက်ဘူးလား"

ထိုအဘိုးအိုက...

"ဘာပြောတယ်၊ မင်းက ဝူးကြည်၊ ငါက ယန်ယီကျင်းပါကွ"

"မင်း..."

"မင်းသာ ဟန်ဆောင်နေတာ"

"တောက်..မင်း..မင်း"

"ဟဲ..ဟဲ၊ မင်းက ဝူးကြည် ဖြစ်နေလို့သာ အနီးက ရှိနေတဲ့ လျှံချင်းနဲ့ ထင်းလုံကို အဆိပ်ခတ်လိုက်နိုင်တာပေါ့"

"မင်း ဘာတွေ ပြောနေတာလဲ"

"မှန်တာ ပြောတာလေ၊ အမိန့်အလဲ ချထားပေးဖို့လဲ လွယ်ကူသွားတာပဲ မဟုတ်လား"

ယန်ယီကျင်း ဒေါသထွက်သွားသည်။

"မင်းကို သတ်ပစ်ရမှ ငါကျေနပ်မယ်"

ရုတ်တရက် ခုန်ထကာ အဘိုးအိုထံ ပြေးဝင်သွားလေသည်။

* * *



ထင်းလုံနှင့် လျှံချင်းတို့သည် ယန်ယီကျင်းနှင့် အဘိုးအိုတို့ ပြောဆိုနေသော စကားများကြားလျှင် စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားကြလေသည်။

ယန်ယီကျင်း နှစ်ယောက်ကို တွေ့မြင်နေရပြီး မည်သူက အစစ်၊ မည်သူက အတု ဖြစ်ကြောင်း ရုတ်တရက် မခွဲခြားတတ်တော့ပါ။

မည်သို့ဆိုစေ တစ်ယောက်က ယန်ယီကျင်းဖြစ်ပြီး ကျန်တစ်ယောက်က ဝူးကြည်ဖြစ်ရပေမည်။

ထင်းလုံနှင့် လျှံချင်းတို့ ဇဝေဇဝါနေစဉ် ယန်ယီကျင်းနှင့် နောက်မှရောက်လာသော အဘိုးအိုတို့ ထိပ်တိုက်တွေ့ဆုံမိကြပြီ ဖြစ်သည်။

"သေပေတော့"

ယန်ယီကျင်းက စတင်တိုက်ခိုက်လိုက်၏။

နောက်မှ ရောက်လာသော အဘိုးအိုက...

"ငါတို့ ဆေးပညာ ပြိုင်ကြမယ်လေ"

"မလိုဘူး၊ မင်းကို သတ်ပစ်ရရင် ငါကျေနပ်ပြီ"

ထို့နောက် သူတပြန် ကိုယ်တပြန် တိုက်ခိုက်လိုက်ကြလေသည်။ နှစ်ယောက်သား လူရိပ်ချင်း ရောထွေးကာ မည်သူက ယန်ယီကျင်းအစစ် မည်သူက ယန်ယီကျင်းအတု ဖြစ်ကြောင်း ခွဲခြားမရတော့ချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုနှစ်ယောက် တိုက်ခိုက်နေကြ၏။

နှစ်ယောက်စလုံး ယန်ယီကျင်း ဖြစ်နေသည်။

တိုက်ပွဲကြောင့် အခြေအနေ ရှုပ်ထွေးသွားပြီး မည်သူက အတု အမည်သူက အစစ်ဖြစ်ကြောင်း ခွဲခြားဖို့ ခက်ခဲနေပါတော့သည်။ လျှံချင်းက…

"ကျွန်မတို့ သည့်အတိုင်း လက်ပိုက်ကြည့်နေတော့မှာလား ရှင့်"

ဟု မချင့်မရဲ ပြောလိုက်သည်။ ထင်းလုံက…

"ကျုပ်တို့အတွက် အချိန်ကျလာတော့မှာပါ"

သူ၏စကားနှင့် မရှေးမနှောင်းမှာပင်…

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ယန်ယီကျင်းတစ်ယောက် လွင့်စဉ်သွားသည်ကို တွေ့လိုက်ရလေသည်။

"ဟား..ဟား..ဟား"

အနိုင်ရသူက ရယ်မောလိုက်လေသည်။

"ဝူးကြည်၊ မင်း ဘာတတ်နိုင်သေးသလဲ"

ဟုလည်း ဝင့်ကြွားစွာ ပြောလိုက်လေသည်။

ရှုံးနိမ့်သွားသူက ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာ၏။

"ဝူးကြည်၊ မင်းလူယုတ်မာ"

ဟု အော်ငေါက်လိုက်၏။

နှစ်ယောက်သား တစ်ယောက်တစ်ခွန်း အပြစ်တင်နေကြ



လေတော့သည်။

လျှံချင်းနှင့် ထင်းလုံတို့ အချင်းချင်းကြည့်ကာ…

"သူတို့နှစ်ယောက်မှာ ယန်ယီကျင်းက သိုင်းပညာ ပိုသာတယ်လို့ သိရတယ်ရှင့်"

လျှံချင်းက ပြောသည်။

ထင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဝူးကြည်က ဆေးပညာကော သိုင်းပညာကော ယန်ယီကျင်းကို မယှဉ်နိုင်ဘူး"

လျှံချင်းက…

"ဒါဆိုရင် အနိုင်ရသွားတာ ယန်ယီကျင်းပေါ့"

ထင်းလုံ ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိုစဉ်…

"ဝူးကြည်၊ မင်း ဘာမှ မတတ်နိုင်တော့ဘူး၊ မင်းက အဆိပ်ဖြေဆေးပေးမယ်ဆိုရင် အသက်ချမ်းသာရာရမယ်၊ ဒါမှမဟုတ်ရင်တော့ သည်နေရာမှာပဲ မင်းသေရမှာပဲ"

ယန်ယီကျင်းတစ်ယောက်က ငေါက်လိုက်သည်။

ကျန်တစ်ယောက်က…

"ဝူးကြည်၊ မင်းရဲ့အကြံအစည်ကို ငါသိပြီ"

"ဘာကွ"

"မင်းက ငါ့ကို ဝူးကြည်လို့ စွပ်စွဲပြီး သတ်ပစ်မယ်၊ မင်းကိုယ်မင်း ယန်ယီကျင်းဆိုပြီး ငါ့နေရာဝင်ယူမယ်၊ သိုင်းလောကမှာ အထင်

www.burmeseclassic.com

www.burmeseclassic.com



ကရသမားတော်ကြီးအဖြစ် ဆက်ပြီး ရစ်တည်သွားမယ်၊ ဒါ မင်း အကြံပဲ မဟုတ်လား"

"ဝူးကြည်၊ မင်း ဘာတွေ ပြောနေတာလဲ"

တစ်ယောက်ကိုတစ်ယောက် အမျိုးမျိုး စွပ်စွဲကာ အပြစ်တင် ပြောဆိုနေကြ၏။

လှုံ့ချင်း အားမလိုအားရ ဖြစ်လာသည်။

"ကျွန်မ လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

ဟု ပြောကာ လှုပ်တပြက် လှမ်းထွက်သွားတော့သည်။

* * *

လှုံ့ချင်းသည် ယန်ယီကျင်း နှစ်ယောက် အနီးသို့ ရောက်ရှိသွားလေသည်။

ယန်ယီကျင်း နှစ်ယောက်ကား ငြင်းခုန်ကောင်းနေဆဲ။

လှုံ့ချင်းက...

"ရှင်ဟာ ယန်ယီကျင်းအစစ် မဟုတ်ဘဲ ကျွန်မအဖေကို သတ်ခဲ့တဲ့ ယန်ယီကျင်းအတု ဝူးကြည်ဆိုတာ ကျွန်မသိထားပြီရှင့်"

ဟုငေါက်ကာ ယန်ယီကျင်းတစ်ယောက်အား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ထိုလူသည် လှုံ့ချင်း၏အသံကိုကြားမှ သတိဝင်လာ၏။

လှုံ့ချင်းကို လှည့်ကြည့်ရင်း...



"ဟေ့...ဟော့ မလုပ်နဲ့၊ မင်း မှားမယ်"

ကဗျာကယာ တားဆီးလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။ လှုံ့ချင်း၏လက်ဝါးက သူ၏ရင်ဝကို ရိုက်ချမိလိုက်လေတော့သည်။

"ဝုန်း"

"အား"

ထိုအဘိုးအို စူးရှစွာ အော်ဟစ်ရင်း ဆိုင်အပြင်ဘက်သို့ လွင့်စဉ်သွားတော့သည်။

ထိုအဖြစ်အပျက်ကို မြင်လျှင် ကျန်နေသော ယန်ယီကျင်းက ရယ်မောလိုက်လေသည်။

"မိန်းကလေး၊ ခုတော့ ဝူးကြည်ကို ကျုပ်တို့ ဟန့်တားနိုင်ခဲ့ပါပြီ"

လှုံ့ချင်းက...

"ဟုတ်ကဲ့၊ ကျွန်မ သေရမယ်ဆိုရင်လဲ ကျေနပ်နိုင်ပါပြီရှင်"

ယန်ယီကျင်း လက်ကာပြလိုက်သည်။

"မိန်းကလေး ဘာမှ မပူနဲ့၊ ဝူးကြည်ရဲ့အဆိပ်ကြောင့် မိန်းကလေး မသေရဘူး"

"ရှင်"

လှုံ့ချင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ယန်ယီကျင်းက...

"မိန်းကလေးအတွက် ကျုပ်အဆိပ်ဖြေဆေးပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

လှိုင်ချင်း အံ့သြပြီးရင်း အံ့သြနေ၏။

ယန်ယီကျင်းက...

"ကျုပ်က ဝူးကြည်ရဲ့ ရေဲအဆိပ်ကို ချေဖျက်နိုင်တဲ့ အဆိပ်ဖြေဆေး ဖော်စပ်ထားပြီးပါပြီ၊ အဆိပ်ဖြေဆေး လိုချင်တဲ့ လူတွေက များပြီး ဖြေဆေးက နည်းနည်းပဲ ရှိသေးတယ်လေ၊ ပြီးတော့ ကျုပ်က ဖြေဆေးဖော်စပ်ထားတယ်ဆိုတာ ဝူးကြည်သိသွားရင် သူက ခြေရာဖျောက်သွားဦးမှာပဲ၊ ရေဲအဆိပ်ထက် ပိုပြီး ပြင်းထန်တဲ့ အဆိပ်တစ်မျိုး ထပ်ပြီး ဖော်စပ်ဖို့ ကြိုးစားဦးမှာပဲ၊ ဒါကြောင့် အဆိပ်ဖြေဆေး ဖော်စပ်ပြီးပြီဆိုတာ ဘယ်သူ့ကိုမှ အသိမခံဘဲ လျှို့ဝှက်ထားခဲ့ရတာ"

လှိုင်ချင်း ဝမ်းသာသွားလေသည်။

"ဒါ..ဒါဆို"

ယန်ယီကျင်း ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ အဆိပ်ဖြေဆေး ကျုပ်ပေးပါ့မယ်၊ မိန်းကလေးရဲ့ အသက်ကို ကျုပ်ကယ်တင်ပါ့မယ်"

လှိုင်ချင်း ကျေးဇူးတင်မဆုံး ဖြစ်သွားလေတော့သည်။

ယန်ယီကျင်းက အင်္ကျီအိတ်ထဲမှ ဆေးပုလင်းလေးတစ်လုံး ထုတ်ယူလိုက်၏။ ဆေးပုလင်းလေးထဲ၌ အနီရောင်ဆေးလုံး ကလေးများ ရှိနေ၏။

ယန်ယီကျင်းက ဆေးလုံးကလေးတစ်လုံးကို ထုတ်ယူကာ



လှိုင်ချင်းအား ပေးလိုက်လေသည်။

"ရော့..သည်ဆေးလုံးလေးကို သောက်လိုက်ပါ၊ ရေဲအဆိပ် ကို မှစရာ မလိုတော့ပါဘူးကွယ်"

"ကျေးဇူးပါပဲရှင်"

လှိုင်ချင်းက ဆေးလုံးလေးယူကာ သောက်ချရန် ဟန်ပြင် လိုက်လေသည်။

"ညီမ မသောက်နဲ့"

ထင်းလုံ၏ဟန့်တားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ တော့သည်။

* * *

ထင်းလုံ၏အော်ငေါက်ဟန့်တားသံ ထွက်ပေါ်လာသည်။

ထင်းလုံသည် လှိုင်ချင်းအနီးသို့ ရိပ်ခနဲ ရောက်ရှိသွားပြီး လှိုင်ချင်း၏လက်ကို ပုတ်ချလိုက်လေသည်။

ဖတ်ခနဲ မြည်သံနှင့်အတူ လှိုင်ချင်း၏လက်ထဲမှ ဆေးလုံး ကလေး ကြမ်းပြင်ပေါ် ကျသွားလေသည်။

"ဟင်"

လှိုင်ချင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထင်းလုံအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။

"အစ်ကို ဘယ်လို ဖြစ်တာလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



ထင်းလုံက...

"ညီမ သူ့ရဲ့လက်ကို သေသေချာချာ ကြည့်လိုက်ပါဦး၊ ညီမကို ဖြေဆေးပေးတဲ့ အချိန်မှာ ကျုပ်က သူ့ရဲ့လက်တွေကို သတိထားမိလိုက်တာ"

လှိုင်ချင်း ကြည့်လိုက်သည်။

ထိုအခါ ယန်ယီကျင်း၏လက်နှစ်ဘက်ရှိ လက်ချောင်းကအလေးများမှ လက်ဆစ်များက အင်မတန် ကြီးမားနေသည်ကို တွေ့ရ၏။

လက်ဆစ်ချိုးသူများ ဖြစ်လေ့ဖြစ်ထ ရှိသည့်အတိုင်း လက်ချောင်းအရိုးအဆစ်များ ကြီးမားနေခြင်း ဖြစ်သည်။

ဝူးကြည်သည် လက်ဆစ်ချိုးတတ်သည့် အကျင့်ရှိသူ ဖြစ်သည်။

ထင်းလုံက ယန်ယီကျင်း အတုနှင့် အစစ်ကို အမူအကျင့်ကို ကြည့်ပြီး ခွဲခြားနိုင်လိုက်ခြင်း ဖြစ်လေသည်။

လှိုင်ချင်း ထိတ်လန့်သွားသည်။

ထိုစဉ်...

"ဟား..ဟား..ဟား"

ယန်ယီကျင်းက ရယ်မောလိုက်လေသည်။

* * *



ယန်ယီကျင်းအတု ဝူးကြည်က ရယ်မောနေ၏။

ထင်းလုံက...

"ခင်ဗျားဟာ ဝူးကြည်ဆိုတာ ငြင်းလို့ မရတော့ပါဘူးဗျာ"

"ဟား..ဟား..ဟား"

ဝူးကြည်က ရယ်မောရင်း မျက်နှာပေါ်၌ တစ်ဆင်ထားသော မျက်နှာဖုံးတုကို ခွာချလိုက်လေသည်။

သိုင်းလောကတစ်ခုလုံး ကြောက်ရွံ့ထိတ်လန့်နေရသည့် ငရဲအဆိပ်ဝူးကြည်အား ပီပီပြင်ပြင် တွေ့လိုက်ရပြီ ဖြစ်လေသည်။

ဝူးကြည်က...

"မိုးနဂါးသခင်လေးထင်းလုံ အတော်ဉာဏ်ကောင်းတာပဲ၊ ချီးကျူးပါတယ်၊ ခက်တာ တစ်ခုက မင်းဟာ သက်ဆိုးမရှည်နိုင်တော့တာဘဲ"

လှိုင်ချင်း ဝင်ပြောလိုက်သည်။

"ရှင့်ရဲ့ အဆိပ်ဖြေဆေးက.."

ဝူးကြည် ခေါင်းခါယမ်းလိုက်သည်။

"ဒါအဆိပ်ဖြေဆေး မဟုတ်ပါဘူး၊ အဆိပ်ထကြွမလာအောင် ခေတ္တခဏ ဟန့်တားနိုင်တဲ့ဆေးပါ မိန်းကလေး"

"ဒါဖြင့် ရှင့်သဘောက.."

ဝူးကြည်က အမုန်အတိုင်း ဝန်ခံလိုက်လေသည်။

"ယန်ယီကျင်းပြောတာ မှန်တယ်၊ ကျုပ်က သူ့ကိုလည်းဘြီလိုက်မယ်၊ ပြီးတော့ ဝူးကြည် သေသွားပြီ သတင်းလွှင့်မယ်၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကသူ့နေရာဝင်ပြီး ယန်ယီကျင်းအဖြစ်နဲ့ သိုင်းလောကမှာဆက်ပြီး ရပ်တည်သွားဖို့ကြံစည်ထားတာ”

ထင်းလုံက…

“ခုတော့ ခင်ဗျားအကြံအစည် မအောင်မြင်နိုင်တော့ပါဘူးဗျာ”

“ငါက မင်းတို့ကို ဂရုစိုက်ရမှာလား”

ထိုစဉ်…

“ငါရှိပါသေးတယ်လေ”

စကားသံနှင့်အတူ ယန်ယီကျင်းက ဒယီးဒယိုင်ဖြင့် ဆိုင်ထဲဝင်လာသည်ကို တွေ့လိုက်ရလေသည်။

* * *

ဝူးကြည်၏အဆိပ်က ယန်ယီကျင်းကိုပါ ဒုက္ခပေးခဲ့ပြီဖြစ်သည်။

အဆိပ်မိသွားသဖြင့် ယန်ယီကျင်း သိုင်းပညာစုံသာသော်လည်း ဝူးကြည်အား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားခြင်း ဖြစ်လေသည်။

ယန်ယီကျင်းမှာ ထိပ်သီးသမားတော်တစ်ဦးဖြစ်သည်။

တစ်ချိန်၌ ဝူးကြည်၏အဆိပ်ဒဏ် ခံရနိုင်မှုယ်ရှိရကား အဆိပ်နိုင်နင်းသည့် ဆေးဝါးအမျိုးမျိုးကို ကြိုတင်သောက်သုံးထားခဲ့ခြင်းကြောင့် ဝူးကြည်၏ ဓရဲအဆိပ်ဒဏ်ကို ခံနိုင်ရည်ရှိခဲ့ခြင်း ဖြစ်



သည်။ မည်သို့ဆိုစေ၊ ပြင်းထန်လှသော အဆိပ်ကြောင့် အသက်မသေဆုံးသည့်တိုင် တစ်သက်လုံး လူမမာကြီးတစ်ယောက်ပမာ နေသွားရတော့မည်ဖြစ်လေသည်။

ဝူးကြည် အံ့ဩသွား၏။

“ယန်ယီကျင်း..မင်း..မင်း”

ယန်ယီကျင်းက အော်ပြောလိုက်သည်။

“မင်းတို့ ဘာလုပ်နေကြတာလဲ”

ဤတွင် ထင်းလုံနှင့်လျှံချင်းတို့ သတိဝင်လာကြလေသည်။

“သေပေတော့”

“ယား”

ညာသံပေးကာ ဝူးကြည်အား တိုက်ခိုက်လိုက်ကြလေတော့သည်။

သူတို့သည် ဖြေဆေးမရှိသော အဆိပ်မိထားပြီဖြစ်ရကား မကြာမီ သေဆုံးကြရတော့မည်ဖြစ်သကဲ့သို့ သိုင်းပညာလည်း ပျောက်ကွယ်နေပြီ ဖြစ်လေသည်။

သို့သော် ဝူးကြည်အား ဆုံးမနိုင်ရန် ခွန်အားနှင့်သိုင်းပညာကို အစွမ်းကုန်ထုတ်ကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ဝူးကြည်လည်း ရှောင်တိမ်း၍မရတော့သဖြင့် ပြန်လည်ရင်ဆိုင်လိုက်ရသည်။

သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိကြလျှင်…

* * *

www.burmeseclassic.com

www.burmeseclassic.com



ယန်ယီကျင်းက ဒယီးဒယိုင်ဖြင့် စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ယခု စားသောက်ဆိုင်ထဲ၌ အပ်ကျသံကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်နေပြီ ဖြစ်သည်။

ထင်းလို၊ လျှိုချင်းနှင့်ဝူးကြည်တို့လည်း ကြမ်းပြင်ပေါ် လဲကျကာမလှုပ်မယှက် ငြိမ်သက်သွားကြချေပြီ။

သိုင်းလောကအပေါ် ကျရောက်လာမည့် အန္တရာယ်ဆိုးကြီးသည် တိတ်ဆိတ်စွာဖြင့် ပြီးဆုံးချုပ်ငြိမ်းသွားပြီ ဖြစ်သည်။

ယန်ယီကျင်းက စားသောက်ဆိုင်လေးနှင့် မလှမ်းမကမ်းသို့ရောက်လျှင်...

"ဝုန်း"

ပေါက်ကွဲသံနှင့်အတူ စားသောက်ဆိုင်မှာ မီးဟုန်းဟုန်းတွဲလောင်သွားလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com